
www.burmeseclassic.com

# မယ်မင်းဘုံ

## အနမ်း Equation



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဖယ်ဖင်းဘို



# အနမ်း Equation

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၁

BURMESE CLASSIC .com

နှစ်သက်သည် ဖယောင်းတိုင်မီးအလှဖြင့် အေးချမ်းနေသော ရိုမန့်စ်ဆန်မှုကို သဲဘောကျစွာ ငေးကြည့်၍ ပြုံးနေမိသည်။ ဒီနေ့က Valentine's day ဖြစ်သည်။ ချစ်သူမရှိတဲ့သူအတွက် ဒီနေ့ဟာ ဖေဖော်ဝါရီ(၁၄)ရက်သာဖြစ်ပြီး ချစ်သူရှိတဲ့သူအတွက်တော့ ဒီနေ့ဟာ ချစ်သူများနေ့ ဖြစ်လေသည်။ ချစ်သူများနေ့တွင် ပုံမှန်အားဖြင့် ချစ်သူတို့သည် လျှောက်လည်ကြမည်။ လက်ဆောင်များဖလှယ်ကြမည်။ အဲဒီလို သာသာယာယာ ကြည်နူးချိန်လေးဖြစ်မည်။

ထိုသို့သော သာသာယာယာ ကြည်နူးချိန်လေးကို သူက ပိုမိုသာယာကြည်နူးကာ အမှတ်တရ ပိုဆန်အောင်လို့ romantic ဆန်သော ညစာစားပွဲလေး ဖန်တီးထားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ နာရီကို တစ်ချက်ငုံ့ကြည့်လိုက်လျှင် ချိန်းထားတဲ့အချိန်ရောက်ဖို့ ဆယ်မိနစ်လောက်ပဲ လိုတော့တာမို့ သူက ရေသောက်ရင်း ထိုင်စောင့်နေလိုက်သည်။

"ဟို ... ဒီမှာရှင့်။ ကျွန်မကို တစ်ခုလောက် ကူညီပါလား"

သူက အဲဒီစကားသံကြောင့် မော့ကြည့်လိုက်မိလျှင် သူနှင့်အသက်မတိမ်းမယိမ်း ကောင်မလေးကို တွေ့ရလေသည်။ ပန်းဆီရောင်ဂါဝန်ဝတ်ထားသော ကောင်မလေးကို သူက မေးတစ်ချက်ဆတ်ပြ၍ ...

"ဘာကိစ္စလဲ"

"ဒီလိုပါ ... ကျေးဇူးပြုပြီး ဟိုဘက်ဝိုင်းမှာရှိတဲ့ ဘတ်ဒေးကိတ်လေးကို ခွဲပေးပြီး ကျွန်မကို ခွံ့ကျွေးပေးလို့ရမလားဟင်"

"ဗျာ"

သူ တော်တော်အံ့သြလို့ သွားပါသည်။ ဘာလဲဟ။ သိလည်း မသိဘဲနဲ့။ သူ့ရဲ့အံ့သြမှုအတွက် ကောင်မလေးက မတ်တတ်ရပ်အနေအထားဖြင့်ပင် သူ့ကို ရှင်းပြလေသည်။

"ဖြစ်နိုင်ရင် ကူညီပါ။ ကျွန်မကို ဗေဒင်ကဟောထားလို့ပါ။ ဒီနေ့ ဒီအချိန်မှာ အင်္ကျီအဖြူဝတ်ထားတဲ့ သူဆီကနေ အကူအညီယူပါဆိုလို့။ ကူညီပေးပါ"





နှစ်သက်သည် အဲခနဲတော့ ဖြစ်သွားရ၏။ ဘယ်လိုလုပ်ရမလဲ။ ကောင်မလေးရဲ့မျက်နှာမှာလည်း ပြုံးတော့မည့်မိုးနှယ် သူ့ကို ခယယ တောင်းပန်နေတာဖြစ်သည်။ ခက်တာက သုသုက ရောက်လာတော့မည်ဖြစ်၏။

"ဒုက္ခပဲဗျာ။ ကျွန်တော် ခင်ဗျားကို ကူတော့ ကူညီချင်ပါတယ်၊ ခင်ဗျား ယတြာချေနည်းကလည်း တစ်မျိုးပဲဗျာ။ ဒီဆိုင်မှာ ကျွန်တော်တစ်ယောက်တည်း အဖြူဝတ်ထားတာမှ မဟုတ်ဘဲ"

"ဟို ... ကူညီပါရှင်။ အချိန်အတိအကျ ရောက်နေပြီမို့ပါ။ လာပါ ... ဘယ်လောက်မှ မကြာပါဘူး"

သူ့ကို လက်မဆွဲရုံတမယ် ခေါ်နေတာဖြစ်တာကြောင့် သူက ထိုင်ပြီးငြင်းနေတာကမှ ကြာနေဦးမည်ဆိုပြီး ထကာ သူမခေါ်ဆောင်ရာ စားပွဲဝိုင်းသို့ လိုက်သွားကာ ဘတ်ဒေးကိတ်ခွဲဖို့ ဓားလေးယူလိုက်ပြီး ...

"ကဲ ... ဒါခွဲပြီး ခင်ဗျားကို ခွံ့ကျွေးရင် ပြီးပြီနော်"

"ဟုတ်ကဲ့ ... ရပါပြီ"

သူက ခပ်မြန်မြန်ပင် တြိဂံပုံအနေအထားခွဲကာ ကိတ်တစ်တုံးကို ပန်းကန်ထဲ ထည့်လိုက်ပြီး သူမကိုခွံ့ကျွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"Ok နော်။ အဲဒါဆို ကျွန်တော် သွားပြီဗျ"

"ဟုတ် ... ကျေးဇူးနော်"

သူက ဗိုင်းကလာထွက်လာစဉ်မှာ အနောက်ကကြားရတဲ့ ကျေးဇူးစကားကြောင့် လည်ပင်းပြန်လိမ်ကြည့်လိုက်ကာ အသိမှတ်ပြုသလို ခေါင်းအသာဆတ်ပြ၍ ရေရွတ်လိုက်သည်။

"နဲဗားမိုင်း"

သူက ပြောပြီးဘာနှင့် သူ့စားပွဲဝိုင်းမှာ ဝင်ထိုင်လေသည်။ ကံကောင်းထောက်မစွာ သူ စားပွဲဝိုင်းမှာထိုင်ပြီး စက္ကန့်ပိုင်းလောက် အကြာမှာပဲ သုသုက ရောက်လို့လာလေသည်။ တော်ပါသေးရဲ့။ သုသုသာ ခလာစောရင် သူ့ကို ကျိုင်တော့မှာဖြစ်သည်။ အခုတော့ ချစ်သူနှင့် အေးဆေးနွေးထွေး ဖြစ်နေလေသည်။

"ဆောရီး ... ကို၊ သု မဆိုသလောက်လေး နောက်ကျသွားတယ်။ ဒါ ကို့အတွက်။ Happy valentine day."

သုသုက သူ့ကို ချောကလက်တစ်တောင့် ကမ်းပေးလျှင် သူက သဘောကျစွာ ယူလိုက်ပြီးနောက် သုသုအတွက်တော့ သုသု အင်မတန်ကြိုက်လှပါချည်ရဲ့ဆိုတဲ့ သစ်ရွက်ဒီဇိုင်း စိန်လော့ကတ်လေး လက်ဆောင်ပေးလေသည်။ သူ့လက်ဆောင်အတွက် သုသုမှာ ပျော်ရွှင်ကျေနပ်စွာဖြင့် သဘောတွေအကျကြီး ကျကာ ...





"ဟယ် ... ကိုက အရမ်းချစ်ဖို့ကောင်းတာပဲ။ သုကြိုက်တဲ့ ပစ္စည်းလေးကိုလည်း လက်ဆောင်ပေးတယ်။ ဟား ... ဒင်နာလေးကလည်း အရမ်း romance ပဲ။ thank you"

"သုသုအတွက်ဆို ကိုယ်က အမြဲပျော်စေမယ့်သူပါဆို။ ကဲ ... စားရအောင်"

"ဟုတ် ... အင်း ... ဟ"

သုသုက အဆင်သင့်မှာထားပြီး စားပွဲမှာရှိနေတဲ့ **Chicken Roasted** ကို ဓားဖြင့်လှီး၍ ခက်ရင်းနှင့်ထိုးကာ သူ့ကို ကြင်ကြင်နာနာ ခွံ့ကျွေးလေသည်။ သူနှင့် သုသုဟာ ကြင်ကြင်နာနာစကားပြောကြ လိုအပ်တဲ့ တီတီတာတာ ချစ်စကားလေးတွေ ဖလှယ်ရင်းဖြင့် အချိန်တွေ ကုန်စေ၏။ သူဟာ သုသုနှင့် စကားပြောနေရင်းကမှ ခုနက ကူညီလိုက်သော ကောင်မလေးများ ရှိနေသေးလားဆိုပြီး အသာလှည့်ကြည့်မိသွားလျှင် တစ်ယောက်တည်း မုန့်ထိုင်စားနေတာ တွေ့ရလေသည်။

"ကို ... ဘာကြည့်နေတာလဲ။ သု ပြောတာ ကြားရဲ့လား"

"အင် ... ကြားပါတယ် သုရဲ့။ သု ဒီဇိုင်နာသင်တန်းတက်ချင်တာမှလား၊ တက်ပေါ့ ... ကောင်းတယ်"

"အင်း ... ပြီးရော။ အဲဒါဆို တက်ဖို့ဆုံးဖြတ်လိုက်ပြီ။ ကို... ခုနစ်နာရီတောင် ခွဲတော့မယ်။ သု အိမ်ကို ရှစ်ထိုးအရောက်ပြန်ရမှာ ကို။ ပြန်ရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"Ok … Baby"

သူက ဘေလ်ရှင်းပြီး နောက်မှာတော့ သုသုလက်ကိုဆွဲကာ ထွက်လာခဲ့တော့ ဘာရယ်မဟုတ် တစ်ချက်လှည့်ကြည့်မိလျှင် ကောင်မလေးက ဒီအတိုင်းပဲ ခပ်ငိုင်ငိုင် ထိုင်နေတာတွေ့ရပြန်၏။

ဘယ်လိုပါလိမ့်ဆိုသော အတွေးတစ်ခု တွေးမိသွားလျက် သုသုကို အိမ်ပြန်လိုက်ပို့ပေးခဲ့ပါသည်။





"ဟား … တစ်ခန်းလုံးလည်း ရှုပ်ပွမွနေတာပဲ။ ဟော့ကောင်နှစ်သက် ထစမ်း။ ကိုးနာရီခွဲပြီ ဟော့ကောင်၊ ထစမ်း … ထ"

သူ့တင်ပါးကို တဖြန်းဖြန်းနှင့် ရိုက်နေတာကြောင့် သူဟာ ဆက်နှပ်ချင်သေးပေမယ့် မရတော့ဘူးဆိုတာ သဘောပေါက်ကာ အကြောတွေဆန့်လိုက်ရင်း ဝါးခနဲသမ်းဝေကာ …

"ဟာ … အဖေကလည်းဗျာ၊ အစောကြီး ရှိပါသေးတယ်၊ ဘာလို့ လာနှိုးတာလဲ"

"ဩော် … အေး … ကျေးဇူးရှင်လေး။ ကိုးနာရီခွဲကို စောသေးတယ်။ အေး … အေး … ဆက်သာအိပ်။ မင်းကွာ အဖေက ပင်ပင်ပန်းပန်း ချက်ရပြုတ်ရ အဲဒါကိုအခန့်သား ခူးခပ်စားဖို့ပဲ သိတဲ့ကောင်။ နည်းနည်းပါးပါးအားရက်လေး ဖအေကိုကူမယ် မစဉ်းစားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ရဲ့ညှော်စီးရီးကို သူက နံနက်ခင်းတေးသံသာအဖြစ် နားဆင်ရတာ နားတွေအူလာတာကြောင့် မျက်နှာတစ်ခုလုံး သုန်မှုန်ရှုံ့မဲ့ကာ အိပ်ရာထက်ကနေ လူးလဲထရင်း ...

"တော်ပါတော့ ... ဖေဖေရာ။ အဲဒါကြောင့် သားပြောပါတယ်၊ အိမ်ဖော်ထားပါဆိုတော့လည်း ကပ်စေးနှဲပြီး မထားဘူး"

"ဟကောင်ရ ... ငါက ငွေမနှမြောဘူး။ ယောကျ်ားတွေချည်းရှိတဲ့အိမ်မှာ သူစိမ်းမိန်းကလေးထားဖို့ဆိုတာ မသင့်ဘူးကွ။ ပြီးတော့ သူများချက်တာဆိုတော့ သန့်ရှင်းမှု စိတ်မချရဘူးလေ"

ဟူး ... တစ်နေ့ တစ်နေ့ အဖေ့ရဲ့တော်လ်ကီတွေက ဒါတွေချည်းဖြစ်၏။ ပြေးကြည့်မှ အဖေတစ်ခု သားတစ်ခု နှစ်ခုပဲရှိသော ဒီသားအဖနှစ်ယောက်ဘဝမှာ ငွေကြေးဥစ္စာဆိုတာ ထိုင်စားမကုန်နိုင်အောင် ပေါများပြည့်လျှံနေပါလျက် အိမ်မှုကိစ္စတွေကိုထိန်းနိုင်မည့် အိမ်ရှင်မ မရှိတာကတော့ ကံကြမ္မာကပေးသည့် လိုအပ်ချက်ပင် ဖြစ်လေသည်။

"အဲဒါကြောင့် အဖေ့ကိုပြောတာပေါ့။ မိန်းမယူလိုက်ပါဆို။ အဖေ အခုလိုမျိုး ပွစိ ပွစိ ပြောနေတဲ့ကိစ္စတွေကို အဆုံးသတ်ပေးနိုင်လိမ့်မယ်"





"တော်စမ်း ... ဟောကောင်။ တစ်နေ့မှ သုံးနပ်တည်းစားရတဲ့ ဒီထမင်းလေးအတွက် ငါက မင့်အမေကို သစ္စာဖောက်ရမှာလားကွ ...

ငါ အခု မင်းကို ပြောနေတယ်ဆိုတာက မင်းကို စည်းစနစ်ရှိအောင်။ အခုပဲ ကြည့်စမ်း။ မင်းအခန်း ... ဝိုးလူပျိုခန်းတဲ့ကွာ။ ကြွက်တွင်းကျနေတာပဲ။ ဘောင်းဘီတွေကလည်း ဟိုတစ်ပုံ ဒီတစ်ပုံ။ အခွေတွေဆိုတာလည်းပြန့်ကျဲ။ စာအုပ်တွေက ပလဲလို့။ ဘာတွေလဲကွာ။ သပ်သပ်ရပ်ရပ် နေပေါ့ကွ။ လူကြည့်လိုက်ရင်တော့ ကိုရီးယားမင်းသားအထာနဲ့ အိမ်ထဲဝင်ကြည့်မှ စုတ်ပြတ်နေတာ"

သူက စွတ်ကိုပေါက်ကွဲနေသော အဖေ့ကိုချော့သည့်အနေဖြင့် ဟဲခနဲ့သွားဖြဲကာ အဖေ့ကို ဖက်လိုက်ရင်း ...

"ကဲ ... တော်ပါတော့ ဒယ်ဒီဖားသားရယ်။ သားအခန်းကို သန့်ရှင်းတောက်ပြောင်သွားအောင် ရှင်းလိုက်ပါ့မယ်။ အခုတော့ သား ရေချိုးလိုက်ဦးမယ်"

"အေး ... ပြီးရော။ အောက်မှာ breakfast အဆင်သင့်ပဲ။ ထမင်းဆီဆမ်း ကြက်ဥကြော်နဲ့ ကော်ဖီလုပ်ပေးထားတယ်။ ဟောကောင် ... ရေအရင်သောက်ဦး။ ပြီးမှ ရေချိုး"

"ဟုတ်ကဲ့ ... အားပုကျိ"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောင်ပြရင်း ရေချိုးခန်းထဲ ဝင်လာလိုက်သည်။ သူဟာ မျက်နှာသစ် သွားတိုက် ရေမိုးချိုးကာ တစ်ကိုယ်ရေ တစ်ကာယ သန့်ရှင်းရေးလုပ်ပြီးနောက် ဇွပ်ကျယ်တစ်ထည် ကောက်ဇွပ်ကာ ကာတွန်းရုပ် ချည်ဘောင်းဘီရှည်ဝတ်၍ အောက်သို့ဆင်းလာခဲ့သည်။ နောက်ဖေးမှာ တရှဲရှဲနှင့် ကြော်လှော်ချက်ပြုတ်နေသော ဖားသားကို သူက ဘေးကနေ နမ်းဝင်ဖြုးလေ၏။

"အဖေ ... သား ဘာဝိုင်းကူပေးရမလဲ"

"ဟိတ်ကောင် ... အပိုတွေ လာလုပ်မနေနဲ့။ ဘရိတ်ဖတ်စ်စားစရာရှိတာ သွားစား"

"ဟွန့် ... သားက စေတနာတွေ မလိုင်အပြည့်နဲ့ဟာကိုး။ ပြီးရော"

သူက ထမင်းစားပွဲဝိုင်းမှာထိုင်ကာ ထမင်းဆီဆမ်းကြက်ဥကြော်ကို ထိုင်စားနေလိုက်သည်။ သူက ဘရိတ်ဖတ်စ်စားနေတုန်း ဖုန်းလာလေလျှင် ဖားသားကြီးက ကြော်လှော်ချက်ပြုတ်နေတာမို့ သူပဲထကာ ဖုန်းထကိုင်ရလေသည်။

"ဟယ်လို ... ပြောပါ"

"ကိုနှစ်သက် ထင်တယ်။ အစ်ကို ... ကျွန်တော် အောင်ဘပါ။ ဆရာရှိလား မသိဘူးခင်ဗျ၊ ဆရာ့အလုပ်ကိစ္စပေါ်လာလို့ပါ"





"ရှိတယ်ဗျ၊ ခဏလေးနော်"

ဖေဖေ့မန်နေဂျာရဲ့ဖုန်း ဖြစ်တာကြောင့် သူကဖုန်းခွက်ဘေးချကာ ဖေဖေ့ကို သွားခေါ်ပေးလိုက်ပြီး ဘရိတ်ဖတ်စ်ဆက်စားနေလိုက်သည်။ ခဏနေ ဖေဖေက ဖုန်းပြောပြီးနောက် သူ့ကို ပခုံးတစ်ချက်ပုတ်ကာ ...

"သားရေ ... မင်း ဒီနေ့ ဘယ်မှသွားစရာ မရှိဘူးမှလား"

"မရှိပါဘူး ဖေရ။ ဘာလို့လဲ"

"အေး ... အဲဒါဆိုရင်တော့ အတော်ပဲ။ မင်း ငါနဲ့လိုက်ခဲ့။ ငါ့ကားက ဝပ်ရှော့ပို့ထားရတယ်။ သားပါ ကုမ္ပဏီလိုက်ခဲ့ကွာ"

"အာ ... မလိုက်ချင်ပါဘူး။ ကုမ္ပဏီမှာ ဘာဖြစ်လို့လဲ"

"စာရင်းစစ် ပြဿနာဖြစ်လို့။ အဲဒါ အဖေသွားရှင်းမှဖြစ်မှာ။ လိုက်ခဲ့စမ်းပါကွာ"

"အာ ... မလိုက်ချင်ပါဘူးဗျာ။ အဖေ့အလုပ်ကို သားကားယူသွားလိုက်။ ကျွန်တော် အိမ်မှာပဲ ဒီနေ့ တစ်နေကုန်နေမှာ"

သူက ကော်ဖီသောက်ရင်း ပြောလိုက်လျှင် အဖေက မျက်မှောင်တစ်ချက် ကြုတ်ကြည့်ကာ ...

"ငါ ဘာမှချက်လို့ မပြီးသေးဘူးနော်။ မင်း အိမ်မှာကျန်ခဲ့ရင် Lunch ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အားပုကျီးရာ။ ကျွန်တော်လည်း ချက်တတ်ပြုတ်တတ်ပါတယ်ဗျ။ အဖေ့အလုပ်ကိုသာသွား။ သားဘာသာစီစဉ်ချက်ထားလိုက်မယ်"

ဖေဖေက ပြီးရောဟုဆိုကာ ကုမ္ပဏီသွားဖို့ ပြင်ဆင်နေလေ၏။ သူကတော့ ဖေဖေသွားမှပဲ တစ်ခုခု ချက်လိုက်တော့မည်ဖြစ်သည်။ နှစ်သက်က စာအုပ်ထိုင်ဖတ်ပြီး ကော်ဖီကိုဇိမ်ခံသောက်နေစဉ်မှာပဲ ရှိုးစမိုးနှင့် ဖေဖေက ထွက်လာကာ ...

"သား ... အဖေ စိတ်ချမယ်နော်။ မင်းဘာသာချက်ဖို့ အဆင်မပြေရင်လည်း တစ်ခုခု ထွက်ဝယ်စားလိုက်"

"ဩော် ... အဖေရာ၊ စိတ်ချ အေးဆေးပဲ။ သွားတော့ ... တာ့တာ"

"အေးပါ ... အေးချမ်းရဲ့သားက ဒီလိုပဲ ဖြစ်ရမှာပေါ့။ ကဲ ... သွားပြီဟေ့"

ဖေဖေက သူ့ကားသော့ဆွဲယူကာ ထွက်သွားလေတော့သည်။ သူဟာ မဂ္ဂဇင်းတစ်အုပ်ကို ပြီးအောင်ဖတ်ပြီးသွားမှ အညောင်းဆန့်လိုက်ကာ FM ဖွင့်လိုက်သည်။ ရွှေ FM ကလာနေတဲ့ သီချင်းကောင်းလေးတွေကို နားဆင်ရင်းက သူဟာ အေပရွန်ကို ခါးမှာပတ်ချည်လိုက်ပြီးမှ ဘာစားရကောင်းမလဲ တွေးမိသည်။ သားအဖနှစ်ယောက်ပဲရှိသော သူတို့ဘဝမှာ သူဟာ





ထမင်းဟင်းကို နည်းနည်းပါးပါးတော့ ချက်တတ်ပြုတ်တတ်ရပါသည်။ ဖေဖေက အလုပ်ကိစ္စနဲ့ နိုင်ငံခြားသွားတဲ့ အခါမျိုးမှာဆို သူ့ဘာသာသူပဲ ချက်ပြုတ်နေကြမို့ အချက်အပြုတ်ကိစ္စကတော့ easy ပဲ ဖြစ်သည်။

နှစ်သက်သည် ဖေဖေ ဘာများချက်ထားသလဲ လှန်လှောကြည့်လိုက်လျှင် ပန်းပွင့်ဂေါ်ဖီကြော် ကြော်ထားတာကို တွေ့ရသည်။ အဲဒီတော့ နေ့လယ် အဖေပြန်လာရင် စားလို့ရအောင် လွယ်လွယ်ကူကူ ကြက်ကုန်းဘောင်ပဲ ကြော်လိုက်တော့မည်။ ရေခဲသေတ္တာထဲက အဆင်သင့်လှီးထားတဲ့ ကြက်သားတွေကို ထုတ်ကာ ချက်ဖို့ပြုတ်ဖို့ပြင်တုန်း အိမ်ရှေ့က ဘဲလ်တီးသံကြား၍ ထွက်လာကာ တံခါးဖွင့်ရလေသည်။

ကောင်မလေးတစ်ယောက်ပဲ ဖြစ်သည်။ အဲ ... တိတိကျကျ ဆိုရမည်ဆိုရင် ဧည့်သည်ဟာ မနေ့ကတွေ့ခဲ့တဲ့ ဟိုကောင်မလေး ဖြစ်လေသည်။ သူကလည်း မှတ်မိသလို သူ့ကိုလည်း မှတ်မိသွားဟန်တူသော ကောင်မလေးက အံ့အားသင့်တုန်းမို့ ဘာမှမပြောသေးခင်မှာ သူက မေးတစ်ချက်ဆတ်ပြ၍...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဟို ... ဒါ ... ဒါက ... ဦးအေးချမ်း အိမ်မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဒါက ဖေဖေ့ညွှဲသည်ကိုး။ နှစ်သက်သည် ကောင်မလေးရဲ့အမေးကို ခေါင်းတစ်ချက်ဆတ်ပြရင်း ...

"ဟုတ်တယ်။ ကျွန်တော်က သူ့သား။ လောလောဆယ်တော့ အဖေ မရှိဘူး။ ဘာကိစ္စရှိလို့လဲ"

"ဩော် ... အေးလေ။ ဒါဆိုလည်း ဒီပစ္စည်းတွေ ရှင့်ကိုပဲ ပေးခဲ့တော့မယ်။ ရော့ ... ဒီပစ္စည်းတွေကို ရှင့်အဖေကို ပြန်ပေးလိုက်။ ပြီးတော့ ပြောလိုက်ပါ။ ဒီပစ္စည်းတွေကို မျက်နှာလိုမျက်နှာရ လာမပေးနဲ့လို့ ပြောလိုက်။ ကျွန်မရဲ့ တော်တော်နဲ့ ဘယ်တော့မှ မပတ်သက်နဲ့လို့"

သူ့လက်ထဲကို ကိုင်းဆွဲအိတ်တစ်အိတ် ထိုးထည့်ပေးကာ ပြောနေတဲ့စကားလုံးတွေက သူ့အဖေကို ထိခိုက်စေတာမို့ သူက ကောရလေသည်။

"ဟေ့ ... နေစမ်းပါဦးကွ။ ငါ့အဖေက ဘာတွေများလုပ်ထားလို့လဲကွ။ မင်းက ဒီပစ္စည်းတွေပေးတိုင်း ငါက လက်ခံထားစရာလား"

"ဒီမှာ ... သိပ်သိချင်နေရင် ရှင့်အဖေရှင် မေးကြည့်။ ကျွန်မ တော်တော်ကိုသာ ထပ်ပြီးမပတ်သက်ဖို့သာ ပြောလိုက်။ သွားမယ်"





ဟ ... ဘာလဲဟ။ ပြောချင်တာပြောပြီး ဒီလို ချာခနဲ လှည့်ထွက်သွားလို့တော့ ဘယ်ရမလဲ။ သူ့အဖေကပဲ ဘာဖြစ်နေလို့လဲ။ သူဟာ ဒေါကန်လာကာ အနောက်ကနေ လှမ်းအော်လိုက်သည်။

"ဟ ... ရိုင်းလိုက်တာ။ ဒီလိုမှန်းသိရင် မကူညီခဲ့ပါဘူး။ မနေ့က အကူညီတောင်းတဲ့ပုံနဲ့များ ကွာပါ"

သူ့စကားကြောင့် ချက်ချင်းပင် ဆတ်ခနဲ ပြန်လှည့်လာကာ သူ့ကို ခပ်စူးစူးစိုက်ကြည့်၍ ...

"မနေ့က ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပြီးသွားပြီလေ။ ရှင့်အဖေ ဦးအေးချမ်းကိုသာ ကျွန်မ ပြောခိုင်းထားတာတွေ သေချာပြောပေး"

ထိုကောင်မလေး ထွက်သွားသောအခါမှာ သူဟာ အူတိအူကြောင်ဖြင့်ပင် ကျန်ခဲ့ရလေသည်။ ဘယ်လိုဆော်မှန်းလဲ မသိပါ။ သူမသည် သူ့ကို တွေးစရာကျန်အောင်ပေးတာ နှစ်ခါတိတိရှိပြီ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဒါဆိုရင်တော့ စွမ်းအုံ့မခန်း ဆိုတာ သေချာသွားပြီ။ ဒီလို သားရဲ့။ အဲဒီကောင်မလေးရဲ့မိဘတွေက ဖေဖေ့ သူငယ်ချင်း စွမ်းမိုးမြင့်နဲ့ ပန်းဧကရီလေ"

ဖေဖေ မကြာမကြာ ပြောဖူးနေ၍ ဒီနာမည်တွေကို သူ ကြားဖူးနေကြဖြစ်သည်။ ဟိုကောင်မလေးက စွမ်းအုံ့မခန်းဆို ပါလား။ နာမည်ကတော့ ဖလားပဲဖြစ်၏။

"ဩော် ... စွမ်းအုံ့မခန်းတဲ့လား။ လူနာမည်လည်း မဟုတ် ဘူးနော်။ ဘာကြီးမှန်းလဲ မသိဘူး"

"နှစ်သက်ရာ ... သူများသားသမီးကို ပေါက်ကရမပြောနဲ့ စမ်း။ လူကို နာမည်ပေးထားတာ လူနာမည်ပေါ့ကွ"





ဖေဖေက ဟန့်တော့မှ နှစ်သက်သည် မျက်နှာကို တစ်ချက်မဲ့ပြလိုက်ရင်း ခေါင်းကုတ်ကာ ...

"ကဲပါ ... ထားပါတော့။ အမိက မေးချင်တာက အဖေနဲ့ တော်တော် ဆိုတာက ဘာလဲ။ အဖေ သားအဖချင်း လျှို ကွက်တွေ လုပ်ထားတယ်နော်။ မမိုက်ဘူး"

"ဟော့ကောင် ... ဖအေကို ပေါက်ကရတွေ ထင်မနေစမ်း နဲ့။ တော်တော် ဆိုတာ ပန်းဧကရီရဲ့ညီမ အပျိုကြီးပန်းတော် ဝင်ကွ။ မင်းနားလည်အောင် အတိုချုပ်ရှင်းပြရရင် ငါက စွမ်းမိုးရဲ့သမီးနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ မင်းကို Ok စေချင်တာ။ စွမ်းမိုးတို့ လင်မယားက သမီး တွေကို မွေးပဲမွေးထားတာ တကယ်တမ်း အခရာကျတာက အဲဒီကောင်မလေးတွေရဲ့အပေါ် ပန်းတော်ဝင်ကွ။ ဒါကြောင့် ငါက ရွှေလမ်း ငွေလမ်း သွားဖောက်တာ ...

မင်း အခုတွေ့တာက အကြီးမ စွမ်းအုံ့မခန်း၊ နောက်တစ်ယောက် လောလောဆယ် UK မှာအင်ဂျင်နီယာ ရင်း တက်နေတယ်။ သူက စွမ်းရည်မခန်းတဲ့။ ငါက မင်း ကို အဲဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ အဆင် ပြေစေချင်လို့ သူတို့အပေါ်ကို ဒီလိုပဲ လက်ဆောင်ပေး ဘာညာရောမိတာကို အုံ့မခန်းက သူ့အပေါ်ကို လာကြောင် တယ် ထင်သွားပြီး လာကောတာ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

နှစ်သက်သည် တကယ်ကိုပဲ အံ့အားသင့်စွာဖြင့် မျက်လုံးလေး ကလယ်ကလယ် ဖြစ်ရလေသည်။ ဖေဖေ့အစီအစဉ်တွေက လုံးဝကို မထင်ရက်စရာတွေ ဖြစ်နေတာကို သူ အတော် အံ့ဩရပါသည်။

"ဖေရာ ... ဘာကြီးလဲ။ ကျွန်တော့်မှာ ရည်းစားရှိတယ်လေဗျာ၊ ပြီးတော့ အဖေတစ်ခါမှလည်း မပြောဖူးဘဲနဲ့"

သူ့စကားကို ပြန်မဖြေသေးဘဲ ရေတစ်ခွက်ငှဲ့သောက်ရင်း အေးဆေးအမေးပြန်ထုတ်လေသည်။

"ငါကကော မင်းကို ဒီသူနဲ့ပဲ လက်ထပ်ဆိုပြီး အမိန့်ပေးနေသေးလို့လား"

"ဒါပေမဲ့ အဖေက အနာဂတ်စီမံကိန်းကြီး ဆွဲနေပြီလေ"

သူ့စကားကြောင့် ဖေဖေက သဘောတကျဖြင့် တဟားဟား အော်ရယ်ကာ သူ့ပခုံးကို တဘုတ်ဘုတ်ပုတ်၍ ...

"ငါ့သားရယ် ... ကြောင်ပါ့ကွာ။ မင့်အဖေက ခေတ်အဖေပါကွ။ သားလေးမှ ဒီတစ်ယောက်တည်းရှိတာ။ မင်းစိတ်ဆင်းရဲအောင် အဖေက စီစဉ်ပါ့မလားကွ ...

အဖေလည်း မင်းနဲ့သင့်တင့်တဲ့သူကို ရှာတယ်။ မင်းသဘောတူမှ ဖြစ်မယ့်ကိစ္စချည်းပါကွာ။ မင်းကို မပြောသေးဘူးဆိုတာကလည်း ဒီလို သားရေ ...





အဖေ့သူငယ်ချင်း စွမ်းမိုးတို့ လင်မယားက UK မှာ သူ့သမီးငယ်နဲ့ အတူနေတယ်။ မြန်မာပြည်က စီးပွားရေးတွေကို ပန်းတော်ဝင်နဲ့အတူ အံ့မခန်းက လုပ်နေတာကွ။ နှစ်ယောက်လုံးကတော့ အချောချည်းပဲ။ တစ်ခုရှိတာ အံ့မခန်းက သူ့အဒေါ် ဆိုက်ကိုသွင်းထားလို့ထင်တယ်။ ယောက်ျားမုန်းဝါဒီကြီးကို ရှိနေတာ။ ပြီးတော့ သူ့အဒေါ်ကို အရမ်းတိုတာ။ အဖေနဲ့တောင် အထင်လွဲနေတာဆိုတော့ ဒီမနိုင်စိန်လေးနဲ့ ငါ့သား ဖြစ်ပါ့မလားဆိုပြီး တွေးနေတာနဲ့ မပြောဖြစ်သေးတာကွ။ အဲ ... သူ့ညီမကျတော့ အဲလို မဟုတ်ဘူး။ အဖေ ဟိုတစ်ခါ UK မှာ ဆုံဖူးတယ်။ မဆိုးဘူးကွ"

အဖေ့ကြည့်ရတာ စွမ်းရည်မခန်း ဆိုသော တစ်ယောက်နဲ့ သူ့ကို ပိုသဘောတူနေပုံရပါသည်။ နှစ်သက်က လက်ရှိမှာ သူ့ရည်းစားကလွဲရင် ကျန်တာ နိုး,ဖြစ်နေတာကြောင့် လောလောဆယ် အဖေ့အစီအစဉ်က အောင်မြင်ဖို့ရာ ရာနှုန်းအတော်နည်းနေပေသည်။ သားအတွက် ရှေ့ရေးစဉ်းစားပေးနေတဲ့ အဖေ တစ်ယောက် ချွေးမရရေးစည်းရုံးဗျူဟာခင်းရင်း ငြိသွားမှာကို တွေးမိတာကြောင့် သူက နောက်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား လက်ထပ်ဖို့ဆိုတာ တော်တော်ဝေးတဲ့ အနာဂတ်ရဲ့ အစီအစဉ်ပဲ ရှိသေးတယ်။ ဖေဖေသာ အဲဒီကောင်မလေးတွေရဲ့အဒေါ်နဲ့ ဂဏန်းငြိမ်တော့မယ်ဆိုတာ ချစ်သားကြီး မြင်နေတယ် ... အပေ ဟဲ"

"ခွေးကောင် ... သွားစမ်းပါကွာ။ ငါက မင်းအတွက် စီစဉ်ချင်လို့ အကွက်ရှာပေးနေတာ"

"အဟား ... ရှာတာလည်း ရှာတာပေါ့။ ဒါပေမဲ့ နောက်တစ်ကြိမ် ပြန်လည်နိုးထလာမယ့် Heart beat ကိုလည်း နားစွင့်ဦး အဖေ။ ဒီလိုမျိုး ဆိုက်တူဂိုက်တူ old model ကြီးဆိုတာ တွေ့ရခဲတယ်နော်"

သူက အဖေ့ကို ဖြောက်ပေးနေလေလျှင် အဖေက ရှက်ရယ်တစ်ချက် ရယ်လိုက်ပြီး ...

"ဘယ်က old model ကမှာလဲ။ တော်ဝင်က သိပ် bright ဖြစ်ပြီး ခေတ်ကို ရင်ဘောင်တန်းနိုင်တဲ့ အမျိုးသမီးကွ။ ပြီးတော့ တော်ဝင်နဲ့ ဒါက ရိုးရိုးသားသားပါ သားရာ"

"ဟင် ... အဖေကလည်း အစကရိုးရိုး နောက်တော့တစ်မျိုးတိုးလို့ဆိုတဲ့ သီချင်းဘွေက အဖေတို့ခေတ်က ပေါ်ခဲ့တဲ့ သီချင်းပါဗျာ။ ပြောတော့ ရိုးရိုးဆိုပြီး အပျိုကြီးကို လက်ဆောင်တွေ သွားပေးပြီး ပိုးနေတာ၊ ဟွန့် ... သိတယ်နော်၊ သိတယ် ... သိတယ်"





"ကဲ ... တော် ... တော် ... ဟေ့ကောင်၊ ငါ မင်းမျိုးဖို့ ဆိုဖို့ ညစာသွားစီစဉ်လိုက်ဦးမယ်။ မင်းသာ မိန်းမမြန်မြန် ယူဖို့ စဉ်းစားထား"

"အဟား ... သား မိန်းမယူဖို့ထက် အဖေမိန်းမယူဖို့က ပိုအရေးကြီးပါတယ်ဗျ ... ဟဲ"

အဖေက သူ့ကို ဒေါသထွက်ဟန်ဖြင့် အနီးကစာအုပ်တစ်အုပ်ဖြင့် ပစ်ပေါက်လေလျှင် သူက ရှောင်လင်သိုင်းဖြင့် ဂျက်ဆီဂျိမ်းလုပ်ကာ အခန်းထဲသို့ ပြေးလေတော့သည်။

သားအဖနှစ်ယောက်သာရှိတဲ့ သူတို့ဘဝမှာ အဖေနဲ့သား ဆက်ဆံရေးပုံစံမျိုးထက် ဘော်ဒါဒယ်ဒီပုံစံမျိုးဖြင့် ပွင့်လင်းရင်းနှီးစွာ နေကြတာဖြစ်သည်။ အမေမရှိတော့ကတည်းက သူ့ကို အမေလိုတစ်မျိုး၊ အဖေလိုတစ်ဖုံ၊ ကြင်နာနွေးထွေးမှုမေတ္တာအပြည့် အဝပေးသော ဖေဖေ့ကို ဂရုစိုက်ကြင်နာမယ့် မေမေတစ်ယောက်တော့ ရှာရဦးမည်ဟု သူက တေးထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ကလည်း သမီး ဘာမှားလို့လဲ။ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာပဲလေ"

"ဟဲ့ ... ဘာကို လုပ်သင့်တာလဲ။ ဟိုက စေတနာနဲ့ လက်ဆောင်ပေးတဲ့ ပစ္စည်းကို ဒေါ်ကြီးမောကြီးနဲ့ အိမ်အထိသွားပြန်ပေးပစ်လိုက်တာ ဘယ်လောက်အားနာဖို့ကောင်းသလဲ။ နောက်ပြီး ကိုအေးချမ်းက သမီးအဖေရဲ့ သူငယ်ချင်းလေ"

"မသိဘူး။ အဲဒီလူကြီးက တော်တော့်ကို ပိုးပန်းနေတာလေ။ ဒီလိုလူမျိုးကို အပြတ်ဖြတ်ပစ်ရမှာ။ ဟွန်း ... အဖေကော သားကော တစ်စက်ကလေးမှ ကောင်းကျိုးကိုမပေးကြဘူး"

အံ့ခန်း စကားကြောင့် တော်တော်က ရင်ဘတ်ကိုဖိမျက်လုံးပါပြူးကာ အလန့်တကြား မေးလေသည်။





"ဟဲ့ ... နင်က ဘယ်လိုကြောင့် အတိအကျချည်း ပြောနိုင်ရတာလဲ"

"ဩော် ... တော်တော်ရယ်။ ယောက်ျားဆိုတာ ကောင်းတဲ့အမျိုး မဟုတ်ဘူးဆို။ ဘာလို့ ကာဆီး ကာဆီး ပြောနေရတာလဲ ...

သမီးက အတိအကျ သိထားလို့ ပြောတာပါ။ ဦးအေးချမ်းရဲ့သား နှစ်သက်အေးချမ်း ဆိုတဲ့ အကောင်က အင်မတန်မှ ရုပ်ထွေးပွေလီတဲ့ကောင်။ ရည်းစားဆိုတာ မှိုလိုပေါက်။ အခု သမီးသူငယ်ချင်း မိသုနဲ့ သင်းကကြိုက်နေတာလေ"

"ဟယ် ... ဟုတ်တယ်"

တော်တော်က မယုံသလို မေးနေပြန်လျှင် အံ့ခန်းက မျက်စောင်းတစ်ချက် ထိုးလိုက်ရင်းက ...

"ဟုတ် ... တယ်။ သုသုရဲ့ရည်းစား။ သားတောင် ဒီလောက်ရုပ်မှတော့ အဖေဆိုရင်တော့ ဟွန့် ... ဘာပြောကောင်းမလဲ။ တော်တော်နော် ... ဦးအေးချမ်းနဲ့ လုံးဝပတ်သက်စရာ မလိုဘူး"

"ဟင်း ... အံ့ခန်းရယ်။ သူများကို အဲဒီလိုကြီးတော့ သွားမပြောပါနဲ့ဟယ်။ အဲဒီလိုဆို ညည်း သုသုကော ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်မလဲ။ ဒီကောင်မလေးလည်း ရည်းစားကို ဘယ်နယောက် ရှိနေပြီလဲ"

"သူများကို ပြောမနေနဲ့ တော်တော်။ အကောင်းဆုံးကတော့ တော်တော် ဦးအေးချမ်းနဲ့ မပတ်သက်ပါနဲ့။ သမီးလုံးဝမကြိုက်ဘူး ... ဒါပဲ"

အံ့ခန်းက ကားသော့ကောက်ဆွဲကာ ထိုင်ရာမှထလိုက်လျှင် တော်တော်က လက်ကိုလှမ်းဆွဲလိုက်ပြီး မေးလေသည်။

"ဟဲ့ ... ဒါက စိတ်ကောက်သွားတာလား။ ဘယ်သွားမလို့လဲ"

"ကောက်ပါဘူး။ သမီး သုသုနဲ့ချိန်းထားလို့ အဲဒါသွားမလို့"

"ဟွန်း ... သွား ... သွား။ သုသုနဲ့တွေ့ပြီး ရည်းစားထားဖို့ စိတ်ကူးမနေနဲ့ ကြားလား"

"အမယ်လေး ... တော်တော်ရယ်။ ထားစရာလား။ အံ့မခန်းတို့က လုံးဝပဲ။ တော်တော်သာ အချိုးမပြောင်းနဲ့။ သွားပြီ ... တာ့တာ"

အံ့ခန်းက ထွက်လာလေခဲ့လျှင် အပျိုကြီးရဲ့ပေါက်ပေါက်ဖောက်သံကို ခပ်သဲ့သဲ့ကြားရလေသည်၊ အံ့ခန်းရဲ့တော်တော်က အဲဒီလိုပဲမို့ အံ့ခန်းက အပြုံးမပျက်ပင် ကားပေါ်တက်၍





သုသုဆီ မောင်းထွက်လာခဲ့တော့သည်။ အံ့ခန်းနဲ့ သုသုက Myanmar Nobel College တက်ရင်းက ခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေဖြစ်သည်။ ပိုးသုချိုလို့ အမည်ရတဲ့ အံ့ခန်းရဲ့သူငယ်ချင်းမဟာ အပေါင်းအသင်းရေးရာပိုင်းမှာ အကြိုက်ချင်းတူတာတွေများပေမယ့်လည်း သူမက ဘဲခပ်ရှုပ်ရှုပ်ဖြစ်သည်။ အံ့ခန်းကတော့ ယောကျာ်းဆို အထင်ကိုမကြီးတတ်သူဖြစ်၏။ အခုလည်းပဲ တိုက်တိုက်ဆိုင်ဆိုင် သုသုရဲ့ဘဲအသစ် နှစ်သက်အေးချမ်းရဲ့အဖေဟာ အံ့ခန်းရဲ့အဒေါ် တော်တော်ကို လာကြောင်နေတဲ့သူ ဖြစ်ပေသည်။ ယောကျာ်းတွေများ ကောင်းကိုမကောင်းဘူး။

သုသုရဲ့အကောင်ကိုပဲ ကြည့်လေ။ Valentine day တုန်းက သုသုနဲ့လောင်းထားလို့ အဲဒီ နှစ်သက်အေးချမ်းကို ယတြာချေမလို့ ဘာညာဆိုပြီး ဖောရှောလုပ်လိုက်တာနဲ့ သင်းပါလာတာပဲလေ။

ဒါလား သစ္စာရှိတယ်ဆိုတာ။

အံ့ခန်းသည် မြေနီကုန်းက Maharhtani သို့ရောက်လျှင် ကားရပ်လိုက်ပြီး ဆိုင်ထဲသို့ ဝင်လာလိုက်လေသည်။ ဖုန်းပြောနေသော မယ်မင်းကြီးမ သုသုက အံ့ခန်းကိုမြင်လျှင် လက်လှမ်းပြလေသည်။ အံ့ခန်းက ခပ်တည်တည်ပင် ဝင်ထိုင်လိုက်ပြီး ဆင်းဒဝတ်ချ်နဲ့ ကော်ဖီမှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ကိုရဲ့။ သု ဖုန်းမှန်မှန်ဆက်မှာပါ။ အခုဟာက မန္တလေးကို မသွားမဖြစ် သွားရမှာမလို့ပါ"

ဟင်း ... အံ့ခန်းက သုသုစကားကိုကြားလျှင် အံ့အားတကြီးဖြင့် မျက်လုံးအသာဝင့်ကြည့်ကာ မေးဆတ်ပြလျှင် သုသုက အံ့ခန်းကို မျက်စိတစ်ဖက် မှိတ်ပြလေသည်။ တိတ်တိတ်နေဆိုတဲ့သဘော။ ဟင်း ... အဲဒီမိန်းမတော့ စိတ်ကုန်တယ်။

"အင်း ... စိတ်ချနော်။ သုကလည်း ကို့ကို စိတ်ချချင်တယ်နော်။ ဒါပဲနော် ... bye mwahh ! "

အဖြစ်သည်းပြနေသော မိန်းမကို အံ့ခန်းက မျက်စောင်းထိုးလိုက်ကာ သူမ ဖုန်းပိတ်လိုက်တော့မှ ...

"ကဲ ... ဆိုစမ်းပါဦး။ ဘာဇယားလဲ၊ နင်က တကယ်မန္တလေးလစ်မှာမလို့လား"

"အာ ... မလစ်ပါဘူးဟ။ ဒီလိုပဲ ပျင်းလို့ခေါက်လိုက်တာ။ နှစ်သက်လေ ... သူပေါ့၊ နောက်ဇယားကွက်တွေ့နေလား မသိဘူး။ လိမ်ဖယ် လိမ်ဖယ် လုပ်နေတာနဲ့ ကြည့်မရလို့ ခေါက်လိုက်တာ"

"ဟင်း ... အံ့သြတာပဲဟယ်။ ယောကျ်ားတွေကို နင် စိတ်မကုန်ဘူးလား သုသုရယ်"





"အို ... ဒါ စိတ်ကုန်စရာမှ မဟုတ်တာ။ ရည်းစားထားတယ်ဆိုတာ ဉာဏ်ချင်းယှဉ်ပြီး အကွက်ရွှေ့တာလေဟာ။ ပျော်ဖို့တောင် ကောင်းသေးတယ်"

အံ့ခန်းက ဘာမှဆက်ပြောချင်စိတ် မရှိတော့ဘဲ ကော်ဖီကို ထိုင်သောက်နေလေလျှင် သုသုက တဟားဟားအော်ရယ်ရင်းက ...

"နင့်ရုပ်ကိုကြည့်တာ တော်တော်နဲ့ ဖိုက်လာပုံပဲ။ ဘာဖြစ်လို့လဲ။ တော်တော်က ယောကျ်ားယူတော့မယ်တဲ့လား"

"သေလိုက် ... တော်တော်ကှာ ယူစရာလားဟဲ့"

"ဒါဆို နင်က ယူတော့မယ်ပေါ့"

"ဟယ် ... သုသုရယ်။ စိတ်ညစ်စရာတွေ လာပြောမနေနဲ့။ ယောကျ်ားယူပြီး ဘဝကို မီးဖိုချောင်ထဲ ထည့်လိုက်မယ့် မိန်းမထဲမှာ ငါမပါဘူး။ တော်တော်လည်း မပါဘူး။ နင်သာ ရှုစိတက်နေတာ"

အံ့ခန်း စကားကြောင့် သုသုက ရီးနေသူပီပီ တဟားဟားရယ်ရင်းက ပခုံးတစ်ချက် တွန့်ပြကာ ...

"ဟား ဟား ... သူဖြင့် ရည်းစားမထားဘူးဘဲနဲ့"

"ကျစ် ... ထားစမ်းပါဟာ။ အဲဒီ relationship ကြီးက အလကား။ အခုတောင် ငါ နင့်ကို ပြောစရာရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင့်ဘဲ နှစ်သက်အေးချမ်းရဲ့အဖေက တော်တော့်ကိုပိုးကြေးပန်းကြေးတွေနဲ့ ကြောင်နေတာလေ။ ငါက သူ့အိမ်အထိသွားပြီး အဲဒီလက်ဆောင်ထုပ်ကြီး ပြန်ပေးတာ နင့်ဘဲနဲ့တောင် နည်းနည်းရှော့ခ်တက်ခဲ့သေးတယ်လေ။ နင့်ဘဲကလည်းဟာ ဘာကောင်ကြီးမှန်းကို မသိဘူး"

ဒါတောင် သူမရည်းစားဟာ အေပရှန်ကြီး ခါးမှာစည်း၍ ကိုယ်တိုင်ချက်ပြုတ်နေတဲ့ အိမ်ရှင်ထီးကြီး ဖြစ်နေတယ်ဆိုတာတောင် အားနာလို့ မပြောဖြစ်ပါပေ။ ဟွန့် ... အမြင်ကတ်စရာ။

"ဟုတ်လား ... နှစ်သက်ရဲ့ဖားသားကြီးက အလန်းပါဟ။ မသိရင် နှစ်သက်နဲ့ ညီအစ်ကို ဒီဇိုင်းပဲ။ ရေကလည်းအလျှံ။ မှုဆိုးဖိုဖြစ်နေတာလေးပဲ ပြောစရာရှိတယ်။ ဟိ ... ဟိ ... ဒါဆို နင်နဲ့ နှစ်သက်က ရှော့ခ်တက်နေရတယ်ပေါ့"

"မှန်ရဲ့။ ဘာကောင်မှန်းကိုမသိဘူး နင့်ဘဲက၊ ငါ့ကိုများ နှုတ်သီးကောင်းလျှာပါး ရန်တွေ့လိုက်သေးတယ်"

"ဟား... ဟား ... ဖြစ်ရတယ်ဟယ်။ နှစ်သက်က ရန်တွေ့လိုက်တယ် ဟုတ်လား။ သူက အရမ်းသဘောထားကြီးတာဟဲ့။ လုံးဝကို ဂျန်းတဲလ်မန်း အင်နိုးဆန့်လေး"

သူ့ဘဲကို ချီးမွမ်းခန်းဖွင့်နေလျှင် အုံ့ခန်းက အမြင်ကတ်ကတ်ဖြင့် ဟက်ခနဲ ရယ်လိုက်ကာ ...





"အမယ်လေး ... Gentleman ပေမို့ပဲ။ မိန်းကလေးတစ်ယောက်က ဘလိုင်းကြီးဝင်လုံးပြီး ဘတ်ဒေးကိတ်လေးခွဲ့ကျွေးပါဆိုတာကို မငြင်းတဲ့သူကို Gentleman လို့ ခေါ်တာလား"

"ဟဲ့ ... အဲဒါကတော့ သူက ကူညီချင်တဲ့စိတ်ကြောင့်ပါ။ ပြီးတော့ ဘယ်မှာအီလို့လဲ"

"ဟိတ် ... ဘာမှ ငါးချဉ်,ချဉ်မနေနဲ့။ နင်ရှုံးတာကရှုံးတာပဲ။ ဒီမယ် သုသု၊ ယောကျ်ားဆိုတာမျိုးက မိန်းကလေးတိုင်းကို Welcome လုပ်နေတဲ့လူတွေ။ သစ္စာတရားဆိုတာနတ္ထိပဲ။ အခုခေတ်ဟာတွေက ပိုတောင်ဆိုးသေး။ ငါ့အဖေတောင် ငါ့အမေ ပစ်စလက်ခတ်စိတ်ချ၊ ယုံလို့ရတာမဟုတ်ဘူး"

"ဩော် ... ယုံရမယ့်သူတွေလည်း ရှိပါတယ်ဟာ"

"နင့် ရည်းစားတွေလည်း များနေပြီ။ သစ္စာကြီးမားသူကြီးတွေ့ပြီလား၊ တစ်ယောက်နဲ့တစ်ယောက် ဉာဏ်ရည်ကစားနေရတာကိုက အချစ်မဟုတ်ဘူး"

အုံ့ခန်းရဲ့စကားတွေကို လိုက်ယှဉ်ပြောလို့ မရတော့သောအခါ သုသုက ဟင်းခနဲ သက်ပြင်းကြီးချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... သစ္စာရှင်မကြီး မအံ့မခန်းရယ်။ တော်ပါပြီ၊ နောက်ဆို ရည်းစားမထားတော့ပါဘူး။ ကိုသစ္စာပဲ ထိုင်စောင့်နေတော့မယ်။ ဟုတ်ပြီလား"

သုသု စကားကြောင့် အံ့မခန်းက သဘောကျစွာပြုံးမိသွားလေသည်။ ကိုသစ္စာကိုသာ စောင့်ရမယ်ဆိုရင် ဒီတစ်သက်တော့ လည်ပင်းရှည်တော့မှာ သေချာပေသည်။

ကမ္ဘာ့အပြင်ဘက် ရောက်နေပြီဖြစ်သော ကိုသစ္စာမှာ လာပါဆိုလို့တောင် မလာတော့အောင် ယောကျ်ားတွေရဲ့စိတ်ဓာတ်တွေက ပျက်စီးနေပြီဖြစ်သည်။





၃

နှစ်သက်သည် Smuri အရုပ်အပြာလေးကိုမြင်လျှင် ဒါလေးပဲ ယူလိုက်မည်ဆိုတဲ့ အတွေးက ခေါင်းထဲတန်းခနဲဝင်လာလေသည်။ ဒီနေ့က ဖြူပြာနဲ့ အင်းလျားမှာ ညနေဆုံဖို့ချိန်းထားတာဖြစ်သည်။ သူ့ facebook ကို လာ add ကာ သူနှင့် chatting ဝင်ရင်းက မဆိုးလှသော အသွင်အပြင်တွေနဲ့ photoshop လုပ်ထားတဲ့ ဓာတ်ပုံတွေက ရင်ခုန်စေတာကြောင့် အပြင်မှာဆုံဖို့ချိန်းလိုက်တာဖြစ်သည်။

မိန်းကလေး တစ်ယောက်နဲ့ စတွေ့ရတဲ့ first impersion မှာ သူမကို ဆပ်ပ်ပရိုက်စ် ဖြစ်စေပြီဆိုရင် အခြေအနေက တော်တော်လေး ပေါက်မြောက်မည့် အလားအလာရှိ၏။ ဒါဟာ သူကိုယ်တိုင် ကျင့်သုံးနေတဲ့ ဗျူဟာမို့ ဒီတစ်ခါလည်း ယုံကြည်မှု ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်က အတွေးနဲ့အတူ Smurf ကို လက်လှမ်းလိုက်စဉ်မှာပဲ သူ့ထက်ဦးတဲ့ လက်တစ်ဖက်က Smurf အရုပ်လေးကို မ,ယူသွားလေသည်။ Nail Art ရဲ့အလှကြောင့် လက်ချောင်းလေးတွေက ပိုမိုလင်းလက်ကာ သွယ်ပျောင်း၍ ကဗျာဆန်နေတာမို့ ကဗျာသူလေးကို ရှိုးလိုက်လျှင် ကဗျာသူလေးနဲ့ မျက်လုံးချင်းဒိုင်းခနဲ ဆုံလို့သွားလေသည်။

"ဩော် ... ရှင်ကိုး"

ဩော် ... သူမကိုး။ နှစ်သက်က တိုက်တိုက်ဆိုင်ဆိုင် လာဆုံလေသော ကံကြမ္မာကို ကျေးဇူးမတင်သလို ဖြစ်သွားပါသည်။ သူ့ကိုမြင်တာနှင့် မျက်စောင်းတစ်ချက် ဖူးတံဝင့်လို့ချီလာလျှင် သူက ခပ်တည်တည် ပြောလိုက်၏။

"ခင်ဗျားတို့မိန်းမတွေက တော်တော်အပြောင်းအလဲ မြန်တယ်နော်။ ကူညီပါဆိုပြီး တောင်းပန်တဲ့ မျက်နှာကြောနဲ့ အခုပုံက before and after လိုပဲ"

"ဒီမှာ ... ဘာတွေလာပြောနေတာလဲ။ ဩော် ... ပြောလိုက်ဦးမယ်။ ရှင့်ပါးစပ်က ကူညီတယ် ကူညီတယ် ဆိုတဲ့စကားခဏခဏမပြောစမ်းပါနဲ့။ အဲဒီနေ့ကတည်းက ကျေးဇူးတင်ပြီးပြီ။ ဘာမှ စကားထဲထည့်ပြောစရာ အကြောင်းရာကြီးဘူး"





"ဟား ... မင်းစကားလုံးတွေက ဒုံးပျံတွေလို မိုးပေါ်ရောက်နေပြီနော်။ ကျစ် ... ထားပါတော့။ မင်းလက်ထဲက အရုပ်ပြန်ပေးပါ။ အဲဒါ ကိုယ်ဝယ်မှာလို့"

သူမက လက်ထဲက အရုပ်လေးကို တစ်ချက်ပြန်ငုံ့ကြည့်လိုက်ရင်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ ...

"ဆောရီးပဲ၊ ဒါ ကျွန်မဝယ်ဖို့ ယူလိုက်တာ။ ရှင် နောက်အရုပ်ပဲ ရွေးလိုက်တော့"

ပြောပြီးတာနဲ့ ချာခနဲ လှည့်ထွက်သွားကာ Casher မှာ ငွေသွားရှင်းလေသည်။ ဟ ... ဒီလိုလုပ်လို့တော့ ဘယ်ရမလဲ။ သူက ငွေရှင်းပြီး ဆိုင်အပြင်သို့ ထွက်သွားတဲ့ သူမနောက်သို့ လိုက်သွားကာ မီပြီဆိုတာနဲ့ သူမရှေ့က ပိတ်ရပ်လိုက်ကာ ...

"ဟော့ ... မင်းနဲ့ ကိုယ် သိနေကြပြီပဲ။ ဘော်ဒါဖြစ်လို့ရမလား။ nice to meet you စွမ်းအံ့မခန်း။ နှစ်သက်အေးချမ်းလို့ ခေါ်ပါတယ်"

သူ့ရဲ့မိတ်ဆက်မှုအတွက် သူမက မအံ့ဩသလို မျက်လုံးတစ်ချက် လှန်ကြည့်သည်၊ ပြီးတော့ သူ့ကို ထီမထင်ဒိဗိုင်းဖြင့် ...

"မလိုပါဘူး။ ရှင်က ဦးအေးချမ်းရဲ့သားဖြစ်တာ တစ်ခုတည်းနဲ့တင် ရှင့်ကို ကျွန်မ ကောင်းကောင်းကြီး မှတ်မိသွားပြီ။ ဘာမှ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်မနေနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးကတော့ ရှင်ကော ရှင့်အဖေကော ကျွန်မနဲ့ တော်တော့်ကို မပတ်သက်နဲ့"

"ဟား ... ခင်မင်မှုဆိုတာ တားဆီးလို့မှမရတာ စွမ်းအံ့မခန်းရယ်။ မင်းက သဘာဝတရားကို တော်တော်ဆန့်ကျင်တဲ့ မိန်းကလေးပဲ။ ငါ့အဖေနဲ့ မင်းအဖေ၊ မင်းအမေ ပြီးတော့ မင်းရဲ့တော်တော် သူတို့တွေက မင်းမမွေးခင်ကတည်းက ခင်လာခဲ့တာ။ မပတ်သက်နဲ့ ဆိုတာချည်းက လုံး၀ cross ကွာ။ ဘာဖြစ်လဲ ... ခင်ခင်မင်မင်ပေါ့"

သူ့စကားကြောင့် သူမက မြွေဟောက်ပျိုတစ်ယောက်လို ဆတ်ခနဲ ထောင်ထလာကာ ...

"ဒီမှာ ... ကျွန်မ မမွေးခင်ကတည်းက သိတယ်ဆိုတာ မှန်ပေမယ့် အခုမှ အဝင်အထွက်လုပ်ပြီး ရောနေတာက ဘာလဲ။ အရင်လိုပဲ ဘာသိဘာသာ နေပါ့လား။ ဖယ်ားကို ရှုပ်တယ် ...

ဖယ် ... ကျွန်မရှေ့က။ ရှင် ဆက်လိုက်လာရင်တော့ ကျွန်မ အဆိုးမဆိုနဲ့"

"အမယ် ... မလိုက်ပါဘူး။ ကိုယ့်ဘာသာသွားပေါ့"

သူ့စကားကြောင့် သူမက ဘုကြည့်ကြည့်သွားကာ ထွက်သွားလေတော့သည်။ နှစ်သက်က သူမ ထွက်သွားတာကို လှမ်းကြည့်ရင်း ခေါင်းအသာယမ်းလိုက်ကာ ရယ်လိုက်မိသည်။





စွမ်းအံ့မခန်းသာ သူ့ရည်းစားဖြစ်လာမယ် ဆိုပါစို့။ ဒီလိုဘောက်ဆတ်ဆတ် အမျိုးသမီးကို စိတ်မရှည်တာနဲ့ပဲ သူတို့ မြန်မြန်ပြတ်မှာ သေချာပေသည်။ အဲဒါကြောင့် အီစီကလီစိတ်ကို ဆင်ခြင်ကာ စိတ်မဝင်စားဖို့ ဆုံးဖြတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းဆက်တွေ ရှည်နေတဲ့ Vampire Daries ကို စိတ်ဝင်တစား ထိုင်ကြည့်နေတုန်း တော်တော်က လှမ်းခေါ်တာကြောင့် အုံ့မခန်းက pause နှိပ်ကာ တော်တော့်ဆီ အပြေးသွားရလေသည်။

"ဟုတ် ... တော်တော် ဘာခိုင်းစရာရှိလို့လဲ"

"ခိုင်းစရာမရှိပါဘူး၊ ပြောစရာရှိလို့ သမီး ခဏထိုင်ဦး"

အုံ့ခန်းက ခေါင်းတစ်ချက်ညိတ်ကာ တော်တော့်ဘေးမှာ တစောင်းဝင်ထိုင်ရင်းက ...

"ဟုတ် ... ပြော တော်တော်"

"သန်ဘက်ခါဆို တော်တော့်မွေးနေ့ ရောက်ပြီလေ။ အဲဒါ အရင်နှစ်တွေတုန်းကလို ဟိုတယ်မှာသွားမစားဘဲနဲ့ ဒီနှစ်တော့ အိမ်မှာပဲစီစဉ်ပြီး ဧည့်သည် အနည်းအကျဉ်းလောက် ထမင်းဖိတ်ကျွေးမလားလို့"





တော်တော့်စကားကြောင့် အုံ့ခန်းက မျက်မှောင်ကြုတ်လိုက်မိသည်။ ဘာတုန်းဟ ... ဒီအပျိုကြီး ဆန်းတော့ ဆန်းနေပါပြီ။ အမြဲတမ်း တော်တော့်မွေးနေ့ဆို ဖေဖေရယ်၊ မေမေရယ်၊ အုံ့ခန်းရယ်၊ မခန်းရယ် မိသားစုစုံစုံညီ ဟိုတယ်တစ်ခုခုမှာ ဒင်နာစားနေကြ။ ပြီးခဲ့တဲ့နှစ်ကတော့ မခန်း ကျောင်းကိစ္စမပြတ်သေးလို့ ပိတ်ရက်ပြန်မလာနိုင်တာကြောင့် တော်တော်နှင့် အုံ့ခန်းပဲ စားဖြစ်တာဖြစ်သည်။ ဒီတစ်ခါမှ ဧည့်သည်ဖိတ်မယ်ဆိုတော့ ...။

"ဧည့်သည်အနည်းအကျဉ်းဆိုတာ ဘယ်သူလဲ တော်တော်"

"ဟို ... ကိုအေးချမ်းတို့ သားအဖပါ"

"အမ် ... တော်တော် ... ဟာ ... အဓိပ္ပာယ်မရှိတာ"

"အစ်ကိုကြီးနဲ့ မမကြီးတို့နဲ့ ကိုအေးချမ်းက အရမ်းရင်းနှီးခဲ့တာလေ။ ပြီးတော့ ထမင်းစားဖိတ်တာပဲ သမီးရယ်။ ဘာဖြစ်သွားမှာမို့လဲ"

"ဟာ ... တော်တော်၊ ဦးအေးချမ်းက တော်တော့်ကိုပိုးပန်းနေတယ်ဆိုတာ တော်တော် မသိဘူးလား။ ဒီလိုလူမျိုးကို တော်တော်က မွေးနေ့ဖိတ်တယ်ဆိုတော့ မမိုက်ဘူးကွာ။ ဘာလဲ ... အဲဒီလူကြီးနဲ့ တော်တော်က ဘာလိုလိုလား"

အုံ့ခန်းက ပေါက်ကွဲလိုက်တော့မှ တော်တော်က မျက်နှာလေးရှုံ့မဲ့ကာ အုံ့ခန်းကို ဖျောင်းဖျလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူး အံ့ခန်းရယ်။ ဟိုတစ်ရက်က ကိုအေးချမ်းနဲ့ မတော်တဆဆုံရင်း စကားစပ်ရင်းက တော်တော့်မွေးနေ့ပြောဖြစ်သွားလို့ ကြုံနေတာနဲ့ ဖိတ်လိုက်တာပါ။ ပြီးတော့ ဦးအေးချမ်းက လူကြီးလူကောင်းတစ်ယောက် သမီး။ သမီးရဲ့ပြောဆိုဆက်ဆံပုံက တစ်ဖက်စွန်းကြီး ဖြစ်နေတယ်"

ဘုရားရေ ... အံ့ခန်း တကယ်ပဲ အံ့သြရလေသည်။ တော်တော်ဟာ အံ့ခန်းကိုဆို ဘယ်တုန်းကမှ ဝေဖန်ဖူးတာမရှိပါ။ မရှိလောက်အောင်ကို အံ့ခန်းဘက်က Perfect ဖြစ်အောင် နေခဲ့တာဖြစ်၏။

အခုလိုမျိုး လေသံမာနဲ့ အံ့ခန်းကို ဝေဖန်နေတာဟာ အံ့ခန်းကို စိတ်မကောင်းဖြစ်ရသည်။

အံ့ခန်း ထင်တာမလွဲဘူးဆို တော်တော်ဟာ ဦးအေးချမ်း အပေါ်ကို သံယောဇဉ်ပိုနေပြီလို့ မြင်ပါသည်။

"တော်ပြီ။ သမီးနဲ့ တော်တော် ဒီကိစ္စကို ဆက်မဆွေးနွေးတာ အကောင်းဆုံးပဲ။ မွေးနေ့ရှင်က တော်တော် ဖြစ်တဲ့အတွက် တော်တော့်သဘောက ပိုအရေးပါပါတယ်။ သမီးက တူမ,ပါ။ တော်တော်ရဲ့ကိုယ်ရေးကိုယ်တာအထိ စွက်ဖက်ခွင့်မရှိဘူး"





"ဆောရီးပါ သမီးရယ်။ တော်တော် စကားပြောလောသွားတယ်။ သမီးကို တော်တော်က ဦးအေးချမ်းအပေါ် အမြင်မလွဲစေချင်ဘူး။ ပြီးတော့ နှစ်သက်အေးချမ်းကိုလည်း သမီးနဲ့ ရင်းနှီးစေချင်တာကြောင့် ဒီလိုစီစဉ်လိုက်တာပါ"

တော်တော်ရဲ့ ဖြေရှင်းချက်ကို အံ့ခန်းက ဟင်းခနဲ သက်ပြင်းချရလေသည်။ စိတ်လျှော့လိုက်ရတယ် ဆိုပေမယ့် မကျေနပ်တာကတော့ ကျန်နေသေးသည်။ ဦးအေးချမ်းလိုလူနဲ့ တော်တော့်ကို ဘယ်လိုမှ မဖြစ်စေချင်ပါ။ သူတို့နှစ်ယောက်ကို ဟုတ်နေတယ်လို့လည်း ဘယ်သူကမှ မပြောသေးတာကြောင့် အံ့ခန်းဘက်က အပြင်းအထန် ကန့်ကွက်လို့လည်း မရပါ။

တော်တော်ဟာ အံ့ခန်းအတွက်တော့ မိဘထက်ပိုချစ်ရတဲ့ တိုးတိုးဖော် အန်တီလေးဖြစ်သည်။ စိတ်ကောက် ဗိုလ်ကျပြနေရလောက်အောင်လည်း ဒီကိစ္စက အရေးမပါတာမို့ ဘာမှ အတွန့်မတက်တော့ဘဲ တော်တော့်ကို ပြောလိုက်၏။

"ဖိတ်ပါ တော်တော်။ ဒါပေမဲ့ သမီး နှစ်သက်အေးချမ်းနဲ့တော့ မရင်းနှီးချင်ဘူး။ ရင်းနှီးစရာလည်း မလိုအပ်ဘူးလို့ ယုံကြည်တယ်။ သူတို့ဟာ သမီးအတွက် ကြီးစွာသော အနှောင့်အယှက် ဖြစ်ပေမယ့် တော်တော့်မျက်နှာကြောင့် သမီး သူတို့နဲ့ ထမင်းတစ်ဝိုင်းတည်း ဝင်စားပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



အုံ့ခန်းက ထထွက်လာခဲ့လျှင် တော်တော်က သက်ပြင်းချ ကျန်နေခဲ့လေသည်။ အုံ့ခန်းသည် ဘာကိုမှ မကျေနပ်စွာဖြင့် တောက်တစ်ချက် ခေါက်လိုက်မိပါသည်။





## ၄

တော်တော့်မွေးနေ့ ပြီးသွားကတည်းက အုံ့ခန်းဟာ တော်တော့်ကို သိပ်စကားမပြောတော့ဘဲ သိသိသာသာပင် ရှောင်နေလိုက်သည်။ တစ်အိမ်လုံးမှာမှ နှစ်ယောက်တည်းရှိသောကြောင့် အုံ့ခန်း ဘာဖြစ်နေတယ် ဆိုတာကို တော်တော်က သိနေသော်လည်း ဘာမှ ဖြေရှင်းချက်မပေးတာဟာ အရမ်းအသည်းယားဖို့ကောင်းလေသည်။

အိမ်ကို ထမင်းစားကြွရောက်လာလေသည့် ဦးအေးချမ်းတို့ သားအဖဟာ အုံ့ခန်းအတွက်တော့ တကယ့်ပလပ်ပေါက်တွေဖြစ်သည်။ တော်တော်ဟာ ဒီလူကြီးနဲ့တွေ့တော့မှပဲ အရမ်းအရမ်းကို နူးညံ့သိမ်မွေ့လာကာ အပျိုဖြန်းလေးလို ဖလန်းဖလန်းဖြစ်နေ၏။ သုံးဆယ့်ခုနစ် ကျော်လာပြီဖြစ်တဲ့ ကိုယ့်တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အုံ့ခန်းနဲ့ ညီအစ်မအလား နုပျိုသူဖြစ်တာကြောင့် ချစ်မယ့် ကြိုက်မယ့် ချစ်သူဝိုင်းဝိုင်းလည်တွေကို မျက်စိမကျဘဲ ဒီလို သား တစ်ယောက်အဖေလိုမှ စိတ်ဝင်စားတယ်ဆိုတာဟာ တော်တော့် ဝဋ်ကြွေးလို့ပဲ ပြောရပါလိမ့်မည်။

ဝန်မခံသေးသော်လည်း အမူအရာ ကြည့်တာနဲ့ သဘောပေါက်လိုက်ပြီဖြစ်သော အုံ့ခန်းအတွက်တော့ အရမ်းကြေကွဲရလေသည်။

“သမီးရေ ... အုံ့ခန်း၊ တော်တော် ဝင်လာမယ်နော်”.

အခန်းတံခါးခေါက်ကာ ချက်ချင်းပင် ဝင်လာသော တော်တော့်ကို အုံ့ခန်းက မျက်စိတဆုံး ငေးကြည့်မိသွားသည်။ lacoste စိမ်းနုရောင် မိန်းမဝတ်စပို့ရှပ်ကို ချည်သားဘောင်းဘီရှည်နဲ့ လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထား၍ အလှသွေးကြွယ်နေသော တော်တော် တစ်ယောက် ဘာစိတ်ကူးကြောင့် ဒီလိုလူကြီးကိုရွေးချယ်ချင်ရတာလဲ။

တော်တော်က ခုတင်ပေါ်မှာ ဝင်ထိုင်ကာ ...

“သမီး ... တော်တော့်ကို ပြောစရာရှိနေတယ် ထင်တယ်”

“မရှိပါဘူး တော်တော်။ တော်တော်ကတော့ ရှိလိမ့်မယ်”

အုံ့ခန်းစကားကြောင့် တော်တော်က ခပ်လေးလေး ခေါင်းတစ်ချက်ဆတ်ပြကာ ...





“တော်တော် ကိုအေးချမ်းကို ချစ်မိသွားတယ် သမီး။ ဘယ်တုန်းကမှ အချစ်ဆိုတာကို အယုံကြည်မရှိတဲ့ တော်တော်က အချိန်တိုလေးအတွင်းမှာပဲ ကိုအေးချမ်းကို ချစ်မိသွားတယ် ...

အမှန်အတိုင်းပြောရရင် အုံ့ခန်းနဲ့ မခန်း တစ်ယောက်ယောက်ကို နှစ်သက်နဲ့ပေးစားဖို့ စီစဉ်ရင်း တော်တော်နဲ့ ကိုအေးချမ်း ရင်းနှီးသွားကြတာ”

ဟင် ... တော်တော်တို့က နှစ်သက်အေးချမ်းနဲ့ စီစဉ်မလို့။

“တော်တော် ... ဦးအေးချမ်းကို ရွေးချယ်မှုဟာ တော်တော့် စိတ်ခံစားချက်ပါပဲ။ လူတစ်ယောက်ကို စိတ်ခံစားချက် အတိုင်း ရှင်သန်ခွင့်ပေးမှ ပျော်ရွှင်မှုဆိုတာ ရှိတာပါ။ အဲဒီတော့ သမီးမတားတော့ဘူး။ တော်တော်ချစ်လို့ ရွေးထားတဲ့လူကို သမီး ဘာမှမပြောလိုဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ နှစ်သက်အေးချမ်းနဲ့ စီစဉ်တယ်ဆိုတဲ့ကိစ္စ ရပ်လိုက်ပါ ...

အဒေါ်ယောက်ျားရဲ့သားနဲ့ အချိန်တန်ရင် ဟိုဘက် ဒီဘက် ညားကြတယ်ဆိုတဲ့ အဖြစ်မျိုး ဘယ်တော့မှမဖြစ်စေရဘူး တော်တော်။ မခန်းရဲ့သဘောထားကတော့ သမီး



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ သမီးကိုတော့ လုံးဝမစီစဉ်ပါနဲ့နော်။ အဲဒါ ကြို ပြောထားတာ ...

တော်တော့်ကိုတော့ မတားတော့ပါဘူး။ တားလို့လည်း ကောင်းတဲ့အရွယ် မဟုတ်တော့ဘူး။ သမီးကတော့ တော်တော့်ရဲ့စိတ်တွေကို အပိုင်သိမ်းသွားတဲ့ အဲဒီလူကြီးကိုပဲ မုန်းတယ်"

အုံ့ခန်း စကားဆုံးသွားလျှင် တော်တော်က အုံ့ခန်းရဲ့ဆံပင်စလေးတွေကို ခပ်ဖွဖွ သပ်ပေးလေသည်။ တော်တော့်ခမျာလည်း တော်တော်လေးကို ချီတုံချတုံ ဖြစ်နေဟန်တူသည်။ သူ့ခမျာ အချစ်နဲ့ အုံ့ခန်းကြား လွန်ဆွဲပွဲကြီးတစ်ခုလို ဖြစ်နေရှာ၏။ ဦးအေးချမ်း ဆိုသောလူကို "ချစ်တယ်"လို့ ဝန်ခံတယ်ဆိုကတည်းက တော်တော်ရဲ့မေတ္တာအတိမ်အနက်ကို မှန်းဆ၍ရချေပြီ။ အုံ့ခန်းလည်း သဘောမတူပေမယ့် တားပစ်ရလောက်အောင် မလုပ်ရက်ပါ။ တော်တော် စိတ်မကောင်းမှာစိုးလို့ အုံ့ခန်းက ဝမ်းနည်းခဲ့ရတာဖြစ်သည်။

"တော်တော် တကယ်စိတ်မကောင်းပါဘူး သမီးရယ်"

"ရပါတယ် တော်တော်ရယ်။ ဘာမှမဖြစ်ပါဘူး။ သမီးနားလည်နိုင်ပါတယ်။ ဒါနဲ့ တော်တော်တို့ ဘယ်တော့လက်ထပ်ကြမှာလဲဟင်"





"အဲဒါက နည်းနည်းတော့ လိုပါသေးတယ်။ တော်တော့်ဘက်က အချိန်ဆွဲထားသေးတာ"

အင်း ... အချစ်ဆိုတာဟာ ပူလုပါချည်ရဲ့ဆိုပြီး ယောကျ်ားတွေကို အထင်မကြီးရဲ့ ဒီ တော်တော်ဟာ အခုတော့လည်း သူ မဟုတ်သလိုပါပဲလား။

ဘာပဲဖြစ်ဖြစ် စိတ်လျှော့ထားတာဟာ အကောင်းဆုံးပဲ ဖြစ်ပေလိမ့်မည်။

အုံ့ခန်း ရင်ထဲမှာ တော်တော်လေး မုန်းနေတာက သားရေးသမီးရေး အကြောင်းပြပြီး တော့်တော့်ကို အပိုင်သိမ်းနိုင်တဲ့ ဦးအေးချမ်းနဲ့ သူ့သား နှစ်သက်အေးချမ်းကိုပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... တို့ဖေဖေကတော့ ပိုင်သကွာ။ အချိန်တို အတွင်းမှာ ခင်းသွားတဲ့ ဗျူဟာတွေက လန်ပြန်ထွက်နေတာပဲ။ လုံးဝလေးစားတယ်"

နှစ်သက်က ဖေဖေ့ရဲ့မင်္ဂလာသတင်းအတွက် ဂုဏ်ယူဝမ်းသာစွာဖြင့် လက်သီးတစ်လုံးကို လေထဲပစ်သွင်းလိုက်ရင်းက စွမ်းအံ့မခန်းကို သွားသတိရသွားသည်။ အခေါ်ကိုလာထိရင် ဆတ်ဆတ်ကြဲဖြစ်နေတဲ့ သူမကော ဘယ်လိုများ ခံနေလိမ့်မလဲ။ သူက စိတ်ဝင်စားမိသွားတာကြောင့် သားအဖချင်း လက်တို့မေးကြည့်ရလေသည်။

"ဒါနဲ့ ... ဖေဖေတို့ကိစ္စကို စွမ်းအံ့မခန်း သိလား"

"သိတယ် သားရ။ ဖေဖေလည်း အစကတော့ စိတ်ပူတာပေါ့ကွာ။ အံ့မခန်းက သူ့အခေါ်ကို အရမ်းတိုတာဆိုတော့ အနှောင့်တစ်ခုဖြစ်မယ် ထင်ထားတာ။ တကယ်ကျတော့ ဘာဒုက္ခမှ မပေးဘူးဗျာ ...





သဘောအတူကြီး မဟုတ်ပေမယ့် မတူဘူးလည်း မဟုတ်ဘူး။ သူ့ဘက်က တစ်ခုတောင်းဆိုထားတာက သားနဲ့ စီစဉ်တဲ့ကိစ္စကိုတော့ ရပ်တန်းက ရပ်ပေးပါတဲ့။ ဒါလည်း ဘာပြဿနာမှ မရှိဘူးလေ ...

ငါ့သားကလည်း သူတို့ညီအစ်မကို စိတ်ဝင်စားတာမှ မဟုတ်တာ။ ပြီးတော့ ဖေဖေ ကိုယ်တိုင်ကလည်း ရချင်းရ စွမ်းရည်မခန်းနဲ့ပဲ ရစေချင်တာဆိုတော့ ဘာရှော့ခ်မှ မရှိဘူး။ လုံးဝအေးတယ်"

ဩော် ... သူမက ဒီလိုလား။ သူနဲ့စီစဉ်ပေးချင်တဲ့ လူကြီးတွေရဲ့ဆန္ဒကို သူမလည်း သိသွားပြီပေါ့။ မင်း ကိုယ့်ကို တော်တော်မျက်မုန်းကျိုးနေတယ် ထင်တယ်။

"အဲဒီတော့ ဖေဖေက သားကို ဘယ်သူနဲ့ရည်ရွယ်တာလဲ"

သူ့မေးခွန်းကြောင့် ဖေဖေက သဘောကျစွာရယ်ရင်းက သူ့ပခုံးကိုဖက်ကာ ...

"သားရဲ့ အဓိက,က အချစ်လေကွာ။ ငါ့သားကို စွမ်းမိုးရဲ့ သမီးနှစ်ယောက်ထဲက တစ်ယောက်နဲ့ အဆင်ပြေစေချင်တာက အဖေ့ဆန္ဒ။ ဒါပေမဲ့ အဓိက,က အချစ်ပါတဲ့အိမ်ထောင်ရေးမျိုးပဲ တည်ဆောက်ရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့က စီးပွားဥစ္စာပြည့်စုံသူတွေမို့ ကံကောင်းစွာပဲ အချစ်ကို နည်းနည်းရှေ့တန်းတင်လို့ရတယ်။ အိမ်ထောင်ရေးမှာ အချစ်က ဒုခြေခံပေါ့ကွာ။ ပြီးတော့မှ ငွေ၊ နားလည်မှု၊ သစ္စာတရား ဒါတွေက ထပ်ဆင့်လောင်းထားတာ။ အဲဒီတော့ အဖေပြောချင်တာက သား အိမ်ထောင်ပြုသင့်ပြီလို့ သားကိုယ်တိုင် သတ်မှတ်တဲ့အရွယ်မှာ သား အိမ်ထောင်ဖက်အဖြစ် ရွေးတဲ့သူကသာလျှင် အဖေ့ချွေးမ ဖြစ်လိမ့်မယ်။ ဆိုလိုတာကတော့ကွာ အံ့မခန်းမှ၊ ရည်မခန်းမှ မဟုတ်ဘူး။ မည်သူ့ကိုမဆို သားချစ်လို့ ရွေးထားတဲ့သူသာလျှင် အဖေ့ချွေးမ။ ဘယ်သူရယ်လို့ အဖေမရည်ရွယ်ဘူး”

ဖေဖေက သူ့သဘောထားကို ပြတ်ပြတ်သားသား ပြောလေသည်။ နှစ်သက်သည် အဖေ့ရဲ့ လွတ်လပ်ပြီး ချစ်စရာကောင်းတဲ့ ဆုံးဖြတ်ခွင့်ပေးမှုအတွက် အရမ်းပဲ ကျေးဇူးတင်ရသည်။ သူ ချစ်လို့ရွေးထားတဲ့သူသာလျှင် အဖေ့ချွေးမဖြစ်သည်တဲ့။ အရမ်းကို ပျော်စရာကောင်းတဲ့ လွတ်လပ်မှုပဲ ဖြစ်လေ၏။

ဒါပေမဲ့ ဒီအခွင့်အရေးအတွက် သူဟာ လက်ရှိမှာ အသုံးချဖို့ စိတ်ကူးမရှိသေးပါ။ လက်ရှိမှာ သူ့ထံ၌ ရည်းစားပိုးသုချို ရှိသည်။ ပြီးတော့ တလောကမှ အီစီကလီလေးတစ်





ယောက်လည်းရှိသည်။ သူကတော့ သူ အိမ်ထောင်ပြုသင့်ပြီလို့ မသတ်မှတ်သေးတဲ့အတွက် ချစ်နိုင်စွမ်းရှိတဲ့ နှလုံးသားအလိုအတိုင်း ရည်းစားတွေထားမည်။ သို့ပေမဲ့ အာမခံနိုင်တာက သူ ထားခဲ့သမျှတိုင်းအပေါ်မှာ ရိုးသားမှုရှိခဲ့သည်။

အချစ်ချည်းသက်သက် ရည်းစားတွေ ဖြစ်ခဲ့တာမို့ သူ့ကိုယ်သူ လိပ်ပြာလုံလေသည်။

“ဪ ... ဒါနဲ့ ဖေဖေနဲ့ အန်တီတော်ဝင်တို့က ဘယ်တော့ လက်ထပ်ကြမှာလဲ”

“မကြာတော့တဲ့ အချိန်ကာလတစ်ခုမှာပေါ့ကွာ။ ဖေဖေတို့က ဒိုင်းခနဲ လက်ထပ်လို့က မရဘူးဆိုတာ တော်ဝင့်ဘက်ကို ငဲ့ရလို့ပါ”

“အင်းပေါ့ ... ဪ ... ဟုတ်သားပဲ။ ဟိုတစ်ယောက်က အန်တီတော်ဝင်နဲ့ နှစ်ယောက်တည်းနေတာမှလား။ အဲဒီတော့ ဖေဖေတို့ လက်ထပ်ပြီးရင် ဘယ်မှာနေကြမှာလဲ”

“အဲဒါတွေကြောင့်ပေါ့ သားရဲ့။ တော်ဝင်က ဖေဖေ့အိမ်မှာနေရင် အဆင်ပြေပေမယ့် ဟိုကလေးမလေးက တစ်ယောက်တည်း ဖြစ်နေမှာလေ။ စွမ်းမိုးတို့လင်မယားက ဟိုမှာ။ ပြီးတော့ အငယ်မလေး ကျောင်းကလည်း မပြီးသေးတာ။ ရန်ကုန်မှာပြန်အခြေချဖို့ ဆိုတာလည်း မလွယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဘူး။ ဖေဖေ တော်ဝင်နဲ့ လိုက်နေပြန်တော့လည်း မသင့်ဘူးလေကွာ ...

အုံမခန်းကတော့ သူ တစ်ယောက်တည်းနေတတ်တယ် ပြောပေမယ့်လည်း တော်ဝင်က သူ့တူမကို စိတ်မချပြန်ဘူး။ အဲလိုတွေဖြစ်နေတော့ ခက်တာ"

"ဟင် ... ဖေကလည်း၊ ဒါလေးများ။ စွမ်းအုံမခန်းရဲ့အဖေ အမေ၊ ညီမကော UK မှာနေတာပဲ။ သူ အင်္ဂလန်လိုက်သွားပေါ့။ မိသားစု ဥမကွဲသိုက်မပျက်တောင် နေရသေးတယ်"

ဖေဖေက သူ့အကြံပေးချက်ကို နားလည်လက်ခံစွာ ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"ကောင်မလေးက သွားမယ့်ပုံတော့ မပေါ်ဘူး။ ဒီလိုသားရ ... အုံမခန်းက တော်ဝင့်လက်မှာပဲ ကြီးလာခဲ့တာ။ သူ့အဖေအမေထက် တော်ဝင့်ကို ပိုသံယောဇဉ်ကြီးတယ်။ စွမ်းမိုးတို့လင်မယားက ဒီလိုပဲကမ္ဘာပတ်နေတာ။ ဗန်ကောက်မှာနေလိုက်၊ စ,လုံးမှာနေလိုက်နဲ့ နိုင်ငံတကာ စီးပွားရေးလုပ်တယ်ဆိုပြီး ကမ္ဘာပတ်နေတော့ ကလေးတွေက သူတို့အဒေါ်လက်ထဲမှာပဲ ကြီးလာကြတာ။ အငယ်မလေး UK မှာ Engineering တက်တော့မှ စွမ်းမိုးတို့က UK မှာနေကြတာ ...





ဒီတော့ကွာ ... အုံမခန်းက အဲဒီလို ဟိုကူးဒီသန်းကြီးကို မကြိုက်ဘူး။ ပြီးတော့ ဒီကလေးမက မြန်မာပြည်ချစ်လေး။ သူ့နိုင်ငံမှာပဲ နေချင်တဲ့ကလေးဆိုတော့ သူ အင်္ဂလန်တော့ လိုက်သွားမယ် မထင်ဘူး"

ဖေဖေ့စကားကြောင့် နှစ်သက်သည် စွမ်းအုံမခန်းကို ကရုဏာသက်မိသွားလေသည်။ အင်း ... ဒီလိုကျပြန်တော့လည်း ဆတ်ဆတ်ကြဲ စွာတေးလန်ကောင်မလေးက သနားစရာပါလား။

"အဲဒီတော့ သူ့ကို ဘယ်လိုစီစဉ်ပေးမှာလဲ ဖေ"

"အေး ... တော်ဝင်ကတော့ တစ်ခုခု စီစဉ်ပေးမှာပေါ့။ အဖေ့ကိုတော့ အုံမခန်းအတွက် နောက်ဆုံးမတင်းရတော့မှ လက်ထပ်ပါရစေဆိုပြီး request လုပ်ထားတယ်။ ဒါပေမဲ့ အဖေထင်တယ်ကွ၊ စွမ်းအုံမခန်းပုံစံက မာကြွပ်ကြွပ်နဲ့။ သူ တစ်ယောက်တည်းပဲ နေမယ့်သဘောမှာရှိတယ် ...

နေစမ်းပါဦးကွ။ အခုမှ သတိထားမိတယ်။ နှစ်သက် မေးလှချည်လားကွ"

အဖေက သူ့ကို မသင်္ကာသလို ဝေ့ဝဲကြည့်လျက် ပြုံးစိစိလုပ်နေလျှင် နှစ်သက်က ရှက်ရယ်တစ်ချက် ရယ်လိုက်ကာ ...

www.burmeseclassic.com



"အဟား ... ဟား ... ဒီလိုပဲ ငွမ်းတဲ့သဘောပေါ့ အဖေရာ။ အဖေကလည်း ကျွန်တော့်မှာ ရည်းစားရှိပါတယ်ဗျ။ အဲဒါတွေ စိတ်မဝင်စားပါဘူး"

သူက စကားစဖြတ်ကာ ထွက်လာခဲ့သော်လည်း ဖေဖေကတော့ နဂိုတည်းက အကြည်ဓာတ်ရှိနေသူပီပီ သူ့ကို သဘောတကျဖြင့် ရယ်နေလေတော့သည်။





## ၁

ဆိုင်ထဲကိုဝင်လာသည့် လေညင်းလေးသည် တော်တော်လေး မိုက်တာကြောင့် သူက စကားပြောနေရင်းကမှ အဲဒီကို မျက်လုံးရောက်သွားလျှင် ရင်ခုန်သွားရပါသည်။ ဟ ... ဆော်က လွင့်လှချည်လား။ ဇွပ်ကျယ်မီးခိုးပေါ်ကနေ ဂျင်းမှိုတက်အပြတ် ငေ့စကုတ်ထပ်ခံ၍ ဝတ်ထားကာ ပေါင်နှားဒူးဆစ်နားနေရာတွေမှာ ကုတ်ဖွထားတဲ့ ကြောင်ခြစ်အပြဲဒီဇိုင်း Skinney ဂျင်းအနက်နှင့် All star အပြာက လုံးဝဟပ်နေသည်။ oversized frame မျက်မှန်က ပါးတစ်ဝက်လောက်အထိ ဖုံးထားတာမို့ ရုပ်ကို သေချာမရှုံးရသေးပေမယ့် ဒီဇိုင်းနဲ့တင် သေသွားနိုင်ပါသည်။

မဒီလေးသည် သူတို့ရဲ့ဘေးကနေ ဖြတ်ကျော်သွားကာ သူတို့အနောက်က နှစ်ဝိုင်းကျော်မှာ သွားထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘေးကဖြတ်သွားမှ သူမဟာ စွမ်းအံ့မခန်းမှန်း သိရတော့သည်။ နာမည်ကျော လူကျော ကောင်းကင်ပေါ် ရောက်နေတာပဲ။

နှစ်သက်သည် ဘယ်တော့ဖြစ်ဖြစ် တစ်ကိုယ်တော် တွေ့ရတတ်တဲ့ မဒီပျိုမေကို နှုတ်ဆက်စကား သွားပြောသင့်တယ် ထင်တာကြောင့် သူ့ဘေးက အလန်းစားလေးကို please လုပ်ရသည်။

"ရှင်မင်း ... please ကွာ။ ကိုယ့်အသိမို့လို့ သွားနှုတ်ဆက်လိုက်ချင်လို့"

"Ok ... သွားလေ။ ယူ့မှာ girl friend တွေ အများကြီးဆိုတော့ နားလည်ရမှာပေါ့။ အတိုင်းအတာတစ်ခုလောက်တော့ အချိန်ပေးနိုင်ပါတယ်၊ သွားလေ"

သူက thanks လို့ ခပ်ပြုံးပြုံးဆိုကာ ထထွက်လာခဲ့ပြီး စွမ်းအံ့မခန်းရဲ့ table ဆီသို့ လျှောက်လာကာ သူမရဲ့မျက်နှာချင်းဆိုင် ဆိုဖာမှာ ဝင်ထိုင်ရင်း တစ်ပြိုင်တည်း နှုတ်ဆက်လိုက်လေသည်။

"ဟယ်လို ... စွမ်းအံ့မခန်း၊ တစ်ယောက်တည်း လာတာလား"

သူ့ကိုမြင်လိုက်ရလျှင် သူမမှာ တော်တော်အံ့အားသင့်သွားပုံ ရပါသည်။ နဖူးပေါ်ပင့်တင်ထားတဲ့ မျက်မှန်ကိုဆွဲ





ချွတ်၍ စားပွဲပေါ် ပစ်တင်လိုက်ကာ ခတ်ဆတ်ဆတ်လေသံဖြင့် သူ့ကို မေးလေသည်။

"ရှင် ဘာလာလုပ်တာလဲ"

"ဩော် ... စွမ်းအံ့မခန်းရယ်။ မင်းကလည်း ဒါ public cafe ပဲလေ။ ဘယ်သူမဆို လာခွင့်ရှိတာပဲဟာ။ ကိုယ်က အစောကတည်းက ရောက်နေတာ။ မင်းကိုတွေ့လိုက်လို့ လာနှုတ်ဆက်တာ။ ဟိုဝိုင်းမှာ ထိုင်တာလေ"

သူ့စကားကြောင့် သူမက နောက်ကို လည်ပြန်လှည့်ကြည့်လေသည်။

ပြီးတော့ သူ့ကို မဲ့တဲ့တဲ့ တစ်ချက်ကြည့်ကာ ...

"မလိုပါဘူး။ နှုတ်ဆက်ရအောင် ရှင်နဲ့ကျွန်မက ဘာမှမဆိုင်ဘူး"

"အို ... အိုး ... ဘယ်လိုမဆိုင်ဘူးလဲ။ ဆိုင်တာပေါ့ကွ။ မင်းနဲ့ကိုယ်က အမျိုးအရင်းကြီးတွေဟာကိုး"

နဂိုတည်းကမှ သေးသေးတင်တောင် အတင်မခံနိုင်တဲ့ အံ့မခန်းလောက်အောင် စွမ်းတယ်ဆိုတဲ့သော အမျိုးသမီးသည် ဒေါသတွေထွက်၍ ရူးရူးရဲရဲကြီး စိုက်ကြည့်ကာ ...

"ဘာအမျိုးလဲ။ ရှင့်အဖေနဲ့ တော်တော် လက်မထပ်ရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရာဆွေမျိုး၊ မြို့ရာဟင်းကောင်းတဲ့။ မင်းနဲ့ ကိုယ်ခင်နေတာပဲ အဖေတို့ လက်မထပ်သေးလည်း အမျိုးတော်လို့ ရပါတယ်။ ဟဲ ... ဟဲ ... ဒါနဲ့ တစ်ယောက်တည်းဘာတွေလာစားတာလဲ"

"တောက် ... ဘယ်လိုမှန်းကို မသိဘူး။ ဟဲ့ ... နင်ထွက်သွားနော်။ စကားကြောထပ်ရှည်နေရင် ငါ့အဆိုးမဆိုနဲ့။ သွား"

အကြီးကြီး တင်းနေတဲ့ သူမရဲ့မျက်နှာဟာ မာကြောခက်ထန်နေတာကြောင့် သူက ပြေစေအေးစေသဘော ပြုံးပြ၍ ...

"ဘယ်လိုဖြစ်ရတာလဲကွာ။ မင်းနဲ့ ကိုယ်က ဒီလောက်ကြီး ပြောဆိုဆက်ဆံဖို့ မလိုပါဘူး"

"နှစ်သက်အေးချမ်း ... ဒီ့ထက်မက အခြေအနေတွေဆိုး မလာခင် အမြန်ဆုံးလိမ့်တာ ကောင်းလိမ့်မယ်"

အဲဒီအချိန်မှာပဲ ဝိတ်တာက စားစရာလာချပေးတာမို့ နှစ်သက်သည် စကားနိုင်လုမပြောတော့ဘဲ ထွက်လာဖို့ ဟန်ပြင်လိုက်တော့သည်။

"ကဲ ... ကဲ ... အေးဆေးသုံးဆောင်ပါ စွမ်းအံ့မခန်း။ နောက်မှ ဆုံတာပေါ့"





သူမက မော်ချီနေသော မျက်နှာပေးဖြင့် သူ့ကို အဖက်တောင် ပြန်မလုပ်ပါ။ သူကလည်း သူမရဲ့အချိုးအချိတ်ကို သိနေသူပီပီ ပခုံးတစ်ချက်တွန့်၍ ကိုယ့်ဝိုင်းဆီ ပြန်လာခဲ့တော့သည်။ သူ ထိုင်လိုက်တာနဲ့ မေးခွန်းက အဆင်သင့်ရှိလာပေသည်။

"အမိုက်စားပဲနော်။ ယူနဲ့ ပတ်သက်လား"

"အင်း ... ဘယ်လိုပြောရမလဲ။ အမျိုးတွေပဲ ဆိုပါတော့။ ကဲ ... ကဲ ... လေးနာရီကျော်ပြီဆိုတော့ ကိုယ်တို့ Ice wonder land သွားကြရအောင်"

စကားစလွှဲကာ ရှင်မင်းကို သူက ခေါ်ထုတ်လာခဲ့လိုက်သည်။ အင်း ... စွမ်းအံ့မခန်းဆိုတဲ့ မိန်းကလေးဟာ တကယ့်ကို အံမာဒီဇိုင်းဖြစ်၏။

သူမကို အနီးစပ်ဆုံး ဘာသာပြန်ရမယ်ဆိုရင် သူတို့ အခုသွားမယ့် Ice wonder land ထဲက ရေခဲရုပ်ထုလိုမျိုး တော်တော်လေး အေးစက်မာကြောသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ တကယ်ပါပဲ။ မပြောမဆိုနဲ့"

အံ့ခန်းက စိတ်ပျက်စွာဖြင့် ညည်းညူလိုက်လျှင် ရင်ထဲမှာလည်း တကယ်ကို မောလျလို့သွားပါသည်။ ဒုက္ခပါပဲ၊ မိန်းမတွေဟာ ဘာလို့ အချစ်ကို ဒီလောက်တောင် ရှေ့တန်းတင်နေကြသလဲ မသိပါဘူး။

"ဆောရီးပါ မမရယ်။ ခန်း တကယ်တောင်းပန်တယ်။ ဒီကိစ္စကို မမကိုပြောရင် မမက သဘောမတူမှာစိုးတာနဲ့"

"သြော် ... အဲဒါနဲ့ပဲ အဖြေပေးပြီး ရည်းစားဖြစ်ကြမှ ငါ့ကို လာပြောတယ်ပေါ့။ အမယ်လေးဟယ် ... ကလေးကင်ပွန်းတပ်မှပဲ လာပြောပါတော့လား"

အမြင်ကတ်တာရော ဒေါသထွက်တာပါပေါင်းပြီး အငေါ်တူးလိုက်လေလျှင် မခန်းက သဘောတော်တော်ကျစွာဖြင့် စကားပြန်မပြောနိုင်သေးဘဲ တဟားဟား ရယ်မောနေသေးသည်။





"ဟဲ့ ... တိတ်စမ်း။ နင့်ကို ငါက ပျော်တော်ဆက်နေတယ်များ မှတ်နေသလား။ ဒါနဲ့ နေပါဦး။ နင်နဲ့ အဲဒီကောင်က ဘယ်လို ဘယ်လို ပတ်သက်သွားကြတာတုံး"

"အင် ... မမကလည်း။ ဒီမှာက မြန်မာရှားတယ်လေ။ သူကလည်း ခန်းတို့ batch ထဲကပဲ။ သူနဲ့ ခန်းပဲ မြန်မာရှိတာဆိုတော့ အမ်း ... ဘယ်လိုပြောမလဲ၊ ခင်ရာဆွေမျိုးပေါ့ မမရယ်။ ခင်မင်သွားရာကနေ အချိန်တွေကြာလာတော့ ချစ်ကြသည် ရိုးရိုးလေးပါပဲ"

ဟင်း ... လာပြန်ပြီ ခင်ရာဆွေမျိုး။ အံ့ခန်းသည် အဲဒီစကားကြီးကို ကြားရလျှင် ဟိုသကောင့်သားမျက်နှာ ပြေးမြင်ကာ ဒေါသပိုတိုးရလေသည်။ တွေးကြည့်ရင်း အံ့ခန်းမှာ အရမ်းကို စိတ်ညစ်ရပါသည်။ ဘေးနားမှာ တစ်သက်လုံး အရိပ်တကြည့်ကြည့်နေပြီး ကိုယ့်ကိုပဲ ဂရုစိုက်တတ်တဲ့ တော်တော်ကလည်း အချစ်နောက် ကောက်ကောက်ပါအောင် လိုက်တော့မည်။ တစ်ယောက်တည်းပဲရှိတဲ့ ချစ်ညီမကလည်း အချစ်ကိုခေါင်းပေါ်တင်ပြီး ကြွေးကြော်ချင်နေတာ နန့်နန့်ထိုး။ ဒီအချစ်ဆိုတာကြီးဟာ ဘယ်အရပ်ဒေသရောက်ရောက်၊ ဘယ်ကမ္ဘာရောက်ရောက် ရှိနေရတာမှန်းကို မသိဘူး။ ဝတ္ထုဖတ်လည်း အချစ်၊ ရုပ်ရှင်ကြည့်လည်း အချစ်၊ သီချင်းနားထောင်ပြန်လည်း အချစ်နဲ့ တော်တော်စိတ်ပျက်ဖို့ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကိစ္စကို ဖေနဲ့ မေ သိပြီလား"

"အင်း ... ရိပ်တော့ရိပ်မိကြပါတယ်။ သူ့ကို ဖေနဲ့မေနဲ့ ဆီ မိတ်ဆက်ပေးပြီးသွားပြီ။ သူ့မိဘတွေနဲ့လည်း Vzo ပြောပြီးသွားပြီ"

"သြော် ... အခုကတည်းက ခခယယ မ,ထားရပြီပေါ့"

"ဟုတ်ပါဘူး မမရယ်။ မခန်းတို့ကို ဖေဖေနဲ့ မေမေက လည်း သဘောတူနေတာပဲဆိုတော့ လက်ထပ်ဖို့ ဆုံးဖြတ် လိုက်တာပါ။ သူ့မိဘတွေကတော့ သဘောတူတယ်။ ဖေနဲ့ မေကိုတော့ ဒီနေ့ညနေမှ ခွင့်တောင်းရမှာ မမ။ မမ ကော သဘောတူတယ်မှုလားဟင်။ တော်တော်ကတော့ သဘောတူတယ်တဲ့"

"သြော် ... နင်က တော်တော့်ကိုလည်း ပြောပြီးပြီ။ ဖေနဲ့ မေဆီကလည်း ခွင့်ပြုမိန့်ပဲ လိုတော့တာဆိုတော့ ငါ့လာ မေးမနေနဲ့တော့၊ အားလုံး နင့်သဘောဖြစ်နေတဲ့ဟာ။ ကဲ ... ငါက သဘောမတူဘူး ပြောပါပြီရဲ့။ နင်က အဲဒီကောင်ကို ဖြတ်မှာလား"

အံ့ခန်းက စိတ်အချဉ်ပေါက်ပေါက်ဖြင့် မေးလိုက် လျှင် မခန်းက အဲခနဲ ဖြစ်သွားပြီး အချိုသပ်ဟန်ဖြင့် ...





"ချစ်မကြီးကလည်း ... ချစ်မကြီးက အချစ်ဆိုတာကိုခံမှ မခံစားဖူးတာ။ ခံစားတတ်တဲ့တစ်နေ့ကျရင် နားလည်သွား မှာပါ။ အဟဲ ... ဟဲ ... ခန်းတို့ကို သဘောတူပေးပါ မမ ရာ ...

အချစ်ဆိုတာ အေးမြတဲ့ လ,ရောင်လိုပဲတဲ့၊ ချစ်နေ တဲ့သူနှစ်ဦးကို မြင်နေရတာကိုက လမင်းကြီးကို ကြည့်ရ သလို အေးမြတယ်။ မမလည်း မကြာခင် အေးမြတဲ့ လရောင်ကို ခံစားတတ်အောင် သဘောတူပေးပါနော် ... နော်လို့"

"မပြောချင်တော့ဘူးဟော့၊ နင့်သဘော နင့်သဘော။ ကြိုက် တာသာယူပေတော့"

အံ့ခန်းက စိတ်တိုတိုဖြင့် အပြတ်ပြောကာ ဖုန်းပိတ် လိုက်လေတော့သည်။ စိတ်ပျက်ဖို့ ကောင်းလိုက်တာ။ အံ့ခန်းအနား မှာရှိတဲ့သူက အဝေးကိုထွက်ခွာဖို့ကြံတယ်၊ အဝေးကလူက အနီး မလာသေးခင် ချစ်သူရှာတယ်။ ကိုယ်သိပ်ချစ်ရတဲ့ တော်တော်နဲ့ မခန်းကို တားလို့လည်းမရ၊ သဘာဝပဲ အချစ်ဒီစကားလုံးတွေပဲ ကြားနေရမှာမို့ ခေါင်းထဲလည်း ထည့်ကိုမထားချင်တော့ပါ။

စိတ်တွေက မွန်းကျပ်လာတာမို့ အံ့ခန်းက အပြင် ထွက်ပြီး လေညင်းခံဖို့စဉ်းစားကာ အဝတ်အစားလဲပြီး ကားသော့



www.burmeseclassic.com

www.burmeseclassic.com



ယူ၍ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ ဧည့်ခန်းမှာထိုင်စကား ပြောနေကြတာကြောင့် ဘယ်သူပါလိမ့် ကြည့်လိုက်လျှင် ရောက်နေတဲ့ ဧည့်သည်က ဦးအေးချမ်း ဖြစ်လေသည်။

"ဟော ... သမီး၊ အပြင်သွားမလို့လား။ လာလေ ... ဒီမှာ ကိုအေးချမ်းက ပြင်ဦးလွင် စတော်ဘယ်ရီတွေ လာပို့တာလေ"

တော်တော်က အုံ့ခန်းကို လှမ်းပြောလေစဉ် ဦးအေးချမ်းကလည်း အပြုံးမျက်နှာဖြင့် ...

"ဟုတ်တယ် သမီးရဲ့။ သမီး ကြိုက်တယ်မှလား"

"မကြိုက်ဘူး။ ဩော် ... တော်တော်၊ သမီး သုသုဆီသွားလိုက်ဦးမယ်နော်။ ဦးအေးချမ်းလည်း ပြန်တော့လေ။ မိန်းကလေးနှစ်ယောက်တည်းရှိတဲ့အိမ်ကို အလည်မလာသင့်ဘူး။ အခု ကျွန်မကလည်း အပြင်သွားမှာဆိုတော့ တော်တော့်ကို စိတ်မချဘူး"

"ဟဲ့ ... အုံ့ခန်း"

တော်တော်က လှမ်းဟန့်သော်လည်း ပြောစရာရှိတာကတော့ ပြောရမှာပဲဖြစ်သည်။ ဒါ အုံ့ခန်း မလွန်ဘူးလို့ထင်သည်။ ဆိတ်ကွယ်ရာဆိုတဲ့ အဓိပ္ပာယ်ကို နားလည်ရမည်။ ဒါကြောင့် တမင်ပြောလိုက်တာဖြစ်သည်။





"Ok ... Ok ... ပြန်ပါ့မယ်။ ကျေးဇူးတင်တယ် သမီး။ တော်ဝင့်ကို အခုလို စောင့်ရှောက်တာ ကျေးဇူးပဲ။ ဦးကလည်း သမီးရဲ့ဒေါ်လေးကို ဟန်ဖိုးထားလေးစားတဲ့သူပါ။ သမီးမပြောလည်း ဦးက ပြန်ရမယ့်ဝတ္တရား ရှိပါတယ်။ တော်ဝင် ကိုယ်သွားတော့မယ်"

"အားနာလိုက်တာ ကိုအေးချမ်းရယ်"

"ဩော် ... ဘာအားနာရမှာလဲ။ အုံ့မခန်းက ဖြစ်သင့်တာကိုပြောတာပဲဟာကိုး။ ကဲ ... ကဲ ... သမီးလည်း နောက်ကျနေဦးမယ်။ သွားပြီနော်"

ဦးအေးချမ်းကို တော်တော်က လိုက်ပို့ပေးပြီးနောက်မှာ အုံ့ခန်းဆီသို့ ပြန်လျှောက်လာပြီး ...

"ဘယ်လိုပြောလိုက်တာလဲ အုံ့ခန်းရယ်။ အားနာစရာကောင်းလိုက်တာ။ နင့်စကားက ဘယ်အတိုင်းအတာထိ ရောက်သွားပြီလဲ။ တစ်ဖက်ကလူ ဘယ်လိုခံစားရမလဲ"

"အမှန်ပြောတာလေ။ အခု အုံ့ခန်းက အပြင်သွားမှာ။ အဲဒါကို တော်တော်နဲ့ အဲဒီလူကြီးကို ဒီအိမ်မှာ နှစ်ယောက်တည်း ထားခဲ့ပေးရမှာလား"

"တိတ်စမ်း ... အုံ့မခန်း။ နင့်စကားတွေက တော်တော့်ကို တအားစော်ကားလွန်းတယ်။ နင့်ပါးစပ်ပိတ်တော့။ သွားစရာရှိတာသွားတော့။ ကြာရင် ငါ စိတ်ဆိုးမိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တော်တော့်စကားကြောင့် အံ့ခန်း ရင်ထဲမှာ အောင့်ခနဲတောင် ဖြစ်သွားရလေသည်။ ဘုရားရေ ... အံ့ခန်းနဲ့ပတ်သက်ရင် မျက်နှာတောင် မမဲ့ဖူးတဲ့ တော်တော်က ငါ စိတ်ဆိုးမိလိမ့်မယ် ဆိုပါလား။ အံ့ခန်း ပြောမိတာ ဘာမှားသွားလို့လဲ။ ဒါပေမဲ့ ထပ်အတွန့်တက်ရင် အံ့ခန်းပဲ ခံစားရမှာဖြစ်တာကြောင့် တော်တော့်ရှေ့က ထွက်လာခဲ့လိုက်တော့သည်။

မှန်းတယ် ... အဲဒီအချစ်ကြောင့် အံ့ခန်း အခုလို ဘေးရောက်သွားရတဲ့ အဖြစ်ကြီးကို သိပ်မုန်းတယ်။





## ၆

သုသုတို့ ဖုန်းကိုခေါ်လိုက်ပြီဆို တကယ့်ကို စိတ်မရှည်ချင်စရာဖြစ်သည်။ ဖုန်းက မအားရတာနဲ့၊ ဧရိယာပြင်ပဖြစ်ရတာနဲ့၊ ဖုန်းမကိုင်တာနဲ့၊ စက်ပိတ်ထားတာနဲ့၊ တကယ့်ကိုစိတ်ပျက်ချင်စရာဖြစ်သည်။ သုသုကိုချိတ်ဖို့ဆိုတာ အင်ဂျလီနာဂျိုလီနဲ့ ညစာစားဖို့ ချိန်းရမှာထက်ခက်သည်။ အခုလည်း ရများရလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဖုန်းခေါ်ကြည့်လျှင် "စက်ပိတ်ထားပါသည်ရှင်"တဲ့။ သူ့ စက်ပိတ်တော့လည်း ကိုယ့်ဟာကိုယ် စက်ဖွင့်ပြီး လိမ့်ရုံပေါ့။

အံ့ခန်းသည် ကားဦးတည့်ရာ ရန်ကုန်မြို့အနှံ့လျှောက်မောင်းလာရင်းကမှ ဗိုက်ထဲဆာသလိုရှိတာကြောင့် တွေ့တဲ့ဆိုင်တစ်ဆိုင်ဆီသို့ ဝင်ချလာကာ ကားပါကင်ထိုးပြီးနောက် ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကဆင်း၍ ဆိုင်ထဲဝင်လာခဲ့သည်။ မဆိုးဘူးပဲ၊ ဆိုင်လေးကဝင် လိုက်တာနှင့်ကို တော်တော်အေးချမ်းလေသည်။ သိပ်ပြီး ဟီးထနေအောင် မခမ်းနားပေမယ့် နေရာ decoration က မိုက်သည်။ အုံ့ခန်းက ထောင့်ကျကျစားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်လေသည်။ waiter က menu လာချပေးလျှင် အုံ့ခန်းက menu လှန်ကြည့်ကာ မှာလိုက်၏။

"ကြာဆံကြော် ဝက်နဲ့တစ်ပွဲ၊ mini ပွဲနော်။ အမ်း ... ပြီးတော့ ပြည်ကြီးငါးချဥ်စပ်ပေး၊ ရေသန့်တစ်ဘူး အရင်ချပေးပါလား။ ထပ်မှာဦးမှာ"

waiter လေးက ရေသန့်သွားယူနေစဉ် အုံ့ခန်းက ဘာထပ်မှာရမလဲ menu လှန်ကြည့်နေစဉ် special item ဆိုသောခေါင်းစဉ်ကို သွားတွေ့လေသည်။ ထန်းရည်စစ်စစ်ရသည်ဆိုပါလား။ အင်း ... တစ်ခါမှ မသောက်ဖူးဘူးဆိုတော့ သောက်ရမယ်။ waiter ကောင်လေးက ရေတစ်ဘူးနဲ့ ဖန်ခွက်လာချပေးလျှင် အုံ့ခန်းက ...

"ခုနက ကြာဆံကြော်ရယ်၊ ပြည်ကြီးငါးချဥ်စပ်ရယ်၊ ပြီးတော့ ကြက်ကင်ရယ် အဲဒါပဲ။ အင်း ... နောက် ထန်းရည်ချပေး"

"ခင်ဗျာ"





ကောင်လေးက သူမကို ခင်ဗျာဟု အာမေဍိတ်ပြုပြီးနောက် ...

"အစ်မ ... ထန်းရည်(ထရေ)က အခါးပဲရမှာနော်"

အရစ်တက်နေသော ကောင်လေးကို အုံ့ခန်းက နဂိုကမှ စိတ်တိုနေတာနဲ့ပေါင်းပြီး ဟောက်ပစ်လိုက်သည်။

"ဩော် ... ဒုက္ခပါပဲ။ ငါမှာတဲ့အတိုင်းသာလုပ်ပေး။ စကားမရှည်နဲ့"

"ဟုတ်ကဲ့ အစ်မ"

ကောင်လေးက စာရွက်မှာ ရေးမှတ်ကာ ထွက်သွားလေသည်။ ခဏနေတော့ ဝါးပဆစ်လို ခပ်ရှည်ရှည် အိုးကရားလေးနှင့် ခွက်တစ်ခွက် လာချပေးလေသည်။ အင်း ... တစ်ခါမှမသောက်ဖူးဘူး။ ထရေဆိုတာ ဘာအရသာမျိုးပါလိမ့်။ အုံ့ခန်းက ဝါးအိုးထဲက ထန်းရေကို ခွက်ထဲအနည်းငယ်ထည့်လိုက်သည်။ ပြီးတော့ သောက်ကြည့်လိုက်၏။ အင်း ... ခါးသလိုလို ချဥ်သလိုလိုနဲ့၊ သွားမယ် စားမယ် အစီအစဉ်တင်ဆက်သူလိုမျိုးတော့ အရသာကို ရေလည်အောင် မရှင်းပြတတ်။ သို့ပေမဲ့ ပါးစပ်ထဲ တစ်ငုံဝင်သွားပြီးသောအခါ နောက်တစ်ငုံကို လျှာကတောင်းဆိုလာတာကြောင့် နောက်တစ်ငုံ ထပ်သောက်လိုက်သည်။ Spy ဝိုင်ထက် သောက်လို့ပိုကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ခန်း မှာထားတဲ့ အစားအသောက်တွေ ရောက်လာသောအခါ အံ့ခန်းက ဗိုက်ဆာလို့စားမယ်ဆိုတဲ့ ကြာဆံကြော်ကို လက်ဖျားနဲ့တောင် မထိသေးဘဲ ကြက်ကင်ကို တစ်ဖဲ့ဖဲ့ လျှာပေါ်တင်ကြည့်လိုက်သည်။ ဝါး ... စိတ်ညစ်နေတာတွေတောင် ဘယ်နားရောက်သွားတယ် မသိချေ။ အရသာက ပျားရည်ဆမ်းထားသလို ချိုမြနေကာ အရမ်းကိုစိမ့်ပြီး ကောင်းပါသည်။ အံ့ခန်းက ကြက်ကင်လေးတစ်ဖဲ့စားလိုက်၊ ထန်းရည်လေး တစ်ငုံငုံလိုက်ဖြင့် အဲဒီ ချိုရီခါးအရသာကို မက်မောကာ သောက်လေ သောက်လေ ငတ်မပြေနိုင်သော ပင်လယ်ရေ သောက်နေရသလို ထန်းရည်ကို အရသာရှိစွာ သောက်နေမိသည်။ တကယ်စားကောင်းလျှင် ခဏလေးနဲ့ ကုန်တယ်ဆိုတာ တယ်မှန်ပါ့။

နောက် ထန်းရည်တစ်အိုး ထပ်မှာကာ ဆတ်သားခြောက်တစ်ပွဲပါ ထပ်မှာလိုက်လေသည်။ ထန်းရည်နှင့် အမြည်းတွဲစားနေရတဲ့အချိန်တွေမှာ အံ့ခန်းဟာ အရာရာကိုမေ့နေတဲ့ ဖီလင်က မိုက်သည်။ နည်းနည်းလေး ရီတီတီဖြစ်နေတဲ့ ဖီလင်မှာ Natural World က ပန်းကန်ပြာပျံ စီးနေရသလိုပင်။

"ဟေ့ ... ထန်းရည် ထပ်ချပေးဦး"

"အစ်မ ... မူးနေမယ်နော်။ အစ်မ သောက်တာများနေပြီ"





"ဟဲ့ ... နင့်မန်နေဂျာကို သွားခေါ်ခိုင်းရမလား။ ငါ့ကို ထန်းရည်ချပေးမှာလား"

လာပြီးအရစ်ရှည်နေသော waiter ကောင်လေးကို အံ့ခန်းက ရစ်ပေးလိုက်လျှင် ခေါင်းငုံ့ပါးစပ်ပိတ်ကာ ထန်းရည်နောက်တစ်အိုး ထပ်ချပေးလေသည်။ အံ့ခန်းက သဘောကျစွာဖြင့်ပြုံးကာ တစ်ခွက်ငှဲ့၍ မော့သောက်လိုက်သည်။ ခါးသက်သက်လေး အရသာဟာ အံ့ခန်းရင်ထဲက အခါးကိုတော့ မီနိုင်မှာမဟုတ်ပါ။ စိတ်တွေညစ်နေတာကို အကြောင်းပြု၍ အံ့ခန်းဟာ အမြည်းလေးစားလိုက်။ ထန်းရည်သောက်လိုက်နှင့် သုံးမြူလောက် ကုန်သွားချိန်မှာတော့ လူက လည်ထွက်နေကာ တော်တော်လေးမှန်နေပြီဖြစ်သည်။

အား ... မူးလိုက်တာ။

"ဟေ့ ... စွမ်းအံ့မခန်း၊ မင်း ဒီမှာ ဘာလုပ်နေတာလဲ"

ကြားလိုက်ရတဲ့ အသံကြောင့် စိုက်ချင်နေသည့်ခေါင်းတွေက ပြန်လည်ထောင်မတ်လာကာ မော့ကြည့်လိုက်လျှင် မသဲမကွဲ မျက်လုံးတွေကနေ ဟိုလူ နှစ်သက်အေးချမ်းကို သွားတွေ့လိုက်လေသည်။ သူက ဒီကို ဘာလာလုပ်တာလဲ။ အံ့ခန်းက သူ့ကို လက်ညှိုးတထိုးထိုးဖြင့် ဘောက်ဆတ်ဆတ်လေသံဖမ်းပြောလိုက်ပေမယ့် အံ့ခန်းရဲ့အသံ tone က ထွေနေပါသည်။

"ရှင် ... ဘာလာလုပ်တာလဲ။ သွား ... စမ်း ... ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဒုက္ခပဲကွာ။ သောက်ထားတဲ့ ထရေတွေကလည်း သုံးမြူတောင်၊ မင်း သောက်ဖူးလို့လား။ မင်းကြည့်ရတာ တော်တော်မှန်နေပုံပဲ"

အုံ့ခန်းက တောက်တစ်ချက်ခတ်ရင်းက ဆတ်သား ခြောက်တစ်ဖတ် ကောက်ဝါးရင်း ခွက်ထဲက ကျန်နေသေးတဲ့ ထန်းရည်ကို ကောက်မော့ပြီး ဒေါကန်ကန်ဖြင့် သူ့ကို ထအော်ပစ်လိုက်သည်။

"ဟား ... ဘာတွေလာပြောနေတာလဲ။ နားငြီးလိုက်တာ။ ဟဲ့ ... ဒီ ... မှာ ... နှစ်သက်အေးချမ်း ... နင်တို့သားအဖ က ... တကယ့် အ ... ရှုပ် ... ထုပ်။ နှင့် အဖေကြောင့် ငါ တော်တော်က ငါ့ကိုစိမ်းကားနေပြီ။ နင်တို့က တကယ့် ကို ကောင်းကျိုးမပေးတဲ့ဟာတွေ"

ပြောရင်းက အုံ့ခန်း ရင်ထဲမှ နာကြည်းစိတ်တွေက ပိုတိုးလာတာကြောင့် သူ့ကို ခါးသီးစွာ ပြောမိသည်။ အုံ့ခန်းကို ခပ်တွေတွေ ငေးကြည့်နေတဲ့ မျက်လုံးတွေက အရမ်းမုန်းစရာ ကောင်းလေသည်။

"သွား ... ထွက် ... သွား ... စမ်း"

သူ့ကို မောင်းထုတ်လိုက်ပြီးနောက် အုံ့ခန်းက အိုးထဲက ထန်းရည်ကို ငှဲ့ထည့်လေလျှင် သူက အုံ့ခန်းလက်ထဲက ထန်းရည်အိုးကို ဆတ်ခနဲ ကောက်ဆွဲလိုက်ပြီး ...





"တော်တော့ အုံ့မခန်း။ မင်း အရမ်းမူးနေပြီ။ အိမ်ပြန်မှ ဖြစ်မယ်"

"သွား ... စမ်း ... ပါ။ မလိုဘူး"

"ကျစ် ... ဒီဆော်ကတော့ကွာ"

အုံ့မခန်းရဲ့လက်မောင်းရင်းကို ပိုင်နိုင်စွာကိုင်မ,ဆွဲထူ၍ အတင်းကို ခေါ်ထုတ်လာလေသည်။ သူ့ကို ပုတ်ထုတ်ရန်သော်လည်း လူက ချာချာလည်နေတာကြောင့် တရွတ်တိုက်ပါလာလေသည်။ မျက်လုံးတွေက ရီဝေဝေဖြစ်နေတာကြောင့် သိပ်ပြီး သဲသဲကွဲကွဲ မရှိချေ။ အုံ့ခန်းကို ကားပေါ်တင်လိုက်တာ၊ စက်နှိုးပြီးမောင်းထွက်လာတာတွေကို မှတ်မိလေ၏။ ကားမှန်ချထားတာကြောင့် သဘာဝပတ်ဝန်းကျင်က လေတွေက ပါးနှစ်ဖက်ကို လာရောက်ထိစပ်လာတာဟာ မူးနေတဲ့အရှိန်ကို ပိုမြင့်ပေးလိုက်သလိုမျိုးကြီးဖြစ်ကာ လူက ရီဝေဝေ စပ်ဖျဉ်းဖျဉ်းဖြင့် နေရထိုင်ရတာ လေးလံလာတာကြောင့် မျက်ဝန်းတွေကို မှိတ်ထားလိုက်လေသည်။

မုန်းနေတဲ့စိတ်တွေဟာ အိပ်မက်ထဲထိတောင် ကပ်ငြိတွယ်လာကာ ဆူးတွေလို အဆိပ်တက်စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို တဖြည်းဖြည်းချင်း ဖွင့်လိုက်ပေမယ့် ဆယ်ပေါင်တူကြီးက ခေါင်းတစ်ခုလုံးကို ဖိချထားသလို လေးလံ ကိုက်ခဲနေတာကြောင့် မျက်လုံးခဏပြန်မှိတ်ထားရသည်။ ခဏလေး မှိန်းနေပြီးမှ မျက်လုံးအသာပြန်ဖွင့်လိုက်သည်။ ထန်းရည်တွေ အရမ်းမူးပြီး အိပ်ပျော်သွားတာပဲ။ ဟင် ... အခု ... အခုက ခုတင်ပေါ်မှာ လဲလျောင်းနေတာ။ ဒါ ... ငါ ဘယ်နေရာလဲ။

အံ့ခန်းက လန့်ဖျပ်သွားကာ ဝေါက်ခနဲထထိုင်လိုက်လျှင် ခေါင်းထဲက ရူးခနဲထိုးတက်လာတဲ့ ကိုက်ခဲမှုကြီးကြောင့် ခေါင်းကိုလက်နှင့် အသာဖိထားရသည်။ အခုချိန်မှာ ခေါင်းကိုက်နေတာထက် ဘယ်ရောက်နေတာလဲဆိုတာ အရင်သိအောင်လုပ်ရမည်။ ဒီနေရာက ဘယ်နေရာလဲ။ ဒါ အံ့ခန်းနဲ့ လုံးဝမရင်းနှီးသည့် နေရာသစ်ဖြစ်သည်။

"ဩော် ... မင်း နိုးလာပြီလား"





အခန်းတံခါးကို ဖွင့်ဝင်လာရင်း မေးလိုက်တဲ့အမေး စကားကြောင့် အံ့ခန်းက အလန့်တကြား ကြည့်လိုက်လျှင် သူဟာ နှစ်သက်အေးချမ်းဖြစ်လို့နေသည်။ ဟား ... ဘုရားရေ။ ဘာတွေဖြစ်ကုန်တာလဲ။ အံ့ခန်း မူးနေချိန်တုန်းက သူ အံ့ခန်းအနား ရောက်လာခဲ့တာပဲ။ ဘုရား ... ဘုရား၊ အခန်းတံခါးကိုလည်း ဖွင့်ဝင်လာတယ်။ ပြီးတော့ သူ့ပုံစံက ...

သူ့ပုံစံက ဘာကြီးလဲ။ လက်ပြတ်စွပ်ကျယ်အဖြူနဲ့ ဂျင်းဘောင်းဘီကို ဝတ်ထားတာဖြစ်သည်။ နေပါဦး ... ဆိုင်မှာတုန်းက သူက ရှပ်အင်္ကျီနဲ့မှလား။ အခု ဘာလို့ စွပ်ကျယ်ဖြစ်နေရတာလဲ။ ပြီးတော့ ဒီအခန်းထဲမှာ သူနဲ့ အံ့ခန်း နှစ်ယောက်တည်း။ အံ့ခန်းသည် အခြေအနေတစ်ခုကို သွေးရူးသွေးတန်းဖြင့် ကြောက်နေမိသည်။

"ရှင် ... ရှင်။ ဒါ ဘယ်နေရာ ရောက်နေတာလဲ"

သူက အံ့ခန်းကို တစ်ချက်စူးစိုက်ကြည့်ကာ ...

"တည်းခိုခန်းကို ရောက်နေတာ အံ့မခန်း"

ဟာ ... အံ့ခန်းသည် ဘာပြန်ပြောရတော့မယ်မှန်းလည်း မသိတော့။ လည်ချောင်းဝကို မီးစနဲ့ထိုးနေသလို ခံစားမှုကြီးဖြင့် တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်လာစဉ်တွင် သူက အနားတိုးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စားသောက်ဆိုင်မှာ ထရေတွေသောက်ပြီး တအားမူးနေလို့ ကိုယ်ခေါ်လာတာ။ အစက မင်းအိမ်ကို အရောက်ပြန်ပို့ပေးမလို့ပါ။ ဒါပေမဲ့ ကိုယ့်ကားက ပျက်သွားတယ်။ မင်းရဲ့ကားကို ဆိုင်မှာထားခဲ့လိုက်တော့ သွားပြန်ယူမလို့ကို မင်းက လူမှန်းသူမှန်းမသိ မူးနေတော့ မင်းကို ကားပေါ်မှာ ထားခဲ့ဖို့က မဖြစ်နိုင်ဘူးလေ၊ အဲဒါကြောင့် ဒီကိုခေါ်လာတာ။ အခု မင်းရဲ့ကားကိုလည်း သွားပြန်ယူပြီးသွားပြီ"

"ကျွန်မ ပြန်မယ်။ ပေး ... သော့"

အံ့ခန်းက ကားသော့တောင်းလေလျှင် သူက သော့မပေးသေးဘဲ အံ့ခန်းကို ခပ်စိုက်စိုက်ကြည့်ကာ ...

"ကိုယ် ပြန်ပို့ပေးပါမယ်။ အခု ညကိုးနာရီခွဲနေပြီ အံ့ခန်း။ မင်းကို အားလုံးစိတ်ပူပြီး လိုက်ရှာနေကြတယ်။ မင်းဖုန်းမှာ missed call တွေ မနည်းဘူး"

ဘုရား ...။ ဟာ ... အံ့ခန်း ဒီလောက်တောင်မိုက်မဲမိတာလား။ တော်တော် အံ့ခန်းကို အရမ်းစိတ်ပူနေလောက်ပြီ။ အံ့ခန်း ပြန်မှဖြစ်မယ်။ အံ့ခန်းက ခုတင်ပေါ်ကဆင်းကာ ပြန်ဖို့ပြင်လျှင် သူက အံ့ခန်းရဲ့လက်တစ်ဖက်ကို လှမ်းကိုင်၍ စူးစူးရဲရဲကြည့်ကာ ...

"အံ့မခန်း ... ကိုယ် မင်းကို လက်ထပ်ပါရစေ"





ဟင် ...။ အံ့ခန်းတို့ ဘာတွေဖြစ်ခဲ့လို့လဲ။ သူက ဘာကိစ္စ လက်ထပ်ပါရစေ ပြောရတာလဲ။ အံ့ခန်းသည် ဘာတစ်ခုမှ စဉ်းစားလို့မရတဲ့အတိတ်ကို တွေးမိကာ သွေးပျက်လာ၍ အသံတွေက သိသိသာသာ တုန်ယင်လို့လာလေသည်။

"ကျွန်မတို့ ဘာမှ ... ဘာ ... မှ ... မဖြစ်ခဲ့ဘူးလေ"

"မင်း ကိုယ့်ကို လက်ထပ်မယ်လို့ ကတိပေးရင် ကိုယ့်ဘက်က အမှန်အတိုင်း ဝန်ခံမယ်"

"နင် ရူးနေလား နှစ်သက်အေးချမ်း။ နင်ပဲ ငါ့ကားကိုသွားပြန်ယူမှာမလို့ ငါ့ကို ဒီမှာထားခဲ့တာဆို။ နင် မယုတ်မာနဲ့"

"အဟင်း ... လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ ငါ့ ကားသွားယူတာ၊ အဲဒီမတိုင်ခင် ကာလတွေတုန်းက မင်းနဲ့ ကိုယ်နဲ့ နှစ်ယောက်အတူ ရှိခဲ့တာပဲ"

အံ့ခန်းသည် ယုတ်မာလွန်းလေသော နှစ်သက်အေးချမ်းရဲ့မျက်နှာကို လည်ထွက်သွားအောင် ရိုက်ချပစ်လိုက်ရင်းက မျက်ရည်တွေဟာ အဆီးအတားမရှိ တလိမ့်လိမ့် ကျလာလေသည်။ သူက အံ့ခန်းရဲ့ပခုံးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လှုပ်ယမ်း၍ ...

"မင်းကို ကိုယ် လက်ထပ်ပါရစေ အံ့မခန်း ...



www.burmeseclassic.com

www.burmeseclassic.com



မင်း ကိုယ့်ကို လက်ထပ်မယ်ဆိုရင် ကိုယ် အမှန် အတိုင်း ပြောပြမယ်။ ဘယ်လိုလဲ။ မင်းကိုယ်မင်းတောင် မသေချာတဲ့ အမှန်တရားကို ကိုယ်ပြောပြမှ မင်းသိမှာနော်။ ကိုယ် မင်းကို လက်ထပ်ပါရစေ။ ကိုယ့်ကိုလက်ထပ်ပါ"

ဒီလူဟာ သိပ်ကိုရွံမုန်းစရာကောင်းတဲ့လူ။ အုံ့မခန်းရဲ့ အနာဂတ်တွေအားလုံးကို အဆိပ်ကျွေးသတ်ပစ်ခဲ့တဲ့သူ။ သူ့ကို သိပ်မုန်းတယ်။ အုံ့ခန်း ကိုယ်တိုင်တောင် မသေချာတဲ့ ဒီအဖြစ်ကို အုံ့ခန်း ဘယ်လိုရင်ဆိုင်ရမှာလဲ။ ပြီးတော့ ညက မှောင်နေပြီ။ ဒီအချိန်မှာ ပြန်ရောက်လာတဲ့ အုံ့ခန်းကို တော်တော်ကကော ဘယ်လိုထင်မှာလဲ။ လူက မွန်းကျပ်လှောင်ပိတ်လာကာ သေချင် ယောက်အောင် သွေးပျက်ရွံ့နေပါသည်။ ဒီလောက် ယုတ်မာပက် စက်တဲ့ ဒီသူယုတ်ကို အုံ့ခန်း ခါးနေအောင် မုန်းလှပါသည်။ လောကကြီးကို ညစ်တွန်းတွန်းပြီး သင်းကိုအသေသတ်ဖို့ အုံ့ခန်း စိတ်တွေ ကြမ်းတမ်းစွာဖြင့် သူ့ကို နာကြည်းစွာ စိုက်ကြည့်ကာ ...

"ကောင်းပြီ ... နှစ်သက်အေးချမ်း။ နင် အမှန်အတိုင်း ဝန်ခံ။ ငါ နင့်ကို လက်ထပ်မယ်"

"Ok ... မင်း ကတိတည်လိမ့်မယ်လို့ ငါ ယုံတယ်"

သူက သက်ပြင်းချလေသည်။ ပြီးတော့ သူက အုံ့ခန်း မသိတဲ့ အမှန်တရားကို ဝန်ခံပါသည်။





"မင်း ထန်းရည်တွေ လူမှန်းသူမှန်းမသိအောင်မူးနေလို့ မင်းကို စိတ်မချတဲ့စိတ်တစ်ခုတည်းနဲ့ ငါ ဒီကိုခေါ်လာခဲ့တာ၊ ဒီရောက်တော့ မင်းအမူးလွန်ပြီး ငါ့အပေါ်အန်ချလို့ မင်းကို ကော ငါ့ကိုယ်ငါကော သန့်ရှင်းရေးလုပ်ရတယ်၊ မင်းအပေါ် ထားတဲ့ ငါ့ရဲ့စိတ်ကို ငါ ယိုပ်ပြာသန့်တယ်၊ ငါတို့ ဘာမှ မဖြစ်ခဲ့အောင်ကို ငါ့ဘက်က စောင့်စည်းခဲ့ပါတယ်၊ အဲဒါ ကိုယ့်ကိုယ်ကိုယ် အမွှန်းတင်နေတာမဟုတ်ပါဘူး၊ မင်းနဲ့ ကိုယ် ဘာမှမဖြစ်ခဲ့ဘူးဆိုတာ မင်းစိတ်ရှင်းအောင် ပြောပြ နေတာ ...

ဒါပေမဲ့ မင်းကို ကိုယ် တကယ်ကို လက်ထပ်ချင် တာပါ အုံ့မခန်း၊ မင်းအတွက် အိမ်ပြန်ချိန်ကလည်း ညဥ့် နက်ပြီလို့ ကိုယ်ထင်တယ်၊ ကိုယ်တို့နှစ်ယောက် အချိန်မီ အိမ်ပြန်မရောက်လို့ လက်ထပ်လိုက်ရတယ်ဆိုတဲ့ စိတ်နဲ့ မင်း ကိုယ့်ကို လက်ထပ်လို့ရပါတယ် ...

ကဲ ... ကိုယ် အမှန်အတိုင်း ပြောပြီးပြီနော်၊ မင်း ကတိတည်ဖို့ပဲလိုတော့တယ်၊ ကိုယ် မင်းကို လက်ထပ်ပါ ရစေ"

သူရဲ့အဖြေစကားကြောင့် အုံ့မခန်းဟာ နောက်လန် ကျတော့မလိုလို ယိမ်းယိုင်သွားပါသည်။ အုံ့မခန်းနဲ့ သူက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ခဲ့ဘူး။ ဒါပေမဲ့ လက်ထပ်ရမယ်။ ဘယ်လိုဘဝကြီးလဲ။ နာရီပိုင်းအတွင်းမှာ ပြောင်းလဲသွားတဲ့ အခြေအနေဟာ အံ့မခန်း အတွက် အရမ်းကြီးကို ရှော့ခ်ဖြစ်စေပါသည်။ အံ့မခန်းကို ပိုင်ဆိုင်ချင်နေတဲ့သူကို အရမ်းနာကြည်းပါသည်။

အခုပဲ ဆယ်နာရီထိုးတော့မယ်။ အံ့ခန်းကို သိပ်စိတ်ပူနေတော့မယ့် တော်တော့်မျက်နှာကို မြင်ယောင်လာကာ ရင်တစ်ခုလုံးသည် မီးလောင်တိုက်သွင်းခံနေရသလို ပူလောင်ပြင်းရှနေပါသည်။

အံ့ခန်းက မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ကာ သူ့ကို သေချာကြည့်၍ ပြောလိုက်တော့သည်။

"ကောင်းပြီ ... နှစ်သက်အေးချမ်း၊ နင့်ကို ငါလက်ထပ်မယ်၊ မနက်ဖြန် တရားရုံးမှာ နင်နဲ့ငါ နှစ်ဦးသဘောတူလက်မှတ်ထိုးမယ်၊ နင် စီစဉ်ထားလိုက်ပါ၊ အဲဒါဆို နင်ကျေနပ်တော့၊ မနက်ဖြန် နင်နဲ့ငါ နှစ်ယောက်တည်းပဲ တရားရုံးသွားမှာနော်၊ ဘယ်သူ့ကိုမှ အသိမပေးနဲ့ ဘယ်သူ့ကိုမှလဲ ခေါ်မလာနဲ့၊ နှစ်ဦးသဘောတူဆိုတဲ့စကားကို နင်နားလည်တယ်နော်"

သူက အံ့ဩသလို မျက်ဝန်းတွေဖြင့် အံ့ခန်းကို သူက ငေးကြည့်ရင်း ခေါင်းညိတ်ပြလေသည်။





"ကောင်းပြီ ... အဲဒါဆို ငါအိမ်ပြန်မယ်၊ တော်တော် သိပ်စိတ်ပူနေလိမ့်မယ်၊ ငါ့ကို ကားသော့ပေးပါ"

"ဘယ်လို ... အံ့ခန်း၊ ကိုယ့်ကို မင်း လက်ထပ်မယ်ဆို"

"အိမ်ပြန်မှာလေ၊ မနက်ဖြန်မှ လက်ထပ်ကြမှာပဲ၊ ကျွန်မတော်တော့်ဆီပြန်မှ ဖြစ်လိမ့်မယ်၊ ကျွန်မဘက်က ကတိတည်တယ်၊ ရှင် အားလုံး Ready လုပ်ပြီးသွားရင် ကျွန်မဆီဖုန်းဆက်လိုက်၊ မနက်ဖြန် တရားရုံးကို ကျွန်မ လာခဲ့မယ်၊ ကားသော့ပေးပါ"

သူက တစ်စုံတစ်ခုကိုတွေးရင်းက သူ့ဘောင်းဘီအိတ်ကပ်ထဲက ကားသော့ကိုနှိုက်ယူကာ အံ့ခန်းရဲ့လက်ထဲသို့ ထည့်ပေးလေသည်။ ပြီးတော့ အံ့ခန်းရဲ့လက်တွေကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ...

"ကားကို ဂရုစိုက်မောင်းပါ အံ့မခန်း၊ မင်းနဲ့ကိုယ်ရဲ့အခြေအနေက ရုတ်တရက်ကြီး Tempo ချိန်းသွားပေမယ့် မင်းကို ကိုယ် တစ်သက်လုံး သစ္စာရှိရှိနဲ့ ပေါင်းသွားမယ်လို့ ကိုယ်ကတိပေးတယ်"

အံ့ခန်းက ဟာက်ခနဲတစ်ချက်ရယ်လိုက်ကာ သူ့ကို ညစ်ကျယ်ကျယ် အပြုံးတစ်ခုဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို လက်ထပ်မယ်လို့ပဲ ကတိပေးထားတာ နှစ်သက်အေးချမ်း၊ ပေါင်းသင်းပါ့မယ်လို့ ကတိပေးထားတာ မဟုတ်ဘူး၊ ရှင်ဆင်တဲ့ချောက်ထဲကို ကျွန်မကျသွားပေမယ့် ဘယ်တော့မှ အသေမခံဘူး၊ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးသွားရင် ပွဲသိမ်းသွားပြီ"

"ဘာ ... ဘယ်လို"

"ကြားတဲ့အတိုင်းပဲ၊ ရှင် မကျေနပ်ရင် လဲသေလိုက်လို့ရတယ်၊ ရှင်နဲ့ ကျွန်မရဲ့လက်ထပ်ခြင်းဟာ စာချုပ်ပေါ်မှာရှိလိမ့်မယ်"

အံ့ခန်း စကားကိုကြားရင် သူဟာ ပေါက်ကွဲလိမ့်မယ်လို့ထင်ထားပေမယ့် အဲဒါနှင့်ဆန့်ကျင်စွာ သူက အပြုံးတစ်ခုဖြင့်ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"ရပါတယ် အံ့မခန်း၊ ကိုယ် မင်းကို လက်ထပ်ခွင့်ရဖို့ပဲမျှော်လင့်တာပါ၊ မနက်ဖြန်ဆုံတာပေါ့"

"ကောင်းပြီ နှစ်သက်အေးချမ်း"

အံ့ခန်းက သူ့ကို ကျောခိုင်းကာ ထွက်လာခဲ့သည်။ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့သောအဖြစ်သည် အံ့ခန်းမှာမှ ရင်ဆိုင်စေရသည်။ အိမ်ပြန်ရောက်ရင် နောက်ကျနေတာဟာ ကားပျက်နေလို့ပါဆိုပြီး ဒီလိုပဲ ယုံအောင်ရှိးရလိမ့်မည်။





ဘဝမှာ ယောကျ်ားတစ်ယောက်ကို ဘယ်သူမှမသိအောင် တိတ်တဆိတ်လက်ထပ်ပြီး အဲဒီယောကျ်ားရဲ့ဘဝကို အသေသတ်ပစ်မယ့် ရည်ရွယ်ချက်ကြီး အံ့ခန်းမှာ ရှိနေလိမ့်မည်ဟု ဘယ်သူကမှ ထင်ကြမှာမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၇

တပင်တိုင် လွင့်လာတာ ကယ်ဒီနားနဲ့ဆိုတဲ့သီချင်းထဲကလို သူမသည် Calidina ပါဝါရိန်းဂျားကားအနက်ကြီးကို မောင်းလာကာ ပါကင်ထိုးပြီးနောက် ကားပေါ်ကနေ ကြော့ရှင်းစွာဆင်းလာပါသည်။ အုံ့မခန်းသည် ဆံပင်တွေကို Half စည်းထားသောကြောင့် မျက်နှာလေးက ပေါ်လွင်တင့်တယ်ပေသည်။ BB Cream တွေရဲ့ပံ့ပိုးအားက အရမ်းကောင်းလာတာကြောင့် မျက်နှာလေးက ကြွေသားအရုပ်လေးကို ကြည့်ရသလို ပြောင်တင်း၍ ဖူးမွတ်နေသည်။ နှုတ်ခမ်းသားလေးတွေဟာ Lip Balm ပန်းသွေးရောင်စွမ်းပလားကြောင့် နုနယ်နေ၏။

ကော်ာင်းကင်ထက်က ဆင်းသက်လာတဲ့ နတ်သမီးတစ်ပါးလို ကျက်သရေရှိနေတာဟာ မြန်မာဆန်ဆန်လေးဝတ်ထား





လို့ဖြစ်လိမ့်မည်။ အပေါ်က မှန်နိုင်လွန်ဇာလို အပြာနုနုလေးကို အောက်ကထပ်ခံ၍ ဝတ်ထားတဲ့ ဒီဇိုင်းလေးဟာ နန်းဆန်တဲ့ဒီဇိုင်းလေးဖြင့် တကယ်ကို ယဉ်တစ်ကိုယ်မယ်လေးဖြစ်သည်။ မိုးပြာရောင်ချိတ်ထဘီရှည်ရှည်လေးဝတ်ထားတဲ့ မြန်မာဆန်ဆန်ဟန်ပန်ဟာ သူ့ရင်ထဲမှာ မိုးရွာပြီးစကာလလေးလို အေးစိမ့်၍ နေလို့ကောင်းလှပါသည်။

"မင်း ဒီနေ့အရမ်းလှတယ် အုံ့မခန်း"

သူ့ရဲ့စကားကို အုံ့မခန်းက ဘာမှ မပြောဘဲ နားထောင်နေပါသည်။ ဘာပဲဖြစ်ဖြစ်ပါ။ သူနဲ့အုံ့မခန်း အခုလိုမျိုးလေး အခြေအနေတစ်ခုဖြစ်လာတာကိုပဲ သူက ကျေနပ်နိုင်သူဖြစ်ပါသည်။ ပြီးတော့ သူတို့နှစ်ယောက်ဟာ တိုက်တိုက်ဆိုင်ဆိုင်ပင် အဝတ်အစားအရောင်လာတူနေပါသည်။ သူက စတစ်ကော်လာရှပ်အပြာနုလေးကို စကြိဘပုဆိုးဖြင့် မြန်မာဆန်စွာ ဝတ်ဆင်လာတာဖြစ်သည်။

"မင်းနဲ့ကိုယ်က စိတ်ချင်းဆက်တယ်နဲ့တူတယ်နော် အုံ့မခန်း၊ အရောင်လေးက ဆင်တူပဲ"

"အပိုတွေပြောမနေပါနဲ့၊ သွားကြစို့"

သူက လက်ထဲမှာကိုင်ထားတဲ့ အပြာရောင်ဘော်ကြယ်လေးတွေကပ်ထားကာ မှန်ဇာခံထားတဲ့ အလှပဆုံး လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



စာချုပ်လေးနှစ်အုပ်ကို ကိုင်ဆောင်လာကာ တရားသူကြီးဆီသို့ သူမနဲ့အတူသွားလိုက်သည်။ သူတို့နှစ်ယောက်ရဲ့ လက်မှတ်ထိုးပွဲဟာ သိပ်ပြီး အသက်မဝင်သလို ခံစားရပါသည်။ သတ်မှတ်ထားတဲ့ သတို့သားသတို့သမီးနေရာမှာ သူတို့နှစ်ယောက်က လက်မှတ်ထိုးလိုက်ကြသည်။ ပြီးတော့ တရားသူကြီးရဲ့ဆုတောင်းမှုက သူ့ရင်ထဲမှာ အရမ်းကိုငြိမ်းချမ်းသွားရပါသည်။

"ကဲ ... ဒီလင်ဒီမယား အိုအောင်မင်းအောင် စိတ်ချမ်းသာစွာဖြင့် ဘဝတစ်လျှောက်လုံး ပျော်ရွှင်စွာ ပေါင်းဖက်နိုင်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေခင်ဗျ"

အုံ့မခန်းဘက်ကတော့ ဘာအသံမှ ထွက်မလာခဲ့ပါချေ။ ဒါပေမဲ့လည်း ကိစ္စမရှိပါ။ သူတို့နှစ်ယောက်ဟာ အကြင်လင်မယားဖြစ်သွားကြပြီဖြစ်သည်။ ဘယ်တုန်းကမှ ဖြစ်လာမယ် မထင်သော အုံ့မခန်းအတွက် ချစ်ခြင်းမေတ္တာတရားတွေဟာ အစည်းအတားမရှိ ယိုဖိတ်လာတာကတော့ အင်မတန်မှ အံ့သြဖွယ်ပဲဖြစ်လေသည်။

သူတို့ဟာ အောက်ထပ်ကိုဆင်းလာပြီးနောက် သူ့ဘက်သို့ မျက်နှာလှည့်ကြည့်လာကာ ...

"အဲဒီလက်ထပ်စာချုပ်နှစ်ခုလုံး ကျွန်မကိုပေးပါ"





"ဟင် ... ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမလဲ၊ ဖျောက်ဖျက်ပစ်ရမယ်၊ အဲဒီစာချုပ်ကို မီရှို့ပစ်မလို့"

"ဘာ"

နှစ်သက်သည် အံ့အားတကြီးဖြင့် သူမကို တုန်လှုပ်စွာ အော်မိသွားလေသည်။ အုံ့မခန်းဟာ အင်မတန်မှ အကြောတင်းလှသော မိန်းကလေးဆိုတာ သူ အခုမှပဲ သေချာသိတော့သည်။ ဘာကြီးဖြစ်ဖြစ်ပေါ့ကွာ။ သူတို့တွေက လက်ထပ်လိုက်ကြပြီပဲ။ ဒီလိုမျိုးကြီးတော့ မရက်စက်သင့်ဘူးလို့ သူ ယူဆပါသည်။

"ရှင်ဆင်ထားတဲ့ ထောင်ချောက်ကို ကျွန်မ အလွယ်တကူ ရောက်လာလိမ့်မယ်လို့ ထင်ထားတာလား၊ လက်ထပ်ပါဆိုလို့ လက်ထပ်ပြီးပြီး၊ အေး ... ဒီအခြေအနေက ဒီမှာတင်ပဲ ရပ်တန့်ပြီးဆုံးသွားပြီ ...

ဒီကိစ္စတွေကို ဘယ်သူ့ကိုမှ အသိမခံဘူး"

"ကျစ် ... အုံ့မခန်း၊ ကိုယ်တို့ ဇနီးမောင်နှံဖြစ်သွားကြပြီလေကွာ၊ မင်း ကိုယ့်ကို အဖေနဲ့ပတ်သက်ပြီး ရောမမုန်းသင့်ဘူး၊ ကိုယ်တို့ကိစ္စကို လူကြီးတွေဆီ ဖွင့်ပြောမယ်၊ ပြီးရင် သာယာချမ်းမြေ့မှုရှိတဲ့ အိမ်ထောင်ရေးကို ဖန်တီးကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို အုံ့မခန်းက မဲ့ပြုံးတစ်ချက်ပြုံးရင်းက ဖျတ်ခနဲ သူ့လက်ထဲက လက်ထပ်စာချုပ်ကို လုယူလျှင် သူက လည်း သတိရှိစွာ ဖတ်ခနဲ နောက်သို့ပြန်ရုပ်လိုက်ကာ ...

"စွမ်းအုံ့မခန်း ... ဘာဖြစ်နေတာလဲကွာ၊ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောရအောင်၊ တရားရုံးရှေ့မှာ ရှန်းရင်းဆန်ခတ် မြင်ကွင်းကြီးက အရမ်းအရုပ်ဆိုးတယ်၊ ဒီနားမှာ လူတွေက မင်းနဲ့ကိုယ့်ကို လက်မှတ်လာထိုးကြတဲ့ လင်မယားအသစ်စက်စက်လို့မြင်နေတာ၊ အခုပုံစံကြီးက မင်းလည်း သိက္ခာကျတယ်"

အုံ့မခန်းက သူ့ကို ခပ်စူးစူးစိုက်ကြည့်ကာ ခေါင်း တစ်ချက်ညိတ်၍ ...

"ကောင်းပြီ၊ ရှင် ကျွန်မကားနောက်က လိုက်လာခဲ့"

"မဖြစ်နိုင်ဘူး"

"ဘာ"

ဒေါသတကြီး သူ့ကို ထအော်လေလျှင် သူဟာ အရမ်းကို ထူးဆန်းစွာဖြင့် သဘောကျသွားကာ ပြုံးမိသွားလေသည်။ ဒီအထာတွေကို ကြိုသိနေတာမို့ သူက ကားကို အိမ်မှာ တမင် တကာကို ထားခဲ့လိုက်တာဖြစ်သည်။





"မဖြစ်နိုင်ဘူးဆိုတာက မင်းကားနောက်ကလိုက်ဖို့အတွက် ကိုယ့်မှာ ကားမပါဘူး၊ ဒီတော့ အေးအေးဆေးဆေး စကားပြောဖို့အတွက် မင်းကားကို ပေးစီးမှဖြစ်လိမ့်မယ်"

"ဟင်း ... ဒီအထာလာမလုပ်နဲ့ နှစ်သက်အေးချမ်း၊ Taxi ငှားပြီး ငါ့ကားနောက်ကလိုက်ခဲ့"

အုံ့မခန်းက သူမကားဆီလျှောက်သွားလေလျှင် သူက ပြုံးလိုက်ရင်းက လှမ်းအော်ပြောလိုက်လေသည်။

"တက္ကစီနဲ့ဆို မသွားဘူးကွာ၊ မင်းသိပ်လိုချင်ပါတယ်ဆိုတဲ့ စာချုပ်က ကိုယ့်ဆီမှာနော်၊ မင်းကားနဲ့ မလိုက်ရရင်တော့ မသွားဘူး"

သူ့ကို အရမ်းအရမ်းကို တင်းနေပြီဖြစ်သော မျက်ဝန်းတွေသည် မီးဝင်းဝင်းတောက်လျက် မျက်စောင်းသာထိုးလိုက်ရင် ဝုန်းခနဲတောင် ပြာကျသွားနိုင်ပါသည်။ လောလောဆယ် နိုင်ကွက်က သူ့လက်ထဲမှာရှိနေတာကြောင့် သူဟာ လက်ထပ်စာချုပ်ကို တစ်ချက်ထောင်ပြလိုက်ပြီး မျက်စတစ်ချက်ပစ်ပြလေလျှင် အုံ့မခန်းက တောက်တစ်ချက်ခတ်ကာ ကားထဲဝင်လိုက်လေသည်။ ဒီလောက်ဆို သူကလည်း မခေစွာဖြင့် အုံ့မခန်းရဲ့ကားပေါ်မှာ ဝင်ထိုင်လိုက်သည်။ သူ ကားတံခါးပိတ်လိုက်တာနှင့် ကားကို စက်နှိုးကာ လီဗာကို စွတ်နင်း၍ ဝေါခနဲမောင်းချသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးထဲ မောင်းချသွားတာကြောင့် ရင်ခုန်သွားရပါသည်။ ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတာကိုလည်း သူက ကြိုတင်မျှော်လင့်ထားပြီးသားဖြစ်သည်။ ကားကို တစ်နေရာမှာ ထိုးရပ်လိုက်ပြီးနောက် သူမက ကားပေါ်ကဆင်းလိုက်လျှင် သူက ပါ လိုက်ဆင်းကာ အုံ့မခန်းရဲ့အနောက်နားမှာ ရပ်နေလိုက်သည်။ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဖိကပ်ကိုင်ထားတာကတော့ ဘော်ကြယ်တွေဖြင့် လှပစွာ ဒီဇိုင်းဆင်ထားသော လက်ထပ်စာချုပ်ထည့်တဲ့ စာအုပ်လေးပဲဖြစ်သည်။

"ကဲ ... ပြောပါ အုံ့မခန်း၊ မင်း ဘာပြောချင်လဲ"

"ကောင်းပြီ၊ ကျွန်မကို လက်ထပ်စာချုပ်ပေး၊ မီးရှို့ပစ်မယ်၊ ရှင့်သဘောအတိုင်း လက်ထပ်ပြီးပြီ၊ ဒီကိစ္စကို ဘယ်သူ့ကိုမှ မသိပါစေနဲ့၊ ရှင်နဲ့ကျွန်မရဲ့ကိစ္စပြီးပြီ"

"ဟူး ... အုံ့မခန်းရာ၊ ကိုယ်တို့ လက်ထပ်လိုက်ပြီလေ"

"နှစ်သက်အေးချမ်း ... ရှင့်မှာလည်း ချစ်သူတွေဆိုတာ အပုံအပင်ရှိနေပြီးသားနော်၊ ဘာလို့ ကျွန်မကို ဒုက္ခပေးချင်ရတာလဲ၊ ကျွန်မ ပြောပြီးသွားပြီနော်၊ ကျွန်မတို့ လက်ထပ်ခြင်းဟာ စာချုပ်မှာပဲ ရှိလိမ့်မယ်လို့"

"အဲဒီတော့ မင်းက ဘာလုပ်ချင်တာလဲ"





သူက ပြတ်သားစွာမေးလိုက်လျှင် အုံ့မခန်းက သူ့ဘက်ကိုလှည့်လာကာ ...

"ကျွန်မ ဒီကိစ္စကို ဒီမှာတင်ပြီးသွားချင်တယ် နှစ်သက်အေးချမ်း၊ ရှင်က လက်ထပ်ပါရစေဆိုလို့ ကျွန်မတို့ လက်ထပ်ပြီးသွားပြီ၊ တော်ပြီပေါ့၊ ကျွန်မ ဘယ်သူ့ကိုမှ ဒီကိစ္စကို အသိမခံနိုင်ဘူး၊ ကျေနပ်ပါ ... နှစ်သက်အေးချမ်းရယ်၊ ဒီစာချုပ်တွေကို ဖျက်ဆီးလိုက်ပါ"

သူ့ကို တကယ်ကြီးပြောနေတဲ့ပုံစံဟာ ရင်ထဲမှာ အရမ်းကို ခံစားရပါသည်။ အုံ့မခန်းရယ် ... မင်းကို ကိုယ် အဲဒီနေ့ကတည်းက အရမ်းချစ်မိသွားတယ်၊ အဲဒါကြောင့် လက်ထပ်ခဲ့ရတာပါ။ ဒီစာချုပ်တွေဟာ ကိုယ်တို့နှစ်ယောက်ရဲ့ ချည်နှောင်မှုဖြစ်တာမို့ မစွန့်လွှတ်ပါရစေနဲ့။

"စာချုပ်ကနှစ်ခု၊ မင်းတစ်ခု ငါတစ်ခုပိုင်တယ်၊ ဒီတော့ မင်းပိုင်တဲ့စာချုပ်ကို ဖျက်ဆီးလို့ရတယ်၊ ဒါကတော့ ကိုယ်ပိုင်တာပါ၊ အုံ့မခန်း ... မင်းကို လက်ထပ်တာဟာ ကိုယ်တို့တွေ တစ်ယောက်နဲ့တစ်ယောက် ချည်နှောင်ရင်းနဲ့ ကိုယ် မင်းအချစ်ကို ရအောင်ကြိုးစားဖို့ပါ ...

မင်း အချိန်လွန်မှ အိမ်ပြန်ရောက်တယ်၊ ဒီ့အတွက် မင်းနဲ့ကိုယ် လက်ထပ်ခဲ့တာ ဆိုပေမယ့် ကိုယ့်စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းကို နှစ်နှစ်ကာကာချစ်မိသွားခဲ့လို့ လက်ထပ်ခွင့်တောင်းခဲ့တာ၊ ကိုယ်က ချော်လဲရောထိုင်လုပ်တယ် ဆိုပေမယ့် မင်းအပေါ်ထားတဲ့စိတ်က အချစ်စစ်ကွ ...

မင်းက ကိုယ့်အဖေနဲ့ မင်းဒေါ်လေးကိစ္စကြောင့် ကိုယ့်ကိုပါ ရောထွေးပြီး မုန်းပစ်နေတာ"

"သေလိုက် နှစ်သက်အေးချမ်း၊ မိန်းမတစ်ယောက်ဆီက အချစ်ကို နင် ရဖို့ကြိုးစားတဲ့နည်းက အောက်တန်းကျလွန်းတယ်၊ နင်က ငါ့ကို လက်ထပ်ပြီး အပိုင်ချုပ်မယ်လို့ထင်ထားတာလား၊ မရဘူး... နင်နဲ့ငါ သေတောင်မပေါင်းဘူး"

သူ့ကို တူးခါးနေအောင်မုန်းတဲ့ မိန်းမကို သူကတော့ ချစ်မြတ်နိုးစွာ လက်ထပ်လိုက်ပြီဖြစ်သည်။ ပြီးတော့ လက်ထပ်စာချုပ်ကို ဖျောက်ဖျက်ပြီး ဇာတ်သိမ်းချင်တဲ့ သူမအတွက် သူဟာ မဖြစ်မနေ နောက်ဆုံးနည်းကို သုံးရတော့သည်။

"ကောင်းပြီလေ၊ မင်းက လက်ထပ်စာချုပ်ကို ဖျက်ဆီးပစ်မယ်ဆိုရင်လည်း ရပါတယ်၊ ငါ့မှာလည်း စာချုပ်တစ်စောင်ရှိတယ်၊ လူကြီးတွေကို အားလုံးဖွင့်ပြောပြလိုက်မယ်၊ ငါတို့က လက်ထပ်ပြီးသွားပြီဆိုတော့ သူတို့ သေချာပေါက်သဘောတူတော့မှာပဲ၊ မင်းသာ လက်ထပ်စာချုပ်ကို မဖျက်ဆီးဘူး ဒီအတိုင်းလေးပဲ ထားမယ်ဆိုရင် မင်းဘက်က





ဖြစ်စေချင်သလို ဘယ်သူ့ကိုမှလဲ အသိမပေးဘူး၊ မင်းအသားကိုလည်း လက်ဖျားနဲ့တောင် မထိဘူး၊ အားလုံးရဲ့အမြင်မှာ ငါက ဦးအေးချမ်းဘက်ကသား၊ မင်းက ဒေါ်ပန်းတော်ဝင်ဘက်တူမ၊ ဟိုဘက်အမျိုး ဒီဘက်အမျိုးပုံစံအတိုင်းပဲရှိစေရမယ်၊ လက်ထပ်စာချုပ်မှာတော့ မင်းနဲ့ငါက အကြင်လင်မယားပေါ့ ...

ကြိုက်တဲ့လမ်းကိုရွေးပါ အံ့မခန်း၊ ငါ့အတွက်ကတော့ မင်း စာချုပ်ကို ဖျက်ဆီးရင် ပိုတောင်ကောင်းမလားပဲ"

"တောက် ... နင် ... နင် ,... လူယုတ်မာ"

သူ့ကို ဒေါသတွေတအားထွက်လွန်းနေတာကြောင့် သူမရဲ့နှုတ်ခမ်းပါးလေးတွေဟာ တဆတ်ဆတ် တုန်ယင်နေလေသည်။ နှစ်သက်သည် အံ့မခန်းရဲ့အချစ်ကိုရဖို့ ကြိုးစားရာမှာ ကိုယ့်ဘက်က ပိုင်နိုင်သေချာမှုတစ်ခု ရှိထားဖို့ လိုနေတယ်ဆိုတာ သဘောပေါက်တာကြောင့် လက်ထပ်ထားတာ ဖြစ်ပါသည်။

"ကောင်းပြီ ... နှစ်သက်အေးချမ်း၊ နင် ဒီကိစ္စကို ဘယ်သူ့ကိုမှမပြောပါနဲ့၊ နင်နဲ့ငါ စာချုပ်ထဲမှာ လက်ထပ်ထားတာဟာ နင့်ရဲ့ယုတ်မာပက်စက်တဲ့ အကြံအစည်ဆိုတာ ငါ သဘောပေါက်ပြီ၊ ဒါပေမဲ့ နင် တစ်သက်လုံး ငါ့ကို မပိုင်ဆိုင်စေရဘူး ...



www.burmeseclassic.com

www.burmeseclassic.com



နင် စောင့်ကြည့်လိုက်"

အုံ့မခန်းက သူ့ကိုထားခဲ့ကာ ကားပေါ်တက်၍ မောင်းထွက်သွားလေသည်။ လက်ထပ်စာချုပ်လေးနှစ်ခုကို ရင်မှာ ပိုက်ထားလျက် သူ ကြည့်ကြည့်နူးနူး ပြုံးမိသွားသည်။

မင်းရဲ့အချစ်ကိုရဖို့ ဘောင်ခတ်ထားတဲ့သဘောမျိုး ကလွဲလို့ ကိုယ့်မှာ ယုတ်မာတဲ့အကြံအစည် မရှိရပါဘူး အုံ့မခန်း ရယ်။ တစ်နေ့တော့ မင်း နားလည်နိုင်ပါစေ။





၈

ဒီနေ့က အုံ့ခန်းရဲ့ တော့်တော် လက်ထပ်တဲ့နေ့ဖြစ် သည်။ တော်တော်က ဦးအေးချမ်းရဲ့အိမ်မှာ လိုက်နေမှာဖြစ်ပြီး အုံ့ခန်းကတော့ အရင်အိမ်မှာ ဖေဖေ၊ မေမေတို့နဲ့အတူ မကြာခင် နေတော့မှာဖြစ်သည်။ မခန်းရဲ့မင်္ဂလာကိစ္စပြီးတာနဲ့ ဖေဖေနဲ့မေမေ က ရန်ကုန်မှာပဲ ပြန်အခြေချနေထိုင်မှာဖြစ်ပြီး မခန်းကတော့ သူ့ယောကျ်ားနဲ့အတူ ဟိုမှာ ကျောင်းပြီးအောင် ဆက်တက်မှာဖြစ် သည်။

လတ်တလောကာလမှာတော့ အိမ်မှာ အုံ့ခန်းက တစ်ယောက်တည်းမို့ တော်တော်က စိတ်မချဖြစ်နေရသည်။

"သမီးရယ် ... လောလောဆယ်တော့ တော်တော်နဲ့လိုက် နေပါလား၊ အစ်မနဲ့အစ်ကို ပြန်ရောက်လာမှ အိမ်ပြန်နေ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သမီးရယ်၊ ဟိုအိမ်ကျတော့ သမီးတစ်ယောက်တည်းဆိုတော့ အဆင်မပြေနိုင်ဘူးလေ၊ ပြီးတော့ စိတ်ပူနေရမယ်လေ၊ စွမ်းမိုးတို့လာမှပဲ ပြန်နေပေါ့"

အံ့ခန်းက အဲဒီစကားတွေကို မသိကျိုးကျွန်ပြုလိုက်လေသည်။ ဘာကိစ္စ လိုက်နေရမှာလဲ။ ဟိုအကောင်နှစ်သက်အေးချမ်းကို ဒီလိုအနေအထားချည်းနဲ့ ပတ်သက်နေရတာကိုတောင် ကိုယ့်ကိုယ်ကိုယ် မုန်းတီးနေတာဖြစ်၏။ သူကတော့ တစ်ခွန်းမှ ဝင်မပြောပေ။

"သမီးရယ် ... တော်တော့်ကို စိတ်မချဖြစ်အောင် မလုပ်ပါနဲ့"

"အို ... ဘာစိတ်မချဖြစ်တာလဲ၊ အံ့ခန်းက ကလေးမဟုတ်ဘူး၊ ပြီးတော့ မလုံးလည်း အဖော်ရှိနေတာပဲ၊ ဖေဖေနဲ့မေမေက မကြာခင် ပြန်ရောက်မယ့်ကိစ္စကို၊ တော်တော် စိတ်ချလက်ချသွားပါ၊ သမီး မလိုက်ဘူး၊ သူများအိမ်မှာ သမီး မနေတတ်ဘူး"

"ဟင်း ... ခက်တော့တာပါပဲ အံ့ခန်းရယ်"

တော်တော်က တစ်ခုခုကိုရေရွတ်ဖို့ ပါးစပ်အပြင်မှာပဲ အံ့ခန်းရဲ့ဖုန်းက ထမြည်လာတာကြောင့် အတော်ဖြစ်သွားသည်။ ဒါပေမဲ့ နံပါတ်ကြည့်လိုက်ရင်တော့ တကယ်ကိုပဲ မောဟိုက်လို့





သွားချေ၏။ သုသုဆီကဖုန်းပဲ။ လွန်ခဲ့တဲ့ နှစ်ရက်ကပဲ အံ့ခန်းက သူ့ကို သစ္စာဖောက်မိခဲ့တဲ့အတွက် တကယ်ကိုပဲ ရင်မဆိုင်ဖြစ်ရပါသည်။ ဒါပေမဲ့လည်း ဒီကိစ္စက အံ့ခန်းနဲ့ နှစ်သက်အေးချမ်းသာ သိတာမို့ တော်သေး၏။

"ဟို ... ဖုန်းသွားပြောလိုက်ဦးမယ်"

အံ့ခန်းက ထိုင်နေရာက ထထွက်လာကာ ခြံထဲရောက်မှ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို ... သုသု ပြော"

"နင် အခု ဘယ်မှာလဲ အံ့ခန်း"

"ဒီနေ့ တော်တော် လက်ထပ်တယ်လေ၊ အဲဒါကြောင့် ငါ အိမ်မှာပဲ ဟ၊ ကိစ္စရှိလို့လား"

"ရှိတယ် အံ့မခန်း၊ ငါ နင့်ကို တွေ့မှဖြစ်မယ်"

သုသုရဲ့အသံက တစ်မျိုးဖြစ်နေတာမို့ အံ့ခန်းကျောထဲ စိမ့်ခနဲ ဖြစ်သွားရသည်။ သုသု ဘာကို သိနေလို့လဲ။

"ဘာလို့လဲ သုသု၊ ဘာဖြစ်လို့လဲဟင်"

"နင် အားပြီဆိုရင် ငါ့ကို ဖုန်းခေါ်လိုက်၊ ငါ နင့်ကို တွေ့ချင်တယ် အံ့မခန်း"

"သြော် ... အင်း ... ရတယ်လေ၊ ငါ အခုလာပေးလည်းရပါတယ်၊ ဘယ်ကိုလာရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



အုံ့ခန်းကို နေရာပြောပြီးတာနဲ့ ဖုန်းချလို့သွားလေသည်။ သုသု ဘာဖြစ်နေတာလဲ။ အုံ့ခန်းကိစ္စကို သိသွားလို့များလား။ ဘုရား... ဘုရား... ။ သုသုရေ... ငါ နင့်ကို နောက်ကျောဓားနဲ့ထိုးရတာ မဟုတ်ရပါဘူးဟာ။ ငါ့မှာလည်း တကယ့်ကို ဒုက္ခတွေနဲ့ပါ။ အဲဒါဟာ ဟိုအယုတ်တမာကြောင့်။

"အုံ့မခန်း ... ဘယ်သူ့ဆီကဖုန်းလဲ"

အမယ်လေး ...။ အုံ့ခန်းသည် အနောက်ကခေါ်သံကြောင့် လန့်သွားကာ လှည့်ကြည့်မိတော့ ဟိုကောင်ဖြစ်လို့နေသည်။ သူ ... သူကပဲ သုသုကို ပြောလိုက်တာလား။ ဟင့်အင်း မဟုတ်နိုင်ပါဘူး။ အုံ့ခန်းက သူ့ရည်းစားသုသုရဲ့ သူငယ်ချင်းဆိုတာ သူမှမသိတာ။

"ဘာလာလုပ်တာလဲ"

"အင်း ... အမှန်တိုင်းပြောရရင် မင်းနောက်ကို လိုက်လာတာ၊ မင်းကို စကားပြောချင်လို့"

အုံ့ခန်းက ဟူးခနဲ သက်ပြင်းချလိုက်ကာ သူ့ကို ပြောဖို့ကိစ္စ တစ်ခါတည်း ပြောလိုက်သည်။

"ဪ ... ရှင့်ကို တောင်းရဦးမယ်၊ ဟိုနေ့က စာချုပ်နှစ်ခုလုံးကို ကျွန်မကို ပေးထားပါ၊ အဲဒီနေ့က တောင်းဖို့ မေ့သွားလို့"





သူက အပြုံးတစ်ချက်သမ်းကာ ဘောင်းဘီအိတ်နှစ်ဖက်ထဲလက်နှိုက်၍ ...

"ကိုယ်က ကတိတည်တဲ့သူပါ အုံ့မခန်း၊ မင်း မဖျက်ဆီးပစ်တဲ့ လက်ထပ်စာချုပ်အတွက် ကိုယ်တို့ရဲ့ပတ်သက်မှုကို ဘယ်သူ့ကိုမှ ပေးမသိပါဘူး ...

တစ်နေ့ မင်းနဲ့ကိုယ် တကယ်ချစ်သူတွေဖြစ်လာမှ ကိုယ်တို့ လက်ထပ်စာချုပ်လေးက အသက်ဝင်လာမှာ၊ အဲဒီနေ့ရောက်ဖို့ ကိုယ်ကြိုးစားမှာပါ၊ မင်းဘက်ကလည်း လက်ထပ်စာချုပ်ကို မတောင်းပါနဲ့၊ မင်းကိုပေးလိုက်ရင် ကိုယ့်အိပ်မက်တွေ ဆွဲဆုတ်မီးရှို့ခံရမှာပေါ့"

"တောက် ... နင် ..."

မုန်းစရာကောင်းလိုက်တာ။ မိန်းမတစ်ယောက်ကို အပိုင်ချုပ်ပြီး လှုပ်လို့မရအောင် ချည်တိုင်ကနေ ဆောင့်ဆွဲပစ်တဲ့ ဒီလိုကောင်မျိုးကို ဘယ်တော့မှ မချစ်ဘူး။ ပြီးတော့ သူ့နှလုံးသားကို အသေသတ်ရဦးမည်။

အုံ့ခန်းသည် နင် စောင့်ကြည့်လိုက်ဆိုပြီး ကြိမ်းဝါးတာထက် လက်တွေ့လုပ်ပြတာက ပိုထိရောက်တာမို့ သူ့ကို မာန်လျှော့ကာ ထွက်လာခဲ့တော့သည်။ အိမ်ထဲရောက်တော့ တော်တော့်ကို ခွင့်တောင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ... သမီး ကိစ္စလေးရှိလို့ အပြင်သွားလိုက်ဦး
မယ်၊ ဟို ... တော်တော်တို့ ပြန်ချင်လည်းပြန်တော့လေ၊
အိမ်ကို မလုံးနဲ့ ထားခဲ့လိုက်လေ"

"ဟယ် ... သမီး ဘယ်သွားမလို့လဲ"

"သူငယ်ချင်းဆီပါ၊ အရေးကြီးလို့ပါ တော်တော်၊ သမီး
သွားလိုက်မယ်နော်"

အုံ့ခန်းက သိုးသိုးသွက်သွက်ပင် နံရံက သံတိုင်မှာ ချိတ်ထားတဲ့ သော့ကိုဖြုတ်ယူကာ အဝတ်အစားတောင်မလဲနိုင် တော့ဘဲ ကမန်းကတန်းပင် ထွက်လာခဲ့တော့သည်။ အုံ့ခန်း အရမ်းကို သိချင်နေလှပြီဖြစ်၏။ သုသုဟာ ဘယ်တုန်းကမှ အခုလို အပြတ်စကားမျိုးကြီး ပြောတတ်တာမဟုတ်ပေ။ အုံ့ခန်းကို ဆို ချွဲချွဲနွဲ့နွဲ့ပြောတတ်သော သူမက အခုကျမှ ဒီလိုမျိုး ပြတ် ပြတ်ကြီးပြောနေရတာဟာ အကြောင်းတော့ရှိရမည်။ ဘာများပါ လိမ့်။ အုံ့ခန်းနဲ့ နှစ်သက်အေးချမ်းကိစ္စဟာ သိစရာအကြောင်းရင်း မရှိပေမယ့် သုသု သိသွားပလားလို့ ရင်ထိတ်နေရတာဖြစ်၏။ သုသုနဲ့ နှစ်သက်အေးချမ်းတို့က ပြတ်ပြတ်စဲစဲလည်း မဟုတ်သေး သလို ရည်းစားတွေလည်း ဟုတ်သလိုလို မဟုတ်သလိုလိုမို့ အုံ့ခန်းမှာ ဟိုကိစ္စကြီးကို သုသု မတော်တဆကြားသိသွားမှာ အလွန်တရာပင် စိုးရိမ်သောကရောက်ရတာဖြစ်၏။





အုံ့ခန်းက အပြောကြီးထားခဲ့တာဖြစ်ပြီး အပြစ်ဖြစ်ခဲ့ ရတာကလည်း ဒီလူနဲ့မှဆိုတော့။ တောက် ... မတွေးတော့ဘူး။ အုံ့ခန်းသည် မျက်ဝန်းတွေကို တစ်ချက်မှိတ်လိုက်ပြီး ကားမောင်း ခြင်းကိုပဲ အာရုံစိုက်လိုက်တော့သည်။

သုသုနဲ့ ချိန်းထားတဲ့နေရာကိုရောက်တော့ သုသုက အုံ့ခန်းအလာကို ကားတံခါးဘောင်မှာ မှီရပ်ကာ စောင့်နေလေ့၏။ သုသုရဲ့ကားနောက်မှာပဲ ကားကိုရပ်လိုက်ကာ ဆင်းလာ၍ ...

"ဆောရီး ... သုသုရယ်၊ ကားတွေကျပ်နေတာနဲ့ အမြန် ရောက်မလာတာ၊ နင်စောင့်နေတာကြာပြီပေါ့"

"အေး ... ကြာပြီ၊ တော်တော်ကိုကြာနေပြီ အုံ့မခန်း"

ခပ်ဆဆအသံကြောင့် အုံ့ခန်းတောင် လန့်သွားရ သည်။ ဘာလို့ ဒီလောက်ဒေါသတွေကြီးနေတာပါလိမ့်။ အုံ့ခန်းက သုသုကို ဘာမှမပြောရသေးခင်မှာ သုသုက မျက်နှာထားတင်းတင်း ဖြင့် အုံ့ခန်းကို စေ့စေ့ကြည့်ကာ ...

"နင်တို့ကို ဗဟန်းတရားရုံးရှေ့မှာ ငါ မြင်ကတည်းက ဒီမေးခွန်းကို မေးဖို့စောင့်နေတာကြာပြီ၊ ပြော ... ဘာတွေ ဖြစ်သွားတာလဲ၊ နင် ငါ့ကို လိမ်ဖို့မကြိုးစားနဲ့ အုံ့မခန်း"

ဟာ ...။ တကယ်ကြီးကိုပဲ သုသုက မြင်ခဲ့တာလား။ ဒီကိစ္စအတွက် သွေးပျက်နေတဲ့ အုံ့ခန်းဟာ ဒီမေးခွန်းကြောင့် ယိုင်ခနဲဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုသု ... ခဏလေး စိတ်အေးအေးထားပေးပါ၊ ငါ သေချာရှင်းပြပါ့မယ်"

အံ့ခန်းက လှမ်း၍ဆုပ်ကိုင်တဲ့လက်တွေကို ဆတ်ခနဲ ပုတ်ထုတ်လိုက်ကာ ...

"မလိုဘူး၊ မရှင်းပြနဲ့၊ ငါ ဒီနှစ်ရက်လုံး သေသေချာချာ စဉ်းစားပြီးပြီ၊ နင်က ... နင်က ... ငါ့ရဲ့နောက်ကျော ဓားပဲ အံ့မခန်း၊ နင် ဒါကြောင့် ငါ့ကို နှစ်သက်နဲ့ သဘောမတူတာကိုး၊ ဘာလဲ ... နင်က ငါ့ကို အနိုင်နဲ့ပိုင်းတာလား"

"ဟား ... သုသုရယ်၊ နင့်စကားတွေက ငါ့ကို အရမ်းထိတယ်၊ ငါ ရှင်းပြတာလေးကိုလည်း နင် တစ်ချက်နား ထောင်ပေးပါဦး"

"ရှင်းပြဦးမယ်၊ ဘာလဲ ... ဘယ်တုန်းက ချစ်ခဲ့ပါတယ်ဆိုတာကိုလား၊ ဒါမှမဟုတ် နင်တို့နှစ်ယောက်က လက်မှတ်ထိုးခဲ့တာမဟုတ်ပါဘူးလို့ ငြင်းချင်တာလား၊ ဘာလဲ ... ပြောစမ်းပါဦး"

သုသုကလည်း ရေလည်ပေါက်ကွဲနေတာဖြစ်သည်။ အံ့ခန်းဟာ ဒီအချိန်မှာ အရမ်းကို ထူပူကာ ဘာပြောရမှန်းမသိဖြစ်ရ၏။ အဲဒီလိုဘဝမျိုး ရောက်လာခဲ့တဲ့အတွက် ရင်ထဲမှာ လှိုက်ဆို့လာကာ တစ်ကိုယ်လုံး တုန်ယင်လာရသည်။





"မဟုတ်ဘူး၊ သူနဲ့ငါ လက်ထပ်လိုက်တာ မှန် ... ပါ ... တယ်၊ ဒါပေမဲ့ ဒီကိစ္စက အဲဒီနေရာမှာတင် ပြီးသွားတာပါ၊ ငါနဲ့ သူက ဘာမှမပတ်သက်ပါဘူး သုသုရယ်၊ ငါ ... ငါ နင့်ကို သစ္စာဖောက်တာလည်း မဟုတ်ရပါဘူးဟာ၊ နင် ငါ့ကို ယုံပေးစမ်းပါ"

"အေး ... ယုံတယ် အံ့မခန်းရဲ့၊ ငါ နင့်ကို ယုံမိလွန်းလို့ ကိုယ့်ကိုယ်ကိုယ် ဘာမှကို နှစ်သိမ့်လို့ မရတော့တာ၊ ငါ နှစ်သက်ကို မရလို့ ဝမ်းနည်းနေတာ မဟုတ်ဘူး၊ နင် အခုလိုလုပ်လို့ ခံပြင်းနေတာ၊ စွမ်းအံ့မခန်းရယ် ... နင့်ကို ငါ သိပ်အံ့သြတယ်"

မျက်နှာချင်းဆိုင်ပြီးတော့ကို လက်ညှိုးငေါက်ငေါက်ထိုး၍ အပြောခံနေရတာ။ ကိုယ့်ကို ပိုးစိုးပက်စက်ပြောနေတာ ဘယ်လိုမှ ပြန်ရှင်းလို့လည်း မရပါချေ။ သုသုဟာ အံ့ခန်းကို အရမ်းနာကြည်းမုန်းတီးနေပုံရပါသည်။ အံ့ခန်းကကော သူ့အမြင်မှာ ဘာဖြစ်သွားပြီလဲ။ အဲဒါတွေက ဘယ်သူ့ကြောင့်လဲ။ ရက်စိတ်ကြောင့် နီမြန်းတင်းမာလာတဲ့ မျက်နှာဟာ သံရည်ပူအပက်ခံရသလို စပ်ရှလို့နေ၏။

"ငါနဲ့သူက ဘာမှမဆိုင်ပါဘူးဟာ၊ ငါတို့ လက်ထပ်ဖြစ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ … မကြားချင်ဘူး၊ ဒီမှာ စွမ်းအံ့မခန်း၊ နင့်ဘာသာ ဘာအကြောင်းနဲ့ လက်ထပ်ပါစေ ငါကတော့ မျက်နှာဖြတ်ရိုက်ခံလိုက်ရတာပဲ၊ နင် ငါ့ကို ဒီလို အနိုင်ယူသွားတဲ့အတွက် ငါ လုံးဝမကြေဘူး၊ နင်တို့ကို ဒုက္ခပေးမယ်၊ ငါ့ရဲ့ဝဋ်တွေလည်စေရမယ်၊ နင်ဟာ တွေးလိုက်တိုင်း ငါ့ရင်ထဲမှာ ပြောလို့မရအောင်ကို နာတယ်၊ နင့်ကို … နင့်ကို ငါ ဒီလောက်လုပ်ရဲလိမ့်မယ်လို့ ထင်မထားဘူး"

"သုသု … နင် ငါ့ကို မကျေနပ်ဘူးဆိုတာ မှန်တယ်၊ ဒါပေမဲ့ အဲဒီလောက်ထိ ငါ့ကို မပြောပါနဲ့၊ ငါက အရှက်မရှိမျက်နှာပြောင်တိုက်ပြီး သူငယ်ချင်းရည်းစားကို လုယူခဲ့တာမဟုတ်ဘူး၊ ငါ့ကို ချောက်ထဲတွန်းပို့ခဲ့တာ၊ အဲဒီနှစ်သက်အေးချမ်း သူ့ကြောင့် ငါ အခုလို အပြောခံရတာ"

အံ့ခန်းက ပြောရင်းနဲ့မှ အသံတွေက တုန်ယင်အဖျားခတ်လာလေ၏။ ရက်ရက်စက်စက်ကို အပြောခံနေရတာ။ အံ့ခန်းဘဝမှာ ဒီလောက်နာကျင်ကြေကွဲဖို့ကောင်းတဲ့အဖြစ်မျိုး ထပ်မကြုံတွေ့ပါရစေနဲ့တော့။

"ငါ တောင်းပန်ပါတယ် သုသု၊ ငါတို့က နင်ထင်သလို ချစ်လို့ယူခဲ့တာမဟုတ်ပါဘူး၊ ပြီးတော့ ငါတို့ အတူလည်း မနေဘူး၊ ဘာမှလဲ မပတ်သက်ကြဘူးဆိုတာ နင် ယုံကြည်ပါ"





"မသိချင်ဘူး၊ နင်နဲ့ငါ ဘာအကန့်မှ မရှိတော့ဘူး၊ နင့်ကို ငါ စစ်ကြေညာလိုက်ပြီ အံ့မခန်း"

"ရတယ်၊ နင့် ကြေညာဖို့မလိုဘူး၊ နင် သတ်ပစ်ချင်တယ်ဆိုရင်တောင် ငါ့ကို သတ်လိုက်လို့ရတယ်၊ ဒါပေမဲ့ ငါ သစ္စာဖောက်မဟုတ်ဘူး၊ ပြီးတော့ နင် ငါ့ကို ကြိုက်သလို စီရင်နိုင်ပေမယ့် ဒီကိစ္စကို နင်ကလွဲပြီး ဘယ်သူ့ကိုမှ မပြောပါနဲ့၊ ငါ့ဘဝမှာ နှစ်သက်အေးချမ်းကို လက်ထပ်ထားတယ်ဆိုတဲ့ အဖြစ်လောက် ရွံစရာကောင်းတာ မရှိဘူး"

အံ့ခန်းစကားကြောင့် သုသုက နာကျင်စွာ ဟက်ခနဲရယ်လိုက်ပြီးမှ …

"နင် ထင်လို့ပါ၊ နင့်ဘဝမှာ သူ့ကိုယူထားလို့ ဘာများနစ်နာမှာလဲ"

"ငါ့ရဲ့အနာဂတ်တွေကို အဆိပ်ခတ်သတ်ပစ်တဲ့သူ၊ ငါ သိပ်မုန်းတယ်၊ သုသု … နင် ငါ့ကို မုန်းတယ်ဆိုတာရဲ့ အဆတစ်သန်းမက ငါ သူ့ကိုမုန်းတယ်၊ ရွံတယ်၊ အဲဒါ ငါ့ရဲ့ မှန်သောသစ္စာစကားပဲ"

"ဟား ဟား … တော်တော်ရယ်ရတဲ့ အပေါ်စားဟာသပဲ၊ နင့်ကို ငါ အယုံအကြည်မရှိဘူး၊ နင်ဟာ ငါ့ရဲ့ရန်သူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြလည်း နားဝင်မှာမဟုတ်တော့တဲ့ အုံ့ခန်းရဲ့ ဖြေရှင်းချက်တွေကို ဆက်မပြောတော့ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ မုန်းနေတဲ့ အမုန်းတွေကို ကြေပါလို့လည်း မတောင်းဆိုတော့ပါ။

"နင့်သဘောပါ သုသု၊ ငါ့ကိုကော ဟိုကောင့်ကိုကော နင် သတ်လို့ရတယ်၊ ဒါပေမဲ့ သတ်ခဲ့တယ် ဆိုရင်တောင် ဓားတစ်ချောင်းစီနဲ့သတ်ပါ၊ ငါ့ဘဝမှာ ယောကျ်ားတစ်ယောက်ကို လက်ထပ်ထားတယ်ဆိုတာ ဘယ်သူမှမသိစေရဘူး"

"နင် တကယ်ပဲ အဲဒီလိုဆိုရင်တော့ ငါ ကျိန်စာတိုက်လိုက်မယ်၊ နင်တို့နှစ်ယောက် လက်ထပ်ထားကြတာကို တစ်နိုင်ငံလုံးသိအောင် ငါ လုပ်ပြမယ်၊ မချစ်တဲ့လူနဲ့ နေရတဲ့ဒုက္ခကို နင် ခံစားလိုက်ပေါ့၊ ငါ သွားမယ်"

သုသုက ကားပေါ်တက်ကာ ဝေါခနဲမောင်းထွက်သွားလေသည်။ အုံ့ခန်း ဘာလုပ်ရမလဲ။ သူ့ကို အုံ့ခန်း ဘယ်လိုပြောရမှာလဲ။ ဟား ... ကံကြမ္မာကြီးက တအားကို ရက်စက်လှပါသည်။ အုံ့ခန်း ဘယ်လိုစီစဉ်မလဲ။

အုံ့ခန်းကို အသေမုန်းနေတဲ့ သုသုက ...

နှစ်သက်အေးချမ်းနဲ့ အုံ့ခန်းကိစ္စကို အားလုံးသိအောင် ကြေညာမယ်တဲ့။ ဒီကိစ္စသာ ပေါက်ကြားသွားရင် အုံ့ခန်းဟာ





အမုန်းတွေ အဆိပ်သင့်ပြီး သေဆုံးသွားနိုင်သည်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို တားရမည်။ သုသုကို ဒီနည်းနဲ့တော့ လက်စားချေခွင့် မပေးနိုင်ဘူး။

ဒီအချိန်မှာ လက်ထပ်စာချုပ်ကိုသာ ဖျက်ဆီးနိုင်ခဲ့ရင် အားလုံးပြီးသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

“သမီး ဒီမှာနေရတာ အဆင်ပြေရဲ့လား”

“ဟင် ... တော်တော်ကလဲ၊ သမီးကသာ မေးရမှာ၊ တော်တော် ဟိုလူကြီးအိမ်မှာ လိုက်နေရတာ အဆင်ပြေရဲ့လား”

အံ့ခန်းရဲ့အမေးကြောင့် တော်တော်က ပူတတ်ရန်ကောဆိုတဲ့ အကြည့်ဖြင့်ကြည့်၍ သဘောတကျပြုံးလိုက်ကာ ...

“ပြေပါတယ်၊ ဘာမပြေစရာရှိလို့လဲ သမီးရဲ့၊ နှစ်သက်ဆိုရင်လည်း တော်တော့်ကို သူ့အမေလိုသဘောထားတယ်၊ တရိုတသေနဲ့၊ သူတို့သားအဖနှစ်ယောက်စလုံးက တော်တော့်ကို Warm ဖြစ်ပါတယ်”

“ဦးအေးချမ်းကတော့ မဖြစ်လို့ရမလား၊ တော်တော့်ကို ယူထားတဲ့ဟာပဲကို၊ ဒါနဲ့နေပါဦး၊ ချက်တာပြုတ်တာကော တော်တော်ပဲ အိမ်ရှင်မလုပ်နေရတာလား”





“အင်းပေါ့၊ တော်တော်က မိန်းမဆိုတော့ အိမ်မှုတာဝန် တော်တော်ပဲ ထိန်းသိမ်းရတာပေါ့”

“ဟွန်း ... အံ့ပါရဲ့၊ သူတို့သားအဖက တော်တော့်ကို နိုင်းနေတာ၊ အရင်တုန်းကဆို ကိုယ်တိုင်အေပရွန်ပတ်ပြီး မီးဖိုခန်းဝင်ရတဲ့ဟာတွေကများ”

အံ့ခန်းသည် နှစ်သက်အေးချမ်းရဲ့ အေပရွန်ကြီးပတ်ထားတာ စာဖိုမှူးဒီဇိုင်းပေါက်နေပြီး အံ့ခန်းကို ကက်ကက်လန်အောင် ရန်တွေ့ခဲ့တဲ့ပုံစံကြီးကို မြင်ယောင်လာကာ နှုတ်ခမ်းကိုမဲ့၍ မျက်စောင်းထိုးမိသွားသည်။

“အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ တော်တော်တို့က မိသားစုတွေဖြစ်လာပြီ ဆိုတဲ့အခါကျတော့ ဒီလိုနားလည်မှုလေးတွေ ရှိရတာပေါ့၊ ကဲပါ ... အံ့ခန်းလေးအတွက် တော်တော်က နွားနို့ကျောက်ကျောစပါယ်ရှယ်လုပ်လာတာ၊ အံ့ခန်း သီးသန့်နော်၊ ကဲ ... စားလိုက်ပါဦး”

တော်တော်က မှန်ဘူးလေးရဲ့ အဖုံးကိုဖွင့်ကာ အံ့ခန်းကို ကျောက်ကျောခွံ့ကျွေးလေသည်။ ဘာပဲဖြစ်ဖြစ် တော်တော် အခုလို အံ့ခန်းကို ဂရုစိုက်နိုင်သေးတာဟာ အံ့ခန်းအတွက် ဖြေသိမ့်စရာပဲဖြစ်သည်။ မကြာခင်ရက်ပိုင်းမှာ ဖေဖေတို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့မှာမလို့ အုံ့ခန်းဟာ သိပ်ပြီး Lonely မဖြစ်တော့သလို တစ်ဖက်မှာလည်း အုံ့ခန်းကို စစ်ကြေညာထားတဲ့ကိစ္စအတွက် အင်မတန်မှ ရင်ပူနေရတာဖြစ်သည်။

"ဒါနဲ့ မေးရဦးမယ် စကားမစပ်၊ သမီးကော ချစ်သူ ဘာညာရှိပြီလား"

တော်တော့်မေးခွန်းကြောင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသော်လည်း ဒါဟာ ရိုးရိုးလေးမေးတာ ဖြစ်သောကြောင့် အုံ့မခန်းက ဟန်မပျက်ပင် ပြန်ဖြေလိုက်သည်။

"မရှိပါဘူး ... ဘယ်တော့မှလဲ ရှိလာမှာမဟုတ်ဘူး"

"ဟယ် ... အဲဒီလို အပြတ်ကြီးမပြောနဲ့လေ၊ သမီး အိမ်ထောင်ပြုရမယ့်အရွယ်မှာပြုရမယ်၊ အရွယ်လွန်တော့ အထီးကျန်မှု မဖြစ်တော့ဘူးပေါ့"

"တော်ပါ ... တော်တော်ရယ်၊ မနေ့တစ်နေ့ကမှ အပျိုကြီးဘဝက ကျွတ်တဲ့လူကများ၊ ဒီမှာ အပျိုကြီး ... ဘာမှ Lonely မဖြစ်ဘူး၊ ဘဝက နေတတ်ရင် ကျေနပ်စရာကြီးပဲ၊ ဘာမှ အိမ်ထောင်ပြုဖို့မဲမဆွယ်နဲ့"

အုံ့ခန်းက အပြတ်ကြီးပြောလိုက်လျှင် တော်တော်က အုံ့ခန်းကို မထီတထီပြုံးကြည့်ကာ ...

"သေချာလို့လား"





ဟင် ... ဘာမေးခွန်းကြီးလဲ။ အုံ့ခန်းက ကိုယ့်ကိုယ်ကိုယ် မလုံတဲ့သူဖြစ်နေတာကြောင့် နည်းနည်းတော့လန့်နေရသည်။ ဘုရား ... ဘုရား ... ဟိုကောင် နှစ်သက်အေးချမ်းက ပြောလိုက်ပြီလား။ အုံ့ခန်းမှာ သူ့ဆီက ကတိတောင်းထားသော်လည်း အမြဲထိတ်လန့်နေရတာဖြစ်၏။ တော်တော်ဟာ အခုချိန်မှာ သူတို့အိမ်၌ နေထိုင်သူဖြစ်သည်။ မတော်တဆများ သူသာ တော်တော်နှင့် သူ့အဖေကို အုံ့ခန်းတို့ကိစ္စတွေ ပြောလိုက်တာနှင့် အကုန်ဝွမ်းတော့မှာပဲ။

မဖြစ်ဘူး ... ဘယ်လိုမှကို စိတ်ချလို့မရဘူးဟယ်။

"သမီး ... တော်တော်ကလေ သမီးကို စိတ်ချချင်တယ်၊ အခုဆို မခန်းလေးကလည်း သူ့အတွက် သူ ရွေးချယ်ထားပြီးသား၊ ကောင်လေးကလည်း သူ့အပေါ်ကိုကောင်းတယ်၊ ဘဝအတွက် ယုံကြည်လို့ရတဲ့ သင့်တော်တဲ့ အချက်တွေရှိနေလို့ သူ ရွေးချယ်လိုက်တာ၊ သမီးအဖေနဲ့ အမေကလည်း သမီးကို သင့်တော်တဲ့သူနဲ့ လက်ထပ်ပေးချင်နေရှာတာ"

"တော်တော် ဘာကို ပြောချင်တာလဲဟင်"

"နှစ်သက်ကို သမီးနဲ့ စီစဉ်ပေးချင်တယ် သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... တော်တော်ရာ၊ ဒီကိစ္စ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ သမီး အစကတည်းက ပြောထားပြီးသားပဲ၊ အချိန်တန်လို့ ညားကြလေသတည်းဆိုတဲ့ အဖြစ်မျိုး ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး၊ သူနဲ့ကိစ္စကို ရပ်တန်းကရပ်ပေးပါလို့ စကတည်းက အပြတ်ပြောထားတာနော်၊ တော်တော် ဒီကိစ္စကို ထပ်မစီစဉ်ပါနဲ့တော့၊ ဖေဖေနဲ့မေမေ့ကိုလည်း သမီး ပြောလိုက်မယ်"

အံ့ခန်း တကယ်ပဲ စိတ်ညစ်ရပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်သက်အေးချမ်းကို အံ့ခန်း လုံးဝမယူနိုင်ဘူး။ သူနဲ့ကိစ္စအတွက်ကိုပဲ ရအောင်ဖျက်ဖို့ ကြံစည်နေရတာဖြစ်သည်။

"အေးပါ ... အေးပါ၊ သမီး စိတ်ဆင်းရဲမယ်ဆိုတဲ့ကိစ္စကို မစီစဉ်ဘူးနော်၊ ကဲ ... သုံးနာရီတောင်ခွဲတော့မယ်၊ တော်တော်လည်း ပြန်တော့မယ် သမီးရေ၊ တာ့တာ တာ့တာ"

"ဟွန့် ... သူ့ဘဲကြီး ပြန်လာမှာမို့လို့မှလား၊ တော်တော်ကလေ ပိုကိုပိုတယ်၊ အပျိုကြီး တော်တော်ကဲနေတယ်နော်၊ ပြီးရော ... ကားကိုလည်း ဂရုစိုက်မောင်းဦး၊ တာ့တာ"

အံ့ခန်းက တော်တော့်ကို ပေါ်တီကိုအောက်ထိ လိုက်ပို့ပေးပြီး တော်တော် ကားနဲ့ထွက်သွားတော့မှ အံ့ခန်းက အိမ်ထဲပြန်ဝင်လာခဲ့တော့သည်။ ပြီးတော့ ဆိုဖာမှာ ခြေပစ်လက်ပစ်





ထိုင်ရင်းက ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေမိ၏။ ဒီတလောမှာ အံ့ခန်းဟာ တစ်ယောက်တည်းဖြစ်နေတာမို့ အရမ်းကိုငေါင်နေရသလို ဘဝရဲ့အကြီးမားဆုံး အလှည့်အပြောင်းကြီးကို ခါးစည်းပြီး အရမ်းကို ကြေကွဲနေရတာဖြစ်ပါသည်။

ဒီတစ်ပတ်ထဲမှာ ပြန်လာတော့မယ့် ဖေဖေ၊ မေမေနဲ့အတူ မခန်းတို့မောင်နှံကပါ ပါလာမှာဖြစ်သည်။ ဟွန့် ... စိတ်ရှုပ်စရာတွေ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကာလတွေဟာ အံ့ခန်းအတွက် အရမ်းကို ခက်ခဲနေရချိန်တွေဖြစ်ပါသည်။ ဟိုမိန်းမ သုသုနဲ့လည်း အံ့ခန်းက ရန်မဖြစ်ချင်ဘဲနဲ့ကို ဖြစ်ခဲ့ပြီးသွားရပြီဖြစ်သည်။ ဟား ... တော်ပါပြီ မစဉ်းစားတော့ဘူး။

အံ့ခန်းသည် ပျင်းကြောတစ်ချက် ဆန့်လိုက်ရင်း Shoppingလေးဘာလေးပတ်ရင်ကောင်းမယ်ဆိုတဲ့ အတွေးနဲ့အတူ သွားဖို့ပြင်ဆင်လိုက်တော့သည်။ အခန်းထဲဝင် အရိုးဆုံးနဲ့ အမိုက်ဆုံး ဖက်ရှင်ဖြစ်သော ဗေဒါရောင်နဲ့ အစိမ်းရောင်စပ်ထားတဲ့ အကွက်ဆင် အော်လ်တာရှပ်ကို ဂျင်းကျပ်ကျပ်နဲ့ Country style ဝတ်စားကာ လတ်တလောမှာ ခေတ်ကျနေတဲ့ Twilight ကိုယ်စားပြု Immortalရေမွှေးကို ဆွတ်ဖျန်းလိုက်လျှင် ကိုယ့်ကိုယ်ကိုယ် Twilightထဲက မင်းသမီး အမ်မာဝမ်ဆပ်လို့တောင် ထွတ်ပြီးအထင်တွေကြီးလိုက်သေးသည်။ ပြီးသွားရင်တော့ ပိုက်ဆံအိတ်စလွယ်



www.burmeseclassic.com

www.burmeseclassic.com



သိုင်း ကားသော့ဆွဲ၍ Junction Square ကို သွားဖို့ ဆင်းလာခဲ့တော့သည်။ အုံ့ခန်းသည် နောက်ဖေးမှာ ချက်ပြုတ်နေတဲ့ မလုံးဆီသို့ သွားလိုက်ကာ ...

"မလုံးရေ ... အုံ့ခန်း Junction Square သွားမလို့၊ အိမ်အတွက် ဘာမှာဦးမလဲ၊ ပြီးတော့ မလုံးကော ဘာလိုသေးလဲ"

"မလိုတော့ပါဘူး အုံ့ခန်း၊ မနေ့ကတင် မလုံး အိမ်အတွက် လိုတာ ထွက်ဝယ်ပြီးသွားပြီ၊ ကိုယ့်ဘာသာပဲ ရှယ်ဝယ်ခဲ့တော့ အုံ့ခန်းရေ"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ခြံတံခါးလာပိတ်လိုက်ဦး၊ အဲဒါဆို အုံ့ခန်း သွားလိုက်ဦးမယ်"

အုံ့ခန်းက ပြောရင်းဆိုရင်းနဲ့ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့တော့သည်။ Junction Square ကဖွင့်တာလည်း မကြာသေးတာကြောင့် အဲဒီကိုသွားဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။ အုံ့ခန်းက ပါကင်ဝင်းထဲမှာ ကားရပ်ပြီး ကားပေါ်ကဆင်းလိုက်ရင်တော့ မထင်မှတ်လေသော မြင်ကွင်းတစ်ခုက အုံ့ခန်းရဲ့မျက်စိရှေ့ တည့်တည့်တိုးဝင်လေသည်။

သူ ... နှစ်သက်အေးချမ်း။ ဘာလဲ ... ဘာအထာတွေလဲ။ ကောင်မလေးက သူ့ကားကို ကျောမှီထားကာ တရှုံ့ရှုံ့





ငိုကြွေးနေဟန်ဖြစ်သည်။ အဲဒါကို ပျာပျာသလဲ ချော့မော့နေတာက နှစ်သက်အေးချမ်းပဲဖြစ်လေ၏။ သူတို့က သူတို့ဇာတ်နဲ့သူတို့ဖြစ်နေတာမို့ အုံ့ခန်းကို မမြင်ကြပါ။ တောက် ... လူရှုပ်။ ကောင်မလေးကို ဘာတွေ ရှုပ်ထားတာ ရှင်းမရဖြစ်နေလို့ ကွိုင်နေတာလဲ မသိဘူး။ လက်ဟန်ခြေဟန်တွေဖြင့် သူချည်းပဲ တောလ်ကီတွေ ပွားနေတာ။ ကောင်မလေးကတော့ ငိုမြဲငိုဆဲ။ အုံ့ခန်းသည် အဲဒီမြင်ကွင်းကို မမှိတ်မသုန် စိုက်ကြည့်နေတုန်းမှာပဲ သူကလည်း မျက်လုံးကို ဒီဘက်အရွေ့ အုံ့ခန်းနှင့် တန်းခနဲကို မျက်လုံးချင်း လာဆုံတာဖြစ်သည်။

အုံ့ခန်းကို မြင်လျှင်မြင်ချင်း သူဟာ အတော်လေး Shock ဖြစ်သွားပုံရသည်။ ရှေ့ပဲဆက်တိုးရမလား၊ နောက်ပဲ ဆက်ဆုတ်ရမလားဆိုတဲ့ ပုံစံဖြင့် အုံ့ခန်းကိုလည်း အကြောင်သား ကြီးကြည့်နေပြန်၏။ သူကြည့်နေတာကို သတိထားမိဟန်ဖြင့် သူ့နားက ငိုနေတဲ့ကောင်မလေးကပါ အုံ့ခန်းကို လှမ်းကြည့်လေသည်။ အုံ့ခန်းသည် သူတို့ကို ခပ်စူးစူး တစ်ချက်စိုက်ကြည့်ကာ ကားပေါ်ပြန်တက်ပြီး မောင်းထွက်လာခဲ့တော့သည်။

"ဟော့ ... အုံ့မခန်း"

အဲဒီခေါ်သံကြောင့် အုံ့ခန်းသည် မဲ့ပြုံးတစ်ချက် ပြုံးမိသွားပါသည်။ အလကားလူ ... လူရှုပ် ... လူပွေ။ အုံ့ခန်းက



www.burmeseclassic.com

www.burmeseclassic.com



လီဗာတွေ စွတ်နင်းလာကာ တော်တော်လေး မောင်းချလာပြီးမှ သတိပြန်ဝင်လေသည်။ ဟယ် ... ဘုရားရေ။ အုံ့ခန်းက ဘာကိစ္စ ထွက်လာရတာလဲ။ Junction Square ကိုလာတာက ဈေးဝယ်ဖို့လေ။ အခု ဘာကိစ္စ ချက်ချင်းကြီး ပြန်ထွက်လာရတာလဲ။

ပြီးတော့ ... ဘာကိစ္စ ဒေါသတွေက စွတ်ထွက်နေရတာလဲ။ အုံ့ခန်းက မီးပွိုင့်စိမ်းဖို့ စောင့်နေတုန်း ဖုန်းကဝင်လာလျှင် နံပါတ်ကြည့်လိုက်တော့ နှစ်သက်အေးချမ်းဆီက ဖြစ်လေတာကြောင့် ဖုန်းကို ပါဝါပိတ်ပစ်လိုက်တော့သည်။ အိုး ... ဘာကိစ္စ အုံ့ခန်းက သူ့ဖြေရှင်းချက်ကို နားထောင်ပေးရမှာလဲ။ ပြီးတော့ သူနဲ့ အုံ့ခန်းက ဘာဆိုင်တာမို့လို့ အုံ့ခန်းက ဒီလောက်စိတ်တွေ ရှုပ်ယှက်ခတ်ပြီး ဒေါသတွေကြီးနေရတာလဲ။

"တီ ... တီတီ ... ဘီတီ ... တီ"

ဆူညံပွက်လောရိုက်နေတဲ့ ဟွန်းသံတွေကြောင့် အုံ့ခန်းသည် အတွေးကမ္ဘာထဲက လွင့်စဉ်ထွက်လာကာ ကားဆက်မောင်းထွက်လာကာ အိမ်ကိုပဲ ပြန်ချလာခဲ့သည်။ မလုံးက ဒေါကြီးမောကြီးဟန် ဖြစ်နေသော အုံ့ခန်းကို နားမလည်သလို ပြုံးကြည့်ကာ ...

"အုံ့ခန်း ... Juction Square သွားမလို့ဆို၊ ဘာမှလဲဝယ်မလာဘူး။ ပြန်လာတာကလည်း မြန်လိုက်တာ"





"ဟုတ်တယ်၊ သွားရမှာပျင်းလို့ ပြန်လာတာပေါ့။ မလုံးကလည်းလေ၊ ဘာတွေ မေးနေတာမှန်းကို မသိဘူး။ စိတ်ရှုပ်လိုက်တာ ... ကျစ်"

အုံ့ခန်းက ဘုချည်းပြောပစ်ကာ အပေါ်ထပ်ကို ဆောင့်ကြီးအောင့်ကြီး တက်ချလာခဲ့တော့သည်။ မလုံးကတော့ အုံ့ခန်းကို နားမလည်ဘဲ ကျန်နေလေခဲ့သည်။ ဟား ... ဘာတွေဖြစ်နေတာလဲကွာ။ အုံ့ခန်းသည် တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ပစ်လိုက်ကာ ဘာကို ဒေါသတွေဖြစ်ပြီး အမှန့်ကြိတ်ချင်စိတ်တွေ ဖြစ်နေမှန်းကို နားမလည်စွာဖြင့် ဒေါသတွေ ဖြစ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်သည် အထင်လွဲပြဇာတ်ကို ရှင်းတမ်းဖွင့်ဖို့အတွက် လမ်းထိပ်မှာ မနက်ခြောက်နာရီထိုးကတည်းက လာထိုင်စောင့်နေတာဖြစ်သည်။ မနေ့ကကိစ္စဟာ အုံ့ခန်းကိုရှင်းပြမှဖြစ်လိမ့်မည်။ နို့မို့ဆို အားလုံး ရှုပ်ကုန်လိမ့်မည်။ အဲဒါကြောင့် ဒီနေ့မနက်ကတည်းက အုံ့ခန်းတို့လမ်းထိပ်မှာ လာစောင့်နေတာဖြစ်သည်။ ဖုန်းကလည်း စက်ပိတ်ထားတာကြောင့် လုံးဝကိဇာတ်လမ်းက ပြတ်ပြီဖြစ်၏။ အိမ်ကျပြန်တော့လည်း သူ့အနေနဲ့သွားခွင့်က မရှိပြန်ပေ။ ဒါကြောင့်မို့ အုံ့ခန်း အပြင်အထွက်ကိုလမ်းထိပ်က အုတ်ခုံမှာ ထိုင်စောင့်နေရတာဖြစ်သည်။

"ညီလေး ... ဘာကူညီပေးရမလဲ"

သူနှင့် မလှမ်းမကမ်းမှာရှိနေတဲ့ ဆိုက်ကားဂိတ်ကလူတစ်ယောက်က သူ့ဆီသို့ရောက်လာကာ လှမ်းမေးလေသည်။ အေးလေ ... ဟုတ်တာပေါ့။ သူ ဒီမှာထိုင်နေတာ နှစ်နာရီလောက်တောင် ရှိနေပြီ။ သူ့လို မျက်နှာစိမ်းတစ်ယောက်က ဒီမှာအကြာ





ကြီး လာထိုင်နေတယ်ဆိုတော့ ဘယ်သူ့ကို သင်္ကာပါတော့မလဲ။ နှစ်သက်သည် ထိုင်နေရာက ထလိုက်ကာ ...

"အဟဲ ... ရပါတယ် အစ်ကို။ ဒီလမ်းထဲမှာက ကျွန်တော့်ကောင်မလေး နေပါတယ်။ အဲဒါ မနေ့က သူ စိတ်ကောက်သွားလို့ ချော့ချင်လို့ ဒီမှာ သူ အထွက်လာကို စောင့်နေတာဗျ။ ဟို ... ဖြစ်ပါတယ်နော်။ ကျွန်တော် ဒီမှာစောင့်ချင်လို့"

သူက ပြေပြေလည်လည် ညှိလိုက်လျှင် ဆိုက်ကားဆရာ အစ်ကိုကြီးက သဘောပေါက်သွားပါသည်။ သူ့ကို ပိုယုံလို့ရအောင် မေးခွန်းထပ်ထုတ်လေသေးသည်။

"ဒီလမ်းထဲမှာဆို ကျုပ်မသိတဲ့သူဆိုတာ မရှိဘူး။ ခင်ဗျားကောင်မလေးက နာမည် ဘယ်လိုခေါ်လဲ"

အဲ ... နာမည်ပြောလို့ ဖြစ်ပါ့မလား။ ပြောပြန်ရင်လည်း အုံ့ခန်းကို ပေးထားတဲ့ကတိကြောင့် ခက်ပြန်ရော။ မပြောပြန်ရင်လည်း သူ့ကို သင်္ကာမကင်းမှုနဲ့ ဝိုင်းကျွေးကြမှာဖြစ်၏။ အဲဒီတော့ သူက နှစ်ဖက်လုံး အဆင်ပြေအောင် ပြောရတော့သည်။

"ဟို ... စွမ်းအုံ့မခန်းလေ။ အဟဲ ... ကျွန်တော့်ကောင်မလေးဆိုတာ ကျွန်တော်က လိုက်နေတုံး။ တရားမဝင်သေးဘူးဗျ။ နောင်ကြီးကို ယုံတယ်နော်။ အဟဲ ... ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... တလောကမှ စွံသွားတဲ့ အပျိုကြီးရဲ့ တူမကိုး။ အေးပါ ... အေးပါ။ နားလည်တယ်။ အိုခေ ... အိုခေ။ ဆက်စောင့် ညီလေး"

သူ့ကို pass ပေးပြီး ဘဲကြီးက ဆိုက်ကားဂိတ်ဆီသို့ ပြန်လျှောက်သွားလေတော့သည်။ နှစ်သက်သည် အုတ်ခုံလေးမှ ပြန်ထိုင်ကာ အံ့ခန်းကို ဆက်စောင့်နေလိုက်သည်။ သူ့အဖြစ်က ဘာနဲ့တူသလဲဆိုရင် ညှိရခက်သော ခပ်ကြောင်ကြောင် equation လိုမျိုးပဲ ဖြစ်သည်။

တရားရုံးမှာ တရားဝင်လက်မှတ်ထိုးထားကာ လက်ထပ်ထားတဲ့ သူမဆီကနေ အတူတူပေါင်းသင်းခွင့်ရဖို့ နေနေသာသာ သူမနဲ့ အဆင်ပြေသော ဆက်ဆံရေးတစ်ခု ဖြစ်လာအောင် ကြိုးပမ်းနေရတာဖြစ်၏။ အံ့ခန်းနဲ့ အဆင်ပြေချင်ပါတယ်ဆိုမှ အနှောင့်က ဝင်လာပြန်သေးသည်။ မနေ့က သူ့ဘော်ဒါ ကျော်ထိုက်လင်းက နောက်ရှော်တီနဲ့ Junction Square မှာ ဖလန်းဖလန်း လုပ်နေစဉ်မှာ ဒီကောင် နံပါတ်ဝမ်း တစ်ဂဏန်းတစ် my first love အချစ်ဆိုပြီး အာဖျံကွီးလုပ်ထားသော မဒီနဲ့ တည့်တည့်ကြီး သွားဆုံကာ ရှော့ခ်တွေက တဖြန်းဖြန်း ထကုန်တာကြောင့် ကျော်ထိုက်နဲ့ လိုက်လာမိခဲ့တဲ့ သူကပဲ ဝင်ဖျန်ဖြေရတော့တာဖြစ်၏။





ကောင်မလေးကို သူ့ကားဆီသို့ ခေါ်သွားကာ ကောင်မလေးကို နှစ်သိမ့်ပေးရ၊ ရှင်းပြပေးရနဲ့ သူလည်း တရှုံ့ရှုံ့ cry နေတဲ့ ကောင်မလေးကိုကြည့်ကာ လေနေတုန်း အံ့ခန်းနဲ့ မမျှော်လင့်ဘဲ တည့်တည့်ကြီးကို တိုးတာဖြစ်လေတော့သည်။

အံ့မခန်းရေ လို့သာ အော်ခေါ်နိုင်ခဲ့ပြီး ဘာမှကို ရှင်းပြခွင့် မရှိတာကြောင့် သူ့မှာ အရမ်းကို ပူလောင်ယောက်ယက်ခတ်နေရပါသည်။

အနာဂတ်မှာ သေချာတဲ့ချစ်ခြင်း ပေါင်းဆုံခြင်းတစ်ခုရဖို့အတွက် ကြိုးစားနေဆဲ ကာလတွေမှာ သူဟာ ရည်မှန်းချက်ကို ဘယ်လိုမှ အပျက်မခံနိုင်ပါ။ နှစ်သက်သည် ဖွဲကောင်းကောင်းဖြင့် ထိုင်စောင့်နေလျှင်တော့ ရုတ်နာရီခွဲလောက်မှာ သူချစ်ရသော ကောင်မလေးသည် စက်ဘီးကလေးကိုနင်းကာ ထွက်လာပါသည်။

ဟာ ... romance ပဲကွာ။ အံ့ခန်းကို အခုလိုပုံမျိုးလေး မြင်ရလိမ့်မယ်လို့ ထင်မထားပေ။ သူ့ရှေ့ကနေ အဖြတ်မှာတော့ နှစ်သက်က လေလေးတစ်ချက် ချွန်လိုက်ကာ သူမကို နှုတ်ဆက်လိုက်သည်။

"ဟိတ် ... အံ့မခန်း"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခေါသံကြောင့် သူမက ဘေးကိုငဲ့ကြည့်သည်။ သူ့ကိုမြင်သွားရင် အံ့သြသွားရုံတင်မက ရင်ခုန်စေသော တောက်တစ်ချက်ကို ခပ်ဆောင့်ဆောင့်ခေါက်ကာ လေဟုန်ကိုခွင်း၍ စက်ဘီးဆက်နင်းသွားလေတော့သည်။

ဘယ်ရမလဲ ... သူကလည်း နှစ်သက်အေးချမ်းပဲဟာ။ နှစ်သက်သည် ဆိုက်ကားဂိတ်ကို အပြေးသွားကာ ခုနက သူ့ကိုလာမေးတဲ့ အစ်ကိုကြီးကိုပဲ ပြောရင်းက ဆိုက်ကားပေါ် တက်ထိုင်လိုက်သည်။

"ကဲ ... နောင်ကြီး၊ လုံးဝအားကိုးတယ်နော်။ အုံ့မခန်းနောက်ကို မီအောင် နင်းပေးပေတော့။ ကြိုက်သလောက်တောင်းဗျာ အဟဲ ... စပါယ်ရှယ် ကျေးဇူးဆပ်မယ်"

"စိတ်ချ ... လုံးဝကို လန်းသွားစေရမယ်"

ဆိုက်ကားဘိုးတော်က သူ့ကို တင်နင်းကာ အုံ့ခန်းရဲ့ဘီးဆီ အမီလိုက်လေတော့သည်။ ဘယ်လောက်မှ မကြာသော အချိန်အတွင်းမှာတော့ သူ့ရဲ့ဆိုက်ကားဟာ အုံ့ခန်းရဲ့စက်ဘီးနှင့် တူယှဉ်တွဲဖြစ်သွားလေချေ၏။ သူဟာ ဆိုက်ကားရဲ့ဘဲလ်ကို လှမ်းတီးကာ ...

"အုံ့မခန်း ... ကိုယ် ပြောပြတာလေးကို စက်ဘီးနင်းရင်းက နားထောင်ပေးပါကွာ"





သူ့စကားကြောင့် အုံ့မခန်းက သူ့ကိုကြည့်လေလျှင် ဆိုက်ကားပေါ်မှာ မိန့်မိန့်ကြီးထိုင်ကာ ရှင်းပြတော့မယ့် သူ့ပုံစံကို အတော်ကြီး အံ့အားသင့်သွားပုံ ရပါသည်။ ပြီးတော့ စက်ဘီးကို ဆက်အရှိန်မြှင့်နင်းရင်းက ...

"ဟဲ့ ... သွားစမ်း နှစ်သက်အေးချမ်း။ နင် ဘာလာရှုပ်တာလဲ။ နင်ပြောတာကိုလည်း ဘာမှနားထောင်စရာမရှိဘူး။ ကိုယ့်လမ်းကိုယ်သွား"

"ဟား ... ဒါ ကိုယ့်လမ်းအတိုင်း ကိုယ်သွားနေတာပဲဟာကို။ ကိုယ်ကလည်း ဆိုက်ကားစီးလာတာ သွားစရာရှိလို့ပေါ့ကွ"

"တောက်"

သူ့ဘေးနားမှာ ဆိုက်ကားဆရာ ရှိနေတာကြောင့် အုံ့ခန်းက အကြီးအကျယ် ပေါက်ကွဲတော့မည့် ဒေါသတွေကို အတော်ကြီး ထိန်းချုပ်ထားပုံရပါသည်။ ဟား ... အဲဒါ အခွင့်အရေးပဲ။ နှစ်သက်သည် ကားရှင်း လူရှင်း ဒီလမ်းမလေးထဲမှာ စက်ဘီးနဲ့ ဆိုက်ကား ဖူးစာကို စဉ်းစားမိရင်း ရင်ခုန်လာပါသည်။

"စိတ်တွေအရမ်းမဆိုးပါနဲ့ကွာ။ စက်ဘီးလည်း ခွတ်နင်းမနေနဲ့။ တော်ကြာ မင်းအရမ်းမောနေပါလိမ့်မယ် အုံ့မခန်းရယ်။ ကိုယ် အခုလိုလုပ်တာ အုံ့ခန်းကို ပြောစရာရှိနေလို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ကောင်မလေးက ကိုယ့်သူငယ်ချင်း ကျော်ထိုက်လင်းရဲ့ ရည်းစားပါကွာ။ သူတို့ကျိုင်ကြောင့် ကိုယ်က အဲဒီကောင်မလေးကို နားလည်အောင် ကူညီပြီး ရှင်းပြရတာပါ။ အဲဒီကောင်မလေးက ကိုယ်နဲ့ဘာမှမဆိုင်ပါဘူး အံ့မခန်းရာ။ ကိုယ်ပြောတာကို ယုံပါနော်"

"အာ ... ဘာတွေ လာပြောနေတာလဲ။ ရှင် အရှက်မရှိဘူးလား"

"ဘာရှက်စရာရှိလို့လဲ။ ကိုယ် အဲဒါ အမှန်အတိုင်းပြောတာ ယုံ။ အဲဒါ ကိုယ့်သူငယ်ချင်းရဲ့ကောင်မလေးပါကွာ။ ကိုယ်နဲ့ ဘယ်လိုမှ မပတ်သက်တာ အမှန်ပါ"

အံ့မခန်းက သူပြောတာကို အဖက်မလုပ်ဘဲ ရှေ့ကိုပဲကြည့်၍ စက်ဘီးနင်းနေတာကိုပဲ သူ့မှာ အသည်းတယားယားဖြစ်ရသည်။ အံ့ခန်းရဲ့ပုံကြည့်ရတာ ဘာမှ စိတ်ဝင်စားတဲ့ပုံမပေါ်သလို သူ အခုရှင်းပြနေတာကိုလည်း ယုံကြည်ဟန်မပြပါ။ ကွာ ...။

"အံ့မခန်း ... တစ်ခုခု ပြောပါဦးကွာ"

"အေး ... ပြောရရင်တော့ ရှင် အမြန်ဆုံးလစ်တော့။ ရှင်မသွားဘူးဆိုရင်တော့ ကျွန်မ ကားလမ်းမကြီးဆီ ဦးတည်ရလိမ့်မယ်"





"ဟာ ... ဟော့ ... အဲဒီလို မလုပ်ရဘူးလေ"

"ညီလေး ... အခြေအနေက သိပ်မကောင်းဘူးနော်။ တော်ကြာ ကိုယ် အမှုပတ်နေလိမ့်မယ်။ ဆက်ပြီးလိုက်မပို့နိုင်တော့ဘူး"

နှစ်သက်က ကျစ်ခနဲ စုပ်သပ်လိုက်ကာ ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ...

"ကောင်းပြီ ... အံ့မခန်း။ မင်း အလိုရှိရာကို ဘေးအန္တရာယ်ကင်းကင်းနဲ့ စိတ်ချမ်းသာစွာ သွားပါ။ ကိုယ်မနှောင့်ယှက်တော့ပါဘူး။ ဒါပေမဲ့ ကိုယ်ပြောတာတွေကိုတော့ ယုံပေးပါ။ ဆိုက်ကား အစ်ကို ရပ်လိုက်တော့ခင်ဗျ"

ဆိုက်ကားက ကျွီခနဲရပ်လို့ သွားလေသည်။ အံ့ခန်းသည် သူ့ကို တစ်ချက်တောင် လှည့်လို့မကြည့်ပါဘဲ ခပ်သွက်သွက်နင်း၍ ထွက်သွားလေတော့သည်။ သူက အံ့ခန်းရဲ့ကျောပြင်ကို ခပ်ငေးငေးကြည့်ကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း သူ ဆိုက်ကားပေါ်ကနေ ဆင်းလိုက်သည်။ ပြီးတော့ တစ်ထောင်တန်သုံးရွက် ဆွဲထုတ်လိုက်ကာ ဆိုက်ကားဆရာကို ပေးလိုက်သည်။

"ညီလေး ... များနေတယ်ကွ။ တစ်ထောင်ပဲပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ယူထားလိုက်ပါဗျာ။ ကျွန်တော့်စေတနာကို အသိအမှတ်ပြုပါ။ ကဲ ... ကျွန်တော် သွားပြီ"

"မင်းကို ဘယ်လိုက်ပို့ပေးရမလဲ။ ကိုယ်လိုက်ပို့ပေးမယ်လေ"

နှစ်သက်သည် လက်အသာကာပြ၍ ထွက်လာခဲ့တော့သည်။ လေးကန်သော ခြေလှမ်းတို့ဖြင့် သူဟာ တစ်စုံတစ်ခုကို သေချာစဉ်းစားရင်း ဘာလိုနေလဲ ဆိုတာကို တွေးနေမိတော့သည်။

စွမ်းအံ့မခန်းကိုပိုင်ထားပြီး မဆိုင်ရတာဟာ အရမ်းကြေကွဲရသော ခံစားမှုကို ဖြစ်စေပါသည်။


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်

မယ်မင်းဘုံ

အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Maeminbon"






၁၀

"အံ့ခန်း ... ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်။ ကျွန်တော် ဉာဏ်ထူးလေ"

အံ့ခန်းက တပ်ထားသောမျက်မှန်ကို ကျော်၍ကြည့်လိုက်ကာ memory ကိုပြန်ပြီး recall ခေါ်ရလေသည်။ မျက်ခုံးထူထူ နှာတံပေါ်ပေါ် အရပ်မြင့်မြင့်နှင့် တည်ကြည်သောပုံစံရှိသည့် ဒီလူကို မြင်ဖူးပါတယ်။ ဪ ... သိပြီ။ မနေ့က မခန်းတို့စုံတွဲနဲ့ အတူတူပြန်လာတဲ့ မခန်းရဲ့သူငယ်ချင်း။

"ဟုတ်ကဲ့ ... မှတ်မိပါတယ်"

"အဟား ... ဝမ်းသာလိုက်တာဗျာ။ အံ့ခန်း shopping လာတာပေါ့။ တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... အံ့ခန်းက စကားနည်းတယ်နော်။ ဟို ... ကျွန်တော့်ကို အံ့ခန်းနဲ့ ခင်မင်ခွင့်ပေးပါလားဟင်"

အမယ်လေး ... ဟဲ့၊ ကိုဇွတ်နဲ့ လာတွေ့နေသေးတယ်။ အံ့ခန်းက တစ်ယောက်တည်းလည်း ငေါင်နေတာမို့ သူ့ကိုခေါင်း တစ်ချက်ညိတ်လိုက်ကာ ...

"ရပါတယ်။ ခင်မင်တယ်ဆိုတာ ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ။ တစ်ယောက်နဲ့တစ်ယောက် ရိုးသားရင် ခင်မင်လို့ ရပါတယ်"

သူ့ကို ရှုတည်တည်ဒီဇိုင်းဖြင့် ပြောလိုက်လျှင် သူက သူခိုးလူမိဒီဇိုင်း ဖြစ်သွားကာ ရှက်ရယ် တစ်ချက်ရယ်လိုက်ပြီး ...

"အဟဲ ... ရပါတယ်။ လောလောဆယ် ခင်မင်ခွင့်ပေးတာလေးကိုပဲ ကျေးဇူးအရမ်းတင်လှပါပြီ။ ဟို ... ခင်မင်တဲ့ အနေနဲ့ တစ်ခုခုလိုက်စားပါလား။ ကျွန်တော် ဒကာခံပါရစေ"

"အင်း ... အင်္ဂလန်ပြန်လည်း ဒီတက်ကနစ်ပဲ သုံးတတ်တာပေါ့နော်။ အဟက် ... ကဲ ... ပြောစမ်းပါဦး။ ကျွန်မရှင်နဲ့အတူတူ တစ်ခုခု လိုက်စားလိမ့်မယ်လို့ ထင်သလား"

အံ့မခန်းရဲ့အမေးကို သူက ပြုံးရင်းက ပခုံးတစ်ချက်တွန့်လိုက်ကာ ...





"ကျွန်တော် မခန့်မှန်းရဲဘူးခင်ဗျ။ အံ့ခန်းရဲ့ဆုံးဖြတ်ပေးမှုကိုပဲ စောင့်နေချင်တာပါ"

"မဆိုးပါဘူး။ ကဲပါ ... ဒီတစ်ခါတော့ လိုက်မစားတော့ပါဘူး။ နောက်ကြုံမှပဲပေါ့နော်။ အခုတော့ ကျွန်မသွားလိုက်ပါဦးမယ် ကိုဉာဏ်ထူး"

အံ့ခန်းက သူ့ကိုနှုတ်ဆက်ကာ ထွက်လာခဲ့လျှင် သူမပါ အံ့ခန်းဘေးက လျှောက်လာတာကြောင့် အံ့မခန်းက သူ့ကို တစ်ချက်စောင်းကြည့်၍ ...

"ဟင် ... ဘာပြောဖို့ ကျန်သေးလို့လဲ"

"အံ့ခန်းကို စကားတွေအများကြီး ပြောချင်သေးတယ်။ ဒါပေမဲ့ အခုလောလောဆယ် အံ့ခန်းက အချိန်မပေးတဲ့ အတွက် နည်းနည်းလေးတော့ ပြောပါရစေ ...

ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောရတာကို ပိုသဘောကျတယ်။ အံ့ခန်းကို ဒီတစ်ကြိမ်ပါနဲ့ဆို ကျွန်တော်သုံးကြိမ်တိတိမြင်ဖူးပြီးသွားပြီ။ ပထမဆုံး မခန်းဆီက အံ့ခန်းရဲ့ဓာတ်ပုံကို တွေ့ဖူးတယ်။ ပြီးတော့ ဒုတိယအကြိမ် မနေ့က လေဆိပ်မှာ လူချင်းတွေ့ဖူးတယ်။ အခု တတိယအကြိမ် မမျှော်လင့်ဘဲ ဒီမှာဆုံတယ် ...



www.burmeseclassic.com

www.burmeseclassic.com



စကားလေးတစ်ခွန်း ရှိတယ်ဗျ။ သုံးကြိမ်ဆုံရင် ဖူးစာတဲ့။ ကျွန်တော် အရမ်းဝမ်းသာသွားတယ်။ အံ့ခန်းကိုမြင်ရတာ ကျွန်တော့်ရင်ထဲမှာ ပြောလို့မရအောင်ကို ရင်းနှီးနေတယ်”

“ကိုဉာဏ်ထူး ... ရှင်နဲ့ခင်တာ မိနစ်ပိုင်းပဲရှိသေးတယ်နော်။ မခန်းကိုတော့ အားနာသင့်တာပေါ့။ ကဲ ... ကဲ ... သွားလိုက်ပါဦးမယ်နော်”

အံ့ခန်းက ထွက်သွားလိုက်လျှင် သူတစ်ယောက်တော့ အံ့ခန်းကို ပြုံးပြီးကြည့်နေလိမ့်မည်ဟု ထင်ပါသည်။ ဟွန်း ... ယောကျ်ားတွေ အားလုံးကို တစ်ပုံစံတည်းချည်းပဲ။

“အံ့မခန်း ... နင်ကသိပ်စွံနေပါလား။ ဘာလဲ ... ယောကျ်ားတွေကို နင့်လက်ခုပ်ထဲကရေလို့ အောက်မေ့နေတာလား”

ဒေါက်ဖိနပ်သံ တဖြောက်ဖြောက်နှင့် အံ့ခန်းဆီကို မော်ချီနေသော မျက်နှာထားဖြင့် လျှောက်လာသော သုသုကို စေ့စေ့ကြည့်ကာ ဟူးခနဲ လေပူမှုတ်ထုတ်လိုက်သည်။ ဒီမိန်းမစကားတွေ သိပ်လွန်နေပြီ။

“အံ့မခန်း ... တို့ တွေ့ကြပြန်ပြီနော်။ မမျှော်လင့်ဘဲ မင်းရဲ့စွံတာတွေကို မြင်လိုက်ရတော့ congratulate လာလုပ်တာပါ”





“သုသု ... အေးဆေးနေရင် ကောင်းမယ်ဟာ။ နင့်စကားတွေက အရမ်းဘောင်ကတ်နေပြီ။ အများသူငှာလာတဲ့ ပလာဇာလိုနေရာမျိုးမှာ ယောကျ်ားတစ်ယောက်နဲ့ စကားပြောနေတဲ့အဖြစ်က တော်တော်များ ထင်ချင်စရာဖြစ်သွားလို့လား”

“မဖြစ်ပါဘူး။ ဒီအကွက်လောက်က စွမ်းအံ့မခန်းရဲ့ရေဘူးဖွင့်လိုက်တဲ့ အဆင့်လောက်ပဲ ရှိတယ်ဆိုတာ သိပါတယ်။ ရှေ့မှာ သာဓကရှိထားပြီးသားပဲ”

“သုသု ... နင်နဲ့ ငါ စကားအေးဆေးပြောမှ ဖြစ်လိမ့်မယ်။ နင် ငါ့ကို အဲဒီလောက် မစော်ကားနဲ့ဟဲ့။ လာ ... ငါနဲ့လိုက်ခဲ့”

အံ့ခန်းက သုသုရဲ့လက်ကို ဆောင့်ခနဲ ဆွဲခေါ်လာခဲ့ကာ ကားဆီသွားလိုက်သည်။ ပြီးတော့ လက်တစ်ဖက်ကလည်း ဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို နှိပ်ခေါ်လိုက်၏။ တစ်ဖက်က ချက်ချင်းပင် ဖုန်းကိုင်လေသည်။

“ဟယ်လို ... အံ့ခန်း၊ ကိုယ့်ဆီ ဖုန်းဆက်တယ်”

“ဒီမှာ ... အခုချက်ချင်း(...)ထဲကို လိုက်လာခဲ့။ အပြတ်ရှင်းစရာရှိတယ်။ ဒါပဲ”

အံ့ခန်းက ဖုန်းပိတ်လိုက်ကာ မျက်နှာကို သုသုဘက်လှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါနဲ့ခဏလိုက်ခဲ့ပေးပါ။ ဒီပွဲမှာ မျက်နှာစုံညီရှင်းလိုက်တာက ပိုကောင်းပါမယ်။ ငါ့ကို နင် ထိုးနှက်နေတဲ့ စကားလုံးတွေကို ငါ မခံစားနိုင်တော့ဘူး သုသု။ အဲဒီတော့ တို့သုံးယောက် ဆုံလိုက်တာပေါ့"

"ဘာမှမဆုံဘူး။ ငါ နှစ်သက်အေးချမ်းကို မမြင်ချင်ဘူး။ ပြီးတော့ နင်တို့က အနိုင်ရထားတဲ့သူတွေ။ ငါက ဘာကို ရှင်းရမှာလဲ။ အားလုံးက ပွဲပြီးသွားပြီ"

လာပြီး အရစ်ကြီး ရစ်နေသော သုသုကို သည်းခံနိုင်တဲ့ စွမ်းအားတာက လွန်သွားချေပြီ။ သုသုဘက်က ရပါက်ကွဲတာကို အတိုင်းအတာတစ်ခုထိ လက်ခံပေးလို့ ရပေမယ့် တစ်ချိန်လုံးကြီး ဒါဟာ ပြစ်မှုတစ်ခုလို ဖြစ်လာတာကိုတော့ ခံစားပေးလို့ မရချေ။

အံ့ခန်းနဲ့ နှစ်သက်အေးချမ်းက ချစ်ခဲ့လို့ယူခဲ့တာလည်း မဟုတ်တဲ့အတွက် ကိုယ့်ကို သစ္စာဖောက်လို့ တစ်ချိန်လုံး အစွပ်စွဲခံနေရသောအခါ ဒါကို အရှက်ကြီးရှက်ပြီး နှစ်သက်အေးချမ်းကို ပိုပြီးတော့တောင် ခါးသီးပါသေးသည်။

"နင် ဘာဖြစ်ချင်တာလဲ သုသု။ ဘယ်သူကကော နိုင်နေလို့လဲ။ ငါ ဘာလို့ သူ့ကိုလက်ထပ်ရတယ်ဆိုတာကို ရှင်းပြပါရစေဆိုတော့လည်း နင်ကလက်မခံဘူး။ ဒီမှာ သုသု၊





သူနဲ့ငါက တရားသူကြီးရှေ့မှာ မှတ်ပုံတင်ထားတာကလွဲပြီး ဘာမှမသက်ဆိုင်ဘူးလို့ ငါပြောပြီးပြီ။ အဲဒီတော့ နင်ဖြစ်ချင်တာကိုသာပြောလိုက်"

"ဘာလဲ ... နင်က ငါ့ကို ဘယ်လိုများ ထင်နေလို့လဲ။ နင့်ဆီကနေ နှစ်သက်ကို ဆွဲထုတ်သွားလိမ့်မယ်လို့ ထင်နေတာလား။ ဟား ဟား ... စိတ်ချ။ နင့်ကို ငါက စကားတွေပဲ ပြောချင်တာ ...

ဟွန်း ... ဒီနေ့ နင် တော်တော် စိတ်နောက်သွားရပြီဆိုတော့ ငါ ကျေနပ်ပြီ။ ဘာမှ မျက်နှာဆုံပြီးရှင်းနေဖို့ မလိုဘူး။ ငါ သွားပြီ bye"

အံ့ခန်းကို အနိုင်နဲ့ပိုင်း ထွက်သွားလေသော သုသုရဲ့လက်တစ်ဖက်ကို လှမ်းဆွဲကာ ...

"ဟဲ့ ... သုသု၊ နင် ပြောချင်ရာပြောပြီး ဒီလိုထွက်သွားလို့မရဘူး။ နင်ဘာသာ နှစ်သက်အေးချမ်းကို ယူယူ၊မယူယူ ငါ စိတ်မဝင်စားဘူး။ ငါစိတ်ဝင်စားတာက နင့်အတွေးတွေ အကြံတွေထဲမှာ ငါတို့ကိစ္စကို လူကြီးတွေဆီ ဖွင့်ပြောမယ်ဆိုရင် တစ်ခါတည်းသာ မောင်းထုတ်လိုက်ပါ။ အဓိက, က ဘယ်တော့မှ ငါတို့ကိစ္စကို တခြားလူမသိစေရဘူး သုသု။ နင့်ကို ငါ request လုပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



အုံ့ခန်း စကားကြောင့် သုသုက အုံ့ခန်းရဲ့မျက်လုံးတွေကို စူးစူးစိုက်စိုက်ကြည့်ကာ ဟက်ခနဲ တစ်ချက်ရယ်၍ ...

"request မလုပ်နဲ့ အုံ့ခန်း၊ နင်က စနက်တံကို မီးရှို့ထားပြီးကာမှ အုံးခနဲပေါက်သွားတဲ့အသံကို မကြားရဲဘူးတဲ့လား။ ဟား ဟား ... နင့်ကို ငါ စစ်ကြေညာထားပြီးသားနော်။ ငါ ငြိမ်နေလို့ နင် အဟုတ်ကြီး ထင်မနေနဲ့။ နင်မသိစေချင်တဲ့ကိစ္စကို ဘာစ်လောကလုံးသိအောင် ငါလုပ်ပြမှာ အုံ့ခန်း ...

Good Luck"

အုံ့ခန်းရဲ့လက်ကို ဖြုတ်ချလိုက်ကာ လှည့်ထွက်သွားလေသော သုသုကို တကယ်ပဲ စိတ်ပျက်ရလေသည်။ ဒီကိစ္စကို ဘယ်သူမှ အသိမခံနိုင်ဘူး။

"သုသု ... နင် ငါနဲ့လိုက်ခဲ့လေဟာ"

သုသုက လှည့်တောင်မကြည့်ဘဲ အုံ့ခန်းကို လက်တစ်ဖက်ထောင်ပြကာ ကျောခိုင်းအနေအထားဖြင့် ပြောလေသည်။

"မလိုက်ပါဘူး။ နင်သာ သူနဲ့အရင်ညှိလိုက်ဦး။ ငါ့ရဲ့ကြေညာချက်မဖြစ်အောင် အခုချိန်မှာ နင်နဲ့ သူက ကျောချင်းကပ်ထားပြီး ငါ့ကိုရင်ဆိုင်ဖို့ အဆင်သင့်ပြင်ထားရမယ်ဆိုတာ သဘောပေါက်။ ဘိုင်ဘိုင့်"





"ဟဲ့ ... သုသု"

သုသုက တစ်ချက်ကလေးမှပင် လှည့်မကြည့်ဘဲ ရှေ့သို့သာ ဆက်လက်ချီလို့ သွားချေပြီ။ မြင်ကွင်းထဲမှာ သုသုရဲ့ ပုံရိပ်တွေ ကွယ်ပျောက်သွားသည်အထိ အုံ့ခန်းက ငေးကြည့်နေမိပြီးနောက်မှာ တောက်တစ်ချက် ခတ်လိုက်လေသည်။ အရမ်းအရမ်းကို မုန်းစရာကောင်းလိုက်တာ။

လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့ဖုန်းက ring မြည်လာလို့ နံပါတ်ကိုကြည့်လိုက်လျှင်တော့ ဟိုမုန်းစရာလူဆီကဖုန်း ဖြစ်လို့နေသည်။

"ပြော ... ဘာလဲ"

"အုံ့ခန်း ... ကိုယ်ရောက်နေပြီ။ အုံ့ခန်း ဘယ်နားမှာလဲ"

အစကတော့ မသွားတော့ဘူးလို့ စဉ်းစားထားတာဖြစ်သည်။ ပြီးတော့မှ သူ့ကို ဒဲ့ရှင်းချင်တာကြောင့် သွားဖို့ဆုံးဖြတ်လိုက်တော့သည်။

"Signature ရဲ့ Garden bristo မှာ စောင့်နေမယ်။ ငါလာခဲ့မယ်"

"အိုကေ ... မလာမချင်း စောင့်နေပါ့မယ် အုံ့မခန်း"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အံ့ခန်းက ဖုန်းပိတ်လိုက်ကာ ချက်ချင်းပင် သူရှိနေရာကို သွားလိုက်တော့သည်။ အံ့ခန်း အဲဒီကိုရောက်လျှင် သူက ကော်ဖီတစ်ခွက် မှာသောက်နေပြီး ipad သုံးနေပါသည်။ သူ့ကြည့်ရတာ တော်တော် ဝမ်းသာရွှင်လန်းနေပုံရပါသည်။ သံပရာသီးအစွဲရောင် V ရှိပ် ဘော်ဒီဖစ်တီရှပ်ကျပ်ကျပ်ကို ဘာဂျာအိတ်တွေများစွာပါတဲ့ စတိုင်လ်ဘောင်းဘီအနက်ကို ဝတ်ဆင်ထားကာ ခုံမှာ ခပ်လျော့လျော့ ထိုင်နေဟန်ဟာ အံ့ခန်းအတွက်တော့ မျက်စောင်းထိုးချင်စရာ ဖြစ်လေသည်။ အံ့ခန်းသည် သူ့ရှေ့သို့လျှောက်လာကာ ဝုန်းခနဲ ခုံမှာထိုင်ချလိုက်လျှင် သူက အံ့အားတသင့်ဖြင့် သူ့ရဲ့ ipad ကို စားပွဲပေါ်မှာ အသာတင်ကာ ကိုယ်ကိုမတ်မတ်ပြန်ထိုင်၍ ...

"အံ့ခန်း ... ဘာစားမလဲ"

"စားဖို့ သောက်ဖို့အတွက် ရှင်နဲ့ချိန်းတာ မဟုတ်ဘူး။ ပြောစရာရှိလို့။ ရှင် ကျွန်မကို ကွာရှင်းပေးပါ"

"ဘာ"

သူက မတ်မတ်ထိုင်နေရာမှ ကိုယ်ကိုတစ်ချက်ကိုင်းလိုက်ကာ ခေါင်းကိုငဲ့စောင်း၍ အံ့ခန်းကို စိုက်ကြည့်ကာ ...

"အံ့မခန်း ... ဘယ်လိုဖြစ်တယ်။ say again"

"ကွာရှင်းခိုင်းနေတာ။ နင့်ကို ကွာရှင်းခိုင်းနေတာ"





"OH my god ! ၊ ကိုယ် ဘာများ အမှားလုပ်မိလို့လဲ အံ့မခန်းရယ်။ မင်းနဲ့ ကိုယ်က လက်ထပ်ထားတယ်ဆိုတဲ့ အကန့်လေးပဲ ရှိတာပါ။ ပြီးတော့ ကိုယ် မင်းကို သစ္စာရှိတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ။ မင်း ဖြစ်စေချင်တဲ့အတိုင်း ကိုယ်တို့ကိစ္စကို ဘယ်သူ့မှလဲ အသိမခံဘူး။ မင်းနဲ့လည်း အတင်းကာရောကြီး ပတ်ပတ်သက်သက် အရောတဝင်မနေခဲ့ဘူး။ ကိုယ်နဲ့ မင်း လက်ထပ်လိုက်ရတယ်ဆိုပေမယ့် မင်းဟာ အရင်အတိုင်း ဘာမှမပြောင်းလဲဘူးလေ။ မင်းကို ဘောင်ခတ်ထားရတာဟာ မင်း အချစ်ကို သေချာပိုင်ဆိုင်ချင်တဲ့စိတ်ကြောင့်ပါလို့ ပြောထားပြီးပြီ အံ့ခန်းရယ်။ ကိုယ် မင်းကို မစွန့်လွှတ်ပါရစေနဲ့"

အံ့ခန်းက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်သည်။ တောက် ... အလကားယောကျ်ား၊ အသုံးမကျတဲ့ယောကျ်ား။ အံ့ခန်း အချစ်ကို သေချာပိုင်ဆိုင်ချင်လို့ အပိုင်ချုပ်ထားတာတဲ့။ အံ့ခန်းသည် သူ့မျက်နှာကို ကော်ဖီခွက်နဲ့ မပက်မိအောင် အထူးကို အောင့်အည်းထိန်းချုပ်ထားရလေသည်။

"နင့်ကိုလေ ငါ အသေမုန်းတယ် သိလား နှစ်သက်အေးချမ်း။ စကတည်းကကို ငါ့အတွက် ကောင်းကျိုးမပေးတဲ့ကောင်။ အခု ဘာတွေဖြစ်ကုန်ပြီလဲ နင် သိလား။ သူသူက နင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိစ္စကို သိနေတယ်။ ငါတို့ကိစ္စကို အားလုံးသိအောင် သူက လုပ်ပစ်တော့မှာ။ နင့်ကြောင့်။ နင် သူ့ကိုရအောင် တားပေး"

"ဟား ... သုသု သိသွားတာ ကိုယ်လုပ်တာမှ မဟုတ်တာ ကွာ။ ပြီးတော့ အမှန်တရားကို ကိုယ်က ဘာသွားတားလို့ ရမှာလဲ။ မင်း ဘာအစီအစဉ်ရှိလို့လဲ"

"အဲဒါကြောင့်မို့ ငါနဲ့နင် ကွာရှင်းကြရအောင်လို့ ပြောတာပေါ့။ နင်နဲ့ငါသာ ဘာမှမဆိုင်ဘူးဆိုရင် သုသုက လူကြီးတွေကို ဘယ်လိုမှ ပြောလို့ရတော့မှာ မဟုတ်ဘူးလေ။ ငါတို့ကိစ္စကို တော်တော်တို့သိလို့ မဖြစ်ဘူး။ ငါ့ကိုကွာရှင်းပေးပါ"

အံ့ခန်းကို ဘာမှမပြောသေးဘဲ ရီဝေဝေ ငေးကြည့်ကာ တစ်စုံတစ်ခုကို ပြောဖို့ရာ စကားလုံးတွေစီနေဟန်တူသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ အပြတ်ဖြတ်လိုက်တော့မည်။ အံ့ခန်းတို့ကိစ္စက ဇာတ်မျောကြီး ဖြစ်နေတာဟာ အရမ်းကိုမုန်းဖို့ကောင်းလေသည်။

"မင်းရဲ့တော်တော်က အခုချိန်မှာ ကိုယ့်အမေပါပဲ အံ့ခန်း။ သူတို့ကို လုံးဝအသိမခံနိုင်ဘူးဆိုလို့ ကိုယ်မပြောဘူး။ ကိုယ့်ဘဝမှာ ရည်းစားတွေ အများကြီးထားဖူးခဲ့ပါတယ်။





အားလုံးကို ချစ်တာပါပဲ။ ဒါပေမဲ့ မင်းလောက် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး ...

သုသုနဲ့ ချိန်းထားခဲ့တဲ့ valentine day မှာ မင်းကို စတွေ့ခဲ့တယ်။ မင်းက ထူးထူးဆန်းဆန်း ပုံစံလေးနဲ့ ကိုယ့်ဘဝထဲကို ဝင်လာခဲ့တဲ့သူပါ အံ့ခန်း ...

မင်းနဲ့ကိုယ်က အဖေတို့ကိစ္စကြောင့် ကတောက်ကဆတွေ ဖြစ်ခဲ့ရတာ။ အဲဒါကြောင့် ကိုယ် တောင်းပန်ပါတယ် အံ့ခန်း။ မင်းနဲ့ ပျော်ရွှင်တဲ့ အနာဂတ်တစ်ခုကို ဖန်တီးနိုင်ဖို့ ကြိုးစားခွင့်ပေးပါ"

"ဟား ... လွဲတယ်ကွာ။ ဟဲ့ ... ဒီမှာ ငါပြောပြမယ်။ နင်နဲ့ ငါ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဘယ်တော့မှလဲ မညားစေရဘူးဟာ။ ငါ တစ်ချိန်မှာ လက်ထပ်ရမယ့်သူဟာ နင်လုံးဝမဖြစ်စေရဘူး။ ငါ့ဘက်က သေချာတယ်"

သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက်မှာ အေးနေပြီဖြစ်တဲ့ ကော်ဖီတစ်ငုံကို သောက်လိုက်လေသည်။ ပြီးတော့ ထိုင်နေရာက ထရပ်ကာ လမ်းလျှောက်ရင်းက အံ့ခန်းဘက်ကို သတ်ခနဲ လှည့်ကြည့်ပြီး ...

"ဒီမှာ အံ့မခန်း။ မင်းဘာသာမင်း ကြိုက်သလိုမုန်း။ ကိုယ်ကတော့ လက်မထပ်ချင်တဲ့ မင်းကို လက်ထပ်ခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူအဖြစ်နဲ့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတာမှ အရမ်း အရမ်းပဲ။ မင်းဘက်က ဒီလောက်ကြီး ခါးနေမှတော့ ကိုယ်လည်း မင်းကို လုံးဝအလျှော့မပေးတော့ဘူး”

“ဘာ”

အံ့ခန်းက ဒေါသတကြီး မတ်တတ်ထရပ်ကာ သူ့နဲ့ တည့်တည့် မျက်နှာချင်းဆိုင်ပစ်လိုက်သည်။ ဖြစ်နိုင်ရင် သူ့ရဲ့ ပြုံးထေ့ထေ့ စိုက်ကြည့်နေတဲ့ ပုံစံကြီးကို မုန်းလွန်းလို့ အဲဒီမျက်နှာ ကြီးကို တစစီကုတ်ဖဲ့ဆွဲစုတ်ပစ်ချင်စိတ် ပေါက်လေသည်။ သူ ကလည်း အဲဒီပုံစံကို သိနေတဲ့အလား သဘောတကျဖြင့် တဟား ဟား အော်ရယ်ကာ ...

“ဟိတ် ... သေချာတယ် အံ့ခန်း။ ကိုယ်လည်း မင်းကို အခု ကစပြီး အလျှော့မပေးတော့ဘူး။ ဒီနေ့ကစပြီး ကိုယ် မင်းရဲ့အချစ်ကိုရအောင် တရားဝင် ကြိုးစားတော့မယ် အံ့ခန်း ...

ကိုယ့်ဘက်က တစ်ခုကတိပေးလိုက်မယ်။ မင်းဆီ က အချစ်ကို မရသေးသရွေ့ လူကြီးတွေကို ငါ လုံးဝ ငါတို့ကိစ္စကို ဖွင့်မပြောဘူး။ ငါ ဖွင့်မပြောသရွေ့ ငါတို့ ကိစ္စကို ဘယ်သူမှ မသိစေရဘူး။ promise ။ သုသုလည်း ကိုယ်တို့ကို နှောင့်ယှက်လို့ မရဘူး။ ဘယ်သူကမှ နှောင့်





ယှက်လို့ မရစေရဘူး။ မင်းနဲ့ကိုယ် ချစ်သူတွေ ဖြစ်ကို ဖြစ်ရမယ် ...

ဘာဖြစ်လို့လဲ သိလား ? ...

ကိုယ့်ဘဝမှာ မင်းကို တကယ်ကို ထူးထူးခြားခြား ချစ်နေမိလို့ပဲ အံ့မခန်း။ မင်းကို ချစ်တဲ့စိတ်ကြောင့် အဲဒီ ညက ကိုယ် အိမ်ကိုအချိန်မီ ပြန်ပို့မပေးခဲ့တာ။ မင်းကို သိပ်ချစ်လွန်းလို့ပါ အံ့ခန်း။ မင်းကို သိပ်ချစ်လွန်းလို့ ပါ”

နှစ်သက်ရဲ့မျက်ဝန်းတွေဟာ အရမ်းကို တည်ငြိမ် လွန်းနေတာကြောင့် အံ့ခန်းဟာ ခဏတော့ ငြိမ်သက်သွားခဲ့လေ သည်။ ရည်းစားစကားအပြောခံရဖူးသော်လည်း ဒီလိုမျိုး တစ်မျိုး ကြီးဖြစ်စေသော ခံစားမှုဟာ မုန်းနေတာကြောင့်ပဲ ဖြစ်ပါလိမ့် မည်။

ဘာမှတွေဝေတုံ့ဆိုင်းမနေနဲ့ အံ့မခန်း။ အံ့ခန်းသည် မုန်းနေတဲ့စိတ်ကို သွင်းယူလိုက်ပြီး အံ့ခန်းအနား ကပ်လာတဲ့ သူ့ရဲ့ကိုယ်ကို အတင်းကြီး အားကုန်ဆောင့်တွန်းပစ်လိုက်ကာ ...

“မချစ်နဲ့ နှစ်သက်အေးချမ်း။ နင် ငါ့ကို ဒုက္ခပေးတာ။ ငါ့ဘဝကြီးတစ်ခုလုံး ကတိမ်းကပါး ဖြစ်သွားအောင် နင် လုပ်ခဲ့တာ။ နင့်ကို ငါ မုန်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နင် နင့်ကတိ နင်တည်ပါ။ သုသုသာ တစ်ခုခု လူကြီးတွေ သွားပြောလိုက်လို့ နင်နဲ့ငါ့ကိစ္စကို လူကြီးတွေ သိသွားလို့ကတော့ နင် အသေပဲ”

“စိတ်ချပါ အံ့မခန်းရယ်။ မင်းကို ချစ်တယ်ဆိုတဲ့စိတ် တစ်ခုပဲ ကိုယ်ရှိတယ်။ မင်းရဲ့အချစ်ကို ကိုယ် ရအောင် ကြိုးစားပါရစေ အံ့ခန်း”

“တောက် ... အရူး”

အံ့ခန်းကို တစ်ချိန်လုံး ချစ်တယ်လို့ ပြောနေတဲ့သူ့ကို အရမ်းမုန်းတီးရပါသည်။ အံ့ခန်းက ကြာရင် သူ့ကို တစ်ခုခု လုပ်မိတော့မှာစိုးလို့ လှည့်ထွက်လာခဲ့တော့သည်။ အံ့ခန်းကို ပြုံးရိရိငေးကြည့်နေတဲ့ နှစ်သက်အေးချမ်းကို အပြတ်ဖြတ်ကာ ဟိုးအရင်တုန်းကလို အေးချမ်းမှုလေးတစ်ခုကိုသာ ပြန်လိုချင်မိပါသည်။





“သား ... မင်း ဘာဆက်လုပ်မယ် စဉ်းစားထားသလဲ။ မင်း အခုလုပ်နေတဲ့ ရည်ရွယ်ချက်က ဘာလဲ”

ဖေဖေ့မေးခွန်းကို သူက သဘောတကျဖြင့် ရယ်လိုက်ကာ ဖေဖေ့ကို မျက်စိတစ်ဖက်မှိတ်ပြ၍ ...

“အာ ... ဖေကလည်း၊ အခုမှ tempo က တက်လာတာဗျ။ သားက တကယ်ကို ကြိုးစားနေတာ”

“အေး ... မင်းကသာ ကြိုးစားနေ၊ ဟိုကတော့ မင်းကို တစ်နေ့တခြား ခါးမှခါး ဖြစ်နေပြီနော် သား။ ချစ်တာကို မုန်းအောင်လုပ်လို့ရတယ်။ မုန်းတာကိုတော့ ချစ်အောင် ပြန်လုပ်လို့ မလွယ်ဘူး။ မင်း တည်ထားတဲ့လမ်းကြောင်းက အမုန်းဘက်ကို ချော်ထွက်နေပြီနော်။ ကြည့်လည်းလုပ်ဦး”



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်က ပြုံးနေရုံကလွဲပြီး ဘာမှမပြောဖြစ်သေး ပေ။ သူက ဖေဖေ့ကို သူ အံ့မခန်းကို မေတ္တာသက်ဝင်ချစ်ခင်နေ ပြီဆိုတဲ့အကြောင်းကို ပြောပြလိုက်သောအခါ ဖေဖေ့ဘက်က သားသဘောဆိုပြီး pass ပေးလိုက်ပြီဖြစ်၏။ အံ့ခန်းကို ပိုင်ပေ မယ့် မဆိုင်သေးတာကြောင့် သူဟာ အထူးအထူးကို လှုပ်ရှားရ ပါတော့မည်။

"တော်ဝင်က ပြောတယ်။ အငယ်မလေးတို့စုံတွဲနဲ့အတူ ပြန်လာတဲ့ ကောင်လေးက အံ့မခန်းကို စိတ်ဝင်စားနေတယ် တဲ့။ နှစ်သက် နောက်ကောက်ကျနေလိမ့်မယ်နော်။ မင်း လုပ်တဲ့ကိစ္စတွေက ဘာအဓိပ္ပာယ်ဆိုတာ ငါတော့ တကယ် နားမလည်တော့ဘူး။ ဘာလဲ ... မင်း ဘာကို target ထား နေတာလဲ သား"

"အဟား ... ဟား ... အားပုကျိရယ်။ ခေတ်ကာလသား ပျိုလေးပါဗျ။ သားက သေချာတဲ့စာချုပ်ကြီးအားကိုးပြီး အချစ် အချစ်ဆိုပြီး တောင်းနေတာ မဟုတ်ပါဘူး။ ကျွန် တော်က သေချာအောင်စရံချထားတာ ... အဟဲဟဲ"

သူ့ပုံစံကို အဖေက ကြည့်မရဟန်ဖြင့် မျက်စောင်း ကြီးထိုးကာ ...





"အေးပါ ... မင်းဇာတ် မင်းနိုင်ရင် ပြီးတာပဲ။ တော်ကြာ အဖေက ဘာမှအားမကိုးရဘူး မပြောနဲ့နော်။ မင်းကို တစ်ခါတည်း ပြောထားပြီးသား၊ စွမ်းမိုးတို့က အံ့မခန်းကို ဟိုကောင်လေးနဲ့ စီစဉ်ပေးရင် မင်း ကျန်နေမယ်နော် သား"

"စိတ်ချ ... အဖေ။ ကျွန်တော်လည်း အံ့ခန်းကို စိန်ခေါ် ပြီးသွားပြီ။ သူ့ရဲ့အချစ်ကို အမြန်ဆုံး ကျွန်တော်ရတော့ မှာ။ မကြာခင်မှာ သား တကယ်မိန်းမရပြီလို့သာ မှတ် လိုက်တော့ အဖေရေ။ ဟား ... အခုမှ သတိရတယ်။ သား အပြင်သွားလိုက်ဦးမယ်"

နှစ်သက်က ထိုင်ရာမှထလျှင် အဖေက သူ့အင်္ကျီ စဆွဲ၍ လှမ်းမေးလေသည်။

"ဟေ့ကောင် ... ဘယ်လဲကွ"

"အာ ... ဖေကလည်း။ ကျွန်တော့်မာမီမေမေက ဒီနေ့ တူမဆီသွားတယ်လေဗျာ။ အဲဒါ သား သွားကြိုမလို့။ ဖေဖေ့ကုမ္ပဏီကအပြန် သား လာကြိုမယ်လို့ တော်တော့် ကို ပြောထားတယ်"

"ဟာ ... အဲဒါဆို ငါလည်း လိုက်ခဲ့မယ်လေကွာ။ သား ရေး သမီးရေး ဆွေးနွေးခန်း သွားလုပ်မှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်တော့ very good ပေါ့ ဖေရာ။ ကဲ ... Let's go"

ဖေဖေက သူ့အလုပ်ကို အတွင်းရေးမှူးနဲ့ ထားခဲ့ကာ သူ့နောက် လိုက်လာခဲ့၏။ သူတို့ သားအဖ အဲဒီအိမ်ကိုရောက်လျှင် မျက်စိမျက်နှာပျက် ဖြစ်နေသူကတော့ အံ့ခန်းပဲ ဖြစ်လေသည်။ အေးပေါ့လေ ... မနေ့ကပဲ သူက လုံးဝအလျှော့မပေးတော့ဘူးဆိုပြီး ကြိမ်းခဲ့တာကိုး။ အဲဒီတော့ အံ့ခန်း တစ်ယောက် သွေးပျက်နေပြီပေါ့။

သူသာ ဒီကိစ္စကို အဖေနဲ့ တော်တော်သိပါတယ်ဆိုတာသာ ပြောလိုက်ရင် ချစ်ရတဲ့ အံ့မခန်းဟာ ရှက်လွန်း၍ သတ်တောင်သေသွားနိုင်သည့် သဘောမှာ ရှိလေသည်။ အဲဒါကြောင့် နှစ်သက်က twist တွေ ရိုက်နေရတာဖြစ်၏။ အဲဒီနေ့ညက အံ့ခန်းနဲ့ အတူတူရှိနေစဉ်တုန်းမှာ တဖွားဖွားပေါ်လာတဲ့ ချစ်ခြင်းတွေအတွက် သူဟာ ညတွင်းချင်းပဲ တော်တော်နှင့် အဖေ့ဆီကို ဖုန်းဆက်ခွင့်ပန်ပြီးသားဖြစ်သည်။

အဖေ့ကိစ္စနဲ့ ရောထွေးပြီး သူ့ကိုပါ မုန်းနေသည်ဖြစ်၍ အံ့ခန်း ဘယ်သူ့လက်ထဲမှ ပါမသွားအောင် သူက လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီး ဘောင်ခတ်ထားတဲ့သဘောမျိုးဖြစ်သည်။ လက်မှတ်ထိုးရတဲ့ အဓိကရည်ရွယ်ချက်ကလည်း အံ့ခန်းရဲ့အချစ်ကို ပိုင်ဆိုင်ဖို့ သေချာချင်လို့ဖြစ်၏။ ဒီကိစ္စတွေ





အစအဆုံးကို တော်တော့်ကိုကော ဖေဖေ့ကိုပါ ဝန်ချတောင်းပန်ဝန်ခံထားပြီးသားဖြစ်၍ သူတို့ကိုယ်တိုင်ကိုက အလျင်းသင့်သလို ကူညီပေးနေကြတာဖြစ်သည်။

"ဒီနေ့ တို့တွေ မိသားစုဆုံတယ်ဆိုတော့ ထမင်းလက်ဆုံစားကြရအောင်ကွာ။ ဟေး ... မောင်နှစ်သက် ငြိမ်လှချည်လားကွ။ စကားလေး ဘာညာပြောဦးလေ"

သူက အတွေးနယ်ချဲ့နေစဉ် ဦးက လှမ်းပြောတာကြောင့် သူက တွေးနေတာကိုဖြတ်၍ ရယ်ရယ်ပြုံးပြုံးဟန်ဖြင့် ...

"အဟဲ ... ပြောပါတယ် ဦးရ။ ကျွန်တော်က လူကြီးတွေ စကားဝိုင်းမှာ ဝင်မရှုပ်တာ"

သူကပါ လူကြီးတွေကစကားဝိုင်းထဲ ဝင်ရောပြီး ထမင်းစားဖို့ အဆင်သင့်ဖြစ်ချိန်မှာတော့ လူကြီးတွေမသိအောင် အံ့ခန်းနားကပ်၍ ခပ်တိုးတိုး ပြောရလေသည်။

"ဘာမှစိတ်ပူမနေပါနဲ့ကွာ။ ကိုယ်က ကတိတည်ပါတယ်။ မင်း ထမင်းဖြောင့်ဖြောင့်စား။ ဘာရှော့ခ်မှ မဖြစ်စေရဘူး"

သူ့စကားကြောင့် အံ့ခန်းက သူ့ကို ရှုတည်တည်မျက်နှာထားဖြင့်ကြည့်ကာ ဘာမှမပြောဘဲ ထွက်သွားလေတော့သည်။ မင်းရဲ့ပေတိပေကပ် ဂျစ်တစ်တစ်ပုံစံလေးတွေက ကိုယ့်ကိုပိုပြီး ချစ်မိစေတယ် အံ့ခန်းရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နှစ်သက် ... ဘာမှအားမနာနဲ့ ထည့်စားနော်။ သမီး အံ့ခန်း၊ ဟင်းထည့်ပေးလိုက်ဦးလေ"

သူ့ဘေးနားမှာ ထိုင်နေသော အံ့ခန်းက သူမအဖေ စကားအတိုင်း သူ့ကို ကြက်သားဟင်းတစ်တုံး ခပ်ထည့်ပေးလေသည်။

"ကျေးဇူးနော် အံ့ခန်း"

ခပ်တည်တည်ပင်။ သူပြောတာကို အဖက်မလုပ်ဘဲ နေတယ်ပေါ့လေ။ ရပါတယ်။ နှစ်သက်သည် အသာပြုံးရင်းက စားစရာရှိတာကို ဆက်စားလေသည်။ သူတို့ ထမင်းစားပြီးအချိုပွဲမှာတော့ အံ့ခန်းက ဖုန်းလာသဖြင့် အပြင်ထွက်ပြီး ပြောလေသည်။ ဒီအချိန်မှာ ဖုန်းလာတာ ဘယ်သူ့ဆီက ဖြစ်လိမ့်မလဲ။

သူက သိချင်လာတာကြောင့် ဟိုလိုလို ဒီလိုလိုဖြင့် အံ့ခန်းနောက် လိုက်သွားလိုက်လေသည်။ သူလာတာမြင်သော အံ့ခန်းက သူ့ကို အရေးပင်မလုပ်ဘဲ ဖုန်း ဆက်ပြောနေလေသည်။

"အဟင်း ... ရပါတယ် ကိုထူးရဲ့။ အံ့ခန်းက စိတ်မဆိုးပါဘူး။ အင်းပါ ... တကယ်ပါ"

"........."

"Ok လေ။ အဲဒါဆို တွေ့တာပေါ့ C U"





သူမက ဖုန်းပြောပြီးသွားတာနဲ့ အိမ်ထဲပြန်ဝင်ဖို့ တာဆူလေလျှင် နှစ်သက်သည် သူမရဲ့လက်ကို ဆတ်ခနဲလှမ်းဆွဲကာ တားလိုက်လျှင် သူမက ဒေါသတကြီး ထအော်လေသည်။

"နင် ဘာလုပ်တာလဲ။ ငါ့လက်ကို အခုလွှတ်စမ်း"

"လွှတ်ပေးမှာပါ။ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး။ ကိုယ်မေးတာကို မင်းဖြေပြီးမှ လွှတ်ပေးမယ်။ အခု ဘယ်သူနဲ့ ပြောနေတာလဲ။ ဟိုကောင် ဉာဏ်ထူးလား"

သူ့မေးခွန်းကြောင့် အံ့ခန်းက မဲ့ရယ်တစ်ချက်ရယ်လိုက်ကာ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်။ သူ ဖုန်းဆက်တာ။ နင် လက်ကိုလွှတ်တော့"

"အံ့ခန်း ... မင်း အရွဲ့တိုက်မယ်ဆိုတဲ့စိတ်ကို ဖျောက်လိုက်ပါ။ မင်းစကားပြောနေတဲ့ အပေါက်က လုံးဝတစ်ဖက်ကို မျှော်လင့်လို့ရနေတယ်ကွ။ အံ့မခန်း ... မင်းကို ကိုယ်လွှတ်လပ်ခွင့်ပေးထားပါတယ်ကွာ။ အားလုံး မင်းသဘောဆိုတာတောင် မင်း ငါ့ကို မရွဲ့ချင်စမ်းနဲ့"

"ဟင်း ဟင်း ... ရွဲ့တယ် ... ဟုတ်လား။ ဟား ဟား ... ရယ်စရာပဲ။ ဒီမှာနှစ်သက်အေးချမ်း၊ နင့်လိုကောင်ကို ငါက အရွဲ့တိုက်နေတယ်လို့ နင် ထင်နေတာလား။ သိပ်မှားသွားလိမ့်မယ်။ ငါ့စိတ်ဆန္ဒနဲ့ငါ ဘယ်သူ့ကို ဘာပြောပြော နင်နဲ့မဆိုင်ဘူး။ ငါ့ personal"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျစ်ခနဲ စုပ်သပ်ကာ လေပူတစ်ချက် မှုတ်ထုတ်သည်။ ပြီးတော့ အံ့ခန်းကို စေ့စေ့ကြည့်ကာ ...

"မင်းနဲ့ ကိုယ်က ဘရားဝင်လင်မယားကွ။ မင်း ကိုယ့်ကို မဆိုင်ဘူးဆိုတဲ့ စကားမပြောနဲ့။ မင်းနဲ့ ကိုယ်က သိပ်ဆိုင်တယ်။ မင်းဆန္ဒကြောင့် ကိုယ့်ဆန္ဒကို သိမ်းထားရတဲ့အချိန်မှာ မင်း ဒီလိုမလုပ်ပါနဲ့ အံ့ခန်း။ ကိုယ် မင်းဆီက အချစ်လိုချင်လို့ ဒီလိုဘောင်ခတ်မိတဲ့အပေါ်မှာ မင်း အဲဒီလောက်ကြီး မုန်းမနေပါနဲ့"

သူ့စကားကို အံ့ခန်းက ဟားခနဲ ရယ်ရွှတ်ပြီးမှ ...

"ငါ့အချစ်ကို နင် ဘယ်သောအခါမှ မရစေရဘူး။ နင့်ကြောင့် ငါ့သူငယ်ချင်းရဲ့ အထင်သေးမှုကိုလည်း ခံရတယ်။ နင့်ကြောင့် ငါ့ဘဝကြီးတစ်ခုလုံး စုတ်ပြတ်သတ် ထွက်သွားတာတောင် နင်က မမုန်းပါနဲ့လို့ ပြောရဲတယ်။ နှစ်သက်အေးချမ်း ... နင်နဲ့ငါဟာ စာချုပ်ထဲမှာသာ ပတ်သက်လိမ့်မယ်။ အဲဒီစာချုပ်ကို ဗန်းပြပြီး equation တစ်ခုလို လက်ထပ်ထားတာနဲ့ ညားလိမ့်မယ်လို့တော့ နင် ထင်မထားနဲ့။ နင် အိပ်မက် ဘယ်တော့မှ မဖြစ်စေရဘူး ...

အခု ငါ့လက်ကိုလွှတ်။ လူကြီးတွေ သိသွားရင် တစ်မျိုးထင်သွားလိမ့်မယ်။ ငါ သွားမယ်"





အံ့ခန်းရဲ့စကားတွေကြောင့် သူဟာ မှားနေပြီလား လို့ တွေးမိသွားသည်။ သူ လက်လွှတ်ပေးလိုက်တာနဲ့ အံ့ခန်းက လှောင်အိမ်ထဲက ငှက်ကလေးလို တစ်ချက်တောင် လှည့်မကြည့်ဘဲ လှစ်ခနဲ ထွက်သွားလေတော့သည်။ ဟား ... အံ့ခန်းက သူ့ကို ပိုပိုမုန်းနေပြီလား။ သူ စီစဉ်ထားတဲ့ plot တွေက အဲဒီလိုမျိုး မဟုတ်ဘူး။

အံ့ခန်းကို အရင်ပိုင်ထားပြီးမှ အံ့ခန်း ချစ်လာအောင် ကြိုးစားမယ်ဆိုတဲ့ ရိုးရင်းသောအတွေးမျိုးနှင့် စီစဉ်ခဲ့တာဖြစ်သည်။ ကံကြမ္မာကပေးလာတဲ့ အခွင့်အရေးအပေါ်ကို သူက အမြော်အမြင်ကြီးစွာဖြင့် အနာဂတ်ကို လှမ်းဝယ်လိုက်တဲ့သဘောဖြစ်သည်။ အခုတော့ ခုတ်ရာတခြား ရှရာတလွဲတော့ ဖြစ်ကုန်ပြီထင်တယ်။

အဲဒါတွေဟာ ဘာကြောင့်လဲ။ ဘယ်လိုကြောင့် ဖြစ်သလဲ။

နှစ်သက်သည် သူ့သူကို အကူအညီတောင်းမိတာ မှားပြီလားလို့ ပထမဆုံး သံသယဝင်မိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုသု ... ငါလုပ်နေတဲ့လိုင်းက နည်းနည်းချော်နေပြီထင်တယ်နော်"

သူ့စကားကို သုသုက ဘာမှပြန်မပြောသေးဘဲ ကော့လ်တေးခွက်ကို အသာမ၍ အရသာကို မြည်းစမ်းခံစားနေသည်။ ပြီးတော့မှ ဆိုဖာမှာ ခပ်လျော့လျော့ အနေအထား မှီထိုင်ကာ ...

"ယူက ဘယ်လိုထင်နေလို့လဲ နှစ်သက်ရဲ့"

"အင်း ... ဘယ်လိုပြောရမလဲ။ ဟို ... ကိုယ်ထင်တာနော်။ အံ့ခန်းက ပိုပြီးတော့ ငါ့ကို ခါးလာတယ်။ အင်း ... ငါ ဟိုရက်ကပြောတဲ့ တစ်ယောက်နဲ့ အံ့ခန်းရဲ့ရင်းနှီးမှုက ပိုစိပ်လာတယ်"

"အဲဒီတော့ ယူက ဘာဖြစ်ချင်တာလဲ။ သုသုဘက်က သေချာစိတ်နှစ်ပြီး ကူညီနေတာနော်"





သုသုစကားကြောင့် သူက အားတောင်နာသွားကာ သုသုကို တောင်းပန်ရလေသည်။ ဟုတ်သားပဲ ... သူက အံ့ခန်းအတွက် ညစ်နေတာကိုပဲ ခေါင်းထဲထည့်မိသွားတာကိုး။ တကယ်ဆို သုသုက သူ့အတွက် အရမ်းကောင်းတဲ့ သူငယ်ချင်းကောင်းပဲဖြစ်သည်။ ရည်းစားဖြစ်ခဲ့ဖူးသော သုသုနဲ့ ကင်းရှင်းပြတ်တောက်သွားစေဖို့ သူက ဖြတ်လိုက်ပေမယ့် အကြောင်းတရားကို သုသုက ဖွတ်မေးတာကြောင့် သူဟာ အံ့ခန်းကို ချစ်နေတဲ့အကြောင်းကို တရားဝင် ဝန်ခံလိုက်တော့သည်။ အဲဒီမှာပင် သုသုက လုံးဝကို နားလည်သွားကာ သူ အစွမ်းကုန် ကူညီပေးမည်ဆိုပြီး ဆိုလာတာကြောင့် နှစ်သက်သည် သုသုကို အမှန်အတိုင်းပြောကာ အကူအညီ တောင်းကြည့်လျှင် သုသုဟာ စေတနာပါစွာဖြင့် တကယ့်ကိုပဲ ဗီလိန်ဝင်လုပ်ပေးတာဖြစ်၏။ ဒီအတွက် သုသုကျေးဇူးကို သူ နားလည်ပါသည်။

"ဆောရီးပါ သုသုရယ်၊ တကယ်တောင်းပန်ပါတယ်။ ကိုယ့်ကို အဆင်ပြေအောင် ကူညီပေးနေတာ သုသုပါ။ ကိုယ်ဆိုလိုတာကကွာ အံ့ခန်းက စိတ်တွေတိုပြီး ကိုယ့်ကို ရေလည်တင်းနေတာကွ။ အဲဒါကြောင့် ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘယ်လိုပြောမလဲ။ အုံ့ခန်းရဲ့ normal အမြင်ကိုက ဒီအချစ်ဆိုတာကို crazy ဖြစ်နေတဲ့လူမျိုး မဟုတ်ဘူး။ ပြီးတော့ သူက တော်တော့်ကို အရမ်းချစ်တာလေ။ သူ့အပေါ် ယောက်ျားယူလိုက်တဲ့အခါကျတော့ သူ့စိတ်ထဲမှာ အင်း ... ဘယ်လိုပြောမလဲ။ သဝန်တိုပြီး ပေါက်ကွဲတယ်ပဲ ဆိုပါစို့ ...

အင်း ... အဲဒီထဲမှာမှ ရှင်ကပါ ဝင်ချလာတော့ သူ တော်တော်ရှော့ခ်ဖြစ်သွားတာပေါ့။ ကျွန်မကပါ ဝင်ကြိုက်လိုက်တော့ သူ တော်တော်ထိသွားမှာပဲ ...

ဒါပေမဲ့ ဒီနည်းကိုပဲ ရှင်က အကူအညီတောင်းခဲ့တာနော်။ အုံ့ခန်းကို မခံချင်စိတ်ကနေ အချစ်ဖြစ်လာအောင် ဆွပေးနေတဲ့ ကာလမှာတော့ ဒီလိုပဲပေါ့ ဖြစ်တတ်ပါတယ်"

နှစ်သက်က နားထင်ကို လက်ညှိုးဖြင့် ထောက်ထားရင်းက ဘာဆက်လုပ်ရကောင်းမလဲဆိုတာ စဉ်းစားမိသည်။ သူ့ဘဝမှာ ရည်းစားများများထားခဲ့ဖူးသော်လည်း အုံ့ခန်း တစ်ယောက်ဆီက အချစ်ကိုရဖို့အတွက်တော့ ခက်ခဲလှပေသည်။ ဘာလုပ်ရမှန်းမသိတာနဲ့ သူဟာ အနီးဆုံးလူတွေကို တိုင်ပင်မိတာပဲဖြစ်သည်။ အဲဒီအတွက် အုံ့ခန်းကို ပေးထားတဲ့ကတိက မတည်သလို ဖြစ်သွားပေမယ့် အကြံကောင်းတော့ ရတတ်ပါသည်။





သူနဲ့ အုံ့ခန်းရဲ့ကိစ္စကို ဖေဖေ၊ တော်တော်နှင့် သုသု ဒါပဲသိတာဖြစ်သည်။ သူတို့ကလည်း အုံ့ခန်း အကြောင်းသိသူတွေမို့ သူ့အတွက် အရမ်းကို အထောက်အကူ ဖြစ်လှပါသည်။

"ဒါနဲ့ အခုတလောမှာ အုံ့ခန်းက ငါ့ကို အရွဲ့တိုက်ပြီး ဟိုကောင့်ကို တွဲရင်ကော"

"ဟာ ... အုံ့ခန်းက ဘာရိန်းပြေးပါတယ်။ သူ ဒီနည်းလမ်းမျိုးနဲ့ ယူ့ကို အနိုင်မယူပါဘူး။ သူ ယူ့ကို သူစိမ်းဆန်နေတာကလွဲလို့ လောလောဆယ် ဘာမှမတတ်နိုင်ဘူး။ အရေးကြီးတာက သု ပြောတာကိုလုပ်ဖို့ပဲ ...

သုက အုံ့ခန်းရဲ့စိတ်ကို ကောင်းကောင်းနားလည်ထားတယ်။ ဒါကြောင့်မို့လည်း စိတ်ရောလူပါ ကူညီပေးနေတာပေါ့"

"ဟုတ်ပါတယ်ဟာ။ တကယ် ကျေးဇူးပါ။ သုသုမို့လို့ အနစ်နာခံပြီး ဗန့်လုပ်ပေးတာ။ အုံ့ခန်းကို ဒေါသဖြစ်အောင် ဆွပေးရတာဟာ သုသုအတွက် ခက်နေလိမ့်မယ်ဆိုတာ ကိုယ်သိပါတယ်။ သုသုက ကိုယ်တို့အတွက်တော့ တကယ့် သူငယ်ချင်းကောင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်စကားကို သုသုက ပြုံးစိုက်၍ နားထောင်နေလေသည်။ ဘာမှပြန်မပြောပေမယ့်လည်း သူ နားလည်ပါတယ်။ သုသု ဒီလိုမျိုး ဆွပေးနေလို့ သူတို့နှစ်ယောက် မကြာမကြာဆုံနေရတာ။ အဲဒီအတွက် သုသုကို ကျေးဇူးတင်ရလေသည်။





## ၁၂ .

အုံ့ခန်းကို ကျွန်တော့်ပြောစရာရှိတယ် ဆိုကတည်းက ဒါဟာ ဘာဆိုလိုတယ်ဆိုတာ မိန်းကလေးသဘာဝအရ အလိုလိုသိလိုက်ပြီဖြစ်သည်။ သိလောက်အောင်လည်း ကိုထူးရဲ့ပုံစံတွေက သိသာလွန်းနေပါသည်။ ကိုထူးဟာ ခင်စရာကောင်းတယ်၊ စကားပြောရဆိုရတာ အဆင်ပြေတယ်၊ ပြီးတော့ နှစ်သက်အေးချမ်းကို အမြင်ကတ်စိတ်နှင့် ကိုထူးကို ပိုခင်မိသွားတာဖြစ်သည်။ အုံ့ခန်းကိုဆို ဂရုတစိုက် ဖေးဖေးမမနှင့် ကြင်နာလေသည်။ သူ့ရဲ့ချစ်ခြင်းတရားအတွက် အုံ့ခန်းမှာ တုံ့ပြန်ဖို့ရာ မရှိတာကတော့ စိတ်မကောင်းစရာပင်။

ကိုထူးက အရဲစွန့်ကာ ဖွင့်ပြောတော့မည့်ဟန်ဖြင့် အသင့်ပြင်ထားရင်းက အအေးတစ်ငုံသောက်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အံ့ခန်းကို ကျွန်တော် ချစ်တယ်၊ အံ့ခန်းဆီက တစ်ခုခု တုံ့ပြန်လာမှာကို ကျွန်တော် အရမ်းကို မျှော်လင့်ထား တယ်"

အံ့ခန်းက တည့်တည့်ငြိမ်ငြိမ်ပင် သူ့မျက်လုံးတွေ ကို ကြည့်လိုက်သည်။ ငြိမ်နေတဲ့ အသွင်သဏ္ဍာန်ရဲ့နောက်ကွယ် မှာ သူ ဘာတွေ ဘယ်လောက်တောင် စိတ်လှုပ်ရှားနေတယ်ဆိုတာ အကဲခတ် ခံစားကြည့်မိလို့ရပါသည်။ ဒါပေမဲ့ ရှင် နောက်ကျသွား ပြီလေ ကိုထူးရယ်။

"ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင် အံ့ခန်း"

သူ့အမေးကို အံ့ခန်းက ခေါင်းအသာရမ်းလိုက်ရင်း က ...

"စိတ်ဆိုးစရာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုထူးနဲ့ အံ့ခန်းတို့ ဆုံတွေ့ချိန်က အရမ်းတိုတောင်းလွန်းနေတယ်လေ၊ အံ့ခန်း အကြောင်းကို ကိုထူးက ဘာတွေများ အစုံအလင်သိနိုင်ဦး မှာလဲ၊ ပြီးတော့ ကိုထူးအကြောင်းကိုလည်း ဘာမှ မသိသေး ဘူးလေ"

"လူနှစ်ယောက် ချစ်လာဖို့ဆိုတာ လူနှစ်ယောက်တည်းနဲ့ ပဲ သက်ဆိုင်တယ်လို့ ကိုယ်ယုံတယ် အံ့ခန်း။ ကိုယ့် အကြောင်းက မခန်းတို့ သိပါတယ်။ ကိုယ်က ဟိုမှာလည်း





ရှုပ်ရှုပ်ပွေပွေ မရှိခဲ့ပါဘူး။ အံ့ခန်းကိုပဲ ချစ်မိသွားတာပါ။ အံ့ခန်းအကြောင်းဆိုတာလည်း ကိုယ့်အတွက်က အံ့ခန်း လောက်တောင် အရေးမကြီးဘူးလေ"

သူ့အပြောက ဟတ်ထိစရာ ဖြစ်ပေမယ့် အံ့ခန်းက ရင်မခုန်ဘဲ ပြုံးတောင်ပြုံးမိသွားသည်။ အံ့ခန်းအကြောင်းကို အံ့ခန်း လောက်တောင် စိတ်မဝင်စားဘူးတဲ့၊ အကယ်၍သာ အံ့ခန်းက လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားတဲ့ မိန်းကလေးဆိုတာသာ သူသိရင် ဒီစကားမျိုး ပြောပါဦးမလား။

"အံ့ခန်း ကိုယ့်ကို တစ်ခုခုပြောပါဦး"

"ကျွန်မ ကိုထူးကို ခင်ပါတယ်၊ ဒါပေမဲ့ ကိုထူးနဲ့ အံ့ခန်း ချစ်သူ မဖြစ်နိုင်ပါဘူး"

"ဘာလို့လဲဟင် ...၊ ဟို အံ့ခန်းမှာ ချစ်သူရှိနေလို့လား"

"မဟုတ်ပါဘူး၊ အံ့ခန်းက ချစ်သူရှိဖို့ အခွင့်အရေးမရှိတဲ့ သူပါ"

"ဘယ်လို"

အံ့ခန်းပြောတာကို နားရှုပ်သွားတဲ့ သူ့ကို နားလည် အောင် အံ့ခန်းလည်း ရှင်းမပြချင်ပါ။ ကိုထူးအပေါ်ထားတဲ့ သဘောထားဟာ သာမန်ခင်မင်မှုမျိုးဖြင့် အစကတည်းက ပတ် သက်ခဲ့တာဖြစ်သည်။ အံ့ခန်းအတွက် ထွက်ပေါက်မရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



ချောင်ပိတ်ခံနေရတဲ့အထဲကနေ ရုန်းထွက်ချင်တဲ့အခါမှာ ကိုထူးက အုံ့ခန်းအတွက် ဓားစာခံဖြစ်ရတာဖြစ်သည်။

"ကိုယ့်ကို မချစ်လို့ တမင်ပြောနေတာများလား အုံ့ခန်းရယ်"

အုံ့ခန်းက သူ့အမေးကို ပြုံးလိုက်ခြင်းဖြင့်သာ ပြန်လည်တုံ့ပြန်လိုက်သည်။ ကျွန်မ မဖြေပါရစေနဲ့ ကိုထူးရယ်။

"အမှန်အတိုင်းပြောရရင် ကိုယ်က အုံ့ခန်းကို မေတ္တာသက်ဝင်နေတယ်ဆိုတာ အန်ကယ်နဲ့ အန်တီကော၊ ကိုယ့်မိဘတွေရော ပြီးတော့ မခန်းတို့ရုံတွဲပါ သိကြပါတယ်၊ သူတို့တွေအားလုံးကလည်း ကိုယ်နဲ့အုံ့ခန်းကို သဘောတူကြပါတယ်တဲ့၊ အုံ့ခန်းဘက်က မငြင်းဘူးဆိုရင် ကိုယ်မပြန်ခင်လက်ထပ်လိုက်ချင်တယ်"

ဘုရားရေ ...။ အဲဒီလိုဖြစ်လို့ မရဘူးလေ။ အုံ့ခန်းက သူ လက်ထပ်ချင်တယ်လို့ ဆိုလာလျှင် ရင်တွေတဒိုင်းဒိုင်းခုန်လာရပါသည်။ စိတ်လှုပ်ရှားလို့တော့ မဟုတ်ပါ။ အားလုံးရှော့ခ်တွေရိုက်ပြီး မီးလောင်ကုန်မှာစိုးလို့ဖြစ်သည်။

"အဲ ... ကိုထူးကလည်း အုံ့ခန်း သဘောဆန္ဒမပါဘဲနဲ့ ဘာလို့ လူကြီးတွေကိုသွားပြောရတာလဲ။ ပြီးတော့ အုံ့ခန်းအိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူး"





"ဘာလို့လဲဟင်။ ကိုယ့်မှာ ဘာတွေများ အုံ့ခန်းမကြိုက်တဲ့အချက်တွေ ရှိနေလို့လဲ။ ပြောပါ ... ကိုယ်ပြင်ပါ့မယ်"

"မရှိပါဘူး။ ကိုထူးကို အုံ့ခန်း မိတ်ဆွေသူငယ်ချင်းတစ်ယောက်လို သဘောထားတာ။ မခန်းတို့ သူငယ်ချင်းအဖြစ်နဲ့ တလေးတစား ဆက်ဆံခဲ့တာ။ အဲဒီထက် မပိုဘူး ...

အုံ့ခန်း တစ်ခါတည်း ပြတ်ပြတ်သားသားပြောပါရစေ။ အုံ့ခန်း ကိုထူးကို လုံးဝလက်မထပ်နိုင်ပါဘူး။ ဘာကြောင့်လဲ မမေးပါနဲ့။ လက်မထပ်နိုင်ပါဘူး"

"အုံ့ ... ခန်း"

"တော်ပြီ ကိုထူး။ အုံ့ခန်းတို့ အခင်အမင် မပျက်ချင်ဘူး။ topic ပြောင်းရအောင်"

အုံ့ခန်းက အပြတ်ပြောလိုက်လျှင် ကိုထူးက စိတ်တစ်ထစ်လျော့လိုက်တဲ့ဟန်ဖြင့် သက်ပြင်းအဲသာချကာ ...

"ကောင်းပါပြီ အုံ့ခန်း။ ဒါပေမဲ့ ကိုယ်မျှော်လင့်နေပါတယ်။ ကိုယ့်ဘက်ကလည်း တကယ်ချစ်တဲ့အတွက် အုံ့ခန်းကို လက်ထပ်ချင်တာပါ"

တကယ်ချစ်လို့ လက်ထပ်ချင်တာတဲ့။

အုံ့ခန်းသည် ဒီစကားကိုကြားရလျှင် နှစ်သက်အေးချမ်းရဲ့မျက်နှာကို ပြုန်းခနဲ ပြေးမြင်မိလေသည်။ တောက် ...



www.burmeseclassic.com

www.burmeseclassic.com



ခါးသီးလိုက်တာ။ အုံ့ခန်းရဲ့အနာဂတ်တွေကို ဘောင်ခတ်အဆိပ်ကျွေးသတ်ပြီးမှ အချစ်ကို ယူချင်တဲ့ကောင်။

"အုံ့ခန်း"

ခပ်သဲ့သဲ့ခေါ်သံနှင့်အတူ အုံ့ခန်းရဲ့လက်ဖမိုးတစ်ဖက်က နွေးလို့သွားလေသည်။ သူက အုံ့ခန်းရဲ့လက်တစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်ထားတာပဲဖြစ်သည်။ အုံ့ခန်းက ရန်းဖို့ပြင်သော်လည်း သူ့စကားလုံးတွေက တဒင်္ဂတော့ အုံ့ခန်းကို နစ်မြောသွားစေသည်။

"တောင်းပန်ပါတယ်။ ကိုယ့်ကို အပြတ်ကြီးတော့ မငြင်းလိုက်ပါနဲ့ကွာ။ အုံ့ခန်းကို ကိုယ့်ဘဝမှာ အရမ်းကိုလိုအပ်ပါတယ်။ အုံ့ခန်းက ကိုယ့်အတွက် အရမ်းအရေးပါတဲ့ မိန်းကလေးပါ"

သူ အုံ့ခန်းကိုထားတဲ့ သဘောထားက တော်တော်လေး deep ဖြစ်တယ်ဆိုတာ အုံ့ခန်း သိနေသည်။ မျက်ဝန်းချင်းစက္ကန့်ပိုင်းလောက် ဆုံနေချိန်အတွင်းမှာ အုံ့ခန်း တွေဝေမိနေ၏။ ဘာပြန်ပြောရမှန်းလဲ မသိ။ ဘာကို ဆုံးဖြတ်ရမှန်းလဲ မသိပါ။ တွေဝေတုံ့ဆိုင်းနေချိန်မှာပဲ ခပ်ကြမ်းကြမ်းခေါ်သံနှင့်အတူ အုံ့ခန်းတို့ ရှေ့ကိုရောက်ချလာတာက နှစ်သက်အေးချမ်းပဲ ဖြစ်လို့နေသည်။

"စွမ်းအုံ့မခန်း ... မင်း ဒီမှာ ဘာလုပ်နေတာလဲ"





ရုတ်တရက်ကြီး ရောက်ချလာကာ အခုလိုမျိုးလေသံမာမာနဲ့ အပြောခံလိုက်ရသောအခါ ကိုထူးရှေ့မှာမို့ ရှက်တဲ့စိတ်ကြောင့် မျက်နှာတစ်ခုလုံး ရဲသွားရသည်။ ကိုထူးရဲ့ ဘာလဲဆိုတဲ့ အကြည့်ကိုလည်း မခံနိုင်ပါ။ အုံ့ခန်းသည် ထိုင်နေရာမှ ဆတ်ခနဲထကာ နှစ်သက်အေးချမ်းရဲ့မျက်နှာကို စေ့စေ့ကြည့်၍ ...

"နင် ဒီကို ဘာလာလုပ်တာလဲ"

"ငါ့ကို မမေးနဲ့။ နင် အခု ဘာအထာလဲ အုံ့မခန်း။ နင့်မှာ အသိတရားမရှိဘူးလား"

အုံ့ခန်းဟာ မျက်နှာကို အက်ဆစ်နဲ့ အပက်ခံရသူလို ပူပြင်းစပ်ရှသွားကာ ဒေါသနဲ့ စိုးရိမ်စိတ်ပေါင်းစပ်မှုက ငယ်ထိပ်တက်ဆောင့်လေသည်။

"နှစ်သက်အေးချမ်း ... နင် ထွက်သွားတော့"

"မသွားနိုင်ဘူး။ ဒါ ဘာဖြစ်တာလဲဆိုတာ ငါသိမှဖြစ်လိမ့်မယ်။ နင့်ကို ငါ အလျှော့မပေးတော့ဘူးလို့ ပြောထားပြီးသား"

"တောက် ... နင်သွားတော့။ ငါ့ကို ပေးထားတဲ့ကတိတော့ တည်မှပေါ့။ ဒါ ငါ့ညှော့်သည်။ နင်ကို ဘာမှသံတော်ဦးတင်နေစရာ မလိုဘူး၊ နှစ်သက်အေးချမ်း ... နင်ထွက်သွားလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"နှင်စရာမလိုဘူး။ ငါ့ကို ပြန်စေချင်ရင် မင်း ငါနဲ့လိုက်ခဲ့"

"ဘာ"

တရားတဆိတ်က တအားကို လွန်လွန်းသွားပြီမို့ အဲ့ခန်းက ဒေါသတွေ အတိုင်းအဆမရှိ ထွက်နေခိုက်မှာ ကိုထူး ကပါ ကြားဝင်လာ၏။

"ဒီမှာ ... ဘာကိစ္စဆိုတာတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ခင်ဗျား မိန်းကလေးတစ်ယောက်ကို အဲဒီလိုမျိုး ပိုင်စိုးပိုင်နင်း ခေါ်ပိုင်ခွင့် မရှိဘူး။ အဲ့ခန်းက ကျွန်တော် နဲ့အတူလာတဲ့အတွက် ကျွန်တော်နဲ့ပဲ ပြန်ရမှာ"

"ဟော့ကောင် ... မင်းပါးစပ်ကို ပိတ်ထားလိုက်။ သောက် ပြဿနာတွေ အကြီးကြီး ဖြစ်ကုန်လိမ့်မယ်။ တစ်ခါတည်း ပြောလိုက်မယ်။ မင်း အဲ့ခန်းကို လုံးဝမပတ်သက်ပါနဲ့။ ဘာကြောင့်ဆိုတာ မင်း မမေးနဲ့။ မင်း ဒုက္ခမရောက်ချင် ရင် အေးအေးဆေးဆေးနေလိုက်"

"ဘာကွ ... မင်းကများ"

ယောကျ်ားနှစ်ယောက်ရဲ့ရန်ပွဲက ပိုကြီးလာတော့မှာ မို့ အဲ့ခန်းက ကိစ္စဖြစ်ရတော့သည်။

"တော်ကြတော့၊ နှစ်သက်အေးချမ်း ... နင် ဘာဖြစ်ချင် နေတာလဲ"





အဲ့ခန်းက သူ့ကို နာကြည်းစွာ စိုက်ကြည့်၍ မေး လိုက်လျှင် သူက ပြုံးတုံ့တုံ့ မျက်နှာပေးဖြင့် ပြန်ဖြေလေသည်။

"မင်း ကိုယ်နဲ့လိုက်ခဲ့"

"အဲ့ခန်း ... ဒီကောင်က ဘာကောင်လဲ"

အဲ့ခန်း ဒီမှာဆက်ရှိနေရင် ဇာတ်လမ်းတွေက အားလုံး ရှုပ်ကုန်တော့မှာမို့ တစ်ခုခုကို ဆုံးဖြတ်လိုက်ရသည်။

"ဆောရီး ... ကိုထူး။ အဲ့ခန်း တောင်းပန်ပါတယ်။ ကျွန်မ သူနဲ့ လိုက်သွားလိုက်မယ်။ ကိုထူးကို နောက်မှအေးဆေး ရှင်းပြပါ့မယ်။ အခြေအနေအပေါ်ကို ကိုထူး နားလည်ပေး ပါလို့ မျှော်လင့်ပါတယ် ...

လာ ... သွားမယ် နှစ်သက်အေးချမ်း။ နင်နဲ့ငါ အပြတ်ရှင်းမယ်"

အဲ့ခန်းက အိတ်ဆွဲကာ ရှေ့ကနေ ထွက်လာခဲ့လျှင် သူက နောက်ကလိုက်လာ၏။ ကိုထူး တစ်ယောက်တော့ ဘာတွေ လဲဆိုတဲ့ လဲပေါင်းများစွာသော မေးခွန်းတို့ဖြင့် အဲ့ခန်း အပေါ်ကို နားမလည်နိုင်ဘဲ ကျန်နေလိမ့်ခဲ့မည်။

မတတ်နိုင်၊ အခုလို ထားခဲ့ရတာကို အားနာပေမယ့် အဲ့ခန်းသာ ဟိုကောင်နဲ့ မလိုက်သွားဘူးဆိုရင် အဲ့ခန်းတို့ကိစ္စ ဇာတ်လမ်းတွေက အကုန်မီးခိုးကြွက်လျှောက် ပေါ်တော့မှာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အံ့ခန်းနဲ့ သူဟာ စကားတစ်ခွန်းမှ မဆိုသေးဘဲ နေရာမှာ ရပ်နေကြသည်။ ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးရဲ့ ဆိတ်ငြိမ်မှုတစ်ခုပဲ ဖြစ်ပါ၏။

"နင့်မှာ ဦးနှောက်ကော ရှိသေးရဲ့လား နှစ်သက်အေးချမ်း။ နင် သိပ်ရိုင်းတယ်"

"ဘာ ... ငါက ရိုင်းတယ်။ အေး ... ရိုင်းတယ်ဟာ။ မင်း လက်ကို ကိုင်ထားတဲ့ အဲဒီကောင်ရဲ့မျက်နှာကို ဓားနဲ့မမွှန်း ပစ်ခဲ့တာကို နင် ကျေးဇူးတင်လိုက်"

"ဟား ... ရှစ်(ထ်)ပဲ။ နင် ဘာဖြစ်ချင်လဲ။ ငါ နင့်ကို သေအောင် ဒေါသတွေ ထွက်နေပြီ"

အံ့ခန်းက ပေါက်ကွဲစွာ ထအော်ပစ်လိုက်လျှင် သူက အံ့ခန်းရဲ့မျက်နှာချင်းဆိုင်မှာ တည့်တည့်ရပ်ကာ အံ့ခန်းရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ လှုပ်ယမ်းခါလိုက်ပြီး ...

"အံ့မခန်းရာ ... မင်းက ငါသိပ်ချစ်ရတဲ့ မိန်းကလေးပါ။ ငါချစ်တဲ့ ကောင်မလေးက တခြားတစ်ယောက်နဲ့ ရှိနေတာကိုမြင်နေရတာ ငါ့အတွက် ငရဲကျနေတာပဲ။ ဒီမှာ အံ့ခန်း၊ မင်း ကိုယ့်ကို သေအောင်မုန်းလို့ရတယ်။ ဒါပေမဲ့ မင်း ဘယ်သူ့ကိုမှ မချစ်ရဘူး။ မင်းက ငါတရားဝင်လက်ထပ်ထားတဲ့မိန်းမ။ သစ္စာမဲ့ပါနဲ့"





သူပြောတဲ့စကားတွေကို နာကျင်ခါးသီးစွာဖြင့် ဟားတိုက်ရယ်လိုက်ရင်းက သူဆုပ်ကိုင်ထားတဲ့ လက်တွေကို ပုတ်ထုတ်ခါချလိုက်သည်။ ဟားဟား ... သူက သိပ်ကြေကွဲနေတာလား။ အံ့ခန်းသည် ရင်ထဲက အမုန်းတရားတွေအတွက် ဖြေသိမ့်စရာ လက်စားချေမှုကို အခုမှ သဘောပေါက်လေသည်။ သူက အံ့ခန်းကို ချစ်နေတဲ့ယောကျ်ားပဲ။ အံ့ခန်း သူ့ကို အသေသတ်ပစ်ဖို့ အခွင့်အရေးကို ကံကြမ္မာက ပေးထားပြီးသားကိုး။

"ဟုတ်လား ... ငါ တခြားတစ်ယောက်နဲ့ ရှိနေရင် နင်က ငရဲကျနေတာလား။ Ok ... နှစ်သက်အေးချမ်း။ နင်ကို ငါ ကူညီမယ်။ ဒီနေ့ကစပြီး ငါ့ဘေးနားမှာ ကိုထူး အမြဲတမ်း ရှိစေရမယ်"

"စွမ်းအံ့မခန်း ... မင်း ငါ့ကို မဆွနဲ့နော်။ ငါ အားလုံးကို ဖွင့်ပြောလိုက်ရမလား"

ထွီ ...။ ရွံလိုက်တာ။ အမြဲတမ်း အံ့ခန်း ဘဝကို ဒီတစ်ကွက်နဲ့ နင်းထားတာ။ ဒီတစ်ခါတော့ အံ့ခန်း အရှုံးမပေးနိုင်တော့ဘူး။ အံ့ခန်းသည် ဒဏ်ရာရနေတဲ့ ကျားတစ်ကောင်လို နာကျင်ဒေါသတွေဖြင့် အစွမ်းကုန် ပေါက်ကွဲပစ်လိုက်တော့သည်။

"မရတော့ဘူး။ ငါလည်း မကြောက်တော့ဘူး နှစ်သက်အေးချမ်း၊ နင့်ကို ငါသိပ်မုန်းတယ်။ နင်နဲ့ ငါ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာကို အားလုံးသိအောင် ဖွင့်ပြောလိုက်တဲ့နေ့ဟာ ငါ့ကိုယ်ငါ သတ်သေမယ့်နေ့လို့ နင် မှတ်ထားလိုက်။ နင် ချစ်ပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်ကို နင်ကိုယ်တိုင်သတ်ပစ်ချင်တယ် ဆိုရင်တော့ ဖွင့်ပြောလိုက်လေ၊ ပြောလိုက်စမ်း"

"အံ့ခန်းရာ ... မင်း ... ကွာ။ ကိုယ် မင်းကိုချစ်မိတာ အပြစ်လား။ မင်းကို ပိုင်ဆိုင်ချင်တာက အပြစ်လား။ ဒီမှာ အံ့ခန်း၊ မင်းက ကိုယ့်ကို အလုံးစုံသော အကြောင်းအရာတွေ အားလုံးအတွက် မုန်းနေတာ။ တော်တော်ကိစ္စကနေစလို့ မုန်းခဲ့တဲ့ မင်းရဲ့အမုန်းတွေကို ကိုယ် ဘယ်လိုဖြေရမှာလဲ။ ဘယ်တော့များမှ မင်းနဲ့ ကိုယ်က အဆင်ပြေတော့မှာလဲ ...

ကိုယ် မျှော်လင့်ထားတာက မင်းကို လက်ထပ်လိုက်မယ်။ ပြီးတော့မှ မင်း အချစ်ကိုရအောင် ကြိုးစား။ မင်းနဲ့ ကိုယ် ချစ်သွားကြရင် သာယာတဲ့အိမ်ထောင်ရေးကို ဖန်တီးကြမယ်ဆိုပြီး စိတ်ကူးယဉ်ခဲ့မိတာ။ အခုတော့ ... ကွာ... မင်း ဘာလို့များ ဒီလောက်ထိ မုန်းရတာလဲကွာ"

အဆုံးသတ်စကားမှာ သူ့အသံဟာ သိသိသာသာကို အဖျားခတ်သွားပါ၏။ ရှင် ဒီထက်မက ကြေကွဲရမယ် နှစ်သက်အေးချမ်း။ အချစ်ကို လက်ထပ်လိုက်ရင် ချစ်သွားမှာပဲဆိုတဲ့





equcation တစ်ခုလို ပုံသေတွက်ထားတဲ့ ရှင့်အတွက် အဲဒီ အီကွေးရှင်းကြီးကို ပြောင်းပြန်လှန်ပစ်မယ်။ ပြီးတော့ နှစ်သက်အေးချမ်းကို ဒီထက်မက ထိခိုက်ကြေကွဲစေဖို့ အံ့ခန်း ကိုထူးကို အသုံးချရလိမ့်မည်ထင်သည်။

"နင့်ဘဝမှာ ငရဲကျနေပါတယ်ဆိုတဲ့ ခံစားချက်တွေကို ဒီထက်မက ခံစားစေရမယ်။ ဒီတစ်ခါ ငါ့အလှည့်ပဲ နှစ်သက်အေးချမ်း။ ငါတို့ကိစ္စကို နင် ဖွင့်ပြောရင် ငါ လောကကြီးထဲကထွက်သွားဖို့ လုံးဝဝမ်းမနည်းဘူး။ နင်နဲ့ ငါ အခုမှ စတွေ့မှာ"

အံ့ခန်းရဲ့စကားလုံးတွေကို သူ ခံစားရပြီဆိုရင် ရှေ့ဆက်ပြီး အံ့ခန်းမှာ သူ့နှလုံးသားကို မီးရှို့ပစ်ဖို့ တာဝန်ရှိလာပေသည်။



www.burmeseclassic.com

www.burmeseclassic.com









တစ်ခါတစ်ရံမှာ
အမုန်းက အချစ်ဟန်ဆောင်လာတယ်။
ပြုံးနေတာကိုမြင်လို့
ရင်မအေးလိုက်လေနဲ့။
ဘဝမှာ အပြုံးဆိပ်တက်လို့
ပြေဆေးမရှိဘူး။
ရက်စက်လိုက်လေ
ခြေပစ်ပါ အမုန်းနွံထဲမှာ
အချစ်ဆိုတာ ဝက်ပါတစ်ခုမို့
မင်းရဲ့အချစ်ကိုရဖို့
ပုံပြင်ထဲကလို
စစ်မှန်တဲ့အနမ်းကို စောင့်နေပါ့မယ်
မင်းအနားက တစ်ဖဝါးမခွာပေါ့။

www.burmeseclassic.com

www.burmeseclassic.com







## ၁၃

"ကဲ ... အခုတော့ ဘယ်လိုလုပ်ကြမလဲ။ ငါ အတန်တန် တားပါတယ် နှစ်သက်ရယ်။ 'အုံ့ခန်းရဲ့စိတ်ကို သွားမဆွပါနဲ့' ဆိုတာကို အခုတော့ မင်းပဲ ခံစားရပြီမှလား။ ရိုးရိုး လျှောက်ရမယ့် လမ်းတစ်ခုကို ချောတောငေါ့လိုက်တဲ့အကျိုးက ဘာဖြစ်သလဲ ... ပြောလေ"

ဖေဖေက သူ့ကို ကရုဏာဒေါသောဖြင့် ပြောတာကို သူဟာ ဘာမှမဖြေနိုင်ဘဲ ခေါင်းငိုက်စိုက်ချရလေသည်။ အခြေအနေတွေက တော်တော်လေးကို ဆိုးသွားတာဖြစ်သည်။ အုံ့ခန်း ဘာလို့ ဒီလောက်ထိ သွေးကြွသွားရတာလဲဆိုရင် အားလုံးဟာ သူ့ရဲ့အပြစ်ကြောင့်ပဲ ဖြစ်ပါသည်။ ရုတ်တရက်ကြီး ဘယ်လိုမှ ထိန်းလို့မရတဲ့ သဝန်တိုမှုဟာ ဒေါသအဖြစ် ကာလာတွေချိန်းကုန်တော့ အားလုံးရှုပ်ကုန်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေစမ်းပါဦး။ သားကိုမေးရဦးမယ်။ အဲဒီနေ့က မင်းက သူတို့ရှိတဲ့နေရာကို ဘယ်လိုလုပ် ရောက်သွားရတာလဲ။ တိုက်ဆိုင်တာလား"

တော်တော်က လှမ်းမေးလျှင် နှစ်သက်က ခေါင်းခါရင်းက ဖြေလိုက်၏။

"မဟုတ်ဘူး တော်တော်။ ကျွန်တော် အဲဒီကို တမင်သွားခဲ့တာ။ သုသုက အုံ့ခန်းတို့ အဲဒီမှာရှိတယ်ဆိုတာကို လှမ်းပြောလို့ ကျွန်တော် လိုက်သွားလိုက်တာ"

"အင်း ... ဖြစ်ရမယ်။ သုသုကကော ဘယ်လိုလဲ။ အုံ့ခန်းနောက်ကိုပဲ ရှဒိုးလိုက်နေတာလား"

"အဲဒီလိုမျိုးတော့ မဟုတ်ပါဘူး။ သုသုက ကျွန်တော့်ကို vent နေရာကနေ ကူညီပေးထားတော့ ဆက်ကူပေးတဲ့ သဘောပါ"

"အင်း ... မပြောမဖြစ်လို့ ပြောရဦးမယ် နှစ်သက်ရေ။ တော်တော်ကလေ ဟိုအရင်ကတည်းက အုံ့ခန်းကို ပိုးသုချိုနဲ့ ပေါင်းတာ သဘောမတွေ့ဘူးဟဲ့။ ဘယ်လိုပြောမလဲ ... လူကြီးအနေနဲ့ မြင်ရရင်တော့ သုသုက ဆိုရှယ်ကျတယ်ပဲ ဆိုပါတော့။ သူများသားသမီးကိုတော့ မပြောချင်ပါဘူး ...





ဒါပေမဲ့ နှစ်သက်ကိုတော့ တစ်ခုတော့ သတိပေးထားရဦးမယ်။ ဘယ်သူ့ကိုမဆို စုံလုံးမယုံလိုက်နဲ့။ သုသုလေးက အုံ့ခန်းနဲ့နှစ်သက်ကို အဆင်ပြေဖို့ အနစ်နာခံဝင်ကူညီပေးနေတာက မှန်ပါတယ်။ ဒါပေမဲ့ အရမ်းကြီးမယုံဖို့ပြောချင်တာပါ။ မိန်းကလေးဆိုတာ J စိတ်ရှိတတ်တာ သဘာဝပဲ။ အဲဒါလေးကို နှစ်သက် သိထားဖို့ပြောတာပါ"

တော်တော် ပြောချင်တာကို သူ နားလည်ပါသည်။ ဘာပဲဖြစ်ဖြစ် သူ့အပေါ်ကို စိုးရိမ်ပေးတဲ့ တော်တော့်ကိုလည်း ကျေးဇူးတင်ရသည်။ အုံ့ခန်းနဲ့သူ့ကို ကြည်ကြည်ဖြူဖြူ သဘောတူပေးတဲ့အတွက်လည်း သူ့မှာများစွာအဆင်ပြေရလေသည်။

"ဟုတ်ကဲ့ပါ တော်တော်။ တော်တော်ပြောတာ လက်ခံပါတယ်။ သုသုက အခုထိ ကျွန်တော့်ကို စိတ်ရင်းအမှန်နဲ့ ကူညီပေးနေတာပါ"

"အေးပါကွယ်။ တော်တော်ကလည်း ဘာသဘောနဲ့မှ ပြောတာ မဟုတ်ပါဘူး။ အုံ့ခန်းလေးက တော်တော့်အတွက် သမီးဆိုလည်း ဟုတ်တယ်၊ ဘူမလေးဆိုလည်း ဟုတ်တယ်။ နှစ်သက်ဆိုရင်လည်း တော်တော်ရဲ့သားပဲလေ။ လွဲနေတဲ့ အခြေအနေမှာ ထပ်လွဲမှာစိုးလို့ သဘောရိုးနဲ့ ပြောတာနော် သား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရပါတယ် တော်တော်ရဲ့။ ကျွန်တော် နားလည်ပါတယ်။ သဘောလည်း ပေါက်ပါတယ်။ ဒီလိုမျိုးဆိုတာ ထင်လောက်ပါတယ်။ သုသုဆိုတာက အံ့ခန်း သူငယ်ချင်းပြီးတော့ ကျွန်တော်နဲ့လည်း ပတ်သက်ခဲ့ဖူးတယ်ဆိုတော့ လူကြီးတစ်ယောက် အတွေးက စိုးရိမ်မိမှာပဲ။ ကျွန်တော် နားလည်ပါတယ်။ ဘယ်လိုမှ သဘောမထားပါဘူး တော်တော်"

ဖေဖေကတော့ သူ့ကိစ္စအတွက် တော်တော်တွေးနေပုံရသည်။ အရမ်းကို အားနာရပါသည်။ သူ့ကြောင့် လူကြီးတွေ ရင်မောရတဲ့အတွက် တကယ်ပဲ စိတ်မကောင်းပါ။ သူနှင့်အံ့ခန်းအတွက် လွဲနေတဲ့အဖြစ်ကို ဖြစ်စေသည့် ကံကြမ္မာကိုတော့ သူ စိတ်တိုမိပါသည်။ အံ့မခန်းဆိုသော ကောင်မလေးကို ပိုင်ဆိုင်ခွင့် ပြုပါရက်နှင့် သူမဆီက အချစ်ကိုမရရှိတဲ့အဖြစ်ဟာ အရမ်းကြေကွဲဖို့ကောင်းလှသည်။

"ဉာဏ်ထူးဆိုတဲ့ ကောင်လေးကို စွမ်းမိုးတို့က သဘောကျနေတာဆိုတော့ တော်ကြာ အံ့မခန်းနဲ့ စီစဉ်ပေးကုန်ရင် ခက်မယ်နော်။ စွမ်းမိုးတို့က သားနဲ့အံ့မခန်းကိစ္စ သိထားတာမှ မဟုတ်တာ"





"အင်း ... အဲဒီလိုလုပ်မှာကို စိတ်ပူရတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ တော်ဝင့်ကိုတော့ အစ်ကိုနဲ့ အစ်မက တစ်ခုခုဆို တိုင်ပင်နေကြဆိုတော့ လွန်တော့ မသွားပါဘူး။ ခက်နေတာက အံ့ခန်းပဲ ကိုရဲ့။ သူ တော်တော်လေးကို နာနေပုံရတယ်။ တော်ဝင့်ကိုတောင် အရင်လို နွေးနွေးထွေးထွေးမှ မရှိတော့တာ။ ဟိုအိမ်မှာလည်း သူ တစ်ယောက်တည်း ဘာသိဘာသာနေတာ။ မခန်းတို့ မင်္ဂလာဆောင်ကလည်း နီးပြီဆိုတော့ အိမ်ကလူတွေက အလုပ်တွေရှုပ်နေကြတော့ အံ့မခန်းက ပိုပြီး lonely ဖြစ်နေတာပေါ့။ ဒါကြောင့် တော်ဝင်က သူ့ဆီ ခဏခဏသွားနေရတာ။ မနေ့ကတော့ သူ နှစ်သက်ကို တော်တော်ဒေါကန်နေတာ သေချာတယ်"

"ဟုတ်တယ် တော်တော်။ ကျွန်တော်က စိတ်ပူတာတခြား မဟုတ်ဘူး။ သူ ဟိုကောင် ဉာဏ်ထူးကို ကျွန်တော့်အရွဲ့တိုက်ချင်တဲ့စိတ်နဲ့ တွဲမှာစိုးလို့။ ယောကျ်ားဆိုတာမျိုးက ပြောရတာ မဟုတ်ဘူး။ ကျွန်တော်က အံ့ခန်းအတွက်စိတ်ပူတာ"

နှစ်သက်ရဲ့စိုးရိမ်ပူပန်မှုတွေကြောင့် တော်တော်က ခေါင်းအသာညိတ်ပြကာ သူ့ပခုံးကို ဖွဖွပုတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဒါပေမဲ့ အားမလျှော့ပါနဲ့ သားရယ်။ သားက အုံ့ခန်းကို တကယ်ချစ်တာပဲ။ အဆင်ပြေမယ့်နည်း တစ်ခုတော့ ရှိမှာပါ။ တော်တော်က သူ့လူကိုယ့်ဘက်သား ပုံစံ ဖြစ်နေတော့ ဒီကိစ္စမှာ အရမ်းကြီးဝင်ပါလို့မဖြစ်ဘူး။ နှစ်ဖက်လုံးက တော်တော်နဲ့ ပတ်သက်နေတော့လေ"

"ဟုတ်ကဲ့ပါ တော်တော်ရယ်။ ကျွန်တော့်ကို တစ်ခုတော့ ကူညီပေးပါဗျာ။ အုံ့ခန်း စိတ်တွေ အဆိုးမရောက်သွား အောင် တော်တော် တတ်နိုင်သလောက် ထိန်းပေးပါနော်"

တော်တော်က စိတ်ချပါလို့ ပြောလိုက်လျှင် သူ့ ရင်ထဲမှာ နည်းနည်းတော့ ပေါ့သွားရသည်။ အုံ့ခန်းရယ် ... မင်း နဲ့ကိုယ်က ဘာလို့များ ဒီလောက်တောင် လွဲနေရတာလဲကွာ။

မင်းကို လက်ထပ်ပြီးသွားရင် ကိုယ့်အချစ်တွေနဲ့ ပျော်အောင်ထားပြီး မင်းအချစ်ကို ရအောင်ယူမယ်ဆိုတဲ့ စိတ်ကူး တွေက ဘယ်လိုမှ မဖြစ်လာနိုင်တော့ဘူးတဲ့လားကွာ။

မင်း အဲဒီလောက်တောင် မုန်းတတ်နေပြီလား အုံ့ခန်းရယ်။





"အဲဒီနည်းကြီးက မကောင်းပါဘူးဟာ။ ငါ အုံ့ခန်းကို ချစ်မိသွားတဲ့ အချိန်ကစပြီး ဘယ်မိန်းကလေးကိုမှ မတွဲ တော့ဘူး။ သူ ငါ့ကို အထင်လွဲသွားမှာကို ငါသိပ်ကြောက် တယ်။ အခုလိုမျိုးတွဲဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပြီးတော့ ..."

သူက ပြီးတော့မှာ စကားစခဏဖြတ်လိုက်တာမို့ သုသုက အရမ်းသိချင်လို့ သွားပါသည်။ သူ ဘာများဆက်ပြော မှာပါလိမ့်။ အခုမှ အရမ်းကို ချစ်ပြတတ်နေတဲ့ နှစ်သက်ရဲ့အချစ် တွေကို သုသု နားထောင်ကြည့်ချင်ပါသေးသည်။

"ပြီးတော့ ဘာဖြစ်လဲ နှစ်သက်"

သုသုက မေးလိုက်တော့မှ နှစ်သက်သည် သက်ပြင်း ချသံနှင့်အတူ ခပ်လေးလေး လေသံဖြင့် ပြောလာ၏။

"ပြီးတော့ ဒီနည်းလမ်းက မထိရောက်ဘူးဟ။ ဘာလို့လဲဆို တော့ အခုချိန်ထက်ထိ အုံ့ခန်း ရင်ထဲမှာ ငါနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အချစ်မရှိသေးဘူး။ မချစ်တတ်သေးတဲ့ လူတစ်ယောက်က သဝန်မတိုနိုင်ပါဘူးဟာ။ ပြီးတော့ ငါသာ တခြားကောင် မလေးနဲ့ ဟန်ဆောင်တွဲပြလိုက်ရင် အံ့ခန်းက ပိုပြီးတော့ တောင် အထင်သေးသွားနိုင်တယ်"

"အင်းလေ ... အဲဒါလည်း ဟုတ်တာပဲ။ ဒါပေမဲ့ သူက ဉာဏ်ထူးဆိုတဲ့ တစ်ယောက်နဲ့တော့ အဆင်ပြေပုံပဲ။ ဒီကိစ္စ နင် ဘယ်လိုလုပ်မလဲ နှစ်သက်။ အံ့ခန်းက ဉာဏ်ထူးကို တကယ်ချစ်မိသွားရင်ကော"

သုသုစကားကြောင့် နှစ်သက်က ခေါင်းဆတ်ခနဲ ထောင်မတ်လာပါသည်။ ချက်ချင်းကြီးကို ပျက်ယွင်းသွားတဲ့ မျက်နှာဟာ ဘယ်လိုမှကို ဟန်ဆောင်လို့မရပါ။ သုသုက အဲဒါ ကို ပြုံးလိုက်ရင်း နှစ်သက်ရဲ့လက်မောင်းကို ဖျတ်ခနဲ ရိုက်လိုက် ကာ ...

"ဟား ဟား ... ဖြစ်နေလိုက်တာ။ ယူရယ် ... စိတ်မပူ ပါနဲ့။ အံ့ခန်းက လူတစ်ယောက်ကို လွယ်လွယ်နဲ့ မချစ် တတ်ပါဘူး။ ယူ သူ့အပေါ်မှာထားတဲ့ အချစ်တွေကို မြင် လာမှာပါ။ သုသုဘက်က ကူညီရမယ်ဆိုလည်း ကူညီပေး မယ်။ ဟုတ်ပြီလား။ ဘာမှ စိတ်မညစ်နေနဲ့၊ Happy life ပေါ့။ အဲဒီလို နေစမ်းပါ"





"အေးပါ။ ကဲ ... ငါသွားတော့မယ် သုသုရာ။ နောက်မှ ဖုန်းဆက်မယ် သွားပြီ"

"Ok ... Ok ... C U"

နှစ်သက် ထွက်သွားပြီးသောအခါ သုသုက ဆိုင်မှာ တစ်ယောက်တည်း ကျန်ခဲ့လေသည်။ အင်း ... နှစ်သက်ကိုကြည့် ရတာ တော်တော်ကို စိတ်ညစ်နေပုံပဲ။ ဘာလုပ်ရမလဲ။

အံ့ခန်း တစ်ယောက်ကတော့ ညစ်တွန်းတွန်းပြီး ဉာဏ်ထူးနဲ့ တွဲနေပြီ။

သူတို့နှစ်ယောက်ကို သုသု ဘာလုပ်ပေးရင် ကောင်း မလဲ။ အတွေးနဲ့အတူ သုသုသည် အိတ်ထဲက စာအုပ်တစ်အုပ် ထုတ်၍ ရေးလိုက်ကာ ရေးထားတဲ့စာရွက်ကိုဖြုတ်၍ ခေါက်သိမ်း ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဒီကာလတွေမှာ စိတ်တွေရှုပ်ထွေးနေရသော အံ့ခန်းသည် အဲဒီရှုပ်ထွေးမှုတွေကို အဖိပွားယ်မဲ့သည်လို့ ခံစားမိသောအခါမှာ ဖေဖေ့ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ဖြစ်၏။ အလုပ်လုပ်လိုက်တော့ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ခံစားမှုက ပြောင်းလဲသွားသည်။ အလုပ်အပေါ်ကို အာရုံရလာသောကြောင့် အံ့ခန်းရဲ့စိတ်တွေဟာ အနည်းအကျဉ်းတော့ သက်သာရာရ၏။ အံ့ခန်းရဲ့အလုပ်သွားအလုပ်ပြန်ကို ဖယ်ရီလုပ်ပေးနေဘာကတော့ ကိုထူးပဲဖြစ်လေသည်။ အံ့ခန်းဆီက အဖြေကို မျှော်လင့်နေသော ကိုထူးဟာ အံ့ခန်းအတွက်တော့ အရမ်းကောင်းတဲ့ ယောက်ျားတစ်ယောက်ပဲဖြစ်သည်။ အံ့ခန်းမှာသာ ဘာအရှုပ်အရှင်းမှ မရှိခဲ့ဘူးဆိုရင် အံ့ခန်းသူ့ကို ခေါင်းညိတ်ဖြစ်မည်ထင်သည်။





"အစ်မ ဖုန်းလာနေတယ်၊ အစ်မနဲ့ ပြောချင်လို့တဲ့"

"ဩော် ... အင်း ... အင်း ... ကျေးဇူး"

အံ့ခန်းက အတွေးစကိုဖြတ်လိုက်ကာ ဖုန်းကိုင်လိုက်သည်။ အံ့ခန်း ဟန်းဖုန်းကိုမဆက်ဘဲ အလုပ်ကဖုန်းကို ဆက်တယ်ဆိုတော့ ဘယ်သူများပါလိမ့်။

"ဟယ်လို ... အံ့မခန်း ပြောနေပါတယ်"

"အံ့ခန်း ... တို့ပါ သုသု"

သုသု။ အံ့ခန်းက သုသုဆိုလို့ အံ့ဩသွားသည်။ ဒီတလော ခြေငြိမ်နေတဲ့ သုသုတစ်ယောက် ဆက်တော့လည်း အံ့ခန်းရဲ့ဟန်းဖုန်းကိုတောင် မဆက်ဘဲ အလုပ်ဖုန်းကိုဆက်ပါလား။

"ပြော ... သုသု၊ ဘာကိစ္စလဲ"

"ကိစ္စကတော့ မင်းကို ကွာရှင်းစာချုပ် တောင်းတာပါ။ မင်းနဲ့ ကိုရဲ့ ကွာရှင်းစာချုပ်ကို ကို့ဆီ မင်းလက်မှတ်ထိုးပြီး ပို့လိုက်။ အဲဒါ မင်းရဲ့အဖြစ်ချင်ဆုံးဆန္ဒမှလား"

အံ့ခန်းက ဒီစကားတွေကြောင့် စိတ်ထဲမှာတစ်မျိုးတော့ ဖြစ်သွားရသည်။ ဘာတွေလဲ။ အံ့ခန်းဆီက ကွာရှင်းခွင့်တောင်းတယ်။ သုသု ဘာဇယားတွေ ခင်းနေတာလဲ။

"နေစမ်းပါဦး၊ နင် ဘာလို့ ငါ့ဆီ ဒီအကြောင်းတွေ လာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ နှစ်သက်နဲ့တို့ နားလည်မှုရသွားပြီ။ ဒါကြောင့် မင်းကို ကွာရှင်းခိုင်းတာ။ ကိုက မင်းကို ပြောမထွက်ဘူးဆိုလို့ ငါက ကြားထဲက ပြောရတာ။ နင့်ဘက်က အဖြစ်ချင်ဆုံးဆန္ဒမှလား။ ငါနဲ့ ကို နားလည်မှုရသွားတော့ နင့်ကို ထွက်ပေါက်ပေးလိုက်တဲ့ သဘောပဲ"

"နေစမ်းပါဦး။ နင်က ဘာကိစ္စ ဒီဇယားထဲမှာ ဝင်ပါရတာလဲ သုသု။ ကွာရှင်းတဲ့ကိစ္စက သူ ငါ့ကို ကိုယ်တိုင်ပြောရမှာလေ"

"ဘာလဲ ... အံ့မခန်း။ အခုကျမှ နှစ်သက်ကို မစွန့်လွှတ်နိုင်တော့တာလား။ ငါနဲ့သူ အဆင်ပြေသွားမှ နင်ကမနာလိုဖြစ်နေပြီး မကွာပေးချင်လို့ ဒီမေးခွန်းမေးတာလား"

"ဘာ"

အဲဒီစကားက အံ့ခန်း အရှိုက်ကို လာထိလေ၏။ တောက် ... ဒီမိန်းမ သုသု သိပ်တရားလွန်နေပြီ။ အံ့ခန်းကို စော်ကားလွန်းတယ်။ အံ့ခန်းက အလုပ်ထဲမှာ ဖြစ်နေတာကြောင့် စိတ်ကို တတ်နိုင်သမျှ ချုပ်တည်းကာ လျှော့ထားလိုက်ရသည်။ အေးလေ ... နှစ်သက်အေးချမ်းနဲ့ ကွာရှင်းဖို့က အံ့ခန်းရဲ့အဓိကဆန္ဒပဲဟာ။ သူနဲ့ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးလိုက်ပြီဆိုရင်





အံ့ခန်းဘဝရဲ့ ဆိုးဝါးမှုတွေ ကျိန်စာပြေပြီပြီ။ ဒါပေမဲ့ စိတ်ထဲမှာ မရှင်းတာတစ်ခုက သုသုနဲ့ သူက အချိန်တိုအတွင်း ပြန်ပေါင်းထုပ်တာ ဘာလို့လဲ။ အံ့ခန်းကို လုံးဝမကွာနိုင်ဘူးလို့ ခါးခါးသီးသီးဖြစ်နေတဲ့သူက ဘာလို့ အခုမှ လွယ်လွယ်ကူကူ ကွာရှင်းပေးရတာလဲ။ အို ... ဒါကလည်း သုသုနဲ့ အဆင်ပြေသွားလို့ ဖြစ်မှာပေါ့။ အဲဒီအတွက် အံ့ခန်းက ဝမ်းသာရမှာပေါ့။

"ကောင်းပြီ၊ ငါ့ကို စာချုပ်ပို့ပေးလိုက်။ ချက်ချင်းလက်မှတ်ထိုးပေးလိုက်မယ်"

"Ok ... ကို့ကိုယ်စား ကျေးဇူးတင်တယ်။ ဒီကိစ္စက နင့်အတွက်ကော ငါ့အတွက်ကော အရေးကြီးတယ်။ နင်ယောကျ်ားတစ်ယောက်ကို လက်ထပ်ခဲ့ဖူးတယ် ဆိုတဲ့အတိတ်ကို ဘယ်သူမှ အသိမခံစေချင်သလို ငါကလည်း လက်ထပ်ခဲ့ဖူးတဲ့ယောကျ်ားကို လက်ထပ်တယ်ဆိုတာမျိုး အဖြစ်မခံနိုင်ဘူး ...

ဘယ်သူမှ သိဖို့မလိုတဲ့ နှစ်ဦးသဘောတူ ကွာရှင်းခြင်းဆိုတာ နင် နားလည်တယ်နော်"

"ကျစ် ... သုသု စကားအပိုတွေ ပြောမနေနဲ့။ နင်သိပ်မက်မောတဲ့ကောင်ကို ငါက ခေါင်းထဲလုံးဝမရှိဘူး။ ငါအခုလို ကွာလို့ရတဲ့အတွက် နင့်ကို ကျေးဇူးတင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နင် သူ့ကို လိပ်ပြာသန့်သန့် လက်ထပ်လို့ရတယ်။ ငါ့ဆီသာ စာချုပ်ပို့လိုက် ...

ငါ ဖုန်းချလိုက်တော့မယ်"

"ဟုတ်ပါပြီ၊ အခုလိုကွာရှင်းပေးတဲ့အတွက် Thank you"

"မလိုပါဘူး။ နှစ်သက်အေးချမ်းနဲ့ နင့်ကို ငါက ပိုပြီးတော့တောင် ကျေးဇူးတင်သေးတယ်"

အုံ့ခန်းက ပြောပြီးတာနဲ့ ဖုန်းချလိုက်တော့သည်။ အံ့ဩစရာကြီးပဲ။ ကွာရှင်းဖို့ကိစ္စကို ဒီလောက် မြန်ဆန်လိမ့်မယ်လို့ ထင်တောင်မထားမိပေ။ နှစ်သက်အေးချမ်းနဲ့ သုသုတို့ပြန်ပေါင်းထုပ်သွားလို့ ဒီလိုဇာတ်လမ်းပြတ်သွားတာ ဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ် ရင်ထဲမှာ ပေါ့သွားသည်။

စွမ်းအုံ့မခန်း ဆိုသော မိန်းကလေးက လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်သွားပြီ။





"မမရေ ... လုပ်ပါဦး၊ ဒုက္ခတော့ရောက်ပြီ"

အခန်းတံခါးကို တဗုန်းဗုန်း ထုရိုက်ကာ တစာစာ အော်ခေါ်နေလျှင် အုံ့ခန်းက အလန့်တကြား တံခါးဖွင့်၍ မေးရလေသည်။

"ဟဲ့ ... မခန်း ဘာဖြစ်တာလဲ"

"တော်တော်လေ ရေချိုးခန်းမှာ ချော်လဲလို့တဲ့။ ဒဏ်ရာရသွားတယ်။ လက်ထိသွားတယ်တဲ့။ ကိုနှစ်သက် ဖုန်းလှမ်းဆက်တာ"

"ဘုရားရေ ...။ ဟယ် ... အဲဒါ လိုက်သွားမှပေါ့။ အခု တော်တော်က ဘယ်မှာတဲ့လဲ"

"သူ့အိမ်မှာတဲ့။ မမ လိုက်သွားရအောင်"

"သွားရမှာပေါ့။ ဖေနဲ့ မေကို မပြောနဲ့ဦးနော်။ စိတ်ပူသွားလိမ့်မယ်။ ငါတို့ အရင်သွားကြမယ်။ ပြီးမှ အမေ့ကို အကျိုးအကြောင်း ပြောလိုက်မယ်။ လာ ... သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ မလုံးကို အိမ်စောင့်ထားခဲ့ကာ မမခန်းနဲ့ အုံ့ခန်းက တော်တော့်ဆီ ထွက်လာခဲ့တော့သည်။ ဒီနေ့မှ ဖေဖေနဲ့ မေမေက အလုပ်ကိစ္စနဲ့ ပဲခူးဘက် သွားနေသည်။ အဲဒီတော့ အိမ်မှာ အုံ့ခန်းနဲ့ မခန်းသာ ကျန်နေ၏။ အခု တော်တော်က ချော်လဲတယ်ဆိုတော့ တော်တော့်ဆီ နှစ်ယောက်သား အပြေးလာကြတာဖြစ်သည်။

ဟိုရောက်တော့ ပတ်တီးအဖွေးသားနှင့် ခုတင်ပေါ်မှာ လှဲနေသော တော်တော့်ကို တွေ့ရလေသည်။

"တော်တော်ရယ် ... ဘယ်လိုဖြစ်တာလဲ"

"ရေချိုးခန်းကြွေပြားမှာ shower gel တွေ ကျနေတာကို သတိမထားမိဘဲ တော်တော်က အဲဒါနဲ့ စလစ်ဖြစ်ပြီး ချော်သွားတာ။ လက်အရိုးထိသွားတာပေါ့။ စိုးရိမ်စရာမရှိပါဘူး။ တစ်ပတ်လောက်ဆို ကောင်းသွားမှာပါ"

"မသေကောင်း မပျောက်ကောင်း တော်တော် ဂျယ်။ နောက်ကော ဘာဖြစ်သွားသေးလဲ"

"ရပါတယ်။ နည်းနည်းပဲ ဖြစ်တာပါ။ ချော်ကျထားတဲ့ ဒဏ်နဲ့ဆိုတော့ ကိုယ်လက်နည်းနည်း နာနေတာပေါ့။ သမီးတို့ အိမ်ကို မလုံးနဲ့ ထားခဲ့တာလား"





"ဟုတ်တယ် ... တော်တော်ရဲ့။ ကြားကြားချင်း ချက်ချင်း ပြေးလာတာ။ မေမေ့ကိုတောင် မပြောရသေးဘူး"

"ဟယ် ... ဘာမှမဖြစ်ပါဘူး။ မမကို သွားမပြောနေနဲ့။ သူတို့က အလုပ်ကိစ္စသွားတာ။ စိတ်ပူအောင် မလုပ်ကြနဲ့။ တော်တော်က ဘာမှမဖြစ်ဘူး"

ဘာပဲဖြစ်ဖြစ် စိတ်တော့မကောင်းပါ။ တော်တော်ဟာ အမြဲတမ်း တက်ကြွလန်းဆန်းနေသူဖြစ်သည်။ အခုတော့ လက်မှာ ပတ်တီးအဖွေးသားနဲ့။

"ဧည့်သည်တွေ ကော်ဖီသောက်လိုက်ပါဦး"

ဒီအသံကြောင့် အုံ့ခန်းက ဆတ်ခနဲ မော့ကြည့်လိုက်လျှင် မြင်းခေါင်းစွပ်ကျယ်သား တီရှပ်အဖြူနဲ့ ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားသော သူ့ကို တွေ့လိုက်ရသည်။

"ကော်ဖီသောက်လေ သမီးတို့။ နှစ်သက်က ကော်ဖီဖျော်တာ သိပ်ကောင်းတာ။ အုံ့ခန်းအကြိုက် ခါးစိမ့်လေး။ သောက်ကြည့်လိုက် ... သောက်လေ သမီးတို့"

ငြင်းရင် မကောင်းတတ်တာကြောင့် အုံ့ခန်းက ကော်ဖီသောက်လိုက်ရသည်။ ခါးစိမ့်စိမ့်နဲ့ အရသာအရမ်းရှိသော်လည်း သူ ဖျော်ထားတယ်ဆိုတဲ့ အသိကြောင့် အုံ့ခန်းက တစ်ငုံသောက်ပြီး ဒီအတိုင်း ထားထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မမတို့က ဘယ်အချိန်မှ ပြန်ရောက်မှာလဲ"

"ညနေလောက်မှ ရောက်မယ်ထင်တယ် တော်တော်ရဲ့။ ဟင်း ... ဘာပဲဖြစ်ဖြစ် တော်သေးတယ်။ မခန်းကို ကိုနှစ်သက် ဖုန်းလှမ်းဆက်တုန်းကဆို မခန်းမှာ ပူထူသွားတာပဲ။ မမကို အပြေးသွားပြောပြီး တော်တော့်ဆီ အမြန်လာကြတာ"

"ဟုတ်တယ်၊ အဲဒါတောင် တော်တော်က ဖုန်းဆက်ခိုင်းတာမဟုတ်ဘူး။ ကျွန်တော်က ဘာပဲဖြစ်ဖြစ် သိရအောင် ဆိုပြီး ဆက်လိုက်တာ။ ခရာဝန်က စိတ်ပူစရာမရှိဘူးဆိုတော့မှ စိတ်အေးသွားတာ"

"ဟုတ် ... တော်တော့်ကို အခုလို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်၊ ဦးကိုလည်း ကျေးဇူးတင်ပါတယ်"

မခန်းကတော့ သွက်လက်ချက်ချာစွာဖြင့် ဦးအေးချမ်းတို့သားအဖနှင့်တောင် စကားဖောင်ဖွဲ့နေလိုက်သည်။ တော်တော့်ဘေးနား ငုတ်တုတ်ထိုင်၍ နှုတ်ဆိတ်နေသူက အံ့ခန်းပဲဖြစ်သည်။

"အိပ်မက်များလား xxx မယုံနိုင်ဘူး xxx မောင်ရေ ရင်ခုန်သံနဲ့ပြောတဲ့ စကားလား xxx "

ဒီ ringtone သံဆိုရင် မခန်းရဲ့ဘဲကြီးဆီကဆိုတာ အတပ်သိ၏။ မခန်းက ဖုန်းကိုင်လေသည်။





"အင်း ... ကိုရဲ ပြော"

"........."

"သြော် ... အင်း၊ အဲဒါဆိုလည်း ဒီလာခဲ့လိုက်လေ။ မခန်း စောင့်နေမယ်။ Ok ... Ok"

မခန်း ဖုန်းပြောပြီးသွားလျှင် အံ့ခန်းက လှမ်းမေးရ၏။

"ဘယ်သွားမလို့တုန်း မခန်း"

"ဟိုဟာလေ ... သတို့သမီးဝတ်စုံ အဲဒါ ဒီနေ့ fitting ချမှာမလို့ သွားရမှာ။ ကိုရဲက မခန်း အိမ်မှာထင်လို့ အိမ်ရောက်ပြီးပြီ။ မလုံး ပြောလိုက်လို့ ဒီလာနေတာ"

"သြော် ... အင်း။ နင်တို့က သွားပြီး အိမ်တန်းပြန်မှာလား"

"မဟုတ်ဘူးလေ၊ တော်တော့်ဆီ ပြန်လာမယ်လေ။ ဟိုမှာက ဘယ်လောက်မှ မကြာပါဘူး။ မမက ဒီမှာ တော်တော်နဲ့ နေခဲ့လိုက်လေ။ မခန်း ပြန်လာမှာပဲဟာကို"

"အေး ... ပြီးရော ပြီးရော။ နင်တို့ နှစ်ယောက် ဘယ်မှ သဝေမထိုးနေနဲ့နော်။ fitting ချိန်ပြီးတာနဲ့ ဒီပြန်လာကြားလား"



www.burmeseclassic.com

www.burmeseclassic.com



အုံ့ခန်းက စိတ်ရှုပ်စွာဖြင့် လေပူတစ်ချက်ကို အသာခိုးမှုတ်လိုက်လေသည်။ ဒုက္ခပါပဲ။ တော်တော်က ချော်လဲထားလို့သာ တော်တော့်အနားမှာ နေပေးရတာဖြစ်သည်။ သူများအိမ်မှာ အုံ့ခန်း မနေချင်ပါ။ အထူးသဖြင့် ဟိုသားအဖကို ကြည့်မရတာကြောင့် တစ်မိနစ် တစ်စက္ကန့်တောင် နေချင်စိတ်မရှိပါ။ ဒါပေမဲ့ ကိုယ့်အပေါ်က ချော်လဲထားတော့ ပြုစုဖို့ တာဝန်ဝတ္တရားရှိ၏။

မခန်းက သူ့ဘဲလာခေါ်သွားတာနှင့် တော်တော့်ကို နှုတ်ဆက်ကာ သွားလေပြီ။ ဦးအေးချမ်းကတော့ တော်တော်ရှိနေတာကြောင့် အောက်ထပ်မှာ ဆင်းနေပေး၏။ နှစ်သက်အေးချမ်းကလည်း ခပ်ဝေးဝေး နေပေးတာကြောင့် ကျေးဇူးတင်ရလေသည်။ ဘာပဲပြောပြော သူနဲ့ကိုယ်က ဘာမှမဆိုင်တော့တာကြောင့် စိတ်ထဲမှာတော့ ပေါ့ပေါ့ပါးပါး ရှိပါသည်။

"တော်တော် ဘာစားချင်လဲဟင်။ သမီး ဘာသွားဝယ်ပေးရမလဲ"

"အင်း ... မြူစွမ်ပြုတ်လေး သောက်ချင်တယ်။ ရတယ် ... သမီး ဘာမှမလုပ်နဲ့။ သားရေ ... နှစ်သက်"

"အာ ... တော်တော်ကလည်း သူ့ကို ဘာလို့လုပ်ခိုင်းမှာလဲ။ သမီး လုပ်ပေးမှာပေါ့။ kitchen ဘယ်မှာလဲ"





"ကိုယ် လိုက်ပြပေးမယ်လေ။ မင်းဘာသာမင်းလုပ်ပါ။ မြူစွမ်ထုပ်တို့ဘာတို့ လိုက်ထုတ်ပေးမယ်"

တော်တော်စားချင်တဲ့ အာသီသကို ဖြည့်ဆည်းပေးချင်တာမို့ အုံ့ခန်းက သူနဲ့အတူ kitchen ထဲ လိုက်လာခဲ့လေ၏။ ရေနွေးဆူခါနီး အချိန်မှာတော့ ထမင်းစားဝိုင်းမှာ ထိုင်စောင့်ပေးနေတဲ့ သူ့ဆီက စကားသံထွက်လာလေသည်။

"မင်းကို ကျေးဇူးတင်ပါတယ်"

ဟုတ်တာပေါ့။ သူနဲ့ အုံ့ခန်းက ကွာရှင်းပြီးကတည်းက မဆုံဖြစ်တာ တစ်ပတ်ကျော်လောက်ရှိပြီပဲ။ သူ့ရဲ့ပြန်ပေါင်းထုပ်ဖာတော်လမ်းအတွက် အသာတကြည် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးသော အုံ့ခန်းကို သူက ကျေးဇူးတင်စကား ပြောနေတာကြောင့် အုံ့ခန်းက တစ်ချက်ပြုံးလိုက်ရင်း ...

"မလိုပါဘူး။ ကျွန်မကတောင် ရှင့်ကို ပိုပြီးကျေးဇူးတင်ရဦးမယ်"

"အင် ... မဟုတ်တာ။ ကိုယ်က ဘာများလုပ်လို့လဲ"

အုံ့ခန်းက ရေနွေးအိုးထဲသို့ မြူစွမ်ခြောက်ကို ထည့်လိုက်ပြီးမှ သူ့ဘက်သို့ လှည့်လိုက်ကာ ...

"ကျွန်မကို အခုလို လုပ်ပေးတာ ကျေးဇူးပါပဲ။ ဘာပဲဖြစ်ဖြစ် ရှင်အခုလိုဆုံးဖြတ်တာ ကောင်းပါတယ်။ အစကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကသာ ကွာရှင်းထားရင် ဒီလောက်ထိတောင် ပြဿနာတွေ ရှုပ်လာမှာ မဟုတ်ဘူး"

"ဟင် ... ဘယ်လို အုံ့ခန်း။ ကွာရှင်းတယ်။ ဘာကိုကွာ ရှင်းတာလဲ"

"သြော် ... ဒုက္ခပဲ။ ကျွန်မကို ကွာရှင်းခွင့်ပေးတဲ့အတွက် ရှင့်ကို ကျေးဇူးတင်တာလေ။ ဘာဖြစ်လို့လဲ"

အုံ့ခန်း အပြောကြောင့် သူဟာ ထိုင်နေရာကနေ ချက်ချင်းထရပ်ကာ နားမလည်သလိုပုံစံဖြင့် ...

"ဘာ ... ကိုယ်က ကွာရှင်းခွင့်ပေးတယ်။ မဟုတ်တာ ... အုံ့ခန်း ပို့လိုက်တဲ့စာကို ကိုယ်မပြန်ဘူးလေ၊ ကိုယ် အုံ့ခန်းကို ကွာရှင်းမပေးနိုင်ဘူးလို့ ပြောထားပြီးသားဟာကို"

ဟင် ... ဘာလဲ။ အုံ့ခန်းသည် နည်းနည်းတော့ အူလည်လည် ဖြစ်သွားရ၏။ ဘာစာလဲ။ အုံ့ခန်းက ဘာစာပို့လို့လဲ။ ကျစ် ... ဒီလူတော့ လာပြီးခွင်ရိုက်နေပြန်ပြီ။

"ဒီမှာ ... နှစ်သက်အေးချမ်း။ ဘာမှ တိုင်လာမပတ်နဲ့တော့။ နင်နဲ့ငါ ကွာရှင်းပြီးသွားပြီ။ နင်ကိုယ်တိုင် လိုက်ပို့လိုက်တဲ့ စာချုပ်ထဲမှာ လက်မှတ်ထိုးပေးလိုက်တာ"

"ဟား ... ဘာတွေလဲ။ မဟုတ်ဘူး။ တစ်ခုခုတော့ လွဲနေပြီ။ မင်းကို ကိုယ်က ဘာစာချုပ်ပို့လို့လဲ"





"ဟင် ... ပြီးခဲ့တဲ့အပတ်ကပဲ ကျွန်မ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်တာလေ။ နင် ကူလီကူမာမလုပ်နဲ့။ နင်တို့ ပြန်ပေါင်းထုပ်တဲ့ကိစ္စကို ငါ စိတ်မဝင်စားဘူး။ အဓိက,က ငါတို့ကိစ္စကို လူသိမခံနိုင်တာပဲ"

အုံ့မခန်းရဲ့စကားတွေကြောင့် သူဟာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားကာ ဘာမှနားမလည်ဟန်ဖြင့် ခေါင်းကိုယမ်းလိုက်ပြီး ...

"မဟုတ်ဘူး။ မင်းနဲ့ ကိုယ့်ကြားထဲမှာ အကန့်တစ်ခုရှိနေပြီ။ မင်းကလည်း ကွာရှင်းပြီးပြီတဲ့။ အေး ... ကိုယ်ကလည်း မင်းပေးတဲ့စာကို လက်မခံထားဘူး။ တစ်ခုခုတော့ လွဲနေပြီ အုံ့ခန်း။ ဒီလိုလုပ် ... မင်းနဲ့ကိုယ် မနက်ဖြန်ညနေပိုင်းလောက် ဆုံကြရအောင်"

"ဘာအတွက်လဲ ... ကျွန်မတို့ ဘာမှ မဆိုင်တော့ဘူးလေ"

"No ... မဟုတ်ဘူး။ မင်းက အခုချိန်ထက်ထိ ကိုယ်သိပ်ချစ်ရတဲ့ ကိုယ်ရဲ့တရားဝင်မိန်းမပဲ။ ကိုယ်တို့ကြားထဲမှာ လွဲတာ သေချာပြီ။ မင်းနဲ့ကိုယ် မနက်ဖြန်မှ ပြောကြတာပေါ့။ ကိုယ် ဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြီးတာနှင့် Kitchen ထဲက ထွက်သွားလေသည်။ ဟား ... ဘာတွေလဲ။ သူနဲ့ အံ့ခန်းကိစ္စက ပြီးသွားပြီပဲလေ။ လွဲနေတယ်ဆိုတာ သူက ဘာကိုပြောတာလဲ။

အံ့ခန်းသည် အေးဆေးသွားပြီဟု မှတ်ယူထားသော အဖြစ်အပျက်သည် ပြန်လည်အသက်ဝင်လာပြန်ပြီလားဆိုတဲ့ အတွေးကြောင့် လူတစ်ကိုယ်လုံး အေးစက်ထုံခဲသွားတော့သည်။





## ၁၅

"နင် ပြောတော့ ချစ်တယ်ဆို၊ ဒီမှာ ထူး ... မှတ်ထားစမ်း။ အချစ်ဆိုတာ ပိုင်ဆိုင်ခြင်းပဲ။ ပေးဆပ်တာက အချစ်မဟုတ်ဘူး။ ရူးနေတဲ့သူတွေ၊ အရှုံးသမားတွေရဲ့ သတ်မှတ်ချက်။ တကယ်ချစ်တဲ့သူက ပိုင်ဆိုင်ချင်ကြတာချည်းပဲ"

ဉာဏ်ထူးက စိတ်ညစ်ညူးစွာဖြင့် လေပူတစ်ချက်မှုတ်ထုတ်ကာ ထိုင်နေရာမှ ထရပ်ပြီး TV သွားပိတ်လိုက်သည်။ ပြီးတော့ ဆံပင်တွေထဲ လက်ထိုးသွင်းရင်းက ...

"ပိုင်ဆိုင်တယ်ဆိုတာ ပြောတော့သာလွယ်တာ။ အချစ်ဆိုတာ ပိုက်ဆံရှိတိုင်း ဝယ်လို့မှမရတာ။ ငါ့ကို သူက ခင်ရဲ့မင်းရဲ့ ဘော်ဒါအကန့်မျိုး သဘောထားနေတာဟ။ အဖြေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရသေးတာမဟုတ်ဘဲနဲ့။ ဘယ်နေရာကနေ သွားပိုင်အောင် လုပ်ရမှာလဲ အစ်မကလည်း”

“ဟဲ့ ... ထူး။ ဒုက္ခပဲ ... ဒီမှာ နင် ယောကျ်ားမဟုတ်ဘူးလား။ နင် အဲဒီလောက် မတုံးနဲ့။ နင့်ကို အုံ့မခန်းရဲ့မိဘတွေကလည်း ကြည်ဖြူနေတာပဲ။ ပြီးတော့ အုံ့မခန်းကလည်း နင့်ကို မလိုလားတဲ့ပုံမှ မဟုတ်တာ။ အဲဒီတော့ ဒီလိုလုပ် ... နင် အုံ့မခန်းကို အပြင်ကိုရအောင်ခေါ်ထုတ်။ ပြီးတော့ စမ်းချောင်းက ငါ့တိုက်ခန်းကို ခေါ်သွား။ သူ မလိုက်,လိုက်အောင် ရှီးရှန်းပြီး ရအောင်ခေါ်ခဲ့။ ဒီလောက်တော့ နင် ပြောတတ်ပါတယ်ဟယ်။ နိုင်ငံခြားမှာ နေလာတာပဲ။ နည်းနည်းတော့ သွက်ဟေ့”

“ဟား ဟား ... အစ်မရာ၊ နင်ကလည်း ကွိုင်ပဲ။ ကဲပါ ... နင်ပြောတဲ့အတိုင်း ငါရအောင်ခေါ်လာမယ်။ ပြီးရင် ဘာဆက်လုပ်ရမှာလဲ”

“ဩော် ... ဒုက္ခပါပဲ။ အဲဒီတိုက်ခန်းက ဘယ်သူမှမနေဘူး။ နင် သူ့ကို ရအောင်အပြေတောင်းပေါ့။ အခွင့်အရေးဆိုတာ နှစ်ခါမရဘူးနော် ထူး။ နင် သူ့ကိုချစ်ရင်တော့ ဒီလောက် ကြိုးစားရမှာပေါ့ဟဲ့”





သုသု စကားကြောင့် ဉာဏ်ထူးက တွေးဝေသွားပုံရပါသည်။

ပြီးတော့မှ ခေါင်းညိတ်ကာ ...

“Ok ... ငါ ရအောင် ကြိုးစားမယ်”

“Ok ... ဒီလိုပဲ ဖြစ်ရမှာပေါ့။ ကဲ ရော့ ... ဒါက ဟိုတစ်ခါ နင့်ကိုပြတဲ့ စမ်းချောင်းက အခန်းသော့။ နင် သူနဲ့သာ အိုကေလာရင် အဲဒီတိုက်ခန်းကို နင်တို့ မင်္ဂလာဦးလက်ဖွဲ့ပေးမယ်”

ဉာဏ်ထူးက သုသုဆီက အခန်းသော့ကိုယူလိုက်ပြီးနောက် သုသုကို တစ်ချက်ကြည့်ရင်း မေးလေ၏။

“အစ်မ ... ကျွန်တော့်ကို ဘာလို့ idea တွေ ဒီလောက်ပေးနေရတာလဲ”

“ဩော် ... ဉာဏ်ထူး၊ နင်က ငါ့မောင်လေ။ နင် ဟိုးကလေးဘဝကတည်းက ငါတို့အိမ် လာလည်တိုင်း ငါက နင့်ကို စာလည်းသင်ပေးတယ်။ ဂိမ်းဆော့နည်းတွေလည်း သင်ပေးခဲ့တာပဲ။ အခုလည်း ငါယောက်မရဖို့ နင်မိန်းမရဖို့ သင်ပေးရတာပေါ့ဟဲ့ ...

စကားရှည်မနေနဲ့။ နင်သာ အိုကေလာပလေ့စေ”



www.burmeseclassic.com

www.burmeseclassic.com



သုသုက ပြောပြီးသွားတာနှင့် မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။ ဟင်း ... ဟင်း ... ထူးရယ်၊ ငါ နင့်ကိုမိန်းမရစေချင်တာကတစ်ကြောင်း၊ ပြီးတော့ ငါ တကယ်ချစ်မိသွားတဲ့အချိန်ကျမှ ငါ့လက်က လွတ်ထွက်သွားတဲ့ နှစ်သက်ကို ငါပြန်လိုချင်လို့ပေါ့ဟယ်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Maeminbon"





"ရော့ ... အုံ့ခန်း၊ ဒါ မင်းပို့ခဲ့တဲ့ စာလေ"

အုံ့ခန်းက သူ ကမ်းပေးတဲ့ စာရွက်ခေါက်ကို ဖြန့်ဖတ်ကြည့်လိုက်တော့သည်။

"နှစ်သက်အေးချမ်း ...

ငါ့ကို ကွာရှင်းပေးပါ။ ငါ နင့်ကိုသိပ်မုန်းတယ်။ ငါ့ဘဝကို လွတ်လပ်ခွင့်ပေးစမ်းပါ။ ငါချစ်တဲ့သူကို လက်ထပ်နိုင်ဖို့ နင် ငါ့ကို ကွာရှင်းပေးပါ"

အုံ့ခန်းက ဖတ်လိုက်ရတဲ့ ဒီစာကြောင့် အံ့အားသင့်ရလေသည်။ ဒါက အုံ့ခန်းပို့ပေးတဲ့စာ မဟုတ်ဘူးလေ။

"ဟင့်အင်း ... ရှင့်ကို ကွာရှင်းချင်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ ဒီစာက ကျွန်မပို့တာ မဟုတ်ဘူး။ ဒါ ကျွန်မလက်ရေးလည်း မဟုတ်ဘူး။ ဒါပေမဲ့ ရှင်နဲ့ကျွန်မက ကွာပြီးသွားပြီပဲ။ ရှင်ပဲ သုသုကတစ်ဆင့် ကွာရှင်းစာချုပ် ပို့နိုင်းလိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဟင် ... ဘာလဲဟ။ အုံ့ခန်းက သူ့ပုံစံကိုကြည့်ကာ ကိုယ်ပါ ပိုအုံ့ဩရလေသည်။ ဘာသဘောလဲ။ သူက ဘာလို့ ဒီလောက်အုံ့ဩနေရတာလဲ။

"မဟုတ်ဘူး။ ကိုယ်က ဘာကိစ္စ မင်းကိုကွာရှင်းရမှာလဲ။ ပြီးတော့ သုသုနဲ့ ဒီကိစ္စက ဘာဆိုင်လို့လဲ"

"သုသုပြောတော့ ရှင်နဲ့ သုသုက ပြန်အဆင်ပြေသွားပြီဆို"

"ဟင် ... သုသုက ပြောတယ် ... ဟုတ်လား"

"ဟုတ်တယ်၊ စာချုပ်ကိုလည်း သူပဲ ပို့ပေးခဲ့တာ"

အုံ့ခန်း စကားကြောင့် သူက အုံ့ခန်းကို ဆက်စကား မပြောသေးဘဲ ကျောခိုင်းအနေအထားဖြင့် ရပ်ကာ တစ်ခုခုကို စဉ်းစားနေပုံရပါသည်။ ပြီးတော့မှ အုံ့ခန်းဘက် ဆတ်ခနဲလှည့်၍ ...

"ကိုယ် သိပြီ အုံ့ခန်း။ မင်းနဲ့ ကိုယ့်ကြားထဲက အကန့်ဆိုတာ ပိုးသုချိုပဲ"

"ဘာ"

"ကိုယ်အမှန်အတိုင်း ဝန်ခံမယ်နော်။ မင်းနဲ့ ကိုယ့်ကိစ္စကို သုသု သိသွားတာ ကိုယ်ပြောလိုက်တာ။ အဲဒီတော့ သူက လက်ခံတယ်။ ပြီးတော့ မင်းဘာကြိုက်တယ်ဆိုတာကအစ





ကိုယ့်ကိုပြောတယ်။ idea တွေကအစ သူပေးခဲ့တာ။ အခု သူက ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ"

အုံ့ခန်းသည် ဒေါသဖြစ်စွာဖြင့် တောက်တစ်ချက် ခေါက်လိုက်သည်။ သုသု ဘာကိုလုပ်သလဲဆိုတာ အုံ့ခန်းနားလည်သည်။ ခံစားပေးလို့လည်း ရပါသည်။

"အဲဒါ ရှင်းရှင်းလေးပဲ။ အဓိက,က နင့်ကြောင့်ပဲ။ သုသုက နင့်ချစ်သူလေ။ သူ သဝန်တိုမှာပဲ။ ဒီအဖြစ်အပျက်အတွက် သူ ပေါက်ကွဲမှာပဲ။ ငါကတော့ သူ မှန်တယ်လို့ပဲ ပြောမယ်"

"ဘာ ... ဟား ... အုံ့ခန်း၊ သူနဲ့ငါဟာ ချစ်သူရည်းစား ဖြစ်ခဲ့တယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ကိုယ်ကော သူကော အပျော်သဘော ထားခဲ့တာ။ သူ ဒီလိုလုပ်ခွင့်မရှိဘူး။ အုံ့ခန်း ... မင်းကို ကိုယ် အပြတ်ပြောလိုက်မယ်။ သုသုကို ကိုယ်ယုံမိလို့ အခု အထိနာရပြီ။ ဒါပေမဲ့ မင်းနဲ့ကိုယ်က အခုထိ လက်ထပ်စာချုပ်မှာ တရားဝင် လက်မှတ်ထိုးထားတုန်းပဲ။ မင်း ထိုးပေးလိုက်တဲ့ ကွာရှင်းစာချုပ်က အကျုံးမဝင်ဘူး"

"ရတယ် ... နင် ငါ့ကိုမကွာလည်း ဂရုမစိုက်ဘူး။ နင့်ကို ငါ ခေါင်းထဲမှာ ထည့်မထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အုံ့ခန်း ... တောင်းပန်ပါတယ်ကွာ။ မင်းကို ကိုယ်ချစ်လို့ ပိုင်ဆိုင်ချင်တာ ကိုယ့်အပြစ်လား။ မင်းဆီမှာ ကိုယ်နဲ့ပတ်သက်တဲ့ ခံစားချက် နည်းနည်းလေးတောင် မရှိဘူးလား ဟင်"

အုံ့ခန်းက ခါးသီးစွာပြောဖို့ ပါးစပ်အပြင်မှာပဲ ဖုန်းက ထမြည်လာလျှင် Display ကို ကြည့်လိုက်တော့ ကိုထူးဆီကဖုန်းဖြစ်၏။ အရွဲ့တိုက်ချင်တဲ့စိတ်ကြောင့် ဖုန်းချက်ချင်းကိုင်လိုက်သည်။ ဘယ်သူ့ဆီကဖုန်းလဲ ဆိုတာကို လေ့လာနေတဲ့မျက်ဝန်းတွေကို အုံ့ခန်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီးမှ ဖုန်းထူးလိုက်သည်။

"ကိုထူး ... ပြောလေ"

"အင်း ... အုံ့ခန်း အခု ဘယ်မှာလဲ။ အပြင်ရောက်နေတာလား"

"ဟုတ်တယ်။ အလုပ်ကိစ္စရှိလို့ အပြင်ခဏရောက်နေတာ။ ပြောလေ ကိုထူး။ ဘာပြောမလို့လဲ"

သူ့ရှေ့မှာမို့ အုံ့ခန်းရဲ့အသံက နည်းနည်းအိုဗာဖြစ်နေပါသည်။ နှစ်သက်အေးချမ်း တစ်ယောက်တော့ အတော်လေး မျက်နှာပျက်နေပုံကိုက အုံ့ခန်းအတွက် အရသာခံကြည့်ချင်စရာပင် ဖြစ်သည်။





"အင်း ... ဒီလိုပါ။ ကိုယ် အုံ့ခန်းကို လိုက်ဆောင်ပေးစရာရှိတယ်။ Surprise ပေါ့။ အဲဒါ ကိုယ့်ကို အချိန်ခဏလောက် ပေးပါလားဟင်"

ဩော် ... ဒုက္ခပါပဲ။ အရေးထဲမှာ အရာပေါ်နေသေးတယ်။ ငြင်းပြန်ရင်လည်း ဟိုလူ့ရှေ့မှာ ဖြစ်နေတယ်။ မထူးပါဘူးလေ။ နှစ်သက်အေးချမ်း ရှေ့မှာဆိုတော့ အချိန်ပေးရတော့မှာပေါ့။

"အဟင်း ... ဟင်း ... ပြောစရာလိုလို့လား ကိုထူးရယ်။ ကိုထူးက တွေ့ချင်တာကို အုံ့ခန်းက ငြင်းမှာတဲ့လား။ ကဲ... ပြော၊ အုံ့ခန်း ဘယ်အချိန် ဘယ်ကိုလာခဲ့ရမလဲ"

"လိပ်စာမှတ်ထားလိုက်လေ။ အဲဒီကို လာဖြစ်အောင်လာနော်။ အင်း ... ကိုယ်တို့ လေးနာရီလောက် တွေ့တာပေါ့"

"Ok ... ပြော၊ လာခဲ့မယ်"

အုံ့ခန်းက သူပြောတဲ့လိပ်စာကို အိတ်ထဲက စာအုပ်ထုတ်၍ လိုက်ရေးရလေသည်။

"Ok ... မှတ်ပြီးပြီ။ စိတ်ချ ... အုံ့ခန်း လာခဲ့မယ်။ ဒါပဲနော် See you"

အုံ့ခန်းက ဖုန်းပိတ်လိုက်လျှင် ချက်ချင်းပင် ဖြုန်းခနဲ အုံ့ခန်းရဲ့တစ်ကိုယ်လုံးကို သူက တင်းကျပ်နေအောင် ဖိချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားလိုက်၏။ ရှုတ်တရက် အလစ်ငိုက်ချိန်မို့ အံ့ခန်းက သူ့ရင်ခွင်မှာ နစ်မြုပ်မတတ် ဖြစ်ရပေမယ့် ချက်ချင်းပဲ ဆောင့်ရုန်းပစ်ပါသော်လည်း လွှပ်လို့မရဘဲရှိ၏။

"နှစ်သက်အေးချမ်း ... နင် မယုတ်မာနဲ့။ ငါ့ကိုလွှတ်"

သူ့ရင်ခွင်ထဲမှာ ရုန်းကန်တွန်းထိုးနေတဲ့ အံ့ခန်းကို ဖိချုပ်ကာ သူ့ကိုယ်နှင့်ဖိကပ်ဖက်ထားရင်းက ဒေါသတကြီးလေသံဖြင့် ...

"မင်း ကိုယ့်ဒေါသကို မဆွနဲ့ အံ့မခန်း။ မင်းထင်နေတဲ့ လူယုတ်မာမျိုး ကိုယ်မဟုတ်ဘူးကွ"

ပြောရင်းက ဖက်ထားတာကို လွှတ်လိုက်သည်။ ပြီးတော့မှ အံ့မခန်းရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ မျက်လုံးချင်း အတင်းဆုံအောင်ကြည့်၍ ...

"မင်း သိထားဖို့က မင်းအသိစိတ်ရှိနေတဲ့ အကောင်းပကတိအချိန်မှာတောင် ကိုယ် မင်းရုန်းလို့မရအောင် ဖက်ထားနိုင်တယ်။ အဲဒီတုန်းက မင်းက လူမှန်းသူမှန်းမသိအောင် မူးရူးပြီး ငါ့လက်မောင်းပေါ်မှာ ခေါင်းအုံးပြီး အိပ်ပျော်နေခဲ့တာ။ မင်းပြောတဲ့အယုတ်တမာစိတ်နဲ့ဆိုရင် ငါ မင်းကို သိမ်းပိုက်လိုက်တာကြာပြီ။ ငါ မင်းကို ချစ်လွန်းလို့။ မင်းမျက်နှာလေးကို မြင်နေရတာကတင် ငါ့ဘဝတစ်ခုလုံးမှာ





ဘယ်တုန်းကမှ မခံစားဖူးတဲ့ အချစ်တွေ ရင်ခုန်ခြင်းတွေ ဖြစ်လာလို့ ငါ မင်းကို ပိုင်ဆိုင်ချင်လွန်းလို့ကွ ...

မင်း ကို ကိုယ်ချစ်ပါတယ်လို့ ဘယ်လိုပြောမလဲ။ မင်းက အဲဒီကတည်းက အဖေနဲ့ရောပြီး ကိုယ့်ကိုပါမုန်းနေခဲ့တာ။ ဒါကြောင့် မင်းကို ဖွင့်မပြောရသေးခင် မင်း တခြားတစ်ယောက်ကို ချစ်မိသွားမှာစိုးလို့ မင်းနဲ့ကိုယ့်ကြားမှာ ချည်ထားတဲ့ ကြိုးသေးသေးလေးတစ်ခုအဖြစ် အားကိုးချင်တဲ့စိတ်နဲ့ ကိုယ် မင်းကို လက်ထပ်ခဲ့တာ"

ဘုရားရေ ... နှစ်သက်အေးချမ်း၊ သူ ... သူငိုနေတယ်။ မျက်ရည်တွေကျကာ ပြောလာတဲ့စကားလုံးတွေအတွက် အံ့ခန်း ဘာမှ ရှိုင်းရှိုင်းစိုင်းစိုင်း မတုံ့ပြန်မိသေးဘဲ ခဏတော့ငြိမ်ကျသွားသည်။

အံ့ဩမှင်သက်တဲ့ စိတ်ကြောင့်လည်း ဖြစ်နိုင်ပါသည်။ သူကတော့ အံ့ခန်းရဲ့ပခုံးတွေကို မြဲမြဲစွာ ဆုပ်ကိုင်ထား၍ ပြောလိုရာကို ဆက်ပြောလေသည်။

"မင်းက ဉာဏ်ထူးနဲ့ တွဲနေတယ်။ ကိုယ့်အတွက် ငရဲကျနေသလိုပဲ။ တောင်းပန်ပါတယ် အံ့ခန်းရယ်။ မင်း ဟိုကောင့်ကို မချစ်ဘူးဆိုတာ ကိုယ်သိတယ်။ ယောကျ်ားတွေကို မင်း လျှော့မတွက်နဲ့။ မင်းရဲ့အချစ်ကို ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မပေးချင်နေပါ။ သူ့ဆီ မင်း ဒီနေ့မသွားပါနဲ့ ... နော် ... နော် ... အံ့ခန်း"

အံ့ခန်းက ပခုံးမှာကိုင်ထားတဲ့ သူ့လက်တွေကို ဖယ်ပစ်လိုက်သည်။ ပြီးတော့မှ သူ့မျက်နှာကို စေ့စေ့ကြည့်၍ပြောလိုက်တော့သည်။

"နင် ရူးသွားပြီ။ အရာရာကို ပုံသေတွက်ထားတာကိုက နင် ရူးနေလို့ပဲ။ ဒီမှာ နှစ်သက်အေးချမ်း၊ ငါ့ဘဝမှာ နင့်ကို သိပ်မုန်းတယ်။ အဲဒီထက်ပိုသာတဲ့ စကားလုံးရှိရင်လည်း ငါ ပြောကြည့်ချင်တယ်။ နင်က တကယ်တော့ အတ္တသမားပဲ။ အခု နင်ပြောနေတာတွေက နင့်အတွက်တွေချည်းပဲ။ မသွားပါနဲ့လို့ နင့်မှာ တားပိုင်ခွင့်မရှိဘူး ...

ငါ ဘဏ်ထူးကို ချစ်ရင်ချစ်မယ်။ လက်ထပ်ချင်လက်ထပ်လိုက်မယ်။ ဘယ်တော့မှ သူ့အနာဂတ်တွေကို ချောင်ပိတ်မရိုက်ဘူး။ နင်က ငါ့ရဲ့အနာဂတ်တွေအားလုံးကို အဆိပ်ခတ်တာ။ လက်ထပ်လိုက်ရင် အချစ်ရမယ်ဆိုတဲ့ equation နဲ့ ငါ့ဘဝကို ချုပ်ကိုင်လို့ရမယ် ထင်သလား။ ဒီမှာ ... နင့်ကို ငါ တစ်ခါတည်းပြောမယ်။ ငါ့ကို ကွာရှင်းမပေးလည်း နင်က ငါ့အတွက်တော့ ပတ်သက်စရာလူ မဟုတ်ဘူး။ ငါ သွားမယ်။ ကိုထူးဆီကို သွားကိုသွားမယ်"





အံ့ခန်းက ချက်ချင်းပဲ ချာခနဲလှည့်ထွက်လာကာ ကားပေါ်တက်၍ ထွက်လာခဲ့တော့သည်။ ဘဝမှာ သူနဲ့တွေ့မှ လွတ်လပ်ပျော်ရွှင်မှုတွေ ပျောက်ဆုံးကုန်တာ။ အံ့ခန်း နှစ်သက်အေးချမ်းကို အရမ်းခါးသီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးသုချို ... မင်း ဘာသဘောနဲ့ ငါ့ဆီကို ဒီစာပို့တာလဲ။ ပြီးတော့ အုံ့ခန်းဆီကို ကွာရှင်းစာချုပ်ပို့ရတာလဲ"

သုသုသည် မထင်မှတ်ထားတာကြောင့် အရမ်းကို အံ့သြသွားရပါသည်။ နှစ်သက်ကို အရမ်းမုန်းတဲ့ အုံ့ခန်းက ကွာရှင်းစာချုပ်အကြောင်းကို နှစ်သက်ကို ပြောတယ်။ သုသုသည် ချက်ချင်းပင် ပျက်ယွင်းသွားတဲ့မျက်နှာကို အိုက်တင်ချိန်းကာ မသိနားမလည်ဟန်လေးပါဝင်နေသည့် မျက်နှာငယ်လေးဖြင့် ...

"နှစ်သက် ... ယူ ဘာတွေပေါက်ကွဲလာတာလဲ"

"ငါ့ကိုမမေးနဲ့။ ဟား ... သုသုရာ။ ငါ တကယ်ကိုထင်မထားတာ။ နင်မို့ လုပ်ရက်တယ်။ ငါ အကုန်သိပြီးပြီ။ တကယ်တော့ နင်က ငါတို့ကို ကူညီမလိုလိုနဲ့ ချောက်ထဲတွန်းချနေတာ။ ငါနဲ့ အုံ့ခန်းကြားထဲဝင်ပြီး ကူညီချင်ယောင်ဆောင်ပြီး နောက်ကျောကို ဓားနဲ့ထိုးနေတာ။ ဒီမှာ ... နင့်မှာ ဘာတွေများ ရန်ငြိုးဖွဲ့စရာရှိလို့လဲဟာ။ အုံ့ခန်းက ငါ့ကို သေအောင်မုန်းနေပြီ"





"နှစ်သက် ... ယူတို့ကို စွပ်စွဲနေတာ အရမ်းများနေပြီ။ တော်တော်လေး ပြင်းထန်တယ်။ ကဲပါ ... ယူ ဘာတွေပေါက်ကွဲလာတာလဲ။ သုသုကို ရှင်းပြလိုက်လေ။ ပေါ့သွားအောင်"

သူ့လက်မောင်းကိုဆွဲကာ ထိုင်ဖို့ခေါ်လျှင် သူက သုသုရဲ့လက်တွေကို ပုတ်ထုတ်ခါချရင်းက အငြိုးတကြီးမျက်ဝန်းတွေဖြင့် ခါးသီးစွာကြည့်ကာ ...

"ငါ့အသားကို မထိနဲ့။ နင်ဟာ သိပ် ... တောက် ... ငါ အရမ်းဒေါသထွက်တယ်။ နင်နဲ့ ငါက အပျော်တွဲခဲ့တာလေ။ ဒီလောက်လေးနဲ့ ငါ့ဘဝကို အမှုန့်ခြေပစ်ရလား။ နင့်မှာ ဒီလိုအောက်တန်းကျတဲ့စိတ်ရှိမယ်လို့ ငါမတွေးခဲ့ မထင်ခဲ့မိတာ ငါ သိပ်မှားတယ်"

"တော်တော့ ... ယူ့စကားတွေ သိပ်လွန်နေပြီ။ ဒီမှာ နှစ်သက်... ယူ ဘာလို့ ဒီလောက် အသိခေါက်ခက် အဝင်နက် ဖြစ်နေရတာလဲ။ ယူ့ကို ဒီလောက်မုန်းတဲ့မိန်းမရဲ့အနားမှာ ဘာလို့ တွယ်ကပ်နေတာလဲ။ ဟုတ်တယ် ... ယူပြောခဲ့သလိုပဲ တို့နှစ်ယောက်က အပျော်သဘောတွဲခဲ့ဖူးတာ။ ဒါပေမဲ့ အဲဒါ ယူ့ဘက်က ခံစားချက် နှစ်သက်။ တို့ ယူ့ကို ချစ်တယ်။ တို့ ချစ်မိတဲ့အချိန်မှာမှ ယူက



www.burmeseclassic.com

www.burmeseclassic.com



အုံ့ခန်းကို သိပ်ချစ်တယ်တဲ့။ ပြီးတော့ ယူတို့တွေက လက်ထပ်ပြီးသွားပြီ ...

သုသုဘက်ကို ယူ တစ်ချက်ကလေး ကိုယ်ချင်းစာပါ။ သုသု ရှင့်ကို အရမ်းချစ်တယ်။ သုသုချစ်တဲ့သူကို ပိုင်ဆိုင်ချင်တဲ့အတွက် ကြိုးစားတာ သဘာဝမကျဘူးလား။ အဲဒါက အောက်တန်းကျတာလား”

“ဟား ... ငါ သိပ်အံ့ဩတယ်။ မင်းရဲ့ဘီလူးရုပ်က အခုမှပေါ်တာ။ ငါ သိပ်အားကိုး တိုင်ပင်ခဲ့တဲ့ မင်းက ငါ့ကို သတ်ပစ်မယ့်လူပဲ ...

အုံ့ခန်းကိုချစ်တဲ့ ငါ့အချစ်တွေကို မင်းက ချောက်ချပစ်တာ”

ရက်စက်လိုက်တာ နှစ်သက်ရယ်။ အုံ့ခန်းကို သိပ်ချစ်တယ်တဲ့လား။ သုသုသည် နာကျင်ခံစားရသော နှလုံးသားက သွေးတွေဖြာထွက်လာသလို စူးအောင့်လာကာ မျက်ရည်တွေကျလာခဲ့ရတော့သည်။ မုန်းတယ်။ နှစ်သက်ရဲ့အချစ်ကို အပိုင်ရထားတဲ့ အုံ့ခန်းကို မုန်းတယ်။

“နှစ်သက် ... ရှင့်ကို အဲဒီမိန်းမက သိပ်မုန်းနေတာ။ ရှင့်ဆီ ပြန်မလာတဲ့မိန်းမကို ချစ်မနေပါနဲ့။ သူ့မှာက သူ့ချစ်သူရှိပြီးသား”





“မရှိရဘူး။ မင်းပါးစပ်ကို ပိတ်လိုက်တော့။ ငါ အခု မင်းဆီလာတာ မင်းရဲ့ယုတ်မာတဲ့စိတ်ဓာတ်ကို ငါသိသွားတဲ့အကြောင်း လာပြောတာ။ မင်းကို ငါသိပ်မုန်းတယ်။ လုံးဝခွင့်မလွှတ်ဘူး”

ပြောချင်ရာပြောပြီး သုသုကို တစ်ယောက်တည်းထားခဲ့လေသည်။ ဒီလိုမျိုး အရှုံးတွေ ကြေကွဲမှုတွေနဲ့ သုသုက နေခဲ့ရမှာတဲ့လား။ ဟင့်အင်း ... သုသုက ဒီပွဲမှာ ဗီလိန်လုပ်ပြီး ကြမ်းရှဲခဲ့တဲ့သူပါ။ သုသုအတွက် ဆုလာဘ်ဆိုတာ မရတော့ဘူးတဲ့လား။

သုသုက ထွက်သွားတဲ့ နှစ်သက်ကို နောက်ကနေ အတင်းလိုက်ဆွဲထားကာ ...

“တို့ တောင်းပန်ပါတယ်။ တို့ မှားပါတယ် ကိုရယ်။ သုသုကို ထားမသွားပါနဲ့။ သုသုကို ခွင့်လွှတ်ပါ”

“မင်း ငါ့လက်ကိုလွှတ်။ မင်းကို လုံးဝခွင့်မလွှတ်ဘူး။ မင်းကြောင့် ငါချစ်တဲ့ အုံ့ခန်းက တခြားလူကို မချစ်ဘဲနဲ့ တွဲတာ။ အဲဒါ မင်းကြောင့်။ ငါ့ချစ်သူကို လုံးဝအဆုံးရှုံးမခံနိုင်ဘူး။ ငါ သွားမယ် ... ဖယ်”

“မသွားပါနဲ့ ကိုရယ်။ တောင်းပန်ပါတယ်”

“ဟာကွာ ... ဖယ်စမ်း”



www.burmeseclassic.com

www.burmeseclassic.com



သုသု အားကို တကြိုး ဆုပ်ကိုင်ထားတဲ့လက်တွေကို ဆောင့်ဆွဲဖယ်ကာ ထွက်သွားလေတော့သည်။ မျက်ရည်တွေနဲ့ကျန်ခဲ့ရတာကတော့ သုသုပဲဖြစ်၏။ ကို ဘယ်သွားတာလဲ။ သုသုသည် ငါ့ချစ်သူကို လုံးဝအဆုံးရှုံးမခံနိုင်ဘူးဆိုတဲ့ စကားတွေကို ပြန်ကြားယောင်လာလျှင် ...

ဒီနေ့မှာ ကြံစည်ထားတဲ့ အစီအစဉ်တွေ လွဲကုန်မှာကို ထိတ်လန့်လာ၏။ ဟင့်အင်း ... လွဲလို့တော့ မဖြစ်ဘူး။ အုံ့ခန်း ဉာဏ်ထူးနဲ့ သေချာပေါက်ညားမှဖြစ်မယ်။

သုသုသည် ကားပေါ်တက်ကာ စမ်းချောင်းကတိုက်ခန်းကို အမြန်မောင်းချလာခဲ့တော့သည်။ အချစ်ကြောင့် ရူးတယ်ဆိုလည်း ပိုးသုချိုဆိုတဲ့ မိန်းမက ပျော်ပျော်ကြီး ရူးချင်တာဖြစ်၏။





၁၆

"ကိုထူး ... ဒါ ဘယ်သူ့အိမ်လဲ"

အုံ့ခန်းရဲ့အမေးကို ကိုထူးက မဖြေသေးဘဲ အုံ့ခန်းကို အိမ်ထဲအရင်ဝင်စေ၏။ ပြီးတော့မှ အပြုံးနုနုတစ်ချက်ပြုံးကာ...

"ဒီအိမ်လေးက ကိုယ် မင်္ဂလာဆောင်ရင် လက်ဖွဲ့အဖြစ်ရမယ့် အိမ်လေးပဲ။ အုံ့ခန်းကို လက်ဆောင်ပေးချင်တယ်ဆိုတာ ဒီအိမ်လေးကိုလေ"

"ကိုထူး ... အုံ့ခန်း ပြန်တော့မယ်"

အုံ့ခန်းက တံခါးပေါက်ဝသို့ ထွက်လာလျှင် သူက အုံ့ခန်းရဲ့လက်တစ်ဖက်ကို လှမ်းဆွဲကာ အသည်းအသန်တားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အုံ့ခန်း ... ကိုယ် တောင်းပန်ပါတယ်ကွာ။ ဟို ... ကိုယ်ဆိုလိုချင်တဲ့ သဘောကလေ အုံ့ခန်းကို ကိုယ်ကလက်ထပ်ဖို့အထိ ရည်ရွယ်ပါတယ်ဆိုတာကို ပြောချင်တာပါ။ ကိုယ့်စကားကြောင့် အုံ့ခန်း စိတ်ထဲမှာ တစ်မျိုးဖြစ်သွားရင် တောင်းပန်ပါတယ်"

"ရပါတယ်။ မလိုပါဘူး ... ရှင် ချိန်းတာကို လာခဲ့မိတာကိုက ကျွန်မအမှား။ ကဲ ... ကျွန်မပြန်မယ်"

သူက အုံ့ခန်းလက်ကို မလွှတ်ပေးဘဲ အုံ့ခန်း ရှေ့အနားသို့ တိုးကပ်လာတာကို အုံ့ခန်းဟာ အရမ်းကို လန့်သွားပါသည်။ အုံ့ခန်းတော့ အကြီးအကျယ်မှားခဲ့ပြီ။

"ရှင် ကျွန်မလက်ကိုလွှတ် ဉာဏ်ထူး"

"ကိုယ် တောင်းပန်ပါတယ် အုံ့ခန်းရယ်။ 'အုံ့ခန်းကို ကိုယ်သိပ်ချစ်တာပါ။ ကိုယ့်ကို အဖြေပေးပါနော်"

"ဉာဏ်ထူး ... ကျွန်မကိုလွှတ်လို့ ပြောနေတယ်နော်"

"မလွှတ်ဘူး။ ကိုယ် မင်းဆီက အဖြေရမှကိုဖြစ်မယ်။ ကိုယ့်ကို ချစ်တယ်မလားဟင် ... ဖြေပါနော်။ ချစ်တယ်မလား"

"အုံ့ခန်း"





ကျွန်းတံခါးမကြီးက ဖျတ်ခနဲပွင့်ကာ အိမ်ထဲကို ဝင်လာသူကို အုံ့ခန်းက အားကိုးတကြီး ကြည့်လိုက်လျှင် သူဟာ နှစ်သက်အေးချမ်း ဖြစ်လို့နေပေသည်။

"ဟေ့ကောင် ... မင်း ဘာလာရှုပ်တာလဲ။ မင်း သွားစမ်း"

ဉာဏ်ထူးက အုံ့ခန်းရဲ့လက်ကို ဆုပ်ကိုင်ထားရင်းက သူ့ကိုလှမ်းမေးလေသည်။ နှစ်သက်သည် ရှေ့သို့တစ်လှမ်း တိုးလာရင်းက ...

"မင်း အုံ့ခန်းကို ကိုင်ထားတဲ့လက် လွှတ်လိုက်။ မလွှတ်ရင်တော့ မင်း ဂျေးထဲရောက်ပြီ"

"ဟေ့ကောင် ... မင်း ဘာကောင်လဲ။ ဟိုဘစ်ခါကတည်းက မင်းကို ငါ ထိုးချင်နေတာ။ မင်းသာ ဂျေးထဲဝင်ရမှာ။ မင်း ရောက်နေတာ ငါ့နယ်မြေ"

"ဟာ ... အဲဒါ မလွှတ်ဦးကွာ"

လက်မြန်ခြေမြန်ရှိလှသော နှစ်သက်က ဉာဏ်ထူးကို လက်သီးနဲ့ မျက်နှာတည့်တည့်ကို ထိုးလိုက်လျှင် အလစ်မို့ ဉာဏ်ထူးဟာ နောက်လန်သွားလေသည်။ သူ့လက်ထဲက လွှတ်တာနှင့် အုံ့ခန်းက နှစ်သက်ရဲ့အနီးအနားမှာ သွားရပ်လိုက်သည်။ အခုချိန်မှာ သူက ပိုစိတ်ချရတာကြောင့် ခိုကပ်လိုက်ရတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဉာဏ်ထူး၊ မင်း မသိရင် သေတဲ့အထိမှတ်သွား။ အံ့ခန်းက ငါ့မိန်းမကွ"

"ဘာ"

"နှစ်သက်အေးချမ်း"

တကယ်ကို ထင်မှတ်မထားစွာ။

အံ့ခန်းကလည်း အဲဒီလိုပြောလိမ့်မယ်လို့ ထင်မထားပေ။ ဉာဏ်ထူးကတော့ အရမ်းကို အံ့အားတသင့်ဖြင့် ရှော့ခ်ရသွားပုံရပါသည်။ ပြီးတော့ အံ့ခန်းရဲ့အထိတ်တလန့် တားမြစ်တာကြောင့် သူက အံ့ခန်း မျက်နှာကို စေ့စေ့ကြည့်ကာ မေးလေ၏။

"အံ့ခန်း ... သူပြောတာ ဟုတ်လား"

ဘုရား ... ဘုရား။ အံ့ခန်းတော့ သေချင်တာပါပဲ။ အံ့ခန်းသည် လက်ဖျားခြေဖျားတွေတောင် တုန်ယင်အေးစက်လာလေသည်။ ဘယ်တော့မှ ဉာဏ်ထူး မနှောင့်ယှက်အောင် အံ့ခန်း ဝန်ခံမှ ရတော့မည်။ အံ့ခန်းသည် မျက်စိစုံမှိတ်၍ ခေါင်းကိုညိတ်ချလိုက်တော့၏။ ဘဝမှာ လုံးဝမှန်းတီးလှတဲ့ အဖြစ်အပျက်အတွက် ဖြောင့်ချက်လည်း ဖြစ်တာကြောင့် ရင်တွေ တလှပ်လှပ် ဖြစ်လာရသည်။

"ဟုတ်တယ် ... ဉာဏ်ထူး။ သူက တို့လက်ထပ်ထားတဲ့ ယောကျ်ားပဲ"





"ဟား ... ဘာဖြစ်တယ်"

ဖြစ်ပျက်သွားတဲ့ အခြေအနေတွေကို သွေးပျက်ထိတ်လန့်တကြားဖြင့် ဆောက်တည်မရ ဖြစ်သွားပုံရပါသည်။ အံ့ခန်းနဲ့ သူဟာ ဉာဏ်ထူးကို ကြည့်နေတုန်း အနောက်က ခေါ်သံကြောင့် ပြိုင်တူလှည့်ကြည့်မိသွားသည်။

"ဉာဏ်ထူး"

"ဟင် ... သုသု"

ဘာတွေလဲ။ သုသုနဲ့ ဉာဏ်ထူးက ဘာတွေလဲ။

"အစ်မ ... ဘာတွေလဲ။ သူတို့နှစ်ယောက်က လက်ထပ်ထားတာဆို။ နင် ပြောတော့ ဒီကောင်က အံ့ခန်းရဲ့သူငယ်ချင်းဆို"

အစ်မတဲ့။ ဉာဏ်ထူးက ဘာလို့ သုသုကို အစ်မလို့ ခေါ်ရတာလဲ။ ပြီးတော့ ဉာဏ်ထူးကို ဘာတွေပြောထားတာလဲ။

"ပိုးသုချို ... သူက ဘယ်သူလဲ။ မင်း ဘာသဘောလဲ"

နှစ်သက်အေးချမ်းက လှမ်းမေးလိုက်လျှင် သုသုက နာကျင်ကြေကွဲစွာဖြင့် အံ့ခန်းတို့ကို စိုက်ကြည့်သည်။ ပြီးတော့ မျက်ရည်တွေ ကျလာသည်။

"ဒါ ငါ့ရဲ့ကျဆုံးခန်းကြီးပေါ့။ လုံးဝမတရားဘူး။ လောကကြီးက မတရားဘူး ...



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက် … အုံ့ခန်း၊ နင်တို့ နိုင်ပါတယ်ဟာ။ သူက ငါ့မောင်ဝမ်းကွဲ။ ထူး … သူတို့ပြောတာ ဟုတ်တယ်။ သူတို့က လက်ထပ်ထားတာ။ ငါက အုံ့ခန်းနဲ့နှစ်သက် ကွဲအောင် နင်နဲ့ အုံ့ခန်းကိုနီးဖို့ ကြိုးစားနေတာ"

"ဟာ … အစ်မ၊ နင် ရူးသွားပြီလား။ ဟား … နင်ရက်စက်တယ်။ ငါ့ဘဝကို ခွေးဖြစ်အောင် လုပ်နေတာလား။ နင် အစကတည်းက သူတို့လက်ထပ်ထားတာကို သိသိချည်းနဲ့ ဒီအခန်းကို အုံ့ခန်းနဲ့လွှတ်ပေးတာလဲ။ နင် ငါ့ကို ခွေးဖြစ်စေချင်တာလား"

အဖြစ်မှန်တွေကြောင့် ဉာဏ်ထူးက ရှက်သွားတာတွေပါရော၍ သုသုကို ဒေါသတကြီးရန်ရှာလေ၏။ အုံ့ခန်းနဲ့ နှစ်သက်ကတော့ လောလောဆယ်မှာ ပွဲကြည့်ပရိသတ်အနေနဲ့ပဲ နေထားလိုက်တော့သည်။

"ဆောရီးပဲ ထူး။ ငါ နင့်ကိုပြောသားပဲ။ အချစ်ဆိုတာ ပိုင်ဆိုင်ခြင်းပါလို့။ နင် ပိုင်ဆိုင်ရအောင် ငါ ကူညီတာပါ။ ငါ အုံ့ခန်းကို ဒုက္ခရောက်အောင် တမင် ချောက်ချခဲ့တာ။ ငါ နှစ်သက်ကို ကူညီခဲ့တာတွေက အုံ့ခန်းကို ဒုက္ခရောက်စေချင်လို့"





အုံ့ခန်း လုံးဝကို ထင်မှတ်မထားချေ။ သုသုဟာ ဒီလောက်ထိ အငြိုးတကြီး ရန်ထားလိမ့်မယ်လို့ မတွေးခဲ့မိပေ။ နေ့လယ်က သုသု လုပ်ခဲ့တာတွေကို နှစ်သက်အေးချမ်း ပြောတာတွေနဲ့ပေါင်းပြီး သိခဲ့ပေမယ့် နားလည်ပေးနိုင်ပါသည်။ ဒါပေမဲ့ ဉာဏ်ထူးကို အုံ့ခန်းနဲ့ အခုလို ဖန်တီးခဲ့တယ် ဆိုတာကတော့ …။ ရက်စက်လွန်းလှပါသည်။

"ရက်စက်လိုက်တာ သုသုရယ်။ နင် ငါ့ကို ဒီလောက် တောင် မုန်းနေတာလား"

အုံ့ခန်းမေးခွန်းကို အုံ့ခန်းရဲ့မျက်လုံးတွေကို စေ့စေ့ကြည့်ကာ ဖြေလေ၏။

"မုန်းတယ် … နင်က နှစ်သက်ရဲ့အချစ်တွေကို အပိုင်စား ရသွားတာ။ နင့်ကို ငါ အရမ်းမုန်းတယ်"

"အစ်မ … တော်တော့"

ဉာဏ်ထူးက သုသုရဲ့လက်ကိုဆွဲကာ ဝင်တားလေသည်။ ပြီးတော့ အုံ့ခန်းတို့ကို ကြည့်ကာ …

"ကျွန်တော် တောင်းပန်ပါတယ်။ အားလုံးက တကယ့်ကို မဖြစ်သင့်တဲ့ အမှားတွေပါ။ ကိုနှစ်သက်နဲ့ အုံ့ခန်းကို ကျွန်တော်တို့ ဒုက္ခပေးမိတာ တောင်းပန်ပါတယ် …



www.burmeseclassic.com

www.burmeseclassic.com



ကိုနှစ်သက် ... ခင်ဗျား စိတ်ချပါ။ ကျွန်တော် အံ့ခန်းကို စိတ်နဲ့တောင် မပစ်မှားတော့ပါဘူး။ ပြီးတော့ အံ့ခန်းကိုလည်း တောင်းပန်ပါတယ်။ အစ်မလည်း အံ့ခန်းတို့ကို ဒုက္ခမပေးတော့ဘူးလို့ ကျွန်တော် ကတိပေးပါတယ်။ သူ့ကို သူ့မိဘတွေနဲ့ ကျွန်တော် တိုင်မယ်"

"ဟဲ့ ... ဉာဏ်ထူး၊ နင် ရူးနေပြီ။ ငါ့လက်ကိုလွှတ်"

သုသုက အသားကုန်ပေါက်ကွဲလျှင် အံ့ခန်း စိတ်မကောင်းပါ။ သုသု ကြည့်ရတာ အရမ်းကို နာကျင်ကြေကွဲပြီး အမုန်းတရားတို့နှင့် ပြည့်နှက်နေပုံရသည်။ နင် ဘာလို့ အဲဒီလောက်ထိ ဖြစ်သွားရတာလဲ သုသုရယ်။

"အစ်မ ... တော်သင့်ပြီ။ ခင်ဗျား ဒုက္ခပေးတာတွေရပ်တော့။ လာဗျာ ... သိပ်ရှက်ဖို့ကောင်းတယ်"

သုသုရဲ့လက်ကို ဆောင့်ဆွဲကာ ခေါ်သွားလေတော့သည်။ သုသုက လုံးဝမကြေဘူးတွေ မုန်းတယ်တွေသာ တတွတ်တွတ် အော်ပြောရင်း ဉာဏ်ထူးနောက် ပါသွားချေပြီဖြစ်သည်။

"အံ့ခန်း ... မင်း ဘာမှမဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး။ သုသုအတွက်ပဲ စိတ်မကောင်း ဖြစ်ရတာ"

အံ့ခန်းရဲ့ပုံစံကိုကြည့်ရင်းက နှစ်သက်သည် နှစ်သိမ့်ပေးဟန်ဖြင့် အံ့ခန်းရဲ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်ကာ ...





"ကိုယ် တောင်းပန်ပါတယ်။ လက်ထပ်လိုက်တာနဲ့ ချစ်လာမှာပဲဆိုတဲ့ ကိုယ့်ရဲ့မဆင်မခြင် အတွေးကြောင့် အံခုလိုတွေဖြစ်သွားရတာ။ မင်းစိတ်တွေ သိပ်ပင်ပန်းနေပြီ အံ့ခန်း။ ကိုယ် အိမ်ပြန်လိုက်ပို့ပေးမယ်။ မင်း နားလိုက်တော့"

သူက အံ့ခန်းကိုဆွဲခေါ်လာကာ နှစ်ယောက်တည်း ကျန်ခဲ့တဲ့ တိုက်ခန်းကို သော့ခတ်၏။ ပြီးတော့မှ အံ့ခန်းနဲ့အတူ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

"ကားပေါ်တက် အံ့ခန်း"

"ရတယ်။ ကျွန်မမှာ ကားပါနေတာပဲ။ ကျွန်မ ကိုယ့်ဘာသာပဲ မောင်းပြန်လိုက်တော့မယ်"

"မလုပ်ပါနဲ့ကွာ။ မင်းပုံစံက အရမ်း weak ဖြစ်နေတယ်။ နေ့ခင်းကပုံစံနဲ့တောင် မတူတော့ဘူး။ မင်း စိတ်တွေရှုပ်ထွေးနေတဲ့အချိန်မှာ ကားမမောင်းပါနဲ့။ မင်းကို မင်းရဲ့ကားနဲ့ပဲ ကိုယ်အိမ်ပြန်လိုက်ပို့ပေးမယ်။ ပြီးတော့မှ ကိုယ့်ကားကိုပြန်လာယူလိုက်မယ်"

အံ့ခန်း အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ အရမ်းကို စိတ်တွေပင်ပန်းနေပြီဖြစ်သည်။ သုသုရဲ့အမုန်းတွေ အာဃာတတွေက အရမ်းကို ပြင်းထန်နေတာကတော့ အံ့ခန်းအတွက် ဝမ်းနည်းစရာပဲဖြစ်သည်။ အမုန်းတွေက တအားပူလောင်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားသော့ပေးလေ အုံ့ခန်း"

ဆက်ပြင်းခုန်ပြောဆိုချင်စိတ်လည်း မရှိတော့ပြီမို့ အုံ့ခန်းဟာ အိတ်ထဲက ကားသော့ကို ထုတ်ပေးလိုက်သည်။ ကားတံခါးဖွင့်ကာ အုံ့ခန်းကိုတွဲ၍ ကားထဲထည့်ပေးသည်။ ဘာကိုမှ ပြောချင်စိတ်ကို မရှိလောက်အောင် စိတ်တွေပင်ပန်းကုန်တာဖြစ်သည်။ အုံ့ခန်းရဲ့ကားကို မောင်းပေးနေတဲ့ နှစ်သက်အေးချမ်းက ဘာစကားမှမပြောဘဲ ငြိမ်တိတ်စွာ အိမ်ကိုပို့ပေးလေသည်။

အမုန်းတွေက သိပ်ပူတာပဲ။ သူကော အုံ့ခန်းအမုန်းတွေကြောင့် ဘယ်လောက်ပူနေမလဲ။ ပထမဆုံး ဝင်လာမိတဲ့ကိုယ်ချင်းစာစိတ်တစ်ခုဖြင့် အုံ့ခန်း သူ့ကို မေးမိသွားသည်။

"နှစ်သက်အေးချမ်း ... ရှင် ကျွန်မကို ဘာလို့ကွာရှင်းမပေးတာလဲဟင်"

"အချစ်ပေါ့။ မင်းဆီက အချစ်ကိုတောင်းခံမျှော်လင့်ချင်တဲ့အတွက် လက်ထပ်စာချုပ်ဆိုတဲ့ ကြိုးလေးကို အားကိုးရတာလေ။ ကိုယ် အုံ့ခန်းကိုချစ်လို့ မကွာရှင်းပေးနိုင်တာပေါ့ ...

ဒါပေမဲ့ အခု ကိုယ်စဉ်းစားမိတယ်။ ကိုယ် အုံ့ခန်းအပေါ်ထားတဲ့အချစ်က ဖြူစင်ပါရက်နဲ့ ဘာလို့များအဆိပ်သင့်ရတာလဲလို့။ သုသုကို ကိုယ် သူငယ်ချင်းအရင်းကြီးလို့





ယုံခဲ့မိတာ။ သူက ကိုယ့်ရဲ့နောက်ကျောကို ရွယ်ထားတဲ့ ဓားတစ်ချောင်း ဖြစ်နေခဲ့တယ်။ သူ့ကို ကိုယ်ချင်းစာနိုင်ပေမယ့် ခွင့်လွှတ်လို့မရဘူး။ အုံ့ခန်းကတော့ ကိုယ့်ကိုပိုမုန်းသထက် မုန်းနေပြီပေါ့နော်"

သူက ကားကို အိမ်နားမရောက်ခင်မှာ ရပ်လိုက်၏။ ပြီးတော့ အုံ့ခန်းဘက်သို့ ကိုယ်ကိုလှည့်လာကာ ...

"ကိုယ် ဒီနားမှာပဲ ဆင်းနေခဲ့တော့မယ်။ မင်း အနေရခက်မှာ အဖြေရခက်မှာကို ကိုယ် မလိုလားပါဘူး"

သူက ကားပေါ်ကဆင်းလျှင် အုံ့ခန်းကလည်း ကားမောင်းဖို့ နေရာချင်းချိန်ရန်အတွက် ကားပေါ်က ဆင်းလိုက်သည်။ ရင်ထဲက တအုံ့နွေးနွေး ခံစားချက်ကြီးကြောင့် နေရတာဟာ မွန်းကျပ်နေတာတော့ အမှန်ပင်။ အုံ့ခန်း ဘာကိုဆုံးဖြတ်ရမှန်းကိုနားမလည်တော့ချေ။ အုံ့ခန်းက ကားပေါ်ထိုင်လိုက်ပြီးတော့မှ အုံ့ခန်းကို ကြည့်နေသေးသည့် သူ့ကို မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

"ရှင်နဲ့ ကျွန်မက ဘယ်လိုပတ်သက်ကြသလဲဟင်"

အုံ့ခန်း မေးခွန်းကြောင့် သူက ပြုံးတယ်ဆိုရုံလေး ပြုံးသည်။ ပြီးတော့ ခပ်တိုးတိုးလေးသံဖြင့် ဖြေပါသည်။

"အမျိုးတွေပေါ့ကွာ ... ကျေနပ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေစကားကြောင့် အုံ့ခန်း ပြုံးမိသွားလေသည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ပြကာ ...

"Ok ... အိမ်ပြန်ပို့ပေးတာ ကျေးဇူးပါပဲ။ ရှင့်ကိုကျေးဇူးတင်ပါတယ် နှစ်သက်အေးချမ်း"

အုံ့ခန်းက ကားမောင်းထွက်လာခဲ့လိုက်တော့သည်။ အုံ့ခန်းကို ချစ်တယ်ဆိုတဲ့သူ့ကို အုံ့ခန်းက အမုန်းခံစားချက်တွေနဲ့ လက်ထပ်လိုက်ရပြီးပြီ။ အုံ့ခန်းကို လက်ထပ်ခြင်းမှာ ဖူးစာဆိုတာ မပါခဲ့။ ဒီလောက်မုန်းနေရက်နဲ့ ဒီအချိန်ထိ အုံ့ခန်းအနားမှာ သူရှိနေရတာဟာ ဆန်းတော့ ဆန်းပါသည်။

အကယ်၍သာ ကံကြမ္မာကြီးက သူနဲ့ အမျှင်ဖြတ်ပေးမယ်ဆိုရင် အုံ့ခန်းရဲ့စိတ်ခံစားချက် ဘယ်လိုရှိမလဲလို့ အုံ့ခန်းသိချင်လာပါသည်။





## ၁၇

ညက စိတ်ပင်ပန်းမှုဒဏ်တွေကြောင့် စောစောအိပ်ပျော်သွားသော်လည်း စောစောတော့ မနိုးချင်တာကြောင့် ခွေခေါက်ပြီး အိပ်နေစဉ်မှာ အခန်းတံခါးကို တဗုန်းဗုန်းလာထုလေသည်။

"မမရေ ... မမရေ တဦး။ ရှော့ခ်ကိုက်နေပြီ။ မခန်း ဝင်လာပြီနော်"

မခန်းက အခန်းတံခါးဖွင့်ဝင်လာလျှင် အုံ့ခန်းက အိပ်နေရာက မထသေးဘဲ မျက်လုံးတွေမှိတ်ထားရင်းက မေးလိုက်လေသည်။

"ဘာရှော့ခ်လဲလဲ။ အကယ်ဒမီရှော့လား"

"အာ ... အကယ်ဒမီမရှော့ဘူး။ မမရှော့ခ်။ ဖေဖေ မမကို အကြီးကြီးပေါက်ကွဲနေတာ။ ချက်ချင်း ယောကျ်ားပေးစား



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုပဲ။ ညကတည်းက သောင်းကျန်းနေတာ။ မခန်းကို မေးတော့ မမ ပင်ပန်းလာလို့ အိပ်နေပြီပြောလိုက်လို့ မမကို ညတွင်းချင်း ကျိုင်မရှာတာနော်၊ မမ ဘာတွေရှောခ်တက်ထားတာလဲ”

ဟဲ့ ... ဗုဒ္ဓေါ။ ဘာရှော့ခ်တွေလဲ။ အံ့ခန်းက ရင်တုန်ပန်းကုန်ဖြင့် အိပ်ရာထဲက ခေါက်ခနဲထထိုင်ကာ မေးရတော့သည်။

“ဘာလဲ ... ငါ ဘာမှမလုပ်ပါဘူး။ ဖေဖေက ဘာဖြစ်လို့လဲ”

“မသိဘူး မမရေ။ ညကလည်း အပီသောင်းကျန်းနေတယ်။ အခု မိုးလင်းတော့လည်း ဖုန်းတစ်လုံးနဲ့ ဘယ်သူတွေဆီဆက်နေမှန်းလဲ မသိဘူး။ မမကိုလည်း အကြီးအကျယ်ကောနေတာနော်”

အံ့ခန်းကို ဖေဖေက ဘာတွေဒေါသဖြစ်ရတာလဲ။ အံ့ခန်းလည်း ဘာမှဖောင်းလ်မရှိပါဘူး။ ဘာမှန်းစဉ်းစားမရစွာဖြင့် ပခုံးတစ်ချက် တွန့်လိုက်ရင်းက ...

“မသိပါဘူးဟာ။ ဖားသားကြီးက ဘာပွမ်မလို့လဲ မသိဘူး။ မျက်နှာသစ်ပြီးမှပဲ အောက်လာခဲ့တော့မယ်”

“ပြီးရော ... မြန်မြန်လည်း ဆင်းလာခဲ့ဦးနော်”





မခန်းက ထွက်သွားလေတော့မှ အံ့ခန်းက ပျင်းကြောတစ်ချက်ဆန့်ကာ သမ်းဝေရင်း အိပ်ရာမှ ထလာခဲ့သည်။ ဖေဖေက ဘာများဆူမလို့လဲ မသိဘူး။ မနေ့က ပင်ပန်းထားတဲ့စိတ်တွေကို အတတ်နိုင်ဆုံး မေ့လိုက်၍ နေရတာကတော့ နည်းနည်းအဆင်ပြေပါသည်။ အံ့ခန်းက မနေ့ကကိစ္စကို မတွေးတော့ဘဲ ရေချိုးခန်းဝင်ကာ မျက်နှာသစ်သွားတိုက်ပြီးတာနဲ့ တစ်ခါတည်းရေချိုးလိုက်တော့သည်။ ရေမွှန်ရေစက်မွှားတွေရဲ့ ဆီးကြို့နှုတ်ဆက်မှုကြောင့် အံ့ခန်းရဲ့စိတ်တွေဟာ လန်းဆန်းသွားလေတော့သည်။

ဒီနေ့ ဘယ်မှလဲ သွားချင်စိတ်မရှိတာကြောင့် မျက်နှာကို သနပ်ခါးညက်ညက်လေး သွေးလိမ်းကာ ပါးကွက်,ကွက်လိုက်၏။ ပြီးရင် ကာတွန်းကွက် ချည်သားရှပ်နဲ့ ဘောင်းဘီဝမ်းဆက်ကို,ဝတ်ဆင်ကာ ဆံပင်တွေကို ဘီးကုပ်ဖြင့် ပင့်တွယ်တင်ထားပြီး အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ ဖေဖေဆူတာ နားထောင်ရင်း breakfast စားရမှာဖြစ်၏။

“လာစမ်းပါဦး စွမ်းအံ့မခန်း။ ညည်း ဒီကိုကြွလာဖို့ တော်တော်ကို စောင့်လိုက်ရတယ်”

“အဟဲ ... ဖေ ... မောနင်း။ ဘာခိုင်းစရာရှိလို့လဲဟင်။ သမီး breakfast စားလိုက် ...”



www.burmeseclassic.com

www.burmeseclassic.com



"တော် ... ဘာမှမစားနဲ့၊ ငါ့မျက်နှာကို အိုးမဲသုတ်တဲ့ သမီး။ နင် တော်တော်မိုက်လုံးကြီးတယ်။ တောက် ... ခွေးထက်မိုက်တဲ့ သမီး"

ဟယ် ...။ ဖေဖေက တကယ်ကြီး ပေါက်ကွဲနေတာပဲ။ အံ့ခန်းကို ရေရေလည်လည် ပေါက်ကွဲနေတာဖြစ်သည်။ အံ့ခန်း ဘာလုပ်မိလို့လဲ။ ဖေဖေ့ရဲ့ဒေါသကို ထိန်းသည့်အနေနဲ့ မေမေက ဝင်ဆွဲရလေသည်။

"ကဲပါ ... ကိုမိုးရယ်။ သမီးကို အဲဒီလောက် မဆူပါနဲ့။ သူလည်း ကလေးမှ မဟုတ်တော့တာ။ လာ ... လာ ... သမီး၊ breakfast စားမယ်"

မေမေက အံ့ခန်း လက်ဆွဲကာ ဒိုင်းနင်းရှမ်းထဲခေါ် လာလျှင် ဖေဖေကပါ နောက်ကလိုက်လာကာ ပြောလို့မပြီးဖြစ်နေ၏။

"အံ့မခန်း ... နင့်မှာ သတ္တိတွေ သိပ်ရှိနေတယ်ပေါ့။ အဲဒါဆိုလည်း ဘာလို့ အိမ်ပြန်လာသေးသလဲဟမ်"

ဘာတွေလဲကွာ။ အံ့ခန်းက နားမလည်စွာဖြင့် ဖေဖေ့ကို မေးရလေသည်။

"ဖေဖေ ... သမီး ဘာလုပ်မိလို့လဲ"





"ဘာ ... ဘာလုပ်မိလို့လဲ။ နင် ... ဟင်း ... ကွာ ... ပန်းမင်းသမီး။ မိဘမျက်နှာကို အိုးမဲသုတ်ပြီးမှ ဘာလဲလာမေးနေရတယ်။ ငါ သိပ်ရှက်တယ်။ ဒီကိစ္စကို အပြတ်ဖြတ်ချင်လွန်းလို့ကို ခေါ်ထားတာ။ ဘယ့်နှယ်ကွာ ... စော်စော်ကားကား"

"ဒုက္ခပါပဲ ... ဖေဖေရယ်။ သမီး ဘာများလုပ်မိလို့လဲ။ ကိုယ့်ဘာသာ အေးအေးနေတာပါ"

"တော်စမ်း ... အံ့ခန်း။ နင့်ကို ယုံမိတာ ငါးပါးကိုမှောက်တာပဲ။ ဘယ့်နှယ်ဟယ်။ နင် မြန်မာမိန်းကလေးဆိုတာ ခေါင်းထဲထည့်"

ဒုက္ခပါပဲ။ မေမေကပါ ကောနေပြန်ပြီ။ အံ့ခန်းက ဘာဆိုဘာမှနားမလည်တော့စွာဖြင့် ခေါင်းကုတ်ရင်းက ညည်းညည်းညူညူလေသံဖြင့် ...

"မေမေ ... ဘာဖြစ်လို့လဲ။ ဘာမှန်းမသိဘဲနဲ့ သမီးက ဘာမှဖြေရှင်းချက်ပေးလို့ မရဘူး။ ဖေဖေနဲ့ မေမေ သမီးကို ဘာဒေါသဖြစ်နေတာလဲ"

"အေး ... နင်က ဟန်ဆောင်ကောင်းနေသေးတယ်။ ဒီမှာ အံ့ခန်း။ မနေ့က စမ်းချောင်းက တိုက်တစ်တိုက်ပေါ်က နေ နင် ဘယ်သူနဲ့အောက်ဆင်းလာတာလဲ။ အဲဒီကို ဘာသွားလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟာ ... သေပြီ။ မနေ့က ... မနေ့က အံ့ခန်းတို့ကို မြင်ခဲ့တယ်ပေါ့။ ဘုရားရေ ... အံ့ခန်း ဘာရှင်းပြရတော့မလဲ။

"မိဘက ငါ့သမီးလေး တော်လှ တော်လှ ယုံလိုက်ရတာ။ အခုတော့ နင်က ...။ ငါ မပြောလိုက်ချင်ဘူး။ နှစ်သက်ဆိုတဲ့ကောင်လေးကလည်း ဘာသဘောလဲ။ နင်တို့လေ ..."

"မဟုတ်ဘူး။ မဟုတ်ဘူး ... ဖေနဲ့ မေ။ သမီး ရှင်းပြ ..."

"တော်တော့ အံ့မခန်း။ ညည်း ငါတို့ကို ဘာမှဆက်မပြောနဲ့တော့။ အခု ဟိုမိသားစုကိုလည်း ခေါ်ထားပြီးပြီ။ နင်တို့ကို အမြန်လက်ထပ်ပေးရမယ်။ တောက် ... ငါလေ နင့်ကို အသေရိုက်သတ်ပစ်ချင်တယ် သိလား။ ငါ့သူငယ်ချင်းတွေရှေ့မှာပါ ငါ ခွေးဖြစ်ခဲ့တာ။ ဖအေက ဒါသမက်လေဆိုပြီး ပြောခဲ့ရတယ်။ ဟိုကောင်လည်း လာပစေဦး။ နင်တို့ကို မိဘတွေစီစဉ်ပေးဖို့ ပြောခဲ့တုန်းကတော့ ငြင်းပြီး အခု လူမမြင်တဲ့နေရာ သွားနေကြတယ်။ တယ် ... နင် သေတော့မယ်"

"ဖေဖေရယ် ... တော်ပါတော့။ ဟိုမှာ တော်တော်တို့ ရောက်ပြီ"

ဖေဖေက မခန်း တားမြစ်မှုကြောင့် စကားစပြတ်သွားကာ အိမ်ရှေ့ထွက်သွားလေသည်။ မေမေက အံ့ခန်းရဲ့ခေါင်းကို အသာပုတ်ကာ ...





"လူကြီးတွေကို ဒုက္ခမပေးစမ်းနဲ့ အံ့ခန်းရယ်။ ညည်း ပြဿနာမရှာနေနဲ့နော်။ ညည်းအဖေက ရှက်လည်းရှက် ဒေါသလည်း ဖြစ်နေတာ။ မခန်း ... နင့်အစ်မကို ချော့မော့ပြီး သေချာပြောဦး။ ငါ တကယ်စိတ်ညစ်တယ်"

မေမေကပါ ထွက်သွားလေလျှင် အံ့ခန်းက အရူးတစ်ပိုင်း ဖြစ်ရလေသည်။ အံ့ခန်း ဘယ်လိုဖြေရှင်းရမလဲ။ လူကြီးတွေရဲ့စိတ်ထဲမှာ တိုက်ခန်းကနေ အတူတူဆင်းလာတဲ့ သူနဲ့ အံ့ခန်းကို တစ်မျိုးတစ်မည်တွေ ထင်မှတ်ကုန်ကြပြီ။ အဖြစ်မှန်တွေကိုကော နားကျပါ့ကျ နားလည်ဖို့ ဘယ်လိုရှင်းရတော့မလဲ။

"အံ့ခန်း ... ထွက်လာခဲ့စမ်း"

ဖေဖေ့ရဲ့အော်သံဝါဝါကြီးက ပျံ့လွင့်လို့လာလျှင် အံ့ခန်းဟာ ဆတ်ခနဲတောင် တုန်သွားရသည်။ ဟင့်အင်း ... အံ့ခန်း ဘယ်လိုမျက်နှာနဲ့ ထွက်တွေ့ရမှာလဲ။ အားလုံးရဲ့တစ်မျိုးသော အကြည့်တွေကို အံ့ခန်း မရင်ဆိုင်နိုင်ဘူး။

"မမ ... လာပါ။ ဖေဖေ ပိုဒေါသထွက်နေလိမ့်မယ်။ ဒါက သွေးပူတုန်းမို့ ဖေဖေက စိတ်ဆိုးနေတာပါ။ လူကြီးတွေက မမနဲ့ ကိုနှစ်သက်ကို သဘောတူပြီးသားပဲ။ ဘာမှ စိတ်မပူနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သေသာသေလိုက်ချင်တော့တယ် မခန်းရယ်။ မဟုတ်ဘူး ... ဒုက္ခပဲ"

"ကဲပါ ... လာပါ မမရယ်။ ဖေဖေခေါ်နေပြီ။ သွားရအောင်နော်"

အံ့ခန်းကို ထူမ,၍ အိမ်ရှေ့ဧည့်ခန်းကို တွဲထွက်လာခဲ့လေသည်။ ရှက်လွန်း၍ ခေါင်းတောင်မဖော်ရဲဘဲ ခပ်ငုံ့ငုံ့နေ,နေသော အံ့ခန်းကို သူကလည်း တစ်ချက် လှမ်းကြည့်လေသည်။

"ဒီမှာ ... မင်းတို့နှစ်ယောက် မဟုတ်တာတွေ ဟုတ်တာတွေ ငါတို့ကို လာဖြေရှင်းမနေနဲ့။ မင်းတို့ကို ငါ သတ်ပစ်ချင်လောက်အောင် ဒေါသထွက်နေတာ။ မင်းတို့အမြန်ဆုံး လက်ထပ်တော့၊ ဒါပဲ ငါပြောမယ်"

"ဟို ... ဟို ... ဦး ... ကျွန်တော်တို့ ရှင်း ..."

"တိတ်စမ်း ... မင်း ပါးစပ်ပိတ်တော့။ နှစ်သက်အေးချမ်း ... မင်း ယောကျ်ားမဟုတ်ဘူးလား။ မင်း ဒီစကားပြောတယ်ဆိုတာ ဘာလဲ၊ လက်မထပ်ဘူးဆိုတဲ့ သဘောလား"

"ဟို ... မဟုတ် ... မဟုတ်ပါဘူး ခင်ဗျာ။ ဟိုလေ ... ကျွန်တော် ဦးကို ဘာပြောရမှန်းကို မသိတော့ပါဘူး"





သူကလည်း ဘာပြောရမှန်း မသိတော့ချေ။ အံ့ခန်းတို့ အဖြစ်ကမှ တကယ့်ကို ဆုပ်လည်းစူး စားလည်းရူး အခြေအနေဖြစ်၏။ အံ့ခန်းနဲ့ သူ့ကို အတူမြင်လိုက်ရတဲ့ပုံစံက အဖေနဲ့ အမေ့အတွက် ဒေါသဖြစ်ရာ အနေအထားဖြစ်၏။ ပြီးတော့ အတွေးတွေက တစ်မျိုးထင်စရာတွေ ဖြစ်ကုန်ရုံတင်မက ဖေဖေ့မိတ်ဆွေတွေကပါ အံ့ခန်းတို့ကို မြင်သွားတဲ့အခါကျတော့ အံ့ခန်းရဲ့ဂုဏ်သိက္ခာကော အားလုံးအတွက်ကော ထိခိုက်သွားစေနိုင်ပါသည်။ ဘာလုပ်ရမလဲ။ ဘယ်လိုမှ ရှင်းလို့မရအောင်ကို ရှုပ်နေတဲ့ကိစ္စအတွက် အံ့ခန်းတို့က တကယ် လက်ထပ်ရတော့မှာတဲ့လား။

သူနဲ့ဝေးအောင်ပြေးလေ နီးလာလေ ဖြစ်လာတာကတော့ ကံကြမ္မာရဲ့အရက်စက်ဆုံး ဖန်တီးမှုဖြစ်ပါသည်။

"မင်းတို့ ဘာမှမပြောနဲ့။ ငါတို့ဘာသာ စီစဉ်မယ်။ လူကြီးတွေစီစဉ်တာကို မင်းတို့ လက်ခံ၊ ဒါပဲ"

ဖေဖေက အပြတ်ဆိုလေလျှင် အံ့ခန်းတို့တင်မက ကျန်တဲ့သူတွေပါ ဘာမှမပြောကြတော့ချေ။ သူနဲ့ အံ့ခန်းက လူသိရှင်ကြား လက်ထပ်ပြီးရင် ...။ အို ... မဖြစ်ရဘူး။ အံ့ခန်း သူ့ကို လက်မထပ်နိုင်ဘူး။

"ဖေဖေ ... သမီးနဲ့သူ စကားခဏပြောခွင့်ပြုပါ။ သမီးတို့ တိုင်ပင်ပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သွားပြော။ နင်တို့ ဘာပဲဖြစ်ဖြစ် ငါကတော့ ပေးကို ပေးစားမှာ"

ဖေဖေတို့ဆီက ပါမစ်ယူပြီးသည့်နောက် အုံ့ခန်းက သူနဲ့အတူ ခြံထဲဆင်းလာခဲ့ရတော့သည်။ အုံ့ခန်းထက်တောင် အုံ့တွေသြနေသော သူက အုံ့ခန်းထက်အရင် ဒီမေးခွန်းကိုမေးလေသည်။

"အုံ့ခန်း ... ဘာတွေဖြစ်ကုန်တာလဲ။ ဦးက တကယ်ပဲ ကိုယ်တို့ကို တွေ့လိုက်တာပေါ့။ အဲဒါ ကိုယ်တို့ဘယ်လို လုပ်ကြမလဲ"

"အခြေအနေတွေက ရှင်နဲ့အုံ့ခန်း မယူလို့မရဖြစ်နေတဲ့ သဘောမှာရှိနေတယ်။ ဒုက္ခပါပဲ။ ပြဿနာကြီးတစ်ခုပြီး မယ် မကြာသေး နောက်တစ်ကွိုင်ပေါ်လာပြန်ပြီ။ ရှင် ဘယ်လိုလုပ်မယ် စဉ်းစားထားသလဲ"

အုံ့ခန်း မေးခွန်းကြောင့် သူက အုံ့ခန်းကို စိုက်ကြည့်သည်။ ပြီးတော့ တိုးသဲ့သဲ့လေသံဖြင့် ပြောလေသည်။

"ကိုယ်က အုံ့ခန်းကို ချစ်နေတဲ့သူပါ။ ကိုယ် ဘယ်ငြင်းချင်ပါ့မလဲ။ အခြေအနေက အုံ့ခန်းအတွက် အနှောင့်အယှက် ဖြစ်စေတယ် ဆိုရင်တော့ ကိုယ် ဘာလုပ်ပေးရမလဲ ပြောပါ"





ကျစ် ... စိတ်ညစ်တာပဲ သိတယ်။ တကယ့်ကို ဒုက္ခနဲ့ ငါနဲ့ နပန်းဖက်သတ်နေရတာမျိုးဖြစ်၏။ အုံ့ခန်းနဲ့သူက စကတည်းက လက်ထပ်ထားတာ။ အခု ကွာပေးပါဆိုတော့လည်း လူကြီးတွေ စီစဉ်ပေးမှုကြောင့် သူနဲ့လက်ထပ်ရပေဦးမည်။ ဘယ် လမ်းကသွားသွား ဒီဘူတာပဲ လာဆိုက်နေတဲ့ တိုက်ဆိုင်မှုကို အံ့လည်းသြရသလို စိတ်လည်းကုန်လှပါသည်။ ဒီအချိန်ကျမှတော့ အုံ့ခန်း ဘာစွမ်းနိုင်တော့မှာလဲ။ အုံ့ခန်းဘက်က လက်လျှော့လိုက် ရတော့မည့် အခြေအနေမျိုး ဖြစ်နေသည်။ ဘဝတစ်ခုလုံးစာအတွက် သူနဲ့လက်တွဲနိုင်ဖို့ဆိုတာ ဖြစ်နိုင်ရဲ့လား့လို့ စဉ်းစားရမည့်အချိန် ကာလသို့ ရောက်လာပေပြီ။

အုံ့ခန်းသည် အမျှင်မပြတ်နိုင်သေးတဲ့ ကံကြမ္မာကို သူ့အချစ်နဲ့ယှဉ်ပြီး အလောင်းအစား လုပ်ကြည့်လိုက်ချင်သေး သည်။ ခေါင်းထဲမှာ လက်ခနဲ ပေါ်လာသော idea နဲ့အတူ သူ့ ကို စိန်ခေါ်လိုက်လေ၏။

"ဒီမှာ ... နှစ်သက်အေးချမ်း၊ နင် ငါ့ကိုချစ်တယ်ဆိုတာ သေချာတယ်နော်"

"နှစ်ခါပြန်မေးဖို့မလိုတဲ့ မေးခွန်းပါ။ လုံးဝသေချာတယ်"

"အိုကေ ... ဒါဆိုရင် နင်နဲ့ငါ လက်ထပ်ဖို့အတွက် အဲ... ဆောရီး၊ နင်နဲ့ငါ လူကြီးတွေ စီစဉ်ထားတဲ့ လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ငါ့ဘက်က လက်ခံလာဖို့အတွက် နင် ငါ့ကို Surprise တစ်ခု ဖန်တီးပေးရမယ်။ ငါ့ဘက်က ဟန်တောင် မဆောင်နိုင်ဘဲ ဟယ်ခနဲ ဖြစ်သွားအောင် အံ့ဩခဲ့တယ်ဆိုရင် နင့်ကို ငါ လက်ခံမယ်"

သူက အံ့ခန်းအပြောကို အံ့အားသင့်သွားဟန်ဖြင့် အံ့ခန်းကို ဟုတ်ရဲ့လားဆိုတဲ့ ပုံစံဖြင့် ပြူးကြည့်သည်။ အံ့ခန်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိသည်။ သူဆိုသူနဲ့မှ လက်ထပ်စေချင်လှသော ကံကြမ္မာနဲ့ အလောင်းအစားလုပ်ရတာဟာ ရင်ခုန်စရာတော့ ကောင်းပါသည်။

"လက်ခံမယ်ဆိုတာ သေချာတယ်နော်"

"သြော် ... ခက်ပါ့။ ငါ စကားကိုနှစ်ခါမပြောဘူး။ နင်သာ ငါ့ကို ဆပ်ပ်ပရိုက်စ်တစ်ခု ဖန်တီးပေး။ ငါ တကယ် အံ့ဩရင် လက်ခံမယ်။ အချိန်ကာလ သတ်မှတ်ချက်ကတော့ တစ်ပတ်အတွင်းပေါ့။ ဘယ်လိုလဲ။ ဒါ ငါ ကံကြမ္မာကို လောင်းကြေးထပ်လိုက်တာပါ ...

နင်နဲ့ ငါက စကတည်းက အဆင်မချောခဲ့ပေမယ့် လက်ထပ်ထားပြီးပြီလေ။ ဒုတိယအကြိမ် လက်ထပ်ဖို့စီစဉ်ခြင်းခံရတယ်ဆိုတော့ ကံကြမ္မာကိုက နင်နဲ့ ငါ့ကို သိပ်ပေးစားချင်ပုံပေါက်တယ်။ ဒါကြောင့် လက်ခံသင့် မသင့်ကို





နင့်ရဲ့လုပ်ဆောင်ချက်ကံကြမ္မာနဲ့ပဲ ဆုံးဖြတ်ဖို့ စဉ်းစားလိုက်တာ။ တစ်ပတ်အတွင်း ငါ့ဘက်က ဟယ်ခနဲဖြစ်ပြီဆိုရင် ငါ လက်ခံလိုက်တော့မယ်"

အံ့ခန်းရဲ့စကားတွေကြောင့် သူက တစ်ခုခုကိုတွေးနေဟန်ပေါက်သည်။ ပြီးတော့မှ ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ကိုယ့်အချစ်က အံ့ခန်းအတွက် အံ့ဩစရာအကောင်းဆုံး ဖန်တီးမှုမဟုတ်တဲ့ ဖြစ်တည်မှုပါ။ ဒီလောင်းကြေးအတွက် ကိုယ် ရအောင်ကြိုးစားမယ်"

"ကောင်းပြီ ... ကျွန်မ စောင့်ကြည့်မယ်။ မအံ့ဩဘူးဆိုရင်တော့ အားလုံးဆုံးသွားပြီ"

အံ့ဩမှုတစ်ခု ဖြစ်တည်ဖို့အတွက် အခြေခံအကြောင်းတရားဟာ ဘာမှန်းမသိပေမယ့် အံ့ခန်းလည်း နောက်ဆုံးအဖြေကို ကြိုတင်သိချင်မိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com









❧ အချစ်ဆိုတာ
လိပ်စာမပါတဲ့
ပိတ်စာတစ်စောင်လို
ဘယ်ကလာမှန်းမသိဘဲ
ချာလည်လည် ဖြစ်နေတတ်တယ်။
❧ အချစ်ဆိုတာ
ခေါင်းစဉ်မရှိတဲ့
စာအုပ်တစ်အုပ်လို
ဘာရေးရမှန်းမသိဘဲ
ဟာတာတာဖြစ်နေတတ်တယ်။
❧ အချစ်ဆိုတာ
ချာလည်လည်ဖြစ်လာရင်
ဟာတာတာဖြစ်လာရင်
ချစ်တဲ့သူ
မျက်နှာတစ်ချက်ညှိုးတာနဲ့
ကမ္ဘာကြီးမပြိုကျအောင်
အပြင်ဘက်ထွက်ပြီး
ပခုံးနဲ့ထမ်းထားပေးတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com







## ၁၈

နှစ်သက်သည် နေ့နေ့ညည စဉ်းစားနေသည်မှာ အုံ့ခန်းအုံ့ဩသွားအောင် ဘာလုပ်ရမလဲ ဆိုတာပဲဖြစ်သည်။ အုံ့ခန်းပြောသလိုပင် သူတို့နှစ်ယောက်ကို ကံကြမ္မာက အရမ်းသဘောတူသည်ထင်၏။ သူဟာ အုံ့ခန်းကို လုံးဝကြိုးစားလို့ မရတော့ဘူးလို့ ထင်လိုက်တဲ့အချိန်မှာပဲ အုံ့ခန်းဖေဖေက သူတို့တိုက်ခန်းကနေ အတူဆင်းလာတာကို မြင်လိုက်ရ၍ အတင်းပေးစားဖို့ စီစဉ်လေတော့သည်။ အဲဒါဟာ သူ မဖန်တီးပါပဲ ရောက်လာတဲ့ ကံကြမ္မာရဲ့လက်ဆောင်ပဲ ဖြစ်လေသည်။

ပြီးတော့ ဝမ်းသာစရာက သူသာ အုံ့ခန်း အုံ့ဩစေအောင် ဖန်တီးနိုင်လျှင် သူ့ကိုလက်ခံမည်တဲ့။ ခက်နေတာက အုံ့ခန်း အုံ့ဩအောင် သူ ဘယ်လိုလုပ်ရမလဲဆိုတာကိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူ ဘယ်သူ့ဆီကအကြံဉာဏ်ကိုလည်း မယူခဲ့ပေ။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ထားသော သူဟာ ကိုယ်ပိုင်အရည်အချင်းနဲ့ပဲ အံ့ခန်းရဲ့လက်ခံမှုကို ပိုင်ဆိုင်ချင်လေသည်။

ဒီနေ့ပါနဲ့ဆို နှစ်ရက်တာအချိန်က ကုန်ဆုံးသွားပြီ ဖြစ်သည်။ ဘာလုပ်ရမယ်ဆိုတဲ့ အိုက်ဒီယာက ထွက်မလာသေးပေ။

"ဟဲ့ ... နှစ်သက်၊ ဘာတွေ ဒီလောက်တောင် အတွေးမွှား နေရတာလဲ။ ဒီနေ့ည အံ့ခန်းတို့ဆီသွားဖို့ ရှိတယ်နော်"

တော်တော့်စကားကြောင့် သူက တော်တော့်ဘက် ကို လည်ပြန်လှည့်ကြည့်ရင်း ...

"ခင်ဗျာ ... ဘာလို့လဲ တော်တော်။ ကိစ္စရှိလို့လား"

"ဟယ် ... နှစ်သက်၊ နင် ဒါတောင်မသိဘူးလား။ ဒီနေ့က အံ့ခန်းမွေးနေ့လေ။ ညကျရင် အိမ်မှာတစ်ခုခုလုပ်စားကြ မလို့ဆိုပြီး တော်တော်တို့ကို ခေါ်ထားတယ်။ မင်း လိုက် ခဲ့မယ်မှလား"

"ဟင် ... ဟုတ်လား။ ဒီနေ့က အံ့ခန်း birthday လား။ ကျွန်တော် မသိဘူး တော်တော်ရ။ ဩော် ... ဒါနဲ့ အံ့ခန်း က ကျွန်တော့်ကိုမှ မဖိတ်တာ။ ဘယ်လိုလိုက်လို့ရမှာလဲ။ ပြီးတော့ ... ဟို ... အဟဲ ... ကျွန်တော် ဦးစွမ်းမိုက် ကြောက်တယ်ဗျ"





သူ့စကားကြောင့် တော်တော်က သဘောတကျဖြင့် တဟားဟား အော်ရယ်ကာ ...

"ဟယ် ... ဖြစ်ရလေ နှစ်သက်ရယ်။ နင်တို့ကို အစ်ကိုကြီး မြင်သွားလို့ လက်ထပ်ဖို့ အစီအစဉ် ဖြစ်သွားတာ။ သူ့ကို ကျေးဇူးတောင် တင်ရဦးမှာ။ ဒီအတိုင်းသာဆို နင်တို့က ဇာတ်မျောကြီး ဖြစ်သွားတော့မှာ ...

ဒီည လိုက်ခဲ့ပါ သားရယ်။ အံ့ခန်းကတော့ မင်းကို by name ကြီးနဲ့တော့ ဘယ်ဖိတ်ပါ့မလဲဟဲ့။ သူက နဂို ကတည်းကမှ မင်းကိုကြည်တာ မဟုတ်ဘူးလေ။ ဒါပေမဲ့ လိုက်ခဲ့ပါ။ သူ့မင်းကို ဘာမှပြောလို့မရဘူး။ အစ်ကိုကြီး ရှေ့မှာ မင်းက သူ့သမက်လောင်း ဖြစ်နေပြီလေ"

အံ့ခန်းရဲ့မွေးနေ့တဲ့။ သူ လိုက်တော့ လိုက်ချင်သည်။ ဒါပေမဲ့ အံ့ခန်းကို surprise ဖြစ်အောင် မလုပ်နိုင်သေးဘဲနဲ့ သူ မျက်နှာမပြချင်။ ဘယ်လိုလုပ်ရပါ့မလဲ။

"နှစ်သက် ... လိုက်ခဲ့မယ်မှလား"

တော်တော့်အမေးကို သူက ခပ်မဲ့မဲ့ မျက်နှာနဲ့ပဲ လှမ်းဖြေလိုက်ရသည်။

"မလိုက်တော့ပါဘူးဗျာ။ အံ့ခန်းက ဖိတ်မှမဖိတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



အုံ့ခန်းမွေးနေ့မို့ အိမ်မှာ ဟော့ပေါ့လုပ်စားကြတာ ဖြစ်သည်။ မခန်းတို့စုံတွဲ၊ တော်တော်တို့စုံတွဲတို့က အထူးဧည့်သည်အဖြစ် ဖိတ်ကြားထားတာဖြစ်သည်။ တော်တော်နှင့် ဦးအေးချမ်း ရောက်လာတော့ ပါမလာသည့် ဟိုတစ်ယောက်ကို သတိတော့ ရမိသွားသည်။ အုံ့ခန်းမွေးနေ့ကို ဘာလို့မလာပါလိမ့်။

"အုံ့ခန်းရေ ... HAPPY BIRTHDAY ။ ရော့ ... ချစ်တူမလေးအတွက် လက်ဆောင် ...

နှစ်သက်ကတော့ လိုက်မလာဘူး သမီးရေ။ သူ့ကို မဖိတ်လို့တဲ့"

အမယ် ... သူကများ ကြီးကျယ်လို့။ အုံ့ခန်းက သူ့ကို ဘာကိစ္စ ဖိတ်ရမှာလဲ။

"ဟဲ့ ... သမီး အုံ့ခန်း။ ညည်းကောင်လေး နှစ်သက် မပါပါလား။ အေးချမ်း ... မင်း,သား မပါဘူးလား"





ဖေဖေက လှမ်းမေးလေတော့ အုံ့ခန်းက ဦးအေးချမ်း မဖြေခင် အသည်းအသန် ဝင်ပြောရလေသည်။

"ဟို ... ဟို ... သမီး ဖိတ်ဖို့မေ့သွားတာ ဖေဖေ။ နောက်ပြီး ဒီပွဲလေးက မိသားစုပွဲမို့ သူ့ကို တမင်မခေါ်တာ"

"ဟဲ့ ... ဘာလဲ။ နှစ်သက်ကလည်း မိသားစုပဲလေ။ ညည်းနဲ့လက်ထပ်မယ့် ခင်ပွန်းလောင်း။ အေးချမ်းရဲ့သားလေ။ အဲဒါ မိသားစုပေါ့ဟဲ့။ ဟင် ... ဒီကောင်မလေးကတော့၊ တော်ဝင်ကလည်း နှစ်သက်ကို တစ်ခါတည်းခေါ်လာတာ မဟုတ်ဘူး"

"ငါတို့က အပြင်က တစ်ခါတည်းတန်းလာလို့ကွ။ အဲဒါကြောင့်"

ဦးအေးချမ်းက ဝိနည်းလွတ်ဖြေလိုက်လျှင် ဖေဖေနဲ့ မေမေက အုံ့ခန်းကို ဖုန်းဆက်ပြီး လှမ်းခေါ်ခိုင်းလေသည်။ အုံ့ခန်းက ငြင်းဖို့လုပ်တုန်းမှာပဲ ဖုန်းတကောက ဝင်လာလေသည်။ ဟယ် ... တိုက်တိုက်ဆိုင်ဆိုင်။ အုံ့ခန်းက Excuse me လုပ်ကာ ဧည့်ခန်းအပြင်ဘက်ထွက်၍ ဖုန်းနားထောင်လေရသည်။

"ဟယ်လို"

"HAPPY BIRTHDAY အုံ့ခန်း။ အုံ့ခန်းတို့ခြံရှေ့မှာ ကိုယ်ရောက်နေတယ်။ ခဏလောက် ထွက်လာပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အိမ်ထဲဝင်လာလေ။ အားလုံးက ရှင့်ကိုစောင့်နေတာ"

"please ခဏလေး ထွက်ခဲ့ပေးပါ။ မွေးနေ့ရှင်ကလည်း ဒါလေးတောင် မလိုက်လျောဘူးလား"

အံ့ခန်းက စကားကြောဆက်ရှည်နေမှာ စိုးတာကြောင့် ခဏစောင့်ဆိုပြီး ခြံထဲဆင်းလာခဲ့တော့သည်။ သူ့ကိုခြံတံခါးဖွင့်ပေးပြီးနောက်မှာ ...

"လာလေ ... အိမ်ထဲဝင်"

"ဒါ အံ့ခန်းအတွက် present ။ ဒီလက်စွပ်လေးက ကိုယ်တို့လက်မှတ်ထိုးတဲ့နေ့တုန်းက ပေးမလို့ ရည်ရွယ်ထားတာ။ အကြောင်းကြောင်းကြောင့် မပေးဖြစ်ခဲ့ဘူး။ လက်ခံပေးပါနော်"

အံ့ခန်းက သူပေးတဲ့ကတ္တီပါဘူးလေးကို ယူလိုက်သည်။ ပြီးတော့ အိမ်ထဲပဲ ခေါ်ရလေသည်။

"ကဲ ... လာပါ။ အိမ်ထဲဝင်တော့"

"အံ့ခန်း ... ခဏလေး"

ကျွစ် ... ဒီလူကတော့ ဒုက္ခပါပဲ။ အံ့ခန်းက အရစ်တက်နေသောသူ့ကို ပေစောင်းစောင်း တစ်ချက်ကြည့်လိုက်ကာ...

"ဘာလဲဟာ။ ဘာပြောမလို့လဲ"





"အံ့ခန်းကို အံ့သြသွားအောင် ကိုယ်ဖန်တီးတော့မယ်။ ဒါပေမဲ့ အဲဒီဆန္ဒက ကိုယ့်ရင်ထဲမှာ တကယ့်ကို ဖြူဖြူစင်စင်လေး ဖြစ်လာတာနော်။ အံ့ခန်း လက်ခံနိုင်ပါစေလို့ ကိုယ်ဆုတောင်းပါတယ်"

ဘယ်လိုပါလိမ့်။ တစ်မျိုးပါလားကွယ်။ အံ့ခန်းက သူ ဘာများလုပ်လေမလဲ။ ဘာပဲ surprise ဖြစ်အောင်လုပ်လုပ် မအံ့သြဘူးလို့ စိတ်သွင်းထားလိုက်ပြီဖြစ်သည်။ ပြီးတော့တစ်ဆက်တည်းမှာပဲ သူ ဘာများလုပ်လိမ့်မလဲလို့ စိတ်ဝင်စားမိသွားသည်။

"အံ့ခန်း ... HAPPY BIRTHDAY ပါ"

အဲဒီအပြောနဲ့အတူ သူက အံ့ခန်းရဲ့လက်ကို ဆောင့်ခနဲဆွဲလိုက်စဉ်မှာပင် ပါးတစ်ဖက်က နွေးခနဲဖြစ်သွားသည်။ စက္ကန့်ပိုင်းမျှလောက်သော အထိအတွေ့တစ်ခုရဲ့ဖြားယောင်းမှုက ရင်ထဲမှာ တလှပ်လှပ်ဖြစ်စေသည်အထိ ခံစားရပါသည်။ အံ့ခန်းက ရှက်လန့်တကြားဖြင့် သူ့လက်တွေကို ဆောင့်ရုန်းပစ်ကာ ...

"ဟယ် ... နင် ..."

အနွေးဓာတ်က ကင်းလွတ်သွားချိန်မှာ အံ့ခန်းဟာ ရှက်နေတာရော၊ ပြီးတော့ တကယ်ကို မထင်မှတ်လောက်အောင် အံ့အားသင့်ရတာကြောင့်တွေပါ ရောထွေးကာ သူ့အရှေ့ကိုထွက်ပြေး၍ အိမ်ထဲသို့ အပြေးဝင်လာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာဖြစ်တာလဲ"

"ဟို ... ဘာမှမဖြစ်ဘူး။ အပေါ်ထပ်မှာ အုံ့ခန်း ဖယောင်းတိုင်မီး မမှုတ်ခဲ့ဘူးလားလို့။ အဲဒါ သွားကြည့်မလို့"

ပါးစပ်ထဲရှိတာ လျှောက်ပြော၍ အပေါ်ထပ်သို့ ပြေးတက်လာခဲ့လိုက်တော့သည်။ အိပ်ခန်းထဲရောက်မှ အုံ့ခန်းသည် တဒိန်းဒိန်းဖြင့် ခုန်ပေါက်ကြွတက်နေတဲ့ ရင်ခုန်သံတွေကို နားမဆင်ရဲစွာဖြင့် ရင်ဘတ်ကို လက်နဲ့ဖိထားရလေသည်။ သူ အခုလိုမျိုးကြီး လုပ်လိမ့်မယ်လို့လည်း နည်းနည်းလေးတောင် မထင်ခဲ့မိတာကြောင့် အုံ့ခန်း ဘယ်လိုမှ ကာကွယ်ချိန်မရလိုက်ချေ။ ဟယ် ... ဆိုတဲ့ အာမေဍိတ်က ထွက်သွား၍ ရင်ခုန်သံတွေက ဗရမ်းဗတာ ကြိပြန့်ကုန်တော့သည်။

အဲဒီအချိန်မှာပဲ ဖုန်းလာလေလျှင် နံပါတ်ကြည့်လိုက်တော့ သူ့ဖုန်းဖြစ်လို့နေ၏။ အုံ့ခန်း ဘယ်လိုလုပ်ရပါ့။ အုံ့ခန်းက ဖုန်းမကိုင်သေးဘဲ သူပေးတဲ့ လက်စွပ်ဘူးလေးကို ခုတင်ပေါ်လှမ်းပစ်တင်လိုက်ပြီးမှ ဖုန်းနားထောင်လိုက်လေသည်။

"အုံ့ခန်း ... ဘတ်ဒေးကစ်စ်က စိတ်ဆိုးလို့ မရဘူးနော်။ ကိုယ့်ရင်ထဲမှာ ပထမဆုံး ဖြစ်လာတဲ့ဆန္ဒကို မြတ်မြတ်နိုးနိုးနဲ့ အကောင်ထည်ဖော်လိုက်တာပါ။ ဟို ... အုံ့ခန်း အုံ့သြသွားတယ်ဆိုတာ ကိုယ်သိပါတယ်။ အဲဒီတော့ ကိုယ့်ကို လက်ခံတယ်ပေါ့နော်"





ဂျီအက်စ်အမ်ရဲ့ wave တွေထဲမှာ သကြားခဲတက်တွေ ပါဝင်ရောနှောနေသလားလို့တောင် ထင်မှတ်ချင်စရာပေ။ အုံ့ခန်းနားထဲမှာ ဘာလို့ နားဝင်ချိုနေမိတာပါလိမ့်။ အုံ့ခန်း သူ့ကိုလက်များခံမိသွားလို့လား။ အာ ... မဟုတ်တာ။ ပါးပေါ်ကို ဖျတ်ခနဲရောက်လာတဲ့အနမ်းကြောင့် ရင်တွေခုန်ပြီး ချစ်ရအောင်လည်း အထိအတွေ့မှာ ဈာန်လျှောရတဲ့ ဆယ့်ခြောက်နှစ်သမီးလည်း မဟုတ်တော့ချေ။

"ဟယ်လို ... အုံ့ခန်း။ ကိုယ့်ကိုမချစ်နိုင်သေးဘူးဆိုတာ ကိုယ်နားလည်ပါတယ်။ ဒါပေမဲ့ ကိုယ့်ဘက်က အုံ့ခန်းကို ချစ်တာလေးပဲ နားလည်လက်ခံပေးတယ်ဆို ကိုယ်ကျေနပ်ပါတယ်။ တဖြည်းဖြည်းချင်းမှ ကိုယ့်ကိုချစ်နိုင်အောင်ကြိုးစားပေါ့နော်။ ကိုယ် အခုနားလည်သွားပြီ သိလား ...

အချစ်ဆိုတာ အိကျွေးရှင်းတစ်ခုလို ပုံသေတွက်ထားလို့ မရဘူးဆိုတာ ကိုယ်သိပါပြီ။ ကိုယ် အုံ့ခန်းကိုချစ်နေတာလေးကိုပဲ လက်ခံပေးရင် ရပါပြီ"

အဲဒါ ငါ လက်ထပ်ထားတဲ့ယောကျ်ား၊ ပြီးတော့ မကြာခင်မှာ လက်ထပ်ရမယ့် ယောကျ်ားဆိုတဲ့ အတွေးတစ်ခု ခေါင်းထဲဝင်လာလျှင် အုံ့ခန်း တစ်ကိုယ်လုံး ဖိန်းရှိန်းနွေးထွေးလို့



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဘုရားရေ ... ချက်ချင်းကြီး အံ့ခန်းစိတ်တွေ ဘာလို့ ညွတ်နူးပျော့ပျောင်းလာတာလဲ။ သုသုတို့နဲ့ ဓာတ်လမ်းပြတ်ပြီး ကတည်းက စိတ်တွေက တစ်မျိုးပြောင်းလဲလာတာကို သတိထား မိပါသည်။ ဒါပေမဲ့ ချစ်တာတော့ မဟုတ်ပေ။

"တစ်ခုခု ပြန်ပြောပါဦး အံ့ခန်းရယ်"

သူ့စကားကြောင့် အံ့ခန်းက တစ်စုံတစ်ခုကို တွေး မိလိုက်ရင်း ...

"အကယ်၍ သုသုကသာ ကျွန်မနေရာမှာဆိုရင် ရှင် ဘယ်လိုဆုံးဖြတ်မှာလဲ"

"ဘာမှုံယှဉ်ကြည့်ဖို့ မလိုဘူး။ ကိုယ်နဲ့သုသု တွဲခဲ့တာမှန် ပေမယ့် မင်းနဲ့စတွေ့ခဲ့တဲ့ ဗယ်လင်တိုင်းဒေးတုန်းက ပျာတီပျာယာနဲ့ ကိုယ့်နားရောက်လာပြီး ကိတ်ခွဲ့ကျွေးခိုင်း ကတည်းက အရမ်းကို စိတ်ဝင်စားမိတာ။ ကိုယ့်စိတ်တွေ အဲဒီကတည်းက မင်းဆီပါသွားတာ အံ့ခန်း"

ဟယ် ... အဲဒီကတည်းကတဲ့။

ယုံလို့ရပါ့မလား မသိပေမယ့် အံ့ခန်းဟာ ဘာမှ ဆက်မပြောချင်တော့တာကြောင့် ခဏ နှုတ်ဆိတ်နေမိသည်။ ရုတ်တရက်ကြီး ပြောင်းလဲသွားတာဟာ ပုံမှန်မှဟုတ်ရဲ့လား။





မုန်တိုင်းပြီးကာလတွေဟာ သာယာနေတတ်တဲ့ သဘာဝရှိသလို အံ့ခန်းလည်း သူ့ကို မမုန်းချင်တော့တဲ့ အနေအထားကို ရောက် နေလေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် ရိပ်စားမိချေသည်။

"ကျွန်မတို့နှစ်ယောက် အချစ်ဆိုတာကို ဆွေးနွေးဖို့လိုပါ သေးတယ်။ ဒါပေမဲ့ အဲဒီအချိန်ကာလကိုရောက်ဖို့ မဝေး တော့ဘူးလို့ ကျွန်မ ထင်တယ်"

"ဘယ်လို"

အံ့ခန်း စကားကြောင့် သူ အရမ်းကိုအံ့အားသင့် သွားပုံရပါသည်။ အရမ်းကို တက်ကြွလေသော အသံဖြင့် ...

"အဲဒီ မဝေးတော့တဲ့အချိန် အမြန်ဆုံးရောက်ဖို့ ကိုယ်ကြိုး စားမယ်။ ကိုယ့်အချစ်တွေ ရောင်ပြန်ဟပ်လာစေပြီပေါ့နော်"

"သိဘူး ... ဒါပဲကွာ။ ဖုန်းချလိုက်ပြီနော်"

သူ့စကားတွေ နားထောင်နေရင်းက တလှပ်လှပ် ခုန်လာတဲ့ နှလုံးသားရဲ့ beat တွေကို အံ့ခန်းက ငြိမ်သက်စွာ နားထောင်မိရင်း ပြုံးမိသွားလေသည်။

"မမရေ ... လာခဲ့တော့လေ။ ဘတ်ဒေးကိတ်ခွဲရအောင်"

မခန်းက အောက်ကနေ လှမ်းအော်လေလျှင် အံ့ခန်း က ရင်ခုန်သံတွေကို ပြန်ထိန်းရင်း အခန်းတံခါးဖွင့်လိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... လာပြီ ... လာပြီ"

အံ့ခန်း အခန်းထဲက ထွက်လာလျှင် အခန်းဘေးက တိုင်မှာချည်ထားတဲ့ သားငယ်က သံကြိုးပြုတ်ပြီး အပေါ်ထပ်မှာ လျှောက်ဆော့နေ၏။ ဟာ ... မလုံးကတော့ သေချာကြိုးမချည် ထားဘူး။ အံ့ခန်းက သားငယ် အောက်ကိုဆင်းလာမှာစိုးလို့ လက်ဖျောက်နှစ်ချက်တီးကာ သားငယ်ကို လှမ်းခေါ်ရလေသည်။

"သားငယ်ရေ ... သားငယ် ... come here"

ချစ်စရာကောင်းတဲ့ သားငယ်က အံ့ခန်း ခေါ်လိုက် တာနဲ့ အမွှေးလေးတွေ ဖွားခနဲ ဖွားခနဲ ဖြစ်သည်အထိ အပြေး လာလေသည်။ အံ့ခန်းက အချစ်တော်ခွေးလေး သားငယ်ကို ကောက်ချီ၍ ကလေးပွေ့သလို ပွေ့လိုက်ကာ ...

"မင်းက တော်တော်ကဲနေတာပဲ။ ညှော်သည်တွေရှိလို့ မသောင်းကျန်းပါနဲ့ဆို။ မမ သားလေးကို ပြီးတော့မှအစာ ကျွေးမယ်နော်။ အခု မမအခန်းထဲမှာနေခဲ့။ ငြိမ်ငြိမ်နေ နော်"

အံ့ခန်းက သားငယ်ကို အခန်းထဲထည့်လိုက်ကာ အခန်းတံခါး ပိတ်လိုက်သည်။ အံ့ခန်းစကားကို နားလည်သည့် အလား အံ့ခန်း အခန်းထဲမှာထားခဲ့၍ တံခါးပိတ်သည်အထိ သားငယ်က အံ့ခန်းကိုကြည့်ကာ ငြိမ်ငြိမ်နေလေသေည်။ သားငယ် ကို အခန်းထဲထည့်ပြီးမှ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။





အံ့ခန်း ရောက်လျှင် ဘတ်ဒေးကိတ်မှာ ဖယောင်းတိုင် ထွန်း၍ ဘတ်ဒေးသီချင်းဆိုကာ ကိတ်မုန့်ခွဲလေသည်။ ဒီနှစ်မွေး နေ့မှာ မိသားစုစုံညီစွာ ပျော်နိုင်သလို ဘဝမှာ တစ်ခါမှမကြုံရဖူး တဲ့ ရင်ခုန်သံနဲ့အတူ အနမ်းတစ်ခုကိုပါ အံ့ခန်းအတွက် မွေးနေ့ လက်ဆောင်အဖြစ် ကံကြမ္မာကြီးက ဖန်ဆင်းပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

"မခန်းတို့ မင်္ဂလာကိစ္စလည်း အောင်အောင်မြင်မြင်နဲ့ အထမြောက်သွားပြီဆိုတော့ အုံ့ခန်းတို့ကို စီစဉ်ရမယ်။ အနီးဆုံးလရဲ့ ကောင်းတဲ့ရက်ရာဇာတစ်ခုကို ရွေးလိုက်ပြီး မင်္ဂလာပွဲစီစဉ်လိုက်မယ်။ သမီးငယ်တို့ မပြန်ခင် အုံ့ခန်းတို့ကို တစ်ခါတည်း စီစဉ်ရမယ် ...

အစ်မနဲ့အစ်ကိုက ဘယ်လိုဖြစ်စေချင်လဲ။ မခန်းတို့လိုပဲ ဆီဒိုးနားမှာပဲ လုပ်မလား။ ဒါမှမဟုတ် ထရိတ်ဒါးကော၊ chatrium ဆိုလည်း အဆင်ပြေတာပဲ"

သားရှင်တစ်ဖြစ်လဲ၊ တူမရှင်တော်တော်က မင်္ဂလာကိစ္စအတွက် plan ချနေလျှင် လူငယ်ဖြစ်တဲ့ အုံ့ခန်းက နှုတ်ဆိတ်ပြီး ထိုင်နေရသည်၊ အခုမှ နှစ်အိမ်တစ်အိမ် ရွှေလမ်း ငွေလမ်း





ပလက်တီနမ်လမ်းတွေ ဖြစ်နေကြတော့သည်။ ဖေဖေနဲ့ မေမေက တော့ အစက စိတ်ဆိုးသလိုလိုရှိပေမယ့် အခုတော့ သဘောတူ အတူသဘောကို ဖြစ်လို့နေသည်။ တစ်နှစ်တည်းမှာပဲ သုံးမင်္ဂလာ ဖြစ်နေ၍ အရမ်းကိုကောင်းတယ်တွေ ဘာတွေ ဖြစ်နေကြသေးသည်။

ပြီးတော့ အုံ့ခန်းနဲ့ သူက မကင်းရာမကင်းကြောင်း ဟိုဘက်ဒီဘက် အမျိုးတွေကလည်း ဖြစ်နေတာမို့ အုံ့ခန်းတို့ကိစ္စကို စီစဉ်ရမှာ အပီအပြင်ကို ဇာချဲ့နေကြတော့တာဖြစ်သည်။

"ထရိတ်ဒါးမှာ ညည့်ခံပွဲလုပ်ပြီး chatrium မှာ ဒင်နာလုပ်လိုက်မယ်လေ။ အဲဒါဆို ကောင်းမယ်။ ဪ ... လူကြီးတွေကပဲ တက်ကြွနေတယ်။ ကလေးတွေ ... နင်တို့ကကော ဘယ်လိုဖြစ်စေချင်လဲ၊ ပြောဦးလေ"

မေမေက အုံ့ခန်းတို့ကို လှမ်းမေးလျှင် အုံ့ခန်းက ဘာမှမဖြေဘဲ မကြားချင်ဟန်ဆောင်နေတာကို သိနေသော နှစ်သက်ကပဲ မျက်နှာကြီးစပ်ဖြဲဖြဲနှင့် အုံ့ခန်းကို တစ်ချက်လှမ်းကြည့်၍ ဖြေလေသည်။

"အဟဲ ... ဘာပဲဖြစ်ဖြစ် ရပါတယ်။ လူကြီးတွေသဘောပါ။ ကျွန်တော်တို့က ဘာမှကွန်ပလိန်းမတက်ပါဘူး။ ဟို အုံ့ခန်းကကော"



www.burmeseclassic.com

www.burmeseclassic.com



တောက် ...။ အံ့ခန်း မပြောချင်မှန်းသိလို့ တမင်မေးတာ။ အံ့ခန်းက စိတ်ထဲမှ တစ်ချက်ကျိန်ဆဲလိုက်ရင်း မဖြေချင့်ဖြေချင်နဲ့ ဖြေလိုက်ရသည်။

"ဟို ... ရပါတယ်။ မေမေတို့ ကြိုက်သလို စီစဉ်ပါ"

"အမယ်လေး ... အခုမှ လိမ္မာနေတယ်။ ဩော် ... အရေးကြီးတာ မေ့နေတယ်။ သူတို့နှစ်ယောက် လက်မှတ်ထိုးဖို့ စီစဉ်ရမယ်နော်"

မြတ်စွာဘုရား။ အံ့ခန်းတို့ကို လက်မှတ်ထိုးပေးဖို့ စီစဉ်မယ်တဲ့။ အံ့ခန်းနဲ့သူက လက်မှတ်ထိုးထားတာ ခြောက်လလောက်တောင် ရှိတော့မယ်။

"ဟို ... ဟို ... နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျ။ ကျွန်တော်နဲ့ အံ့ခန်းက တရားရုံးမှာ တရားဝင် လက်မှတ်ထိုးပြီးသွားပါပြီ"

"ဟေ"

သူက ဝန်ခံလိုက်လျှင် အံ့ခန်းမှာ ရှက်လွန်းလို့ မျက်နှာဘယ်နားထားရမှန်းမသိ ဖြစ်ရပါသည်။ လူကြီးတွေကတော့ အံ့ခန်းကို ဘယ်လိုထင်နေပြီလဲ မသိတော့ပါ။

"ခေတ်ကာလ ကလေးတွေများ တကယ်လက်သွက်တယ်။ ဟင်း ဟင်း ... စွမ်းမိုး၊ မင်း,သားကို ငါ အမှုန့်ကြိတ်ရတော့မှာလားဟေ့"





"တောင်း ... တောင်းပန်ပါတယ် ဦးရယ်။ သားသားကို ခွင့်လွှတ်ပါနော်။ သားက ဦးသမီးလေးကို တကယ်ကို ချစ် ... ချစ်"

"ဟေ့ကောင် ... မင်း အပေါက်ကိုပိတ်ထား။ စွမ်းမိုး ... တော်ဝင် မင်္ဂလာဆောင်ကို အမြန်ဆုံး စီစဉ်တော့ဟေ့။ ဒါပဲ ငါပြောမယ်"

စပရိန်လို ပြောင်ချော်ချော်အကောင်ကြောင့် အံ့ခန်းမှာ ခေါင်းတောင်မဖော်ဝံ့ပါချေ။ ဟင်း ... သေချင်တာပါပဲ။ အံ့ခန်းက သူ့ကို မကျေမနပ် တစ်ချက်ကြည့်လိုက်လျှင် တိုက်ဆိုင်စွာပင် သူနဲ့အကြည့်ချင်း သွားဆုံလေသည်။

သူက မျက်စိတစ်ဖက် ဖျတ်ခနဲ မိတ်ပြလေလျှင် အံ့ခန်းကို အပိုင်ရတော့မှာမို့ အလွန်ပျော်နေတဲ့သူဟာ ဖေဖေနဲ့မေမေကို ပီအောင် ပိုင်အောင် အလိုက်တသိ ပေါင်းသင်းတတ်သူဖြစ်တာကြောင့် ခဏလေးအတွင်း အဆင်က လုံးဝကို smooth ဖြစ်သွားလို့နေသည်။

တကယ်ကို အိပ်မက်ဆန်လေသည်။ အံ့ခန်း သူနဲ့ တကယ်ကို လက်ထပ်ရတော့မယ်တဲ့လား။ အဲဒီအတွေးက အံ့ခန်းကို ရင်ခုန်သံမြန်လာစေသလို တစ်မျိုးသော ခံစားမှုကိုလည်း ပေးလေသည်။ အဲဒီအချိန်မှာပဲ ဖုန်း ringe မြည်လာလျှင် ပေါ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့နံပါတ်ကြောင့် သုသုဆိုတာ သိရသည်။ ဟင် ... သုသုဆက်တယ်။ အုံ့ခန်းက လှစ်ခနဲ အပြင်ထွက်လာခဲ့ပြီးမှ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"အုံ့ခန်း ... တို့ သုသုပါ"

"ပြောလေ- သုသု"

တစ်ဖက်က ခဏလေး အသံတိတ်သွားသည်။ အသက်ရှုသံမျှင်းမျှင်း ကြားနေရသည်။ သုသုကို စိတ်ဆိုးတယ်ဆိုပေမယ့် အုံ့ခန်း နားလည်ပေးလို့ရပါသည်။ ပြီးတော့ ကိုထူးကိုလည်း နားလည်သလို သနားမိသည်။ သူ့ခမျာ သုသုကြိုးဆွဲတဲ့အတိုင်း ကနေရရှာတာ။ အုံ့ခန်းအကြောင်း သိသွားတော့ ရှက်သွားတယ် ထင်ပါရဲ့။ မခန်းတို့ကိုတောင် နှုတ်မဆက်ဘဲ အင်္ဂလန်ပြန်သွားခဲ့လေသည်။ အဲဒါဟာ ဘာကြောင့်ဆိုတာကို အုံ့ခန်းလည်း သူတို့ကို မပြောပြချင်တော့ပေ။

"ငါ နင့်ကို ခဏလောက်တွေ့လို့ရမလား။ ငါ့မှာ နင့်ကို ပြောပြချင်တာတွေ အများကြီးရှိတယ်။ ပြီးတော့ တောင်းပန်ချင်တယ်"

အုံ့ခန်းက ထပ်မပတ်သက်ချင်တော့တာမို့ ငြင်းလိုက်တော့သည်။





"ရပါတယ် သုသုရယ်။ တောင်းပန်ဖို့ မလိုပါဘူး။ ငါနားလည်ပါတယ်။ ငါ့ကို တောင်းပန်ဖို့ မလိုပါဘူး"

"ခဏလောက် တွေ့ခွင့်ပြုပါ အုံ့ခန်းရယ်။ ငါက သန်ဘက်ခါဆို စင်္ကာပူကို အပြီးသွားတော့မှာပါ။ 'ငါ့ကိုတွေ့ဖို့ အခွင့်အရေးလေး ပေးပါဟာ"

ဟင် ... သုသုက စင်ကာပူ အပြီးသွားတော့မယ်။ အုံ့ခန်းကို ဒီလောက်တောင် အောက်ကျနောက်ကျခံ ပြောနေတာကြောင့် သူငယ်ချင်းသံယောဇဉ် လက်ကျန်လေး ရှိသေးတာမို့ လက်ခံလိုက်တော့သည်။

"အင်းလေ ... တွေ့တာပေါ့"

အုံ့ခန်းက သူမနဲ့ချိန်းပြီး ဖုန်းချလိုက်ကာ အိမ်ထဲဝင်ဖို့ ပြန်အလှည့်မှာတော့ အုံ့ခန်းကို လက်ပိုက်၍ မမိုတ်မသုန် ကြည့်နေသော သူနဲ့တည့်တည့်တိုးလေသည်။ အုံ့ခန်းက သူနိုးလှမိသလို ပြုံးပြုံးပျာပျာ ဖြစ်နေလျှင် သူက အုံ့ခန်းကိုကြည့်ကာ ...

"အုံ့ခန်း သွားတွေ့တာကို ကိုယ် မတားပါဘူး။ ဒါပေမဲ့ ကိုယ်လိုက်ပို့ပေးမယ်"

"အာ ... မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အုံ့ခန်း ... ကိုယ်တို့နှစ်ယောက်အတွက် ဒီအခြေအနေမျိုးလေး မဖြစ်လာခင် လွဲခဲ့ရတာတွေ အများကြီးပဲ။ ကိုယ်အုံ့ခန်းကို မခွဲနိုင်အောင်ကို ချစ်နေတာ။ မင်းကို ကိုယ်ဘာနဲ့မှ မလဲနိုင်ဘူး။ မင်း သွားပါ။ ဒါပေမဲ့ ကိုယ့်ကိုတော့ မလှမ်းမကမ်းမှာ ရှိနေခွင့်ပြုပါ"

သူ့စကားလုံးတွေက mood တွေပဲ အရမ်းဝင်နေလို့လားမသိ။ အုံ့ခန်း ရင်ထဲမှာ အနွေးစီးကြောင်းလေးတစ်ခု ဖြတ်စီးသွားလေသည်။ ရင်ထဲကနေ သူ့အလိုလို ထတောက်လာတဲ့ မီးတောက်လေးကို အချစ်လို့ ခေါ်သတဲ့လား။ သူ့ရဲ့စိုးရိမ်စိတ်အတွက် အုံ့ခန်း ရင်ထဲမှာ တစ်မျိုးဖြစ်သွားတာတော့ အမှန်ပဲဖြစ်၏။ သူက အုံ့ခန်းကို ကြည့်နေရင်းက အုံ့ခန်းရဲ့လက်ဖျားလေးတွေကို သူ့ရဲ့လက်ဖျားလေးနဲ့ ဖွဖွလေးထိကပ်လိုက်ပြီး ...

"ကိုယ် လိုက်ပို့ပေးမယ်နော်"

သူ့စကားလုံးလေးတွေက ဘာလို့ ဒီလောက်သိမ်မွေ့နေရတာလဲ။ အုံ့ခန်း ညင်သာစွာပင် ခေါင်းညိတ်လက်ခံလိုက်သည်။ အုံ့ခန်းကို သုသုဆီကို လိုက်ပို့ပေးတော့ သူက ကားပေါ်မှာစောင့်နေကာ အုံ့ခန်းကို စိတ်မချဟန်ဖြင့် ...

"အုံ့ခန်း ... သူ ဘာပြောပြော လက်မခံနဲ့။ မယုံပါနဲ့နော်။ အကယ်၍ သူ တစ်ခုခု ..."





"သုသုက အဲဒီလိုမဟုတ်ပါဘူး။ ဘာမှစိတ်ပူမနေနဲ့။ ဒီမှာပဲ စောင့်နော်။ လိုက်မလာနဲ့"

အုံ့ခန်းက သူ့ကို အပြတ်ပြောခဲ့ကာ သုသုဆီထွက်လာခဲ့သည်။ ကော်ဖီတစ်ခွက်ရှေ့ချ၍ ရေပြင်ကို ငေးနေသော သုသုကို အုံ့ခန်းက ခပ်တိုးတိုး ခေါ်လိုက်မိသည်။

"သုသု"

"ဪ ... အုံ့ခန်း၊ ထိုင်လေ"

အုံ့ခန်းက ခေါင်းတစ်ချက်ညိတ်၍ သူမနဲ့မျက်နှာချင်းဆိုင် အနေအထား ထိုင်လိုက်သည်။ ပြီးတော့ လာမေးတဲ့ဝိတ်တာကို အအေးတစ်ဘူးမှာပြီးနောက်မှာ စကားပြောဖို့ အသင့်အနေအထားဖြစ်နေစဉ် သုသုဆီက စကားသံထွက်လာလေသည်။

"တောင်းပန်ပါတယ် အုံ့ခန်း။ ငါ အရမ်းကိုအတ္တတကြီးနဲ့ ရူးသွပ်မိုက်မဲမိခဲ့တာပါ"

"ရပါတယ်ဟာ။ ငါ နင့်ကို နားလည်တယ်။ အခုလို ငါ ဒီလာတာကလည်း နင့်ဆီက ဒီစကားကြားရဖို့ လာခဲ့တာ မဟုတ်ဘူး။ ဟိုတုန်းကလို ရင်းနှီးနွေးထွေးမှုတွေ ပြန်ခေါ်ဖို့လာခဲ့တာ"

သုသုက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်းက အုံ့ခန်းကို ဝမ်းနည်းတဲ့အရိပ်အယောင် မျက်ဝန်းတွေဖြင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးကိုလည်း နင်တို့ စိတ်မဆိုးပါနဲ့ဟာ။ သူက တကယ်တော့ ငါ့အာဃာတတွေအတွက် အသုံးချခံရတဲ့ မြေဇာပင်ပါဟာ။ သူ နင့်ကိုချစ်တဲ့ အချစ်အပေါ်ကို ငါက မကောင်း တဲ့စိတ်နဲ့ တွန်းပို့ပေးခဲ့တာ။ အားလုံးက ငါ့အမှားတွေပါပဲ။ ဒီနေ့ နင့်ကို အခုလို မျက်နှာချင်းဆိုင်တောင်းပန်ဖို့ ငါ အရမ်းကို အားမွေးခဲ့ရတာပါ ...

ငါလေ နှစ်သက်ရဲ့အချစ်တွေကိုလည်း စားစာခံလုပ်ပြီး နင်နဲ့ဝေးအောင် လုပ်မိခဲ့တယ်။ နှစ်သက်က ငါ့ကို သူငယ်ချင်းကောင်းလို သဘောထားဆက်ဆံတဲ့ အချိန်တွေတုန်းက ငါက နင့်ကို ..."

ပြောရင်းနဲ့ သုသုအသံတွေ တိမ်ဝင်လာလေသည်။ သုသု ဘယ်လောက် နောင်တရနေတယ်ဆိုတာ မျက်နှာကိုကြည့်တာနဲ့ သိနိုင်ပါသည်။ အံ့ခန်းသည် စားပွဲပေါ်မှာတင်ထားတဲ့ သုသုရဲ့လက်တွေကို ထွေးဆုပ်အုပ်မိုးလိုက်ရင်း သုသုမျက်နှာကို သေချာကြည့်ကာ ...

"သုသု ... ငါ နားလည်တယ်။ အရမ်းကို နားလည်တယ်။ ငါလည်း မိန်းကလေးတစ်ယောက်ပါပဲ။ နင့်နေရာမှာ ငါဆိုလည်း အဲဒီလိုပဲ ဖြစ်မိမှာပါ။ အဲဒါ အပြစ်မဟုတ်ဘူး။ အချစ် ....





မိန်းကလေးတွေရဲ့ အချစ်ကြီးမှု၊ မာနကြောင့်ပေါက်ကွဲသွားတာ။ နင့်စိတ်ထဲမှာ ရှင်းလိုက်တော့။ ငါ နင့်ကို စိတ်မဆိုးဘူး။ အရမ်းကို နားလည်ပေးနိုင်တယ်"

သုသုက နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ယင်ကာ မျက်ရည်တွေ စီးကျလို့လာလေသည်။ ပြီးတော့ အံ့ခန်းရဲ့လက်တွေကို တင်းကျပ်စွာဆုပ်ကိုင်ရင်းက "အံ့ခန်းရယ်"ဟု မချိတင်ကဲရေရွတ်ရင်းက ...

"နင့်ကို ငါ တောင်းပန်ပါတယ်ဟာ။ တကယ်တော့ နှစ်သက်ကို ငါ ရူးရူးမိုက်မိုက် ချစ်မိလို့ ဖြစ်ခဲ့တာမဟုတ်ပါဘူး။ လွတ်တဲ့ငါးက ကြီးသွားလို့ မနာလိုစိတ်ဖြစ်သွားတာ။ နင်တို့က အခုလိုနားလည်ပေးတော့လေ ငါ အရမ်းမှားသွားပြီဆိုတာကို ပိုသိလာတယ်"

"ဘာမှစိတ်မကောင်းမဖြစ်နဲ့။ ငါတို့က နင့်ကိုစိတ်မဆိုးပါဘူး သုသုရယ်"

"ကျေးဇူးပါပဲဟာ။ ငါ့ဘဝမှာ အသိတရားတွေလည်း ရခဲ့ပါပြီ။ နင်တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် ပေါင်းဖက်နိုင်ပါစေလို့ ငါ့စိတ်ရင်းနဲ့ ဆုတောင်းပေးတယ်။ ပြီးတော့ နင်တို့ကို ငါ နှုတ်ဆက်ပါတယ်။ ဖေဖေရှိတဲ့ စလုံးမှာ အပြီးနေဖို့ ငါ ဆုံးဖြတ်ထားတယ်။ သန်ဘက်ခါ ငါသွားဖြစ်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကြောင့် ကမောက်ကမတွေ ဖြစ်ခဲ့တဲ့အတွက် ငါအရမ်းကို တောင်းပန်ပါတယ် အုံ့ခန်း။ ပြီးတော့ ဒီစာရွက်လေး"

သုသုက အုံ့ခန်းရှေ့သို့ ထိုးပေးလာတာကို ကြည့်လိုက်လျှင် စာချုမ်လေးကို တွေ့ရသည်။

"နင် လက်မှတ်ထိုးပေးခဲ့တဲ့ ကွာရှင်းစာချုပ်။ နင့်ရှေ့မှာပဲ ငါ ဖျက်ဆီးပါတယ်။ ငါ့ကို ခွင့်လွှတ်ပါဟာ"

သုသုက ပြောပြောဆိုဆို စာချုပ်ကိုယူကာ ဆွဲဆုတ်ပစ်သည်။ ပြီးတော့ အမှိုက်စတွေအဖြစ် လုံးချေကာ အမှိုက်ပုံးထဲ ထည့်လိုက်၏။

"နှစ်သက်က ပြောတယ်။ ဒီလောကမှာ သူအကြောက်ဆုံးက အုံ့ခန်း သူ့ကို ကွာရှင်းလိုက်မှာကိုတဲ့။ အဲဒါကြောင့် အုံ့ခန်း ... နင်တို့နှစ်ယောက် ဘယ်တော့မှ လမ်းမခွဲပါနဲ့၊ အမြဲချစ်ကြပါနော်"

"သုသုရယ်"

အုံ့ခန်းနဲ့ သုသု ဘာစကားမှ မဆိုဖြစ်ကြတော့ပါ။ သုသုကို နားလည်နိုင်တာထက် ပိုနားလည်နိုင်လို့ နှုတ်ဆိတ်နေပေးခဲ့တာဖြစ်သည်။ အုံ့ခန်းနဲ့ သုသု နှုတ်ဆက်စကားဆိုပြီးနောက် အုံ့ခန်းက ကားဆီသို့ ပြန်လာလေလျှင် ယောက်ယက်ခတ်စွာသော ဒီဇိုင်းနဲ့ မျက်စိမျက်နှာပျက်နေသော သူ့ကို တွေ့လိုက်ရလေသည်။





"ဘာဖြစ်နေတာလဲ အဲဒါက။ ကားထဲမှာ ထိုင်မနေဘဲနဲ့"

အုံ့ခန်းက လှမ်းအော်မေးလိုက်လျှင် သူက အဲဒီတော့မှ အုံ့ခန်းကိုမြင်ကာ အရမ်းကို ပျော်ရွှင်သွားသည့်ပုံဖြင့် ...

"ဟာ ... အုံ့ခန်း။ ကိုယ့်မှာ စိတ်တွေကို ပူနေတာပဲ"

"အမယ်လေး ... ကိုပို။ ကဲပါ ... သွားမယ်၊ လာ"

အုံ့ခန်းက ကားထဲဝင်ထိုင်လိုက်လျှင် သူကပါအပြေးလိုက်လာပြီး ကားထဲဝင်၍ ကားမမောင်းသေးဘဲ စတီယာတိုင်ပေါ်လက်တင်၍ အုံ့ခန်းဘက်သို့ ကိုယ်ကိုလှည့်ကာ ...

"အုံ့ခန်း ... သူက ဘာတွေပြောလဲ။ သူပြောတာတွေမယုံနဲ့နော်"

"သုသုက သနားပါတယ်။ အဲဒီလိုမျိုး မပြောပါနဲ့။ သူ့အမှားအတွက်လည်း တော်တော့်ကို နောင်တရနေရှာတာ"

"ကိုယ်တို့ကို ဒုက္ခပေးခဲ့တုန်းက အဲဒီအသိတရားမျိုး ဝင်ခဲ့ပါလား"

နှစ်သက်က ဒေါသမပြေနိုင်စွာ ပြောလေလျှင် အုံ့ခန်းက တားရလေသည်။

"အဲဒီလို မပြောပါနဲ့။ သုသုလည်း အရမ်းနောင်တရနေတာ။ ကျွန်မကတော့ သူ့ကို နားလည်တယ်။ ပြီးတော့ သူက စင်ကာပူကို အပြီးသွားတော့မှာ။ သူ မှားခဲ့တယ်ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကကြည့်ရင် သူ့ဟာသူတော့ မှန်ပါတယ်။ သူ အချစ်ကို ကိုးကွယ်လို့ လုပ်ခဲ့မိတာပဲ”

“ကိုယ့်ကိုကော အဲလို ဘယ်တော့နားလည်ပေးမှာလဲ”

သုသု topic ကနေ ချက်ချင်းကြီး topic ချိန်းသွားတာကြောင့် အုံ့ခန်းက မျက်စောင်းတစ်ချက်ထိုးလိုက်ကာ ...

“မောင်းတော့ ... သွားမယ်”

“အုံ့ခန်း ... အခုဆို အားလုံးလည်း ရှင်းသွားပြီပဲ။ ကိုယ့်ကို နားမလည်ပေးသေးဘူးလားဟင်။ ကိုယ့်ကိုပြန်ချစ်ပါလား အုံ့ခန်းရယ်။ ကိုယ်နဲ့ အုံ့ခန်း လက်ထပ်ပြီးရင် အုံ့ခန်း ကိုယ့်ကို ကြိုက်သလိုနိုင်ကွာ။ တမင်းဟင်းလည်း ကိုယ်ပဲချက်မယ်။ အဝတ်လည်း ကိုယ်ပဲလျှော်မယ်။ အုံ့ခန်း ဘာမှလုပ်စရာမလိုဘူး။ ကိုယ့်ကို ချစ်တယ်ဆိုရင်ပဲ ရပြီ။ ချစ်နော် ... ချစ်နော် ... အုံ့ခန်း ... နော်”

ချစ်ဖို့ကို ကလေးမုန့်တောင်းသလို တဂျီဂျီတောင်းနေတဲ့ သူ့ကို အုံ့ခန်းက ရယ်လည်းရယ်ချင်မိကာ ရင်တွေလည်း ခုန်နေမိသည်။

“ချစ်ချင်တိုင်း ချစ်ရအောင် ကျွန်မက မီးခြစ်လည်းမဟုတ်ဘူး။ ပြီးတော့ အေပရွန်ကျကျနနဝတ်ပြီး ဟင်းကောင်းကောင်း ချက်တတ်တိုင်းလည်း မချစ်ဘူး။ ထမင်းဟင်းတော့ ချက်တာကောင်းပါရဲ့။ နှုတ်သီးကောင်းလျှာပါးရန်တွေ့တတ်တဲ့ ယောကျ်ားကြီးကို ဘာလုပ်ရမှာလဲ။ မချစ်ချင်ပါဘူး။ ချစ်ရမှာစိုးလို့ ရေခဲခြစ်တောင် ဝယ်မစားဘူး ရှင်းပလား”





တော်တော့်ကိစ္စနဲ့ ဦးအေးချမ်းကို ရန်တွေ့ဖို့သွားတုန်းက မြင်ခဲ့ရတဲ့ သူ့ရဲ့အေပရွန်ကြီး ခါးမှာပတ်ချည်၍ ယောက်မဂေါ်ကြီးကိုင်ကာ အုံ့ခန်းကို ဒေါကန်ကန်နှင့် ပြောနေပုံကိုအမှတ်ရ၍ အငေါ့တူးပြောလိုက်လျှင် သူက အုံ့ခန်းကို ပျော်တော်ဆက်နေတယ်များ ထင်နေလား မပြောတတ်။ သဘောကျစွာဖြင့် တဟားဟား ရယ်မောကာ ထင်မထားတဲ့ အမူအရာကို လုပ်ချလိုက်ပြန်တာပဲဖြစ်သည်။

ဘယ်လိုမှ ထင်မထားချိန်မှာ အုံ့ခန်းရဲ့ ပါးတစ်ဖက်ကို ရွတ်ခနဲ နမ်းလိုက်တာပဲဖြစ်သည်။ အုံ့ခန်းဟာ ရှက်စိတ်ကြောင့် မျက်နှာကြီးတစ်ခုလုံး ရဲတွတ်သွားကာ ...

“နင် ... နှစ်သက်အေးချမ်း။ ဆင်းစမ်း ... ငါ့ကားပေါ်က အခုဆင်းသွား”

ရှက်ရှက်နှင့် အုံ့ခန်းက သူ့ကို ကားပေါ်ကမောင်းချလျှင် သူက ပေတိပေကပ် မျက်နှာအချိုးအချိတ်ဖြင့် အုံ့ခန်းကို မျက်စောင်းပါ ထိုးလိုက်သေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မဆင်းနိုင်ပါဘူး။ ဒါက မင်းကားလည်း မဟုတ်ဘူး။ ဒီကားက ကိုယ့်ရဲ့ father in law ရွှေယောက္ခထီးကြီးပိုင်တဲ့ကား။ ဘာလို့ဆင်းရမှာလဲ။ ပြီးတော့ မင်းကကိုယ့်မိန်းမလေ ... ဟဲ ... ဟဲ"

အဲဒီ ဟဲ ... ဟဲကြီးက လုပ်သံကြီးထည့်၍ တမင်တကာ ရယ်ပြလေလျှင် အံ့ခန်းမှာ ကျောရိုးထဲက စိမ့်ခနဲတောင် ဖြစ်သွားရသည်။ ဘုရား ... ဘုရား။ ကားကလည်း အရိပ်အာဝါသကောင်းကောင်းဖြင့် အုပ်ကာနေသော အပင်အောက်မှာ၊ အချိန်ကလည်း ညနေစောင်းကာလ။ တွေးရင်းက ကြောက်စိတ်တွေကြီးစိုးလာကာ အံ့ခန်းက ကားပေါ်ကဆင်းတော့မည့်ကြံလျှင် သူက လော့ခ်တွေအားလုံးချလိုက်ပြီး အံ့ခန်းရဲ့လက်မောင်းရင်းကို လှမ်းဆွဲလိုက်လေလျှင် သူကပဲ ဒအားအင်တွေများနေလို့လား၊ အံ့ခန်းကပဲ ပျော့ညံ့နေလို့လား မပြောတတ်။ သူ့ရင်ခွင်ထဲဝင်ရောက်သွားလေလျှင် သူက အံ့ခန်းကို လွှတ်မပေးတော့ဘဲ သိမ်းကျုံးပွေ့ဖက်ထားတာကြောင့် အံ့ခန်းက ရင်တွေတဒိုင်းဒိုင်းဖြင့်ခုန်ပေါက်နေကာ နှလုံးသားသည် အပြင်ကို ဖုတ်ခနဲပေါက်ထွက်လာတော့မလားတောင် ထင်ရလေသည်။

"နှစ် ... သက် ... အေး ... ချမ်း ... လွှတ် ... လွှတ်နော်"





အံ့ခန်းရဲ့အသံတွေက ကြောက်နေတာကြောင့် မေးချင်းရိုက်နေတဲ့ တုန်တုန်ယင်ယင်တွေ ဖြစ်နေလျှင် သူက ပိုလို့တောင် တိုးကပ်ဖက်ထားကာ ...

"ကိုယ်က မင်းကို ဘာလုပ်မှာမို့လို့ ဒီလောက်တောင်ကြောက်လန့်နေရတာလဲ။ မင်းမျက်စိထဲမှာ ကိုယ်က အဲဒီလောက်အဆင့်ရှိတဲ့ လူယုတ်မာ ဖြစ်နေပြီလား ... ဟင်"

အံ့ခန်းက မျက်နှာကို ငုံ့ထားကာ ဘာမှမဖြေမိချေ။ လူတစ်ကိုယ်လုံးဟာ ကတုန်ကယင်ဖြင့် ချွေးစေးတွေပါ ပြန်လာကာ ရင်ခုန်သံတို့ကတော့ သူ ကြားသွားမှာ စိုးရိမ်နေရသလို အဲဒီလို တလုပ်လုပ် ဖြစ်နေတဲ့ ခံစားမှုကြောင့် လူက ငှက်ဖျားပဲဖြစ်နေသလိုလို ခံစားရလေသည်။

"ကိုယ်က အံ့ခန်းဆီက အချစ်ကို လိုချင်တာပါ။ အံ့ခန်းရဲ့အချစ်ကိုရဖို့ ကိုယ်ကြိုးစားခဲ့တာပါ။ ကိုယ့်ကို နည်းနည်းလေးတောင် မချစ်နိုင်ဘူးလား"

သူပြောတဲ့စကားလုံးတွေက အံ့ခန်းရဲ့နားထဲကိုသာမက လေငွေ့နွေးနွေးကလည်း အံ့ခန်း မျက်နှာပြင်ကို လာရောက်ရိုက်ခတ်လေသည်။ အံ့ခန်းကို ဖက်ထားတဲ့ လက်တွေကလည်း နည်းနည်းလေးတောင် ပြေလျော့မသွားသေးပေ။ သူ့မျက်နှာက အံ့ခန်းရဲ့နားသယ်စပ်နားသို့ တိုးကပ်လာတဲ့ ခံစားမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အုံ့ခန်းဟာ ရင်တွေခုန်ရလွန်း၍ အသက်ရှူတောင် မမှန်ချင်တော့ချေ။

“ကိုယ်လေ အုံ့ခန်းကို အရမ်းကို ဖြူဖြူစင်စင်လေး ချစ်ခဲ့တာပါ။ ဒါပေမဲ့ အနမ်းဆိုတာ မူးယစ်ဆေးဝါးနဲ့တူတယ်။ တစ်ခါနမ်းမိသွားရင် အဲဒီအချစ်စိတ်နဲ့ပဲ ထပ်ကာ ထပ်ကာ နမ်းချင်နေတယ်။ ကိုယ့်ကို အုံ့ခန်း မြန်မြန်လေး ပြန်ချစ်ပါတော့ကွာ”

အုံ့ခန်းက ရင်တွေအခုန်မြည်လာကာ အာခေါင်တွေပါ ခြောက်ကပ်လို့ လာလေသည်။ မဖြစ်တော့ဘူး။ ဒီအတိုင်းဆို အုံ့ခန်းစိတ်တွေ ခံနိုင်ရည်ရှိတော့မှာ မဟုတ်ဘူး။ အုံ့ခန်းသည် သူဖက်ထားတဲ့ကြားထဲက အတင်းရုန်းကာ ...

“ကျစ် ... လွှတ်စမ်းပါ။ ဖယ်ပေး”

အတင်းရုန်းထွက်မှ သူ့လက်တွေကပြေကျသွားကာ သူ့ရင်ခွင်ထဲက လွတ်မြောက်ရသည်။ သူ့ဆီကရတဲ့ အိပ်မက်ဆန်တဲ့ ရနံ့တစ်ခုကလည်း ရင်ခုန်သံတွေကို ပိုတိုးစေရပါသည်။

“အုံ့ခန်းကို ကိုယ်ချစ်တယ်။ ကိုယ့်ကို ပြန်ချစ်ပါကွာ။ အုံ့ခန်း မချစ်ဘူးဆိုရင် ကိုယ့်ဘဝကြီးက လုံးဝအဓိပ္ပာယ်မဲ့သွားပြီ။ အုံ့ခန်း မနက်ဖြန်ကျရင် ကိုယ်ပေးတဲ့လက်စွပ်လေးကို ညာဘက်လက်သူကြွယ်မှာ ဝတ်ထားရင် ကိုယ့်ကို





ချစ်တယ်လို့ ယူဆလိုက်မယ်လေ။ ကျေးဇူးပြုပြီး လက်စွပ်လေး ဝတ်ထားပေးပါနော်”

“အပိုင်တွက်ထားတာလား”

“မဟုတ်ပါဘူး။ ကိုယ်က မမျှော်လင့်ရဲပါဘူး။ ဒါပေမဲ့ အုံ့ခန်း အချစ်ကိုသာ မရတော့ဘူးဆိုရင်”

စကားသံက ထပ်ထွက်မလာတော့တာကြောင့် အုံ့ခန်းက သူ့ကို မျက်လုံးတစ်ချက် လှမ်းကြည့်လိုက်ကာ ...

“ဘာဖြစ်လို့”

အဲဒီမေးခွန်းကြောင့် အုံ့ခန်းကို သူက တစ်မျိုးလေးသော မျက်ဝန်းဖြင့် ပြန်ကြည့်ပြီး တိုးလျှိုးတောင်းပန်သော လေသံဖျော့လေးဖြင့် ...

“မနက်ဖြန်မှာ အုံ့ခန်းရဲ့ညာဘက်လက်သူကြွယ်လေးက လက်စွပ်လေးက ကိုယ့်ရဲ့အသက်ပါ။ လူတစ်ယောက်အတွက် အသက်က ဘယ်လောက်ရာခိုင်နှုန်း အရေးပါလဲဆိုတာ အုံ့ခန်း မှန်းကြည့်လေ။ အုံ့ခန်းရဲ့အဖြေက အများကြီး သက်ရောက်ပါတယ်”

ဟွန့် ... အိုဗာတွေ။ အုံ့ခန်းဟာ အဲဒီစကားလုံးတွေကြားထဲမှာပဲ အရည်ပျော်သွားလား၊ အရည်မပျော်ဘူးလားဆိုတာ ကွဲပြားစွာ မသိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အုံ့ခန်းရဲ့ညာဘက်လက်သူကြွယ်လေးက အုံ့ခန်းနှလုံးသားနဲ့ ဆွေးနွေးတိုင်ပင်ကာ စကားပြောလာပါလိမ့်မည်။





## ၂၀

အခုချိန်မှာ သူ့နှလုံးသားကို 3D system ထည့်၍ 3D မျက်မှန်ကြီး တပ်ကြည့်လိုက်ပါက အုံ့ခန်းကိုချစ်တဲ့အချစ်ကို ပြတ်သားကြည်လင်ရှင်းလင်းစွာ မြင်ရမှာဖြစ်ပြီး ရင်ခုန်သံကိုနားဆင်ချင်တယ် ဆိုရင်တော့ သင်တို့၏ နားသောတအာရုံ ချွတ်ယွင်းသွားလျှင် အာမ,မခံပါဟု အရင် သတိပေးချက် ထုတ်ပေးရမည်ဖြစ်သည်။ ဒိန်းဒိန်း, ဒိန်းဒိန်း ထကြွသောင်းကျန်းနေသော ရင်ခုန်သံတို့ရဲ့ပြင်းအားဟာ တော်တော်လေးကို အင်အားကြီးမားနေပါသည်။

သူ့ဘဝရဲ့အမျှော်လင့်ဆုံး အဖြေတစ်ခုကို မကြာခင် သိရတော့မည်။ အဲဒီအဖြေလေးရဖို့ ကမောက်ကမတွေဖြင့် ကစဉ့်ကလျားလွဲချော်ခဲ့ရသည်။ အရမ်းကို တန်ဖိုးရှိတဲ့ သူ့အတွက်တော့ မဥ္ဇူသကနတ်ပန်းပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟော ... လား ပြီ။ နှစ်သက်သည် ရင်ခုန်သံမြန်စွာဖြင့် ကားပေါ်ကဆင်းလာတဲ့ အံ့ခန်းကို သေချာကြည့်မိသည်။ အံ့ခန်းရဲ့ညာဘက်လက်သူကြွယ်လေးသည် သူ့အတွက်တော့ GIA ဆာတီဖီကိတ်ရတဲ့ စိန်ပွင့်အလုံးတစ်သန်းထက် တန်ဖိုးပိုရှိပါသည်။ သူ့ဆီကို ခပ်လေးလေးခြေလှမ်းတွေနဲ့ လျှောက်လာနေတဲ့အံ့ခန်းကို သူက ရင်ခုန်စွာ ငေးမောနေရတာပဲဖြစ်သည်။ သူ့ကို အံ့ခန်းချစ်နိုင်ပါတယ်လို့ မရဲတရဲ မျှော်လင့်ထားတာကြောင့် ညာဘက်လက်သူကြွယ်က လက်စွပ်လေးကို ရှာနေမိ၏။

သူ့ရှေ့သို့ရောက်လာပြီဖြစ်တဲ့ ကောင်မလေးရဲ့ဖြူနုအုပ်နေတဲ့ လက်ချောင်းလေးကို သူက ရင်တွေခုန်စွာ ကြည့်လိုက်မိသည်။ ဟာ ...။

လုံးဝကို ထင်မထားစွာ။ သူ အသက်လိုမျှော်လင့်နေတဲ့ အံ့ခန်းရဲ့ညာဘက်လက်သူကြွယ်လေးသည် လက်စွပ်ဗလာဖြင့် သူ့ကို ဆီးကြိုလို့နေ၏။ သူ့ကို ... သူ့ကို အံ့ခန်းက တကယ်ပဲ မချစ်ဘူးတဲ့လား။ ဟား ... သွားပြီကွာ။

နှစ်သက်သည် ရုတ်တရက် ဆောက်တည်ရာမရခြင်းအတွက် အရှမ်းကို ထိန်းခိုက်ခံစားရစွာ ကားဆီသို့ အပြေးထွက်သွားမိတော့သည်။

"နှစ်သက် ... နှစ်သက် ... နေဦးလေ"





အနောက်ကနေ အသည်းအသန်ပြေးလာကာ သူ့အင်္ကျီစကို လှမ်းဆွဲ၍တားလျှင် သူက ခြေလှမ်းတွေ ရပ်လိုက်၍ အံ့ခန်းဘက်သို့ လှည့်လိုက်ပြီး ...

"ကိုယ့်ကို ဘယ်လိုစကားလုံးတွေနဲ့ အသေသတ်မလို့လဲ။ ဆက်ပြောလိုက်ပါဦးကွာ"

"ကျစ် ... ဒုက္ခပါပဲ နှစ်သက်ရယ်။ ရှင်က ကျွန်မဆီက ဘာစကားများ ကြားရသေးလို့ ကမူးရှူးထိုး ထွက်ရတာလဲ"

"တော်ပါပြီ ... မကြားပါရစေနဲ့တော့။ ကိုယ့်အတွက် သေလို့ရနေပါပြီ အံ့ခန်းရယ်"

သူဟာ ယောကျ်ားကြီးတန်မဲ့ ဖြစ်နေလိုက်တာလို့ အပြောခံရမှာစိုး၍ တော်တော့်ကို တောင့်ခံထားရတာဖြစ်သည်။ အကယ်၍သာ သူ့မှာ ကြိုက်သလို ခံစားခွင့်ရှိတယ်ဆိုရင် သူ ခံစားရလွန်း၍ မျက်ရည်တောင် ကျမိမလား မပြောတတ်ပါ။ ပြောရရင် သူဟာ အံ့ခန်းကို ချစ်သည်။ မနေ့ကအထိ အံ့ခန်း သူ့ကိုချစ်တယ်ဆိုတာ သေချာပြီဟု ထင်မှတ်ခဲ့တာဖြစ်၏။ ဟိုးမိုးပေါ်ရောက်မှ အတောင်ကျိုးသွားတဲ့ ငှက်တစ်ကောင်ရဲ့ဘဝနဲ့ သူဟာအလားသဏ္ဍာန်တူလေသည်။

"ဟူး ... ကိုယ့်ဟာကိုယ်သာ ထင်ရာတွေးတော့။ အံ့ခန်းကို စကားနည်းနည်း ပြောခွင့်ပေးပါဦး ...



www.burmeseclassic.com

www.burmeseclassic.com



ရှင့်လက်စွပ်က ပျောက်သွားတယ်”

“ဟမ်”

ဒီစကားကြောင့် နှစ်သက်သည် မျက်လုံးတွေပြန့် လည်ပြူးကျယ်လာကာ စိတ်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွားရသည်။

“မွေးနေ့ညက အဲဒီလက်စွပ်ကို ကျွန်မ အခန်းထဲမှာထားခဲ့တာပဲ။ ဒါပေမဲ့ အမှုမဲ့ အမှတ်မဲ့ ထားခဲ့ပြီး သိမ်းဖို့မေ့သွားတယ်။ ဟို ... အုံ့ခန်း လက်စွပ်ရှာတော့ ဘယ်မှာမှ ရှာမတွေ့တော့ဘူး။ အိမ်မှာက ဘယ်သူမှ ခိုးတဲ့သူမရှိဘူးနော်။ ဟို ... ဖြစ်နိုင်တာက အဲဒီညက လက်စွပ်ဘူးကို အခန်းထဲက ခုတင်ပေါ်မှာထားခဲ့လိုက်တာ။ ပြီးတော့ သားငယ်ကိုလည်း အောက်ထပ်ဆင်းလာမှာစိုးလို့ အခန်းထဲ ထည့်ထားခဲ့လိုက်တယ်။ အဲဒီတော့ သားငယ် ဆော့လိုက်လို့ ပျောက်သွားတာပဲ ဖြစ်နိုင်တယ်”

ဟား ... အုံ့ခန်းက လက်စွပ်ရှာတယ်ဆိုကတည်းက သူ့အတွက် မျှော်လင့်ချက်ရှိတာပေါ့။ နှစ်သက်သည် တက်ကြွသွားဟန်ဖြင့် ...

“ဟာ ... အဲဒါဆို သားငယ်ကို မေးလိုက်လေ။ သူ ဘယ်မှာထားလဲလို့။ ဟင် ... ဒါနဲ့ အဲဒီသားငယ်က ဘယ်သူလဲ ဟင် ...





ဒါပေမဲ့ အခုကိုယ်တို့သားငယ်ကို သွားမေးကြမယ်လေ။ သားငယ်ကို ဖုန်းဆက်လိုက်”

“ဘယ်လို”

အုံ့ခန်းက သူ့ကိုကြည့်ကာ သဘောတွေကျ၍ တဟားဟားဖြင့် အော်ရယ်လေသည်။ နှစ်သက်သည် ဘာဖြစ်တာမှန်းလဲ မသိတော့ချေ။

“အုံ့ခန်း ... လာလေ။ သားငယ်ကို သွားမေးမယ်လေ။ သူက ဘယ်မှာလဲ။ ဖုန်းဆက်လိုက်”

သူကပြောလျှင်. သူမက သဘောတကျဖြင့် ထပ်ရယ်ပြန်ပါသည်။ ဘာလဲဟ။ သူက အူတူတူ ဖြစ်လာတာကြောင့် အုံ့ခန်းကို မေးရတော့၏။

“ဘာလဲ ... ဘာဖြစ်တာလဲ။ သားငယ်ကို ဖုန်းဆက်မေးလေ။ လက်စွပ် ဘယ်မှာလဲဆိုတာ။ အုံ့ခန်း ဘာလို့ရယ်နေတာလဲ”

“ခွီး ... အဟီး ... ဟား ဟား ... နှစ်သက်အေးချမ်းရယ်။ ဟား ဟား ... သားငယ်ကို ဖုန်းဆက်မေးရင် သားငယ်က ဝုတ်ဝုတ်ပဲ ဖြေမှာပေါ့ဟဲ့။ သူက ငါတို့အိမ်က ခွေးလေးလေ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



တိန် … သေတာပဲ။ ဒီခွေးက သူ့အချစ်ဇာတ်လမ်းရဲ့အဓိကဇာတ်ကောင် ဖြစ်နေပါလား။ တောက် … ဆော့စရာရှားလို့ ခွေးသားငယ်ရယ်။

နှစ်သက်က ရှက်ရယ်တစ်ချက် ရယ်လိုက်ကာ …

"အဟဲ … ခွေးလား။ အဲဒါဆို ဘယ်မေးလို့ရမှာလဲနော်"

အုံ့ခန်းက သူ့ကိုမြုံးစိစိဖြင့် ရယ်ချင်ရဲ့လက်တို့မျက်နှာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။ ဟား … အုံ့ခန်းစိတ်ကြည်နေတယ်။ ဒါ ခွင်ပဲ။ နှစ်သက်သည် အုံ့ခန်းနား နည်းနည်းကပ်ကာ တိုးတိုးမေးမယ် တိတ်တိတ်ဖြေနော် ခိုးခိုးကြည့်တာချစ်လို့လားဆိုတဲ့ မေးပေါက်မျိုးဖြင့် မေးရတော့သည်။

"လက်စွပ်မဝတ်ထားလည်း ရပါတယ်။ ဟို … အုံ့ခန်းက လက်စွပ်ရှာနေတယ်ဆိုတော့ အုံ့ခန်း လက်မှာဝတ်မလို့ပေါ့နော်"

"သိဘူးလေ။ လက်စွပ်ပျောက်ရင် အမေဆူမှာစိုးလို့ပေါ့"

သူ့ကို အရှုံးကွက် ပြန်လာနင်းနေလျှင် နှစ်သက်ကရင်တွေ ဒိန်းခနဲ ခုန်ခုန်လာကာ …

"ဒါဆို အမေမဆူအောင် ကိုယ့်ကိုချစ်တယ်လို့ ပြောပေါ့"

"ဟယ် ဟဲ … တော့ … ဘာမှလဲ မဆိုင်ဘူး။ ဟမ်ဘာဂါနဲ့ ငါးပိရည်တို့စားရသလိုပဲ"





"အာ … ဘာပဲဖြစ်ဖြစ်ကွာ။ ကိုယ့်ကိုချစ်လို့ လက်စွပ်ရှာတာပါ ဟုတ်တယ်မှလား"

"ဟုတ်ပါဘူး"

"ဟုတ်ပါတယ်ကွာ။ ဟုတ်လိုက်ပါတော့ … နော်"

နှစ်သက်က ညာတာပါတေးဖြင့် အုံ့ခန်းရဲ့ပခုံးကို ခပ်ဖွဖွဖက်လိုက်လျှင် အုံ့ခန်းက သူ့လက်ကို ဖျတ်ခနဲ ရိုက်လေသည်။ ဒါပေမဲ့ သူကမလွှတ်ဘဲ ဒီအတိုင်း ဖက်ထားလိုက်ရင်းက …

"ချစ်တယ်လို့ ပြောဦးလေ"

"မပြောပါဘူး"

နှုတ်ခမ်းလေးစူချွန်ကာ သူ့ကို စူပွပွပြောတဲ့ပုံစံလေးကို သူက အရမ်းကို အတိုင်းအဆမရှိ တွယ်တာမြတ်နိုးရလေသည်။

"ရတယ်လေ။ ချစ်တယ် မပြောရင်တော့ မင်းလေးကို နမ်း …"

"အဲ … ဟို … ဟို … ချစ် … တယ်"

သူက နမ်းပဲပြောရသေးသည်။ ကြောက်လန့်တကြား အဖြေထပေးလေသော ကောင်မလေးကို သူက အရမ်းမှ အရမ်းအရမ်းကို ချစ်မိသွားတာကြောင့် သူနှင့် မျက်နှာချင်းဆိုင်အနေ



www.burmeseclassic.com

အထား လှည့်ယူလိုက်ကာ အံ့ခန်းရဲ့မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်ပြီး ...

"အရမ်းပျော်တာပဲ အံ့ခန်းရယ်။ ကိုယ့်ဘဝအတွက် အရမ်းကို အဓိပ္ပာယ်ရှိတဲ့နေ့လေးပဲ"

"နှစ်သက်လိုပ့ါပဲ"

အဲဒီစကား တိုးတိုးလေးက သူ့ရင်တွင်းမှာတော့ ပဲ့တင်လှိုင်းတွေ ထပ်နေ၏။

အံ့ခန်း သူ့ကို ချစ်သွားပြီဖြစ်သည်။ အဲဒါဟာ သူ့ရဲ့အချစ်တွေက ရောင်ပြန်ဟပ်တာပဲဖြစ်၏။

နှစ်သဂၢသည် တရားဝင် လက်ထပ်ထားတဲ့ ချစ်သူလေးကို အမှတ်တရများစွာတို့ဖြင့် နဖူးလေးကို မင်္ဂလာဦးအနမ်းတစ်ပွင့် လက်ဆောင်ပေးမိသွားသည်။ သိပ်မကြာခင်မှာ သူတို့နှစ်ယောက်ရဲ့ ခြိမ့်ခြိမ့်သဲမင်္ဂလာပွဲကြီးကို ကျင်းပပြီးသွားတာနဲ့ ဘဝရဲ့ရတနာသိုက်တစ်ခုကို အတူတကွ တူးဖော်ကြတော့မည်ဖြစ်သည်။

အချစ်ဆိုတာဟာ equation တစ်ခုလို ပုံသေကားချပ် တွက်ယူလို့မရပေမယ့် ချစ်သူကိုနမ်းတဲ့အနမ်းကတော့ equation ရှိလေသည်၊ အဲဒီ equation ရှိလေသည်။ အဲဒီ equation ကတော့ ...





ကောင်လေး+ကောင်မလေး —ချစ်မြတ်နိုးမှု / △→ ကြင်နာသောအနမ်း

[ △ = heat (အပူပေးသည်)]

ပဲ ဖြစ်လေ၏။

www.burmeseclassic.com



ခေတ်သစ်အချစ်သုတေသီတို့ရဲ့ လေ့လာတွေ့ရှိချက်များအရ အဲဒီလို အနမ်းမျိုးသည် အရမ်းချစ်တတ်သော ချစ်သူများကြားတွင်သာ ဖြစ်ပေါ်တတ်သည်ဟု ဆိုကြသည်။

ထိုသို့သော အနမ်း equation သည် အချစ်တတ်ဆုံးချစ်သူတို့၏ လက်တွဲခိုင်မြဲစေသော equation ကောင်းတစ်ခုလည်း ဖြစ်ပါသည်ဟု နီးစပ်သော ချစ်သူစုံတွဲများ၏ စစ်တမ်းများအရ မှတ်သားသိရှိခဲ့ရပါသည်။





စာကြွင်း။ ။ နှစ်သက်နှင့် အုံခန်းတို့ရဲ့ လက်စွပ်လေးကို ဘယ်လိုပဲ ရှာဖွေ ရှာဖွေ လုံးဝမတွေ့ခဲ့ပါသော်လည်း သူတို့နှစ်ယောက် လက်ထပ်မင်္ဂလာဆည့်ခံပွဲပြီးသွားတဲ့ညမှာ အုံခန်းရဲ့အချစ်တော် သားငယ်လေးက ကတ္တီပါဘူးအနီလေးကို ကိုက်ချီလာ၍ သူတို့နှစ်ယောက်ရှေ့တည့်တည့်မှာပဲ လာချပေးသွားလေသည်။

သားငယ်လေးကတောင် သူတို့အချစ်ကို လေးစားရလောက်သည်အထိ အချစ်က အုံညြဖို့ကောင်းပါသည်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

6-April-2012

05:30 AM

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Maeminbon"**

BURMESE CLASSIC .com

www.burmeseclassic.com